၇ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
MEN'S AND LADIES' WEARS

အတွဲ(၁၁)၊ အမှတ်(၂၇) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၁၃ ၊ ၂၀၁၂)

# အထက(၄) အလုံတွင် ကျောင်းချိန်အတွင်း ဗုံးဟောင်း ၂၅ လုံးတွေ့

**အေးမြတ်သူ**

**ရန်ကုန်၊စက်တင်ဘာ - ၁၀**

အလုံမြို့နယ် အောက်ကြည့်မြင်တိုင်လမ်းပေါ်ရှိ အထက(၄)အလုံ ကျောင်းဝင်းအတွင်း စက်တင်ဘာ ၁၀ ရက် နံနက် ၇ နာရီခွဲခန့်က စစ်ကျန်ဗုံးဟောင်း ၂၅ လုံး တွေ့ရှိခဲ့ကြောင်း သတင်းရရှိသည်။

ဘောလုံးကွင်းပွဲကြည့်စင် တည်ဆောက်ရန် မြေတူးရာမှ ဒုတိယ ကမ္ဘာစစ်က လက်ကျန်ဗုံးဟု ယူဆရသည့် ဗုံးအဟောင်း ၂၅လုံးအား တူးဖော်တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု သက်ဆိုင်ရာမှ စုံစမ်းသိရှိရသည်။

"ဗုံးတွေက အန္တရာယ်မရှိတော့ပါဘူး"ဟု အမည်မဖော်လိုသူ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ကျွန်တော့်သားရဲ့ ဖယ်ရီသမားက ဗုံးသတင်းကြားပြီးတော့ ကားပေါ်က ကျောင်းသားတွေကို အိမ်ပြန်ပို့လိုက်တာ။ သေချာမသိရတော့ မနက်ဖြန် ကျောင်းကိုကိုယ်တိုင်လိုက်သွားပြီး အခြေအနေကြည့်မယ်"ဟု ကျောင်းသားမိဘတစ်ဦးက စက်တင်ဘာ ၁၀ ရက် ညဦးပိုင်းက ပြောသည်။ **အချုပ်ပို(D)သို့**



အလုံမြို့နယ်တွင် ၂၀၁၂ နှစ်ဆန်းပိုင်းက သက်တမ်း ၃ နှစ်သာသာရှိသေးသည့် ရှစ်ထပ်တိုက်တစ်တိုက် မြေညီထပ်တွင် အက်ကြောင်းကြီးများပေါ်လာကာ မြေညီထပ်အနောက်ခြမ်း ကျွံကျသွားခဲ့စဉ်

# မြေငလျင်များအတွက် အဆင်သင့်ဖြစ်နေပြီလား

**အားမာန်ရေးသား၍ ထွန်းနိုင်ပံ့ပိုးသည်**

မြန်မာပြည်မြောက်ပိုင်းဟူးကောင်းချိုင့်ဝှမ်းကိုဖြတ်သန်း၍ အိန္ဒိယနိုင်ငံတိုင်အောင်၊တောင်ပိုင်းတစ်လျှောက်မြစ်ဝကျွန်းပေါ်ဒေသအားဖြတ်၍ ကပ္ပလီပင်လယ်အထိ ရှည်လျားလှသောစစ်ကိုင်းပြတ်ရွေ့ကြော(စစ်ကိုင်းငလျင်ကြော) ကို စတင်ဖော်ထုတ်တွေ့ရှိလိုက်ပြီးနောက် ဒေါက်တာဝင်းဆွေအဖို့ ခံစားချက်နှစ်မျိုးဖြစ်ပေါ်လာသည်။

ယင်းမှာ လပေါင်းများစွာကြိုးပမ်းဖော်ထုတ်ခဲ့ရသော သုတေသနအောင်မြင်မှုအတွက် ပီတိနှင့် ငလျင်ကြောပေါ်တွင် ထိုင်နေသည့် မြန်မာပြည်အတွက် စိုးရိမ်ပူပန်မှု။

**စာ(၂၇)သို့**

# သမ္မတဦးသိန်းစိန် တရုတ်နိုင်ငံသို့ သုံးရက်ကြာသွားရောက်မည်

## မြစ်ဆုံစီမံကိန်းရပ်ဆိုင်းပြီး ပထမဆုံး ခရီးစဉ်ဖြစ်

**ရန်ကုန်၊ စက်တင်ဘာ - ၁၀**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည်တရုတ်နိုင်ငံသို့စက်တင်ဘာ ၁၈ ရက်မှ စတင်ကာ သုံးရက်တာ ခရီးသွားရောက်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတရုံးက အတည်ပြုပြောကြားသည်။

သမ္မတ၏ တရုတ်နိုင်ငံ ခရီးစဉ်အတွင်း နန်နန်းကုန်စည်ပြပွဲသို့ သွားရောက်မည့်အပြင် တရုတ်နိုင်ငံ၏ရှေးဟောင်းသမိုင်းဝင်အထင်ကရနေရာဖြစ်သော ဇီအန်းပြည်နယ်မှ မြေအောက်စစ်သားရုပ်တုများရှိရာ (Terra Cotta Warriors) သို့လည်းသွားရောက်လည်ပတ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

သမ္မတ၏ တရုတ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုတွင် အရေးပါသောစီမံကိန်းဖြစ်သည့် မြစ်ဆုံရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းကို ရပ်ဆိုင်းလိုက်သည့် တစ်နှစ်ပြည့်မြောက်ခါနီးအချိန်နှင့်လည်း တိုက်ဆိုင်နေသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အောင်မြင်ဖြစ်ထွန်းသော ဇီအန်း ပြည်နယ်တွင် စိုက်ပျိုးရေးနှင့်ပတ်သက်၍ လေ့လာလိုကြောင်း သမ္မတဦးသိန်းစိန်က ပြောကြားသည်ဟု ယင်းတာဝန်ရှိသူက ပြောကြားသည်။

**စာ(၁၂)သို့**

# ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကော်မတီ တရားရုံးသုံးရုံးသို့ ကွင်းဆင်းလေ့လာမည်

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ - ၈**

ကော့မှူးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါ်အောင်ဆန်းစုကြည်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသော တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကော်မတီက စမ်းသပ်လေ့လာသည့်အနေဖြင့် တရားရုံးသုံးရုံးသို့ကွင်းဆင်းလေ့လာမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုကဲ့သို့ လေ့လာဆောင်ရွက်မည့်အစီအစဉ်နှင့်ပတ်သက်၍ "အဲဒီလို ကွင်းဆင်းတဲ့အခါကျရင် တရားသူကြီးတွေဘက်ကလည်း ကြည့်မယ်၊ရှေ့နေတွေဘက်ကလည်းကြည့်မယ်၊အမှုသည်တွေဘက်ကလည်း ကြည့်မယ်၊ တရားရုံးတွေဟာ တကယ်အလုပ်လုပ်နေတဲ့နေရာမှာ ဘယ်လိုဖြစ်နေလဲဆိုတာ ကျွန်မတို့ လေ့လာဖို့ စီစဉ်ထားပါတယ်"ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

**စာ(၁၂)သို့**



7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားရေးရာဝန်ကြီးများ ပါဝင်ဆောင်ရွက်ခွင့်ရမည်

**အိဖြူမွန်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၈**

တိုင်းရင်းသားရေးရာ ဝန်ကြီးများအား ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဟု သမ္မတက ပြောကြားကြောင်း ရှမ်းပြည်နယ် ကချင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဒူဝါးဇုတ်ဒေါင်က ပြောသည်။

"ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေပြီးရင် ပြည်သူတွေက မေးတယ်။ ဘာမှ မဖြေနိုင်ဘူး။ ပါဝင်ခွင့်မှ မရတာ၊ အခုတော့ ပါဝင်ခွင့်ပြုလိုက်ပါပြီ" ဟု ၎င်းကဆိုသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တိုင်းရင်းသားရေးရာ ဝန်ကြီး ၂၉ ဦးတို့ ပထမအကြိမ်အဖြစ် စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီခန့်တွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် တိုင်းရင်းသားရေးရာ ဝန်ကြီး၏အဆောင်အယောင်နှင့် လုပ်ပိုင်ခွင့်များကို တိုးမြှင့်ပေးရန် တိုင်းရင်းသားရေးရာ ဝန်ကြီးများဆိုင်ရာ ဥပဒေကို ပြင်ဆင်ရေးဆွဲနေကြောင်း သမ္မတက ရှင်းပြခဲ့သည်ဟု ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

နိုင်ငံတော်သမ္မတနှင့်မတွေ့မီ တိုင်းရင်းသားရေးရာ ဝန်ကြီးများသည် ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ စက်တင်ဘာ ၅ ရက်က အဆောင်အယောင် နှင့် လုပ်ပိုင်ခွင့်ရရှိရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်ခွင့်ရရှိရေး အပါအဝင် တိုင်းရင်းသားရေးရာဝန်ကြီးဌာနအတွက် ဘတ်ဂျက်ရရှိရေးကိစ္စရပ်များကို တင်ပြနိုင်ရန်အတွက် ကြိုတင်ဆွေးနွေးခဲ့ကြသည်။

"ကျွန်တော်တို့တင်ပြတဲ့ အချက်တွေကို သမ္မတက ကန့်ကွက်တာတစ်ခုမှ မရှိဘူး" ဟု စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကပ်က ပြောသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်သမ္မတနှင့် တိုင်းရင်းသားရေးရာ ဝန်ကြီးများ တစ်နှစ်လျှင် နှစ်ကြိမ်တွေ့ဆုံရန် သဘောတူညီခဲ့ကြသည်။



၂၀၁၁ခုနှစ်ဇွန်၉ရက်မှ ယခုနှစ်စက်တင်ဘာလအထိ တိုက်ပွဲပေါင်း ၁၇၀၀ကျော် ဖြစ်ပွားခဲ့ကြောင်း ကေအိုင်အေဘက်မှထုတ်ပြန်ထားသည် ဓာတ်ပုံ-Lachid Kachin

# နှစ်ဖက်တပ်များ စစ်ရေးတင်းမာလာ၍ ဒေသခံများ ဖားကန့်မြို့ပေါ် ပြောင်းရွှေ့

**ဥက္ကာကိုကို၊ အောင်နိုင်**

**ရန်ကုန်၊ စက်တင်ဘာ - ၅**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်တွင် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်တို့အကြား စစ်ရေးပိုမိုတင်းမာလာနေပြီး တိုက်ပွဲများ ယခုထက် ပိုမိုပြင်းထန်လာနိုင်သောကြောင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှာ မြို့ပေါ်သို့ပြောင်းရွှေ့နေကြောင်း သတင်းရရှိသည်။

တိုက်ပွဲများ ပြင်းထန်မှုကြောင့် ဩဂုတ် ၁၆ ရက်မှစတင်ကာ ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံများမှာ နေအိမ်များကိုစွန့်ခွာကာ ဖားကန့်မြို့ပေါ်ရှိကယ်ဆယ်ရေးစခန်းများသို့ အလုံးအရင်းဖြင့် ရောက်ရှိလာနေပြီး ဩဂုတ်လ ၃၀ ရက်အထိ ကောက်ယူထားသော စာရင်းများအရ စုစုပေါင်း ၉,၄၆၃ ဦးရှိနေပြီဖြစ်ကြောင်းသိရသည်။

"နှစ်ဖက်တပ်တွေက အသင့်နေရာယူထားကြတော့ စိုးရိမ်ပြီး မြို့ပေါ်ကို တိမ်းရှောင်ကုန်ကြတာ။ တချို့လည်း တခြားဒေသတွေကိုပြောင်းကုန်ပြီ"ဟု ကချင်နှစ်ခြင်းအသင်းတော်မှ အတွင်းရေးမှူး ဒေါက်တာခလမ်ဆမ်ဇွန်က 7Day News သို့ပြောသည်။

ဩဂုတ် ၂၇ ရက်တွင် တိုက်ပွဲများ ပြင်းထန်စွာ ထပ်မံဖြစ်ပွားပြီးနောက် ကျေးရွာ ၁၁ ရွာခန့်ကို ပြောင်းရွှေ့ပေးကြရန် အစိုးရတပ်များက အသံချဲ့စက်များဖြင့်လိုက်လံသတိပေးခဲ့ကြောင်း သတင်းများအရသိရသည်။

ကေအိုင်အေဘက်ကလည်း မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံခင်းကျေးရွာနှင့် လေးမိုင်ပတ်လည်ရှိ ကေအိုင်အေထိန်းချုပ်နယ်မြေတွင် ပါဝင်သော ကျေးရွာ ၁၀ ရွာခန့်ကို စက်တင်ဘာ ၈ ရက်နောက်ဆုံးထားပြီး ဖယ်ရှားပေးရန် ပြောကြားထားကြောင်း ဒေသခံတစ်ဦးကပြောသည်။

"အစိုးရဘက်က ပြောင်းခိုင်းတာတွေတော့မသိဘူး။ ကေအိုင်အေကတော့ပြောင်းခိုင်းနေတယ်။ ရွာတစ်ရွာမှာ အုပ်ချုပ်ရေးမှူးနဲ့ ရာအိမ်မှူး ၁၀ ယောက်ပဲ နေရမယ်ဆိုပြီးပြောနေတယ်။ တိုက်ပွဲတွေကတော့ ထိတွေ့ကြတဲ့အခါ အပြန်အလှန်ပစ်ခတ်ကြတာပဲ"ဟု ဖားကန့်မြို့နယ်မှ ဒေသခံတစ်ဦးက 7Day News သို့ပြောသည်။

စာ(၁၂)သို့



# ကျောက်စိမ်းတန် ၇၀၀ အသုံးပြု၍ ပထမဆုံးသော ကျောက်စိမ်းစေတီ အမရပူရတွင်တည်မည်

## စေတီနှင့်အတူ ကျောက်စိမ်းဓမ္မာရုံကိုပါ ကျပ်သိန်းပေါင်းသောင်းချီကုန်ကျခံကာ ကျောက်စိမ်းအတိဖြင့် တည်ဆောက်မည်

**မောင်တာ**

**မန္တလေး၊စက်တင်ဘာ-၇**

ကျောက်စိမ်းတန် ၇၀၀ ကို အသုံးပြု၍ မန္တလေးမြို့အနီး ရန်ကုန်-မန္တလေး ကားလမ်းဘေးတွင် ကျောက်စိမ်းစေတီနှင့် ကျောက်စိမ်းဓမ္မာရုံ တည်ဆောက်လှူဒါန်းမည်ဖြစ်ကြောင်းတည်ဆောက်လှူဒါန်းမည့် အေးအေးခိုင် ကျောက်မျက် ကုမ္ပဏီပိုင်ရှင် ဦးစိုးနိုင်က ပြောသည်။

ကျောက်စိမ်း စေတီနှင့် ကျောက်စိမ်းဓမ္မာရုံကို မန္တလေးမြို့တောင်ဘက်၊ ရန်ကုန်-မန္တလေးအမြန်လမ်းမဘေး၊ အမရပူရမြို့နယ်၊ ဆင်ရာမြင်းမူး ကျေးရွာအနီးတွင် တည်ထားကိုးကွယ်မည်ဖြစ်ပြီး စေတီတည်ဆောက်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း ဦးစိုးနိုင်က ပြောသည်။

ကျောက်စိမ်းစေတီတည်ရာတွင် အုတ်နှင့် သာမန်ကျောက်များအသုံးပြုမည်မဟုတ်ဘဲ ဖောင်ဒေးရှင်းမှစ၍ ကျောက်စိမ်းကိုသာ အသုံးပြုမည်ဖြစ်ပြီး ဖောင်ဒေးရှင်း ရှစ်ပေ၊ စေတီ ၃၁ ပေ၊ စုစုပေါင်း ဉာဏ်တော်အမြင့် လုံးပတ် ၃၉ ပေရှိ စေတီအပြင်ကျောက်စိမ်းဓမ္မာရုံတွင်လည်း ကျောက်စိမ်းပါကေးများခင်းကျင်းထားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းစေတီအတွင်း ပိုင်းတွင်လည်း နှစ်ပေခွဲအမြင့်ရှိ ကျောက်စိမ်းဆင်းတုနှစ်ဆူ ထားရှိမည်ဖြစ်ပြီး ၎င်းဆင်းတုနှစ်ဆူကို ယခုအခါ ထုဆစ်နေပြီဖြစ်သည်။ စေတီထုဆစ်ခ လက်ခအနေဖြင့် ပင်ငွေကျပ် သိန်း ၁၀၀ ပေးချေခဲ့ရကြောင်း ဦးစိုးနိုင်ကပြောသည်။

"ကျောက်စိမ်းစေတီ တည်ဖို့က ၁၀၀ ရာခိုင်နှုန်း သေချာပါတယ်။ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ သာသနာရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်ကလည်း ရပြီးဖြစ်လို့ ကျွန်တော့် အနေနဲ့ကတော့ သေချာတည်ထားမှာပါ" ဟု ဦးစိုးနိုင်က ပြောသည်။

ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီကို တည်ထားကိုးကွယ်နိုင်ရန်အတွက် လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက ကြိုးပမ်းစုဆောင်းခဲ့ရာ ယခုအခါတွင် ကျောက်စိမ်းတန် ၅၀၀ ခန့် စုဆောင်းထားပြီဖြစ်ကြောင်း၊ မူလက ပုဂံညောင်ဦးဒေသတွင်ကျောက်စိမ်းစေတီတည်ရန် စီစဉ်ခဲ့သော်လည်း ပုဂံညောင်ဦး ဒေသမှာ ရှေးဟောင်းယဉ်ကျေးမှုဇုန်ဖြစ်၍ သာသနာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းကာ ယခုအမရပူရမြို့နယ် ဆင်ရွာမြင်းမူးရွာအနီးတွင် တည်ထားရခြင်းဖြစ်ကြောင်း ဦးစိုးနိုင်က ပြောသည်။

"စေတီပန္နက်တင်တယ်ကြားတယ်။ အရင်ကတော့ကျောက်စိမ်းစေတီဆိုတာ မြန်မာမှာရော ကမ္ဘာမှာပါ ရှိတယ်လို့ မကြားမိဘူး။ အလှူရှင်ရဲ့ စေတနာပဲ။ ကျောက်စိမ်းနဲ့ အကျိုးပေးတယ် အောင်မြင်တယ်ထင်လို့ လှူတာနေမှာပေါ့" ဟု မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း (မန္တလေး) ဒုဥက္ကဋ္ဌ ဒေါ်ခင်လေးနွယ်က သုံးသပ်ပြောကြားသည်။

ဘာသာရေးအထွတ်အမြတ်အနေဖြင့် တည်ထားခြင်းဖြစ်သလို ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီဖြင့်ကမ္ဘာ့လှည့်ခရီးသည်များကို ဆွဲဆောင်နိုင်ပြီး ဒေသခံပြည်သူလူထု ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှ အလုပ်အကိုင်ဝင်ငွေရရှိကာ ကျေးလက်ဒေသ ဆင်းရဲမွဲတေမှုလျှော့ချရေးကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလို၍ တည်ဆောက်ခြင်းဖြစ်ကြောင်း ဦးစိုးနိုင်က ပြောသည်။

ယခု ကျောက်စိမ်းစေတီတည်ဆောက်မည့်မြေနေရာတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ကနိုင်ငံတကာအဆင့်မီကျောက်မျက်ဈေး တည်ဆောက်နိုင်ရန် စီစဉ်နေပြီး ထိုကျောက်မျက်ဈေးတည်ဆောက်မှု စတင်သည်နှင့် တစ်ပြိုင်နက် ကျောက်စိမ်းစေတီတည်ဆောက်ခြင်းကိုလည်း စတင်မည်ဖြစ်ပြီး ယခုအခါစေတီတည်ဆောက်ရန် စက်ယန္တရားများပင် အဆင်သင့်ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ကျောက်စိမ်းစေတီတည်ဆောက်ပြီးပါက နိုင်ငံတော်သို့ အပြီးအပိုင် လှူဒါန်းမည်ဖြစ်ပြီး စေတီတည်ဆောက်မည့်ကျောက်စိမ်းများတွင်မြန်မာနိုင်ငံကျောက်မျက်ရတနာပြပွဲများ၌ တင်ပြရောင်းချနိုင်သည့် အရည်အသွေးရှိ ကျောက်စိမ်းတွဲများ ပါဝင်ကြောင်း အလှူရှင် ကျောက်မျက်ကုမ္ပဏီထံမှ သိရသည်။



ကျောက်စိမ်းစေတီအတွင်းပိုင်းတွင်ထားရှိမည့် ကျောက်စိမ်းဆင်းတုတော်ကို စတင်ထုဆစ်နေသည့်မြင်ကွင်း ဓာတ်ပုံ-မောင်တာ




# CRIME မှုခင်းသတင်း CORNER

## ဟသ်ာတ ချစ်သူလမ်းကြားမှ စုံတွဲတစ်တွဲ အသတ်ခံရမှုဖမ်းမိ

မိုက်ဖော်မိုက်ဖက် သူငယ်ချင်းအား နာကြည်းချက်ဖြင့် လက်စားချေခြင်းဖြစ်ကြောင်း တရားခံဝန်ခံ

**ရွှေလရောင်**

**ဟသ်ာတ၊စက်တင်ဘာ-၄**

ဟသ်ာတတက္ကသိုလ်အနီး ချစ်သူလမ်းကြားဟု ခေါ်တွင်သော ရွာသာကုန်းအုပ်စုအပိုင် တက္ကသိုလ်မြို့ပတ်လမ်းရှိ အကျယ် ၁၀ပေ အနက် ၄ပေရှိရေမြောင်းအတွင်းမှ စုံတွဲနှစ်ဦး အသတ်ခံရသည့် အမှုမှ တရားခံကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

တရားခံ ချမ်းမြေ့(ခ)သံချောင်းသည် ယခုအသတ်ခံရသူ ကျော်မင်းထွန်း၏ သူငယ်ချင်းတစ်ဦးဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်က ချမ်းမြေ့(ခ)သံချောင်းနှင့် ကျော်မင်းထွန်းတို့နှစ်ဦးသည် လုယက်မှုအတူကျူးလွန်ခဲ့ကာ ချမ်းမြေ့(ခေါ်)သံချောင်းက ဖမ်းမိချိန်တွင် မိမိတစ်ဦးတည်း ကျူးလွန်ပါသည်ဟု ဝန်ခံပြီး ထောင်ဒဏ် ငါးနှစ်ကျခံခဲ့ဖူးကြောင်း၊ ထောင်ကျနေစဉ် ကျန်ရစ်သည့်မိသားစုကို စောင့်ရှောက်ပေးရန် ယခု အသတ်ခံရသူ ကျော်မင်းထွန်းအား မှာကြားခဲ့ပြီး နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်နှင့်အတူ နောင်ချိုမြို့နယ် ကြူအင်းရဲဘက်စခန်းမှ ၂၀၀၅ ခုနှစ်တွင် လွတ်မြောက်ခဲ့ကြောင်း သိရသည်။

ထောင်မှလွတ်ပြီး ခြောက်လခန့်အကြာ အသက်မပြည့်သေးသူ အမျိုးသမီးငယ်အား ခိုးပြေးခဲ့သဖြင့် ဟသ်ာတ အကျဉ်းထောင်တွင် ထောင်ခုနစ်နှစ် ထပ်ကျခဲ့ကြောင်း၊ တစ်ဖန် နိုင်ငံတော်မှ လွတ်ငြိမ်းချမ်းသာခွင့်ရရှိသဖြင့် ၂၀၁၀ တွင် ဝါးခယ်မမြို့နယ် ကတ်စကဲရဲဘက်စခန်းမှ လွတ်မြောက်ခဲ့သည်။ ထို့နောက် ခိုးမှုဖြင့် ထောင်တစ်နှစ်ကျသေးသည်။ ထောင်မှ လွတ်လာပြီး ၂၀၀၂ ခုနှစ်က လုယက်မှုအတူပြုစဉ် လွတ်မြောက်သွားခဲ့သော ကျော်မင်းထွန်းအား သတ်ရန် စောင့်ကြည့်နေခြင်းဖြစ်သည်။

ကျော်မင်းထွန်းသည် ဟသ်ာတဘူတာတွင် အလုပ်ရ၍ ငွေရေးကြေးရေး အဆင်ပြေနေသော်လည်း ချမ်းမြေ့(ခ) သံချောင်းအား ပြန်မကြည့်သည့်အတွက် ရန်ငြိုးထားရှိကာ စက်တင်ဘာ ၂ရက် ည ၇နာရီအချိန်ခန့်တွင် ဗူး ဘုရားဈေးအနီး မိသားစုလက်ဖက်ရည်ဆိုင်မှ စောင့်ကြည့်နေကာ ကျော်မင်းထွန်းဆိုင်ကယ်ဖြင့် ထွက်သွားသည်ကိုတွေ့၍ အိမ်ပြန်ဓားယူပြီး ၎င်းတို့သွားနေကျ ချစ်သူလမ်းကြားသို့ လိုက်သွားခဲ့ကြောင်း၊ ကျော်မင်းထွန်းနှင့် အမျိုးသမီးတို့အား စောင့်ကြည့်နေပြီး ကျော်မင်းထွန်းအား သတ်ခဲ့ကြောင်း အမျိုးသမီးအား မျက်မြင်သက်သေဖြစ်နေ၍ ထပ်သတ်ခဲ့ခြင်းဖြစ် ကြောင်း၊ ထိုးသတ်ခဲ့သည့် ဓားတွင် ပေကျံနေသော သွေးများကို သန့်စင်ပြီး ကျော်မင်းထွန်း၏ လက်စွပ်၊ ဟန်းဖုန်းနှင့် ဓားတို့အား ရေထဲလွှင့်ပစ်ခဲ့ကြောင်း အလောင်း များအား ရေထဲဆွဲချပြီး ဆိုင်ကယ်ဖြင့် ဖိထားခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

အလောင်းများအားစစ်ဆေးရာ အမျိုးသားမှာ ဟသ်ာတ ဘူတာ ပါဆယ်ဌာနတွင် တာဝန်ထမ်းဆောင်နေသော မောင်ကျော်မင်းထွန်းနှင့် ၎င်း၏ချစ်သူ အမျိုးသမီးတို့ဖြစ်ကြောင်း သိရသည်။ ကျော်မင်းထွန်း၏ ခန္ဓာကိုယ်များတွင် ဓားဒဏ်ရာ ၁၆ ချက်နှင့် အမျိုးသမီး၏ ခန္ဓာကိုယ်တွင် ဓားဒဏ်ရာ ၅ ချက်ကို တွေ့ရှိရကြောင်း သိရသည်။

# ပူတာအိုဒေသရှိ မြို့သုံးမြို့ ဆန်အခက်အခဲ မပြေလည်သေး

**ဥက္ကာကိုကို**

**ရန်ကုန်၊ စက်တင်ဘာ-၄**

ကချင်ပြည်နယ်၊ ပူတာအိုဒေသရှိ မြို့သုံးမြို့တွင် ဆန်စပါးရှားပါးမှုကြောင့် လူပေါင်းနှစ်သောင်းကျော် ဒုက္ခရောက်လျက်ရှိရာ အစိုးရထံမှ ဆန်အကူအညီ အချို့ရရှိသော်လည်း စက်တင်ဘာလမှ လာမည့် အောက်တိုဘာလအတွင်း စပါးရိတ်သိမ်းချိန်မတိုင်မီ ဆန်အိတ်ပေါင်းလေးထောင်ခန့် ထပ်မံရရှိပါမှ ပြေလည်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပူတာအိုဒေသတွင် ယခင်နှစ် မိုးစပါးရာသီက မိုးရွာသွန်းမှုနောက်ကျသောကြောင့် စပါးရိတ်သိမ်းချိတ်တွင် အထွက်နှုန်းလျော့သွားခြင်း၊ ပူတာအို-မြစ်ကြီးနားကားလမ်း ပြတ်တောက်သွားခြင်းတို့ကြောင့် ယခုနှစ်တွင် ဆန်ရှားပါးမှုများဖြစ်ပေါ်လာခဲ့သည်။ ပြီးခဲ့သည့် ဇွန်လမှစတင်၍ ဆန်တစ်ပြည်လျှင် ကျပ်လေးထောင်ကျော်အထိဈေးမြင့်တက်လာခဲ့သဖြင့် ဝင်ငွေနည်းသောဒေသဖြစ်သည့်အလျောက် ဒေသခံလူထုမှာ ဝယ်ယူစားသောက်ရန် အခက်အခဲများ ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

ထို့ကြောင့် မြစ်ကြီးနားမှ ဆန်အိတ်များကို လေယာဉ်ဖြင့် တင်ပို့ခဲ့ရပြီး ဇူလိုင်လတွင် အိတ် ၃၀၀၊ ဩဂုတ်လတွင် အိတ် ၄၀၀ အထိသာ ရောက်ရှိလာသေးကာ ၎င်းဆန်အိတ်များအား ပူတာအို၊ မချမ်းဘော၊ နောင်မွန်းမြို့နယ်တို့ရှိ ဆန်လိုအပ်နေသည့် မိသားစုပေါင်းတစ်သောင်းကျော်ကို ဖြန့်ဝေရောင်းချပေးခဲ့ရကြောင်း ပူတာအိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးအားရော်က ပြောသည်။

ဆန်အိတ်များကို လေယာဉ်ဖြင့် တင်ပို့ပေးရာတွင် အစိုးရ၏ အစီအမံဖြင့် သယ်ယူစရိတ် အခမဲ့ပို့ဆောင်ပေးခြင်းဖြစ်ပြီး မြစ်ကြီးနားမှ ဝယ်ယူသည့် ဈေးနှုန်းအတိုင်းပင် ဖြန့်ဖြူးပေးခဲ့သောကြောင့် ဒေသတွင်း မြင့်တက်နေသော ဈေးနှုန်းထက်များစွာ သက်သာသွားသည်ဟု သိရသည်။

သို့ရာတွင် ရောင်းချရန် ဆန်မလုံလောက်သောကြောင့် မိသားစုတစ်စုလျှင် ပျမ်းမျှဆန်တစ်ပြည်နှုန်းသာ ရရှိနေသေးသဖြင့် စပါးရိတ်သိမ်းချိန် မတိုင်မီ စက်တင်ဘာနှင့် အောက်တိုဘာလတို့အတွင်း ဆန်လိုအပ်ချက်များ ဆက်ရှိနေလိမ့်ဦးမည်ဖြစ်ကြောင်း ဒေသခံများက ပြောသည်။

စပါးပေါ်ချိန်မတိုင်မီကာလအတွင်း ပူတာအိုဒေသသို့ တစ်ပတ်လျှင် ဆန်အိတ်ငါးရာခန့် အနည်းဆုံးတင်ပို့ပေးပါမှ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်မြို့နယ်တို့မှ ဒေသခံပြည်သူများအတွက် အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သိရသည်။

# ဧရာဝတီနှင့် ချင်းတွင်းမြစ်ပေါ်တွင် အဆင့်မြင့် ဆိပ်ကမ်းခြောက်ခုတည်ဆောက်မည်

**အိမြူလွင်**

**ရန်ကုန်၊ စက်တင်ဘာ-၅**



**ချင်းတွင်းတံတားပေါ်မှမြင်ရသည့် ချင်းတွင်မြစ်ကမ်းတစ်နေရာ** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာနိုင်ငံအတွင်းရှိ ဧရာဝတီနှင့် ချင်းတွင်းမြစ်များပေါ်တွင် ကုန်သေတ္တာများ လက်ခံဆောင်ရွက်နိုင်မည့် အဆင့်မြင့်ဆိပ်ကမ်းများ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်သွားရန် လျာထားကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးက ပြောကြားသည်။

ဆိပ်ကမ်းများကို ဧရာဝတီမြစ်ပေါ်တွင် လေးခုနှင့် ချင်းတွင်းမြစ်ပေါ်တွင် နှစ်ခုတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ပေါ်တွင် စင်းခန်း၊ မန္တလေး၊ ပခုက္ကူ၊ မကွေးမြို့တို့၌ တည်ဆောက်ပြီး ချင်းတွင်းမြစ်ကြောင်းတွင် မုံရွာနှင့်ကလေးဝ ဆိပ်ကမ်းများကို တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့ကြားတွင် နယ်စပ်ဖြတ်ကျော်ကုန်သွယ်လုပ်ငန်းများ ဖွံ့ဖြိုးစေရန်နှင့် တရုတ်နိုင်ငံထွက် ကုန်ပစ္စည်းများကို ရန်ကုန်မြို့ထိ ဧရာဝတီမြစ်ကြောင်းကို အသုံးပြုပို့ဆောင်နိုင်ရန်အတွက်စင်းခန်းဆိပ်ကမ်းကို တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

စင်းခန်းဆိပ်ကမ်းကဲ့သို့ပင် အိန္ဒိယနိုင်ငံနှင့် ကုန်စည်ကူးသန်းနိုင်ရန်အတွက် မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ဆုံရာ ကလေးဝဆိပ်ကမ်းတွင် ကုန်သေတ္တာများ လက်ခံကိုင်တွယ်နိုင်မည့် ဆိပ်ကမ်းကို တည်ဆောက်ခြင်း ဖြစ်သည်။

အဆိုပါ ဆိပ်ကမ်းသစ်များ တည်ဆောက်မည့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့သည် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေပြီး နိုင်နင်းစွာ မထိန်းသိမ်းနိုင်သော မြစ်များဖြစ်နေသည်ဟုလည်း ဦးကိုကိုဦးက ပြောသည်။

ရေလမ်းကြောင်းအတွင်း သင်္ဘောများ သွားလာစဉ် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် မြစ်ကြမ်းပြင် ပြုပြင်နည်းစနစ်ကို အခြေခံအဆင့်အဖြစ် ဆောင်ရွက်မည်ဖြစ်သည်ဟုလည်း သိရသည်။

မြစ်ကြောင်းများအတွင်း ပြုပြင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီး တိုးတက်ဖြစ်ထွန်းလာသော ရေလမ်းကြောင်းကို အသုံးပြုကာ ဆိပ်ကမ်းများကို တည်ဆောက်ရန် လျာထားခြင်းဖြစ်သည်ဟုလည်း သိရသည်။



7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# တရုတ်ဘက်တွင် အဖမ်းအဆီးပြန်စိပ်လာ၍ ဆန်ပို့သူများ အထိနာ

**ပြည့်သိမ်း၊ ညီညီဇော်**

**ရန်ကုန်၊ စက်တင်ဘာ - ၉**

တရုတ်နိုင်ငံသို့နယ်စပ်ကုန်သွယ်ရေးဖြင့် ဆန်တင်ပို့ရာတွင် ယခုလဆန်းပိုင်းက အဖမ်းအဆီးများ ပြန်ရှိလာသဖြင့် ဆုံးရှုံးမှုများစွာ ကြုံတွေ့နေရကြောင်း ဆန်ကုန်သည်များထံမှသတင်းရရှိသည်။

"ဒီတစ်ခါ ဖမ်းတာ နည်းနည်းတော်သေးတယ်။ ဇူလိုင်လတုန်းကဆိုရင် အရမ်းဆိုးတယ်" ဟု မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ ပြန်ကြားရေးတာဝန်ခံ ကိုမင်းသိန်းကဆိုသည်။

တရုတ်နိုင်ငံသို့ ဆန်ရောင်းချရာတွင် မြန်မာဆန်ကုန်သည်များသည် တရုတ်ဝယ်လက်များ၏ သိုလှောင်ရုံအရောက် တာဝန်ယူရသည်။ မြန်မာနိုင်ငံဘက်မှ တရားဝင်တင်ပို့နိုင်သော်လည်း တရုတ်အစိုးရက မြန်မာ့ဆန်ကို တရားဝင်ခွင့်မပြုသဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးတွင် မျှတမှုမရှိကြောင်း ကုန်သည်များကရှင်းပြသည်။

တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် မြန်မာနိုင်ငံဘက်က တရုတ်နိုင်ငံကုန်ပစ္စည်းများကို လွတ်လပ်စွာ တင်သွင်းခွင့်ပြုထားသည်။ တရုတ်နိုင်ငံက မြန်မာ့ဆန်များကို ဖမ်းဆီးရာတွင် ယခုလ ၄ ရက်မှစတင်ပြီး ယူနန်ပြည်နယ် အကောက်ခွန်ဦးစီးဌာနနှင့် ပြည်တွင်းအခွန်ဦးစီးဌာနတို့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယခုရက်ပိုင်းအတွင်းမှာပင် ဆန်ကားရှစ်စီးမှ ဆယ်စီးအထိ ဖမ်းဆီးခံထားရကြောင်း ကုန်သည်များထံမှ သိရသည်။

"အခုရက်ပိုင်းမှာ အဖမ်းအဆီးက အရမ်းစိပ်လာတယ်။ တရုတ်နိုင်ငံဘက်က အကောက်ခွန်က ကျွန်တော့်ရဲ့ ဆန်အိတ် ၂၅၀ ကိုသိမ်းလိုက်တယ်"ဟု မန္တလေးမြို့မှ ဆန်ကုန်သည်တစ်ဦးကဆိုသည်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်အစိုးရက မြန်မာ့ဆန်အား ဖမ်းဆီးမှုကို ဇူလိုင်လအတွင်းကလည်း တစ်ကြိမ်ပြုလုပ်ခဲ့သည်။ ထို့နောက် တစ်လခွဲဝန်းကျင် ပြန်လည်ဖမ်းဆီးမှုမရှိဘဲ ယခုမှ ပြန်လည်ဖမ်းဆီးခြင်းဖြစ်သည်။




စက်တင်ဘာ ၇ရက် ညနေ ၄နာရီ မိနစ် ၅၀အချိန်တွင် ကမာရွတ်မြို့နယ် အင်းလျားလမ်းထောင့်မီးပွိုင့်အနီး၌ ဆူဇူကီး R⁺ အပြာရောင်ယာဉ်မှာ ယာဉ်မောင်းနေစဉ် စက်ရပ်သွားပြီး စက်ပြန်နှိုးချိန်တွင် ဘက်ထရီအိုး ဘက်ထရီခေါင်းပြုတ်ကာ ဆီငွေ့နှင့်တွေ့မိပြီး မီးလောင်မှုဖြစ်ပွားခဲ့ သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ယာဉ်သုံးစီး၊ အထောက်အကူပြုယာဉ်တစ်စီးတို့ဖြင့် ငြိမ်းသတ်ခဲ့ပြီး အဆိုပါမီးလောင်မှုကြောင့် ယာဉ်၏ အစိတ်အပိုင်းအများစု ပျက်စီးသွားကြောင်း မီးသတ်ဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ **သတင်း-မိုးညို၊ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)**

ယခုနှစ် ပြည်ပသို့ ဆန်တင်ပို့ရာတွင် ဈေးနှုန်းမကိုက်သဖြင့် တင်ပို့နိုင်မှုလျော့နည်းခဲ့သည်။

ယင်းကြောင့် ပြည်တွင်းမှ ဆန်ကုန်သည်များသည် နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ဆန် တင်ပို့မှုကိုအာရုံစိုက်လာကြသည်။ တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင်လည်း မြန်မာ့ဆန်ကို နှစ်သက်သဖြင့် လစဉ် ဆန်တန်ချိန် ပျမ်းမျှ လေးသောင်းနီးပါး တင်ပို့ခဲ့ရကြောင်း မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှသိရသည်။

"မြန်မာ့ဆန်ကို ဈေး သက်သာတော့ မုန့်လုပ်ဖို့အတွက် အဓိကဝယ်ကြတာ"ဟု မူဆယ်မှ ဆန်ကုန်သည်တစ်ဦးကဆိုသည်။

လက်ရှိတရုတ်-မြန်မာနယ်စပ်တွင် မြန်မာ့ဆန်ဈေးမှာ ရွှေဘို ၇၄၇ ဧည့်မထအုပ်စုအမျိုးအစား တစ်အိတ်လျှင်၁၄၂ယွမ်၊ ခရမ်းသုံးခွ ငစိန်ကို တစ်အိတ်လျှင် ၁၄၆ ယွမ်၊ မြောင်းမြနွေဇီယာ တစ်အိတ်လျှင် ၁၅၆ ယွမ်ဈေးရှိသည်။




SEALECT BRAND
အကောင်းဆုံးအရသာ...ရွေးချယ်ပါ
SEALECT ငါးသေတ္တာ
SEALECT BRAND
CANNED FISH
IN TOMATO SAUCE
TUF
MK


NEW V.ROHTO EYE DROPS ၏ လစဉ်ကံစမ်းမဲအစီအစဉ်
စက်တင်ဘာလ ကံထူးရှင်ရွေးချယ်ပွဲ
စည်းကမ်းချက်
(စက်တင်ဘာလအတွက်)
ကံစမ်းမဲစာရင်း အကျုံးဝင်သူများမှာ New V.Rohto မျက်စဉ်းအားဆေးရုံးသို့ လစဉ် (၁) ရက်နေ့မှ (၃၀) ရက် အတွင်း ရောက်ရှိလာသော မဲများထဲမှသာ လစဉ် ကံထူးသူ တစ်ဦးကို ရွေးချယ် ချီးမြှင့်သွားပါမည်။
SUZUKI
ရွှေတစ်ကျပ်ခွဲသား (သို့မဟုတ်) SUZUKI ဆိုင်ကယ် ကို
ကံထူးသူမှ ကြိုက်နှစ်သက်ရာ ရွေးချယ်နိုင်ပါသည်။
စက်တင်ဘာလ ကံစမ်းမဲမှာ
ကံထူးသူဖြစ်စို့ အမြန်ဆုံး
ပါဝင်ယှဉ် ပြိုင်ကြပါစို့
ကံစမ်းမဲအစီအစဉ်
New V.Rohto ဗူးခွံ၏ နောက်ကျောဘက်တွင် အမည်၊ အသက်၊ မှတ်ပုံတင်နံပါတ်နှင့် နေရပ်လိပ်စာ အပြည့်အစုံဖြည့်စွက်၍ အောက်ဖော်ပြပါ New V.Rohto ဖြန့်ချိရေးရုံးများသို့လိပ်မူ၍ပေးပို့ကံစမ်းနိုင်ပါသည်။
ရန်ကုန် - အခန်း ၉၀၉(အေ)၊ ၉ လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်း။ ဖုန်း- ၀၁ ၅၅၇၄၁၇
မန္တလေး - အမှတ် (၁၄၁)၊ (၃၄)လမ်း၊ (၇၈)လမ်းနှင့် (၇၉)လမ်းကြား၊ ချမ်းအေးသာစံ၊ မန္တလေး။ ဖုန်း- ၀၂ ၆၉၃၇၇
Contains Panthenol
NEW V.ROHTO EYE DROPS
FOR EYESTRAIN AND CONGESTION
အေးမြကြည်လင်စေသော မျက်စဉ်းအားဆေး
ROHTO
OSAKA, JAPAN
ဇူလိုင်လ မှ ဒီဇင်ဘာလ အထိ (၆) လတိုင်းတိုင်း လစဉ်ကံထူးရှင်များကိုရွေးချယ်သွားပါမည်။

# အသေးစားနှင့်အလတ်စား လုပ်ငန်းများအတွက် ချေးငွေတိုးမြှင့်နိုင်ရေး အစိုးရက ကျပ် ငါးဘီလီယံထောက်ပံ့မည်

**ပြည်သိမ်း**

**ရန်ကုန်၊ စက်တင်ဘာ-၆**

အသေးစားနှင့် အလတ်စား (SME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေပိုထုတ်ချေးနိုင်ရန် နိုင်ငံတော်အစိုးရက ကျပ်ငွေ ငါးဘီလီယံ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်သို့ ထောက်ပံ့ပေးရန် စီစဉ်ထားကြောင်း စက်မှု ဝန်ကြီးဌာနမှ သတင်းရရှိသည်။

SME လုပ်ငန်းများကို ယခင်က ထောက်ပံ့ပေးမှုမှာ စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ ပုဂ္ဂလိက အပ်ငွေများဖြင့်သာ ငွေချေးပေးနိုင်ခဲ့သည်။ ယင်းကြောင့် လိုအပ်သလောက် ချေးငွေမပေးနိုင်ခဲ့သောကြောင့် နိုင်ငံတော်မှ ထောက်ပံ့မှုရရှိပါက ယခင်ကထက်ပိုမို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင်းက ပြောကြားသည်။

"ဘဏ်ကိုတော့ ငွေက တရားဝင်မရောက်သေးဘူး။ ခွင့်ပြုထားတာတော့ သိထားတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

**စာ(၁၂)သို့**



**တစ်နိုင်တစ်ပိုင်လုပ်ငန်းတစ်ခုဖြစ်သည့် ကားဘော်ဒီရုံတစ်ခု** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ရှမ်းနီများ တိုင်းရင်းသားလူမျိုးအမည်မှန်ဖြင့် မှတ်ပုံတင်ရရှိရေး တောင်းဆိုမည်

**အောင်နိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၆**

တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့တိုင်းရင်းသားလူမျိုးအမည်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာချက်တစ်စောင်ကိုထုတ်ပြန်သည်။

အဆိုပါ အချက်အပါအဝင်အချက်လေးချက်ပါဝင်သော သဘောထားကြေညာချက်တစ်စောင်ကို စက်တင်ဘာ ၅ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ကြောင်း တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးစိုင်းဌေးအောင်က ပြောသည်။

"အရင်ခေတ် အဆက်ဆက်က မှတ်ပုံတင်လုပ်ရာမှာ လွယ်ကူအောင် ရှမ်း-ဗမာဆိုပြီး ပြောရတယ်။ နောက်တော့ ကျွန်တော်တို့တိုင်းရင်းသား လူမျိုးပျောက်လာတယ်" ဟု ပြောသည်။

တိုင်းလိုင်း(ရှမ်းနီ)တိုင်းရင်းသားများသည် စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေထိုင်ကြပြီး ၁၉၇၂ ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းအရ လူဦးရေ တစ်သန်းခွဲခန့်ရှိပြီး ယခုအခါ နှစ်သန်းကျော်ခန့်ရှိကြောင်း သိရသည်။

ပျောက်ကွယ်လုနီးပါးဖြစ်နေသော မျိုးနွယ်စုပြန်လည်အသိအမှတ်ပြုခံရရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်သွားမည်ဟု ဥက္ကဋ္ဌက ဆိုသည်။

"လာမယ့် သန်းခေါင်စာရင်းကောက်ယူမှုအမီ ဆောင်ရွက်သွားမယ်။ ပြည်ထဲရေးဝန်ကြီးနဲ့ သမ္မတကြီးကို စာတင်မယ်။ ကျွန်တော်တို့ လူမျိုးအမည်နဲ့ မှတ်ပုံတင်လုပ်ပေးဖို့ တောင်းဆိုမယ်" ဟု ပြောသည်။

တိုင်းလိုင်(ရှမ်းနီ)တိုင်းရင်းသားများသည် ယခင်က နိုင်ငံသားစိစစ်ရေးကတ်လုပ်ရာတွင် အခက်အခဲများ ရှိခဲ့ပြီး လူဦးရေ၏ ၈၄ ရာခိုင်နှုန်းခန့်မှာ ရှမ်း-ဗမာ တိုင်းရင်းသားအမည်ခံထားရကြောင်း တိုင်းရင်းသားပါတီများကဆိုသည်။

ရှမ်းတိုင်းရင်းသားများ တိုးတက်ရေးပါတီ ဗဟိုကော်မတီဝင် ဦးစောသန်းမြင့်က "ရှမ်းနီတွေကနှစ်ပေါင်းများစွာဖိနှိပ်ခံခဲ့ရတာ၊ အခုလိုကြေညာတာကောင်းပါတယ်" ဟု 7Day News သို့ပြောသည်။ တိုင်းလိုင်း(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီကို ၂၀၁၂ ဇန်နဝါရီလ ၂၀ရက်တွင် ပါတီမှတ်ပုံတင်ခွင့်တင်ပြခဲ့ပြီး ဖေဖော်ဝါရီလ ၁၆ ရက်တွင် တရားဝင် နိုင်ငံရေးပါတီအဖြစ် ခွင့်ပြုခဲ့ကြောင်း သိရသည်။

**စာ(၈)သို့**



7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012



## ၂၀၁၂ စက်တင်ဘာ ၁၃ မှ ၁၉ ရက်ထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေအနေ**

ယခုရက်သတ္တပတ်အတွင်း ဘင်္ဂလားပင်လယ်အော်မှာလေဖိအား နည်းရပ်ဝန်းတစ်ခု ဖြစ်လာနိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်တစ်ခုဖြစ်လာပြီး အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက် ကမ်းခြေကို ဝင်ရောက်နိုင်ပါတယ်။ အနောက်တောင်မုတ်သုံလေဟာ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ စတင်ဆုတ်ခွာနိုင်ပါတယ်။ ဘင်္ဂလားပင်လယ်အော်နဲ့ ကပ္ပလီပင်လယ်ပြင်မှာ မုတ်သုံလေဟာ အားအနည်းငယ်မှ အားအသင့်တင့်ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်နဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ် မှ လှိုင်းအသင့်အတင့်သာ ရှိနိုင်ပါတယ်။ လှိုင်းအမြင့် (၄)ပေမှ (၅)ပေအထိ ရှိနိုင်ပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မိုးလေဝသဂြိုဟ်တုမှ တိုင်းတာချက်အရပြီးခဲ့တဲ့ စက်တင်ဘာလ(၁-၉)ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းမှာ ရခိုင်ပြည်နယ်အလယ်ပိုင်း၊ မကွေးတိုင်းအနောက်ပိုင်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်တွေမှာ မိုးရေချိန် (၆ လက်မမှ ၇ လက်မ)ခန့်၊ ကချင်ပြည်နယ်အရှေ့ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွေမှာမိုးရေချိန် (၃ လက်မမှ ၄ လက်မ) ခန့်နဲ့ ကျန်ဒေသတွေမှာ မိုးရေချိန် (၅ လက်မမှ ၆ လက်မ)အောက် ရွာသွန်းခဲ့ပါတယ်။

ပြီးခဲ့တဲ့ရက်သတ္တပတ်ဟာ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံအတွင်းမှ စတင်ဆုတ်ခွာတော့မယ့် ကာလဖြစ်တဲ့အတွက် တစ်ပြည်လုံးတွင် နေရာကွက်ကျား မိုးကြီးခဲ့ပါတယ်။ အထူးသဖြင့် မကွေးတိုင်းမှာ မကြာခဏ မိုးသည်းထန်ခဲ့ပါတယ်။ မိုးရွာသွန်းနိုင်မှု ခန့်မှန်းချက်။

ခန့်မှန်းကာလအတွင်း အောက်မြန်မာပြည် ဒေသများနဲ့ အလယ်ပိုင်းဒေသများမှာ မိုးပိုမိုရရှိဖွယ်ရာရှိပါတယ်။ တနင်္သာရီတိုင်းနဲ့ မန္တလေးတိုင်းတို့မှာ နေရာကွက်ကျား၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကရင်ပြည်နယ်နဲ့ မွန်ပြည်နယ်မှာ နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်းတို့မှာ နေရာစိပ်စိပ်နဲ့ ကျန်ဒေသတွေမှာတော့ နေရာအနှံ့အပြား (၅ ရက်မှ ၆ ရက်)ခန့် မိုးထစ်ချုန်းရွာပြီး ရွာသွန်းမြဲခန့်နဲ့ ရွာသွန်းမြဲထက် ပိုနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းတွေမှာ (၃)ရက်မှ (၄)ရက်ခန့်နဲ့ ကျန်ဒေသများတွင် နေရာကွက်မိုးကြီးနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှု အခြေအနေ**

အများအားဖြင့် တစ်ပြည်လုံးမှာ ထစ်ချုန်းမည့်အခြေအနေများ ပြန်လည်တိုးလာနိုင်ပါတယ်။ မကွေးတိုင်း၊ ချင်းပြည်နယ်နဲ့ ရှမ်းပြည်နယ်တောင်ပိုင်း၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ ကယားပြည်နယ်နဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသများမှာ မိုးတိမ်တောင်များ ဖြစ်ပေါ်ဖို့ သေချာမှု ၄၅ ရာခိုင်နှုန်းမှ ၅၅ ရာခိုင်နှုန်းခန့်အထိ ရှိနိုင်ပါတယ်။ တစ်ခါတစ်ရံ နေရာကွက် မိုးကြီးပြီး လျှပ်တစ်ပြက် ရေကြီးခြင်းနဲ့ မြေပြိုမှု အန္တရာယ်များကြုံတွေ့နိုင်ပါတယ်။ အထူးသဖြင့် မကွေးတိုင်းအတွင်းမှာ မြေပြိုမှု လျှပ်တစ်ပြက်ရေကြီးမှုတို့ ကြုံတွေ့နိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

ကချင်ပြည်နယ်အရှေ့ပိုင်းနဲ့ ရှမ်းပြည်နယ်အရှေ့မြောက်ပိုင်းတို့မှာ အပူရှိန်လျော့နည်းနိုင်ပါတယ်။ တနင်္သာရီတိုင်းနဲ့ ကချင်ပြည်နယ်တောင် ပိုင်းစွန်းမှာ အပူရှိန်သိသိသာသာမြင့်မားနိုင်ပြီး ကျန်တစ်ပြည်လုံးမှာ အပူရှိန်များ ပုံမှန်ထက်မြင့်မားနေနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းဒေသများတွင်ရှိမြစ်များနဲ့ မြေနိမ့်ဒေသများတွင် မြစ်ရေလျှံမှု အလားအလာများ ပိုမိုမြင့်မားလာနိုင်ပါတယ်။ စစ်တောင်းမြစ်၊ သံလွင်မြစ်တို့တွင် လက်ရှိရေအမှတ်များထက် ပိုမိုမြင့်တက်လာနိုင်ပြီး၊ မြေနိမ့်ပိုင်းများတွင် ရေလွှမ်းမိုးနိုင်ပါတယ်။

**တောင်တရုတ်ပင်လယ်ပြင် အခြေအနေ**

တောင်တရုတ်ပင်လယ်ပြင်မှာ အခုလာမယ့် ရက်သတ္တတစ်ပတ်အတွင်း မုန်တိုင်းများ ဖြစ်ပေါ်မှု ပြန်လည်တိုးလာနိုင်တယ်။ မြန်မာနိုင်ငံဘက်ကိုလည်း အရှေ့ဘက်မှ မုန်တိုင်း အကြွင်းအကျန်နဲ့ လေပွေလေလှိုင်းများ ရောက်ရှိလာနိုင်ဖွယ်ရာ လျော့နည်းနိုင်ပါတယ်။

ဒေါက်တာထွန်းလွင်

# ဖားကန့်မြို့ပေါ်ရှိ ဒုက္ခသည်စခန်းများတွင် အဖျားရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောဖြစ်ပွားနေ

**အောင်နိုင်**

**ရန်ကုန်၊ စက်တင်ဘာ-၈**

ဖားကန့်မြို့ပေါ်ရှိ စစ်ဘေးဒုက္ခသည်စခန်းများတွင် ယခုရက်ပိုင်းအတွင်း အဖျားရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေကြောင်း ဒုက္ခသည်များကို ကူညီစောင့်ရှောက်နေသူများက ပြောသည်။

အချိန်မီ ဆေးဝါးကုသမှု မခံယူနိုင်ခြင်းကြောင့် သေဆုံးသူလည်းရှိကြောင်း သိရသည်။

“ဒီနေ့ စက်တင်ဘာ ၆ အသုဘချမယ်။ ငှက်ဖျားနဲ့ ဆုံးသွားတဲ့ ကလေးလေ” ဟု ငှက်ပျောတောနှစ်ခြင်းဘုရားကျောင်းမှ သင်းအုပ်ဆရာ ဦးတူးဂျာက ပြောသည်။

မြို့နယ် ကျန်းမာရေးဌာနနှင့် အသင်းတော်တို့မှ ဆရာဝန်များ လာရောက်ကြည့်ရှုကြသော်လည်း စခန်းအရေအတွက်များပြားခြင်းကြောင့် လုံလောက်မှု မရှိသေးကြောင်း ဒုက္ခသည်ကူညီစောင့်ရှောက်သူများက ဆိုသည်။

“ကျွန်တော်တို့ဆီမှာ ဖျားတာ၊ ဝမ်းလျှောတာ ၂၀ လောက်ရှိတယ်။ ကလေးနဲ့ သက်ကြီးပိုင်းတွေများတယ်။ မြို့နယ် ဆရာဝန်ကြီး လာကြည့်ပေးပေမယ့် အခုထိ နှစ်ခါပဲလာနိုင်သေးတယ်။ စခန်းက များတယ်လေ” ဟု ခရစ်တော်၏ အသင်းတော်ဘုရားကျောင်းမှ အတွင်းရေးမှူး ဦးကြည်အောင်သန်းက ပြောသည်။

ဖားကန့်မြို့ပေါ်တွင် ဒုက္ခသည်များကို ကူညီစောင့်ရှောက်နေသော ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း၊ စခန်းပေါင်း ၂၈ ခု ခန့်ရှိပြီး စခန်းတိုင်းလိုလိုတွင် အဖျားရောဂါနှင့် အခြားရောဂါများဖြစ်ပွားနေကြောင်း သိရသည်။

“စခန်းတိုင်းမှာ ကလေးတွေ ဖျားတာ၊ ဝမ်းပျက်တာ ရှိတယ်။ တုပ်ကွေးလား၊ ငှက်ဖျားလားကတော့ ဆရာဝန်တွေ လာပြီးပြောမှပဲ သေချာမယ်။ ကျွန်တော်တို့ စခန်းမှာ ကလေး ၁၀ ယောက်လောက် ဖျားနေတယ်” ဟု ဒုက္ခသည်များကို ကူညီစောင့်ရှောက်ထားသော ငှက်ပျောတော ရိုမန်ကက်သလစ် ဘုရားကျောင်းနှင့် ကယ်ဆယ်ရေး ကော်မတီ အဖွဲ့မှူး ဦးနော်ဂျာက ပြောသည်။

နေရာထိုင်ခင်း၊ အိမ်သာ သန့်ရှင်းရေးစသော အခက်အခဲများကြောင့် ကလေးများ၏ ကျန်းမာရေးမှာ ရေရှည်တွင်စိုးရိမ်ဖွယ်ရာရှိကြောင်း သိရသည်။

“ဥရုချောင်းရေပြန်ကျသွားတော့ တချို့စခန်းတွေမှာ အိမ်သာ သန့်ရှင်းရေးကအစ လိုအပ်မှု တွေရှိတယ်။ ကလေးတွေဆိုရင် ဝမ်းပျက်တာတွေ များတယ်” ဟု မော်ဝမ်းနှစ်ခြင်းဘုရားကျောင်းမှ သင်းအုပ်ဆရာဦးတက်နော်က ဆိုသည်။

ဖားကန့်ဒေသတွင် အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ကြား ဩဂုတ်လ ၁၈ ရက်မှစတင်၍ တိုက်ပွဲများဖြစ်ပွားခဲ့သောကြောင့် အနီးဝန်းကျင်ရှိ ရွာများမှ ဖားကန့်မြို့ပေါ်သို့တိမ်းရှောင်လာကြရာ ယခုအခါ ဖားကန့်မြို့ပေါ်တွင် စစ်ဘေးဒုက္ခသည် ဦးရေ တစ်သောင်းခန့်ရှိကြောင်း သိရသည်။


# ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော ကျန်းမာရေးအခြေအနေအရ ပြန်လာရန် မသေချာသေး

**အောင်သူရ**

**ရန်ကုန်၊**

**စက်တင်ဘာ - ၈**

ရဲဘော်သုံးကျိပ်ဝင်ဟောင်းဗိုလ်မှူးချုပ်ဟောင်းကျော်ဇောသည် နိုင်ငံတော်သမ္မတကပြန်လာခွင့်ပြုထားသော်လည်း ကျန်းမာရေးအခြေအနေအရ ပြန်လာရန်မသေချာသေးကြောင်း သမီးဖြစ်သူ ဒေါက်တာလှကျော်ဇောကပြောကြားသည်။



အသက် ၉၃ နှစ်အရွယ် ရဲဘော်သုံးကျိပ်ဝင်ဟောင်း ဗိုလ်မှူးချုပ်ကျော်ဇောသည် ကူမင်းမြို့ ဆေးရုံကြီးတွင် အရေးပေါ် ဆေးကုသမှုခံယူနေရပြီး နောက်ဆုံးအနေဖြင့် ရွှေတိဂုံစေတီတော်ကို ဖူးမြော်ရန်ဆန္ဒရှိကြောင်း ကြားသိရသဖြင့် နိုင်ငံတော် သမ္မတက မိသားစုဝင်သုံးဦး ရှိသည့်အနက် သမီးနှစ်ဦးနှင့် ပြန်လာရန် စက်တင်ဘာ ၇ ရက်တွင် မိသားစုထံ အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ သားဖြစ်သူ ဦးအောင်ကျော်ဇောကိုမူ ပြန်လာခွင့်မပြုသေးပေ။

ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောသည် ဗမာပြည်ကွန်မြူနစ်ပါတီ ခေါင်းဆောင်တစ်ဦးဖြစ်သည့်အတွက် ပါတီသို့တင်ပြပြီးမှ ပြည်တော်ပြန်၊ မပြန်ဆုံးဖြတ်မည်ဟု အကြောင်းပြန်ခဲ့ပြီးပါတီက လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ပေးခဲ့ခြင်းဖြစ်သည်ဟု ဒေါက်တာလှကျော်ဇောက ပြောကြားသည်။

“ရိုးရိုး အဆုတ်ရောင်ရောဂါဖြစ်တာပါ။ အခုတော့ နည်းနည်းသက်သာလာတယ် ဆိုပေမယ့် ခရီးသွားလို့ကတော့ မရသေးဘူး” ဟု လက်ရှိကျန်းမာရေးအခြေအနေကို သားဖြစ်သူဦးအောင်ကျော်ဇောကပြောသည်။

ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မှူးချုပ်ဟောင်းကျော်ဇောမှာ ဆဋ္ဌမတန်းအထိကိုရင်ဘဝဖြင့်စာသင်ခဲ့ပြီး ရန်ကုန်မြို့တွင်ပညာသင်ကြားစဉ်က နေ့စဉ်ရွှေတိဂုံစေတီတော်သို့ တက်ရောက်ဖူးမြော်ခဲ့ကြောင်း မိသားစုဝင်များက ပြောသည်။

“ဂျပန်ကို စစ်ပညာသင်ဖို့ သင်္ဘောနဲ့စထွက်ခဲ့တုန်းက ရွှေတိဂုံစေတီတော် ဖူးချင်တယ်လို့ ဂျပန်ကိုပြောတော့ မြစ်ဝရောက်မှ ကုန်းပတ်ပေါ်ကနေ ဖူးခွင့်ရတယ်”ဟု မိသားစုဝင်တစ်ဦးကပြောသည်။

ရဲဘော်သုံးကျိပ်ဝင် အများစုမှာ ကွယ်လွန်သွားကြပြီဖြစ်ပြီး ယခုအခါ ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောနှင့်ဗိုလ်ရဲထွဋ်တို့နှစ်ဦးသာ ကျန်ရှိတော့သည်။

ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇောသည် ၁၉၅၄ ခုနှစ်တွင် ကျူးကျော်သူကူမင်တန်တရုတ်ဖြူတပ်များအား မြန်မာနိုင်ငံမှ မောင်းထုတ်နိုင်ခဲ့သည့် ရန်ကြီးအောင်စစ်ဆင်ရေးကို ဦးဆောင်ခဲ့ပြီး ၁၉၅၇ ခုနှစ်တွင် စစ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များ ပေါက်ကြားသည်ဟု စွပ်စွဲခံရ၍ တပ်မတော်မှ ထုတ်ပယ်ခြင်းခံရကာ ၁၉၇၆ ခုနှစ်တွင် ဗမာပြည်ကွန်မြူနစ်ပါတီအခြေစိုက်ရာ တရုတ်-မြန်မာနယ်စပ်သို့ ထွက်ခွာသွားခဲ့ခြင်းဖြစ်သည်။

# စာ-၇၊ ရှမ်းနီများ တိုင်းရင်းသားလူမျိုးအမည်မှန်ဖြင့် မှတ်ပုံတင်ရရှိရေး တောင်းဆိုမည် မှ

ရှမ်းနီတိုင်းရင်းသားများ နည်းတူ တခြားသော တိုင်းရင်းသားမျိုးနွယ်များတွင်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြား လုပ်ရာတွင် လူမျိုးအမည်၊ ကိုးကွယ်ရာဘာသာတို့ကို ဖော်ပြရာ၌ အခက်အခဲများရှိကြောင်း တိုင်းရင်းသား ပါတီများက ပြောသည်။

“ချင်းဖြစ်ရဲ့သားနဲ့ ဗမာဆိုပြီး ထုတ်ပေးလိုက်တာရှိတယ်။ တောမှာနေတဲ့ တိုင်းရင်းသားတွေက ကြောက်တော့ မပြောရဲကြဘူး” ဟု အရှိုချင်းအမျိုးသားပါတီမှ အထွေထွေအတွင်းရေးမှူး ဆလိုင်းအောင်မင်းလှိုင်က ပြောသည်။

လူမျိုးအမည်ဖြင့် မှတ်ပုံတင်မရခြင်းကြောင့် အချို့ဒေသများတွင် စာရင်းရှိ လူဦးရေနှင့် အမှန်တကယ်ရှိသော လူဦးရေတို့ ကွာခြားမှုကြောင့် နစ်နာမှုများရှိကြောင်း သိရသည်။

“ပဲခူးတိုင်းမှာ စာရင်းရှိတာလေးသောင်း ခြောက်ထောင် တကယ်တမ်းက ငါးသောင်းကျော်တယ်။ ဒီတော့ တိုင်းရင်းသားရေးရာဝန်ကြီး မရတော့ဘူး” ဟု ဆလိုင်းအောင်မင်းလှိုင်က ဆိုသည်။

ကယန်းအမျိုးသားပါတီ အထွေထွေ အတွင်းရေးမှူးစာခွန်းနန်းရီက “ကယန်းထဲမှာလည်း မှတ်ပုံတင်တွေမှာ ဗမာဖြစ်နေတာ၊ ဗုဒ္ဓဘာသာမဟုတ်ဘဲ ဗုဒ္ဓဘာသာဖြစ်နေတာရှိတယ်။ အရင်က အဲဒီလိုလုပ်မှ မှတ်ပုံတင်ရတယ်” ဟု ဆိုသည်။

ညီနောင်တိုင်းရင်းသား ပါတီများ NBF ၏ ဩဂုတ်လအတွင်းထုတ်ပြန်သော (၁၁) ကြိမ်မြောက် သဘောထားကြေညာချက်တွင် မကြာမီ ကောက်ယူမည့် သန်းခေါင်စာရင်း၌ သက်ဆိုင်ရာ တိုင်းရင်းသား မျိုးနွယ်များ၏ နာမည်အရင်း၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာတို့ကို မှန်ကန်စွာ ဖော်ပြပေးရန် တိုက်တွန်းထားကြောင်း သိရသည်။

Life
7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012



ရန်ကုန်မြို့အချက်အချာတစ်နေရာတွင်တွေ့ရသည့် ညဥ့်ငှက်မလေးများ

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ညဥ့်လမ်းပေါ်က ဘဝများစွာ

သီဟ

နီယွန်မီးရောင်များ မှိတ်တုတ်မှိတ်တုတ်ဖြင့် လင်းလက်နေသည်မှာ ရန်ကုန်၏ ညကမ္ဘာငယ်တစ်ခု အလား သက်ဝင်လှုပ်ရှားလျက်ရှိသည်။

သက်ကြီးခေါင်းချချိန် ကျော်သည့်တိုင်ပင် နှုပျိုလတ်ဆတ်သယောင် ညချမ်းသည် ဟိုမှဒီမှ ကူးခတ်သွားလာနေသည့်ညဥ့်ငှက်လေးများဖြင့် ပျော်ဝင်နေဆဲဖြစ်သည်။

ကားတစ်စီး ထိုးရပ်လာတိုင်း အပြေးအလွှားထွက်လာသည့် သွေးသားအကျိုးဆောင်များက စကားလုံးများဖြင့် ဆွဲဆောင်လျက်ပင်။

ထိုနေရာကား ရန်ကုန်မြို့၏ စီးပွားရေးအချက်အချာကျရာ ဈေးကြီးတစ်ခု၏ ပတ်ဝန်းကျင်တွင်ဖြစ်သည်။

နေ့လယ်ခင်းအချိန်တွင် ကုန်စည်ကူးသန်းရောင်းဝယ်မှုများဖြင့် စည်ကားလေ့ရှိပြီး ညပိုင်းမှာတော့ သွေးသားကူးသန်းရောင်းဝယ်မှုများဖြင့် စည်ကားလေ့ရှိသည့် ယင်းနေရာသည် တရားဝင်မဟုတ်သော်လည်း ရန်ကုန်မြို့၏ ထိုနေရာများစွာထဲမှ တစ်နေရာပင်ဖြစ်လေသည်။

"ကျွန်မထင်ပါတယ် ဒီအလုပ်နဲ့အသက်မွေးနေကြတဲ့မိန်းကလေးတွေအကုန်လုံးကသူတို့ဘဝကိုသူတို့ပျော်လို့ကျေနပ်လို့ လုပ်နေကြတာတော့ မဟုတ်ပါဘူး"ဟုပြောလာသူမှာပြည့်တန်ဆာလုပ်ငန်းဖြင့်ဆယ်စုနှစ်တစ်ခုနီးပါးအသက်မွေးနေရသည့်မမော်မော်(အမည်လွှဲ)ပင်ဖြစ်သည်။

ဟိုမှသည်မှဉဒဟိုသွားလာသူများနှင့် အသက်ဝင်လှုပ်ရှားနေသည့် ရန်ကုန်မြို့၏ ညနေချမ်းအချိန်တွင် မမော်မော်တို့ကဲ့သို့သော လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရသူလေးများလည်း လူစည်ကားရာ ကားမှတ်တိုင်ကဲ့သို့သော နေရာများတွင် လုပ်ငန်းခွင်ဝင်ရောက်လာကြပြီဖြစ်သည်။

သူတို့လုပ်ငန်းခွင်ဝင်ရာ နေရာသည်အခြားသောသူများကဲ့သို့ ရုံး အဆောက်အအုံမရှိ၊လုံခြုံရာနတ္ထိ။လမ်းဘေး ကွမ်းယာဆိုင်များသည်ပင်လျှင် သူတို့၏ရုံးခန်း၊ ကားမှတ်တိုင်သည်ပင်လျှင် သူတို့အလုပ်လက်ခံရာပင်ဖြစ်တော့သည်။

လူမြင်ကွင်းတွင် ဧည့်သည်ရှာ ဈေးညှိအလုပ်လုပ်နေရသော်လည်း သူတို့၏ အလုပ်မှာတရားဝင်အလုပ်မဟုတ်။ ထို့ကြောင့်တစ်ခါတစ်ရံ ကံမကောင်းအကြောင်းမလှပါက တစ်နှစ်တန်သည် နှစ်နှစ်တန်သည် သံတိုင်လေးဘက်ကြား အနားယူရသည်များလည်း ရှိတတ်သည်။

ခွင့်ပြုချက်များ လိုင်စင်များဖြင့် တရားဝင်အလုပ်လုပ်ခွင့်ရသည့် အလုပ်မဟုတ်သော်လည်း သူတို့အဖွဲ့ဝင်ဦးရေမှာ တစ်နေ့တခြား တိုးတိုးလာပြီး သူတို့ကျင်လည်ရာပတ်ဝန်းကျင်သည်လည်း ပို၍ကျယ်ပြန့်လာနေပြီဖြစ်သည်။

ထိုသို့တိုးပွားများပြားလာခြင်းမှာနိုင်ငံ၏စီးပွားရေး လူမှုရေး ပညာရေး နိမ့်ကျမှုများကြောင့်ပင်ဖြစ်သည်ဟု ကောက်ချက်ဆွဲသူများလည်းရှိကြသည်။

နိုင်ငံတော်မှလည်း ထိုသို့ လုပ်ကိုင်စားသောက်သည့် ပြည့်တန်ဆာများ ပပျောက်သွားစေရန် လွတ်လပ်ရေးရပြီးစ ၁၉၄၉ ခုနှစ်ကပင် ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေကိုပြဋ္ဌာန်းဆောင်ရွက်ခဲ့သော်လည်း မပပျောက်သည့်အပြင်တစ်နေ့ထက်တစ်နေ့ ပိုမိုများပြားလာခဲ့သည်ကိုတွေ့နေရသည်။

ထို့ကြောင့် ယင်းကဲ့သို့နှိပ်ကွပ်ရေးဥပဒေဖြင့်ကိုင်တွယ်ခြင်းအား ပြန်လည်သုံးသပ်ရန်လိုအပ်နေပြီဖြစ်ကြောင်း ဥပဒေပညာရှင်များက သုံးသပ်သည်။

ပြည့်တန်ဆာများ ပပျောက်စေရန် နှိပ်ကွပ်ရေးဥပဒေဖြင့် ဆောင်ရွက်သော်လည်း ဥပဒေအားလက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်လျက်ရှိသည့်အောက်ခြေအဖွဲ့အစည်းများ၏ အားနည်းချက်များကြောင့် လုပ်ငန်းခွင်ထဲတွင် လုပ်ကိုင်စားသောက်နေသည့်ပြည့်တန်ဆာများမှာနှိပ်ကွပ်ခံရသည့် ပုံသဏ္ဌာန်များ လွဲမှားနေကြောင်းသိရသည်။

"ကျွန်မတို့ ဒီနယ်မြေမှာ လုပ်ကိုင် စားသောက်နေတာ သူတို့မသိတာမဟုတ်ဘူး သိတယ် တစ်ခါတလေပေးရကမ်းရတာတွေလည်းရှိတယ်။ ဒါပေမဲ့ စီမံချက်ဆိုတာကို အကြောင်းပြပြီးတော့လည်း အဖမ်းခံရတာမျိုးလည်း ရှိတယ်"ဟု လုပ်ငန်းခွင်အတွင်းမှ ပြည့်တန်ဆာတစ်ဦးက ပြောသည်။

စာ(၁၁)သို့



ဒိုလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

## ငါးကြင်းခေါင်း ဟင်းလျာ



ဝိုက်ဖီက ဒီတစ်ပတ်တော့ ခံတွင်းလည်းမြိန်၊ ကျန်းမာရေးအတွက်လည်း အထောက်အကူပြုတဲ့ ဟင်းလျာတစ်ခွက်ချက်ထားပါတယ်။

အိုမီဂါသရီးရစေမယ့် ငါးကြင်းခေါင်းကို အစပ်ချက်ထားတာပါ။ ငါးကြင်းခေါင်းကို တခြားအမည်တွေနဲ့ အရည်သောက်ချက် တာများပေမယ့် ခုလိုခေါင်းသပ်သပ်အစပ်ချက်စားတာက လူကိုကောင်းကျိုးပေးတဲ့တစ်မျိုးတည်းသော တိရစ္ဆာန်အဆီဖြစ်တဲ့ ခေါင်းထဲက ငါးကြင်းအဆီကိုလည်း အပြည့်အဝ စားသုံးနိုင်မှာပါ။

ဒီဟင်းချက်ဖို့ အနေတော် ငါးကြင်းခေါင်း (အရမ်းကြီးရင် အနံ့ရှိလို့ပါ)နှစ်ခေါင်းလောက်ကို အလယ်ကနေ နှစ်ခြမ်းခြမ်းပြီး သေသေချာချာဆေးကြောပါ။ သံပရာသီးလေးညှစ်ပြီး ပါးဟက်နေရာကို သေချာဆေးပေးရင် အနံ့ပျောက်သွားမှာပါ။ ငါးခေါင်းကို ဆား၊ နနွင်းမှုန့်အနည်းငယ်၊ ဟင်းခတ်မှုန့်နဲ့ ရောနယ်ထားပါမယ်။

ပြီးရင်ကြက်သွန်ဖြူ၊ နီ၊ ဆီသတ်ပါ့မယ်။ အရောင်ရအောင် ငရုတ်သီးပွခြောက်၊ ဒါမှမဟုတ်လည်း အရောင်တင်မှုန့်လေးနဲ့ ဆီ သတ်ပါမယ်။ ဆီသတ်လေး မွှေးလာရင် ခုနအသင့်ပြင်ဆင်ထားတဲ့ ငါးခေါင်းတွေထည့်ပါမယ်။ တချို့ငါးနံ့နည်းနည်းကြောက်သူတွေစားနေမကျသူတွေကတော့စပါးလင်နည်းနည်းကိုကြက်သွန်ဖြူနီနဲ့ ရောထောင်း ဆီသတ်ပေးပါ။

ဆီသတ်ထဲမှာအနံ့ပျောက်သွားအောင်မွှေပြီးမှအလယ်ကနေ ထက်ခြမ်းခြမ်းထားတဲ့ ငရုတ်သီးစိမ်းအတောင့်လေးတွေကို ထည့်အုပ်လိုက်ပါ။ ပြီးရင်တော့ ရေနည်းနည်းထည့်ပေးပြီး ငါးမိနစ်လောက်အုပ်ထားလိုက်ပါ။ ဆီကျန်ရေကျန်အနေအထားလောက်မှာ နံနံပင်လေးအုပ်ပြီး ချလို့ရပါပြီ။

ကဲ. . . ဒါဆိုရင်တော့ အနံ့အရသာနဲ့ပြည့်စုံတဲ့ ငါးခေါင်းအစပ်ချက်လေးစားလို့ရပြီပေါ့။ ခေါင်းထဲက အဆီတွေကိုသေသေချာချာ စားဖို့လည်းမမေ့ပါနဲ့။

ဈေးဝယ်ထွက်မယ်

## ဘောလုံးချစ်သူတွေအတွက် အမှတ်တရအင်္ကျီတွေ စုံတဲ့နေရာ




ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အိဖြူလွင်

နိုင်ငံတကာ League ပွဲစဉ်တွေ ကစားနေကြတဲ့ ဘောလုံးရာသီအစမှာ ဘောလုံးချစ်သူ ပရိသတ်တွေ နှစ်သက်ရာ အသင်းရဲ့ အင်္ကျီတွေ ဝယ်ယူလို့ရနိုင်မယ့်နေရာကို ဒီတစ်ပတ် ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ လမ်းညွှန်ပေးချင်ပါတယ်။

နာမည်ကြီးအသင်းတွေဖြစ်တဲ့ မန်ယူ၊ အာဆင်နယ်၊ ချယ်လ်ဆီး၊ ရီးရဲလ်မက်ဒရစ် စတဲ့အသင်းတွေအပြင် နိုင်ငံတကာအသင်းစုံရဲ့ နောက်ဆုံးထွက် ဒီဇိုင်းဂျာစီအင်္ကျီတွေကိုဒီဆိုင်မှာရနိုင်တာပါ။

ဂျာစီတွေက တရုတ်နိုင်ငံထုတ်၊ ထိုင်းနိုင်ငံထုတ်ဆိုပြီး အမျိုးအစားမျိုးစုံ ရှိသလို ဈေးနှုန်းကလည်း အမျိုးအစားပေါ် လိုက်ပြီး ကွာခြားတယ်လို့ သိရပါတယ်။

ဘောလုံးအင်္ကျီတွေက ဘောလုံးကို ကိုယ်တိုင်ကစားတဲ့ ပရိသတ်တွေတင်မကဘဲ ကစားပွဲကိုကြည့်ဖို့ပဲ ဝါသနာပါတဲ့ ဘောလုံးချစ်သူ ပရိသတ်တွေအတွက်ဆိုရင် စွဲစွဲလမ်းလမ်းဖြစ်စေတတ်တဲ့ အင်္ကျီတွေလို့ ပြောနိုင်ပါတယ်။

ကစားကွင်းမှာဝတ်တဲ့ ဂျာစီအင်္ကျီမျိုးတင်မကဘဲ တီရှပ်တွေ၊ စပို့ရှပ်တွေကိုပါ အသင်းတံဆိပ်တွေနဲ့ရနိုင်တာဖြစ်လို့နိုင်ငံတကာ အသင်းတွေရဲ့ ပရိသတ်တွေအားလုံး အကြိုက်တွေ့မှာလည်း သေချာပါတယ်။

ဈေးနှုန်းအနေနဲ့ဆိုရင်လည်း ကျပ်ထောင်ဂဏန်းကနေ သောင်းဂဏန်းအထိပဲရှိတာကြောင့်ကြိုက်တာကို ရွေးနိုင်မှာပါ။

ဘောလုံးနဲ့ပတ်သက်တဲ့ အင်္ကျီဆိုရင် ဂျာစီတွေတင်မကဘဲ ထရက်ဆုတွေထိပါရှိပြီး အသင်းမျိုးစုံရဲ့ အင်္ကျီတွေကို တစ်နေရာတည်းမှာ အသင်းတွေနဲ့ပတ်သက်တဲ့ အလှဆင်ပစ္စည်းအားလုံးကို တစ်နေရာတည်းမှာပဲ ရွေးချယ်ဝယ်ယူချင်တယ်ဆိုရင်တော့ ၄၇ လမ်း အထက်ဘလောက်မှာရှိတဲ့ Barclays ဆိုင်ကိုသာ သွားကြည့်လိုက်ပါလို့ တိုက်တွန်းလိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.11, No.27 · SEPTEMBER 13 , 2012

## အယ်ဒီတာ့ထံ ပေးစာ

### ဖသသပစ္စယ ဝေဒနာ

7Day News ဂျာနယ် ဩဂုတ် ၃၀ ရက် ၂၀၁၂တွင်ပါဝင်ခဲ့သည့်ဝါတွင်း ဝါပ ရွေးခွင့်မရ သည့် "ကျူး"များ၊ ရေးသူက ထွန်းခိုင်၊ ဓာတ်ပုံက ဂျေမောင်မောင်(အမရပူရ)။

ထွန်းခိုင်ရဲ့ ဆောင်းပါးနဲ့ ဂျေမောင်မောင်(အမရပူရ)ရဲ့ ဓာတ်ပုံကြည့်ပြီး စိတ်ထဲမှာ တော်တော်မကောင်းဖြစ်ရတယ်။ တဲအိမ်လေးတွေက ဓနိမိုးသုံးပင်တဲလေးတွေ၊ တဲချင်းကထိလို့ တဲအရေအတွက်ကလည်း တော်တော်များမယ် ထင်တာပဲ။ တချို့တဲလေးတွေက မိုးမလုံတော့ အပေါ်မှာ မိုးကာတွေ မိုးလို့။ အမိုးအကာ မလုံခြုံတဲ့ ဒီတဲလေးတွေမှာ မိသားစုအနည်းဆုံးလေးငါးဦးစီတော့ နေကြမယ်ထင်တယ်။ အမေ၊ အဖေက ဘယ်လိုနေလို့ သားပျို၊ သမီးပျိုတွေက ဘယ်လိုနေကြလဲဆိုတာ ဦးနှောက်စားရတဲ့ ပုစ္ဆာတစ်ပုဒ်ဖြစ်နေပါတယ်။

အိမ်ရှေ့မှာ ကလေးအနှီးတွေ လှမ်းထားတာလည်း တွေ့ရတယ်။ တိုးလိုး တွဲလောင်းအဝတ်တွေ လှမ်းထားတာလည်း တွေ့ရတယ်။ ရေခံထားတဲ့ ပုံးတွေမှာတော့ ရေမမြင်ဘူး။

ကျောင်းနေသလား၊ကျောင်းမနေရတော့ဘူးလား။ မသေချာတဲ့ ဆယ့်သုံး၊လေးနှစ်အရွယ် မိန်းခလေးတစ်ယောက်က နှစ်နှစ်သားလောက်သူ့မောင်လေးကို ချီလို့၊ တခြားကလေးတွေကတော့ ဘယ်သွားနေကြလဲ မသိဘူး။

ဒီတဲအိမ်စုလေးမှာ နေကြသူတွေဟာ နီးစပ်ရာ စက်ရုံတွေမှာ လုပ်ကြတယ်။ လုပ်ခဝင်ငွေနည်းတယ်လို့ ဆိုပါတယ်။ ကြုံရာကျပန်း လုပ်တဲ့လူတွေလည်း ရှိမှာပါ။ ထမင်းနပ်မှန်အောင် စားရဖို့တောင် လွယ်မယ်မထင်ပါဘူး။ ကလေးတွေ ကျောင်းပို့ဖို့ လွယ်မယ်မထင်ပါဘူး။

မဖြစ်လွန်းလို့ တဲထိုးပြီး လွတ်တဲ့နေရာ ရှာနေရသူတွေကို ဖွတ်ဖယ်ရှားခိုင်းတာတော့ လူမဆန်ရာများ ကျနေသလားလို့ တွေးမိပါတယ်။ အဲဒီနေရာမှာ အရေးပေါ်တစ်ခုခုလုပ်ဖို့ ပေါ်လာရင်တောင် သူတို့ဘဝတွေကို ထည့်တွက်ဖို့ လိုပါတယ်။ သူတို့ရဲ့ မြန်မာနိုင်ငံသားအဖြစ် ဖြစ်တည်မှုကို အလေးထားဖို့ လိုပါတယ်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေ အနေနဲ့ ဝါတွင်းကာလမှာ အိုးပြောင်း အိမ်ပြောင်း မလုပ်ချင်ကြပါဘူး။ ဒီကာလမှာ မင်္ဂလာဆောင်ကြရင်တောင် သဘောရိုးမဟုတ်ဘူးလို့ မြင်ကြပါတယ်။

**တစ်ဖက်သို့**









7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

**တစ်ဖက်မှအဆက်...**

"စက်မှုဇုန်ဆိုပြီးတော့ စက်ရုံမရှိတဲ့နေရာတွေမှာ နေတဲ့သူတွေကို ကျူးကျော်လို့ မခေါ်သင့်ပါဘူး။ ဒီစက်ရုံပိုင်ရှင်တွေလည်း သူများလယ်တွေပေါ် ကျူးကျော်ထားတာပဲ" ဟု ဆိုတဲ့သူက ဆိုကြပါတယ်။

သမ္မတကြီးနဲ့ အစိုးရအဖွဲ့ဝင်များခင်ဗျား။ တဲပေါ်က လူတိုက်ပေါ်တင်ပေးမယ်ဆိုတဲ့ စီမံကိန်းအလွန်ကောင်းပါတယ်။ တိုက်ပေါ်မရောက်ခင် တဲမပျောက်အောင် ဘယ်လိုများ စီစဉ်ပေးနိုင်ကြမလဲခင်ဗျား။ နေချင်သလိုနေ ဖြစ်ချင်သလိုဖြစ်ဆိုပြီး မောင်းထုတ်ကြတာကိုတော့ လက်ပိုက်ကြည့်မနေကြပါနဲ့ ခင်ဗျား။ ခိုကိုးရာမဲ့ ဆင်းရဲသားများရဲ့ အားကိုးရာ အရှင်သခင်ဖြစ်တော်မူကြပါ။

လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်အမတ်မင်းများ ခင်ဗျား။ ဒေါ်လာဈေးမတက်လို့တကျည်ကျည်ပြောနေကြတဲ့သူတွေရဲ့စကားလည်း နားထောင်ပါ။ ဒေါ်လာမမြင်ဖူးရှာကြတဲ့ ဆင်းရဲသားများရဲ့ အားကိုးရာ အရှင်သခင်ဖြစ်တော်မူပါ။

လူမှုကူညီရေးအသင်းများခင်ဗျား။ မောင်းထုတ်ခံရလို့ ဒုက္ခရောက်နေကြတဲ့ မရှိဆင်းရဲသားများရဲ့ အားကိုးရာ အရှင်သခင်ဖြစ်တော်မူကြပါ။

မီဒီယာသမားများခင်ဗျား။ ခိုကိုးရာမဲ့ဆင်းရဲသားများရဲ့ အားကိုးရာ အရှင်သခင် ဖြစ်တော်မူကြပါ။ စည်ပင်သာယာရေး အဖွဲ့ဝင်များခင်ဗျား။ ခိုကိုးရာမဲ့ ဆင်းရဲသားများရဲ့ အားကိုးရာ အရှင်သခင်ဖြစ်တော်မူကြပါ။

စာဖတ်သူများ ခင်ဗျား။ ခိုကိုးရာမဲ့ ဆင်းရဲသားများရဲ့ အားကိုးရာ အရှင်သခင်ဖြစ်တော်မူကြပါ။ ။

**ဝင်းဗိုလ်(မြို့သစ်)**



ဝမှ

အသိတစ်လုံးအမြတ်ဆုံး တစ်လုံးအသိအကျိုးရှိ၏

## လူမှာကိစ္စအားလုံးအတွက် တာဝန်ရှိတယ်

လူတစ်ယောက်အနေနဲ့ လူပီသအောင် ဘယ်လိုနေရမယ်ဆိုတာကို သိနားလည်အောင် လေ့လာဆည်းပူးပြီး တခြားလူတွေကိုလည်း အနှောင့်အယှက်ကင်းအောင် နေတတ်မှသာ သူဟာ ဒီဘဝမှာ ငြိမ်းချမ်းစွာ၊ စိုးရိမ်ကြောက်ရွံ့ခြင်းကင်းစွာ နေရမှာဖြစ်တယ်။ မြတ်ဗုဒ္ဓရဲ့အမြင်မှာ လူသားသည်သာ ကိုယ့်ဘဝကို ကိုယ်ဖန်တီးနိုင်တဲ့ဘဝ ဖန်တီးရှင်ဖြစ်တယ်လို့ မြင်တော်မူတယ်။ ကိုယ့်ဘဝအရှုံးအတွက် သူ့မှာ အပြစ်တင်စရာ တခြားလူမရှိဘူး။ သူ့ဘဝမှာ ဖြစ်လာသမျှ ကိစ္စအားလုံးအတွက် သူကိုယ်တိုင်မှာပဲ တာဝန်ရှိတယ်။ ကိုယ့်ဘဝကို ကောင်းအောင်ပဲဖြစ်ဖြစ်၊ ဆိုးအောင်ပဲဖြစ်ဖြစ် ကိုယ့်ဘာသာကိုယ်ပဲ လုပ်နိုင်တာဖြစ်တယ်။ မိမိတို့ရဲ့ဘဝ ဆင်းရဲတွေ၊ သောကတွေ၊ ဘေးရန်အန္တရာယ်တွေ၊ ကံဆိုးတာတွေအားလုံးက ကိုယ်လုပ်လို့ကိုယ်ဖြစ်တာချည်းပဲဖြစ်တယ်။ ကျွန်ုပ်တို့ဟာ မိမိတို့ပြုခဲ့သမျှ ကောင်းမှုကံ၊ မကောင်းမှုကံများရဲ့ အကျိုးကို ခံစားနေကြရတာဖြစ်တယ်။

လူသားတွေဟာ အတိတ်က လောဘ၊ ဒေါသ၊ အဝိဇ္ဇာနဲ့ လုပ်ခဲ့မိကြသမျှ ကံတွေအတွက် ပေးဆပ်နေကြရပါတယ်။ ဒီလိုကောင်းကံ၊ ဆိုးကံ အားလုံးဟာ ကိုယ်လုပ်လို့ ကိုယ်ဖြစ်တာကြောင့် ဒီလိုမကောင်းကံတွေရဲ့ အကျိုးပေးကို ကျော်လွှားနိုင်အောင် လုပ်နိုင်စွမ်းဟာလည်း မိမိတို့ကိုယ်ထဲမှာပဲ ရှိပါတယ်။ မကောင်းမှု လျော့ပါးအောင်၊ ကောင်းမှုတွေ တိုးပွားအောင်လည်း မိမိကိုယ်တိုင်ပဲ လုပ်ကြရမှာ ဖြစ်တယ်။ မြတ်ဗုဒ္ဓ ဟောကြားတော်မူတာက ကိစ္စခပ်သိမ်းကို ဖန်တီးတာဟာ လူသားပဲဖြစ်တယ်။ ကိုယ်ဖြစ်လာတာမှန်သမျှ ကိုယ်လုပ်ခဲ့မိလို့ကိုယ်ဖြစ်လာတာချည်းပဲလို့ မှတ်ယူရမယ်။ မိမိတို့ရဲ့ မစင်ကြယ်တဲ့ နှလုံးစိတ်ထားနဲ့ လုပ်ခဲ့မိဖူးတာကြောင့် ဖြစ်လာရတာတွေပဲ ဖြစ်တယ်လို့ ဟောကြားတော်မူတယ်။



ရည်ညွှန်း။ ဆန်းလွင်(ရှင်အာဒိစ္စရံသီ)၏ 'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည် ကြတာက'

## စာ-၉၊ ညဥ့်လမ်းပေါ်က ဘဝများစွာ မှ

၁၉၄၉ ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေအရ ပြည့်တန်ဆာ ဖမ်းဆီးမည်ဆိုပါက ရဲအုပ်အောက်မနိမ့်သည့် ရဲအရာရှိက ဝရမ်းမပါဘဲဖမ်းဆီးချုပ်နှောင်နိုင်ပြီး ဖမ်းမိပါကလည်း နောက်တစ်ရက်တွင် တရားရုံးသို့ အမှုဖွင့်ရမည်ဟုပါရှိသည်။

ဖမ်းဆီးမိသည့်နေ့၏ နောက်တစ်နေ့သည် အစိုးရရုံးပိတ်ရက်ဖြစ်ပါက အနီးစပ်ဆုံးအစိုးရရုံးဖွင့်ရက်တွင် တရားရုံးတင်ရမည်ဟု ပါရှိကြောင်း ပိတောက်မြေ အသံလွှင့်ဌာနတွင် ဥပဒေအကြောင်းအရာများ အသံလွှင့်လျက်ရှိသည့် ရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

သို့သော် ယခုနောက်ပိုင်းတွင်ချက်ချင်းရုံးမတင်ဘဲ ယမန်ယူသည့် အလေ့အထဖြစ်လာကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထို့အပြင် ပြည့်တန်ဆာဖမ်းဆီးသည့်အခါတွင်လည်း ရဲအုပ်အောက်မနိမ့်သည့် အရာရှိဆိုသော်လည်း ယခုအခါတွင် အဆင့်မျိုးစုံမှ ဖမ်းဆီးနေမှုများလည်းရှိကြောင်း အထက်တန်းရှေ့နေတစ်ဦးကပြောသည်။

ရန်ကုန်မြို့တွင် ကျင်လည်နေသည့် ပြည့်တန်ဆာအချို့မှာ အတန်အသင့် လယ်ဝယ်မှုရှိသဖြင့် အကြောင်းပြဖမ်းဆီးခံရမှုအနည်းငယ်သက်သာသော်လည်း နယ်မှပြည့်တန်ဆာများမှာ အနိုင်ကျင့်နှိပ်ကွပ်ခံရမှု ပိုများကြောင်း ပြည့်တန်ဆာကွန်ရက်တစ်ခုမှ သိရသည်။

ပြည့်တန်ဆာလုပ်ငန်းသည် တရားမဝင်သော်လည်း ထိုလုပ်ငန်းဖြင့် အသက်မွေးသူများ တစ်နေ့ထက်တစ်နေ့များပြားလာသည့်အတွက် ပြည့်တန်ဆာနှင့် ဆက်စပ်သည့် HIV ၊ကာလသားကဲ့သို့သောရောဂါပျံ့နှံ့မှုမှာလည်း ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။

လိင်မှတစ်ဆင့်ကူးစက်သည့် ရောဂါများအားကာကွယ်ရန်အတွက် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ပြည့်တန်ဆာများအား ကွန်ဒုံးများဖြန့်ဝေထားသော်လည်း သက်ဆိုင်ရာမှဖမ်းဆီးလိုပါက ကွန်ဒုံးရှိသည်ဟု အကြောင်းပြဖမ်းဆီးမှုများလည်းရှိသဖြင့် ကွန်ဒုံးမဆောင်ထားရဲကြောင်း မမော်မော်က ပြောသည်။

"ကွန်ဒုံးရှိရင် ဖမ်းရမယ်လို့ ဥပဒမှာ မပါဘူး။ အဲဒီလိုသာဖမ်းကြေးဆိုရင် အင်န်ဂျီအိုက ဝန်ထမ်းတွေ၊ဆရာဝန်တွေပါ အကုန်ဖမ်းရမလိုဖြစ်နေပြီပေါ့"ဟု ရှေ့နေဦးခင်ဇော်ကပြောသည်။

မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော စင်ကာပူ၊ထိုင်း အစရှိသည့်နိုင်ငံများတွင် ပြည့်တန်ဆာများအား နေရာသတ်မှတ်၍တရားဝင်လုပ်ကိုင်ခွင့်များပြုထားသောကြောင့် လိင်မှတစ်ဆင့်ကူးစက်သည့်ရောဂါများအား ထိထိရောက်ရောက်ကာကွယ်နိုင်သည့်အပြင်ပြည့်တန်ဆာအရေးအတွက်ပါ ထိန်းချုပ်နိုင်ခဲ့ကြောင်း ဥပဒေပညာရှင်များကပြောသည်။

"ကျွန်မတို့ကို လာပြီး ပညာပေးတဲ့အဖွဲ့တွေနဲ့ တချို့တွေက ကျွန်မတို့ရဲ့ အလုပ်အကိုင်တွေပြောင်းဖို့ပြောကြတယ်။ အလုပ်အကိုင်ပြောင်းရအောင် ကျွန်မတို့မှာ ပညာမှမတတ်တာ ကျွန်မတို့တတ်တဲ့ပညာနဲ့ဆိုလည်း ရတဲ့အလုပ်က အခုဝင်ငွေကို မီမှာမဟုတ်ဘူး"ဟုပြည့်တန်ဆာတစ်ဦးက သူ၏ခံစားချက်ကို ပြောပြသည်။

"အခုပြဋ္ဌာန်းထားတဲ့ဥပဒေတွေက နှိပ်ကွပ်ရေးဥပဒေတွေနဲ့ ပပျောက်ရေးဥပဒေတွေပဲဖြစ်နေတယ်ကာကွယ်ရေးဥပဒေမပါဘူး" ဟု သူမက ဆက်လက်ပြောပြသည်။

ပြည့်တန်ဆာများအနေဖြင့်လည်း သူတို့နှင့်ဘဝတူများအား ကာကွယ်မှုများပေးရန်နှင့် လိင်ပိုင်းဆိုင်ရာကူးစက်ရောဂါများမှ ကာကွယ်မှုများပြုလုပ်ပေးရန် ပညာပေးအဖွဲ့အား တရားဝင်ဖွဲ့စည်းလိုသော်လည်း လူမှုရေးအသင်းအဖွဲ့များတရားဝင်ဖွဲ့စည်းခြင်း စည်းမျဉ်းစည်းကမ်းများနှင့်ငြိစွန်းနေသဖြင့် ဖွဲ့ခွင့်မရကြောင်းသိရသည်။

"ကျွန်မတို့က တစ်ခြားနိုင်ငံတွေမှာလို တရားဝင်အတန်းတွေဘာတွေချက်ချင်းရဖို့ မဆိုလိုပါဘူး ဒါပေမယ့် ဥပဒေထဲမှာပါတဲ့အတိုင်း တိတိကျကျဖြစ်စေချင်တာပါ"ဟု မမော်မော်ကပြောသည်။

"အခုက တစ်ခါတလေ ပေးလည်းပေးရသေးတယ်။ ဖမ်းချင်တဲ့အချိန်ကျတော့လည်း အဖမ်းခံရသေးတယ်"ဟု သူမက ဆက်လက်ပြောပြသည်။

၁၉၄၉ ခုနှစ်ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေအရ ပြည့်တန်ဆာများကို ဖမ်းဆီးမိပါက တစ်နှစ်ထက်မပိုသည့်ထောင်ဒဏ်ကိုချမှတ်ရမည်ဟုပါရှိပြီး နောက်ပိုင်း နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရတက်ပြီးချိန်တွင် သုံးနှစ်ထက်မပိုသည့် ထောင်ဒဏ်ဟုပြောင်းလဲခဲ့ကြောင်းဥပဒေပညာရှင်များထံမှသိရသည်။

"ပြည့်တန်ဆာတွေကို နှိပ်ကွပ်မယ်။ ထောင်ထဲထည့်မယ်ဆိုတာထက် အလုပ်အကိုင် အသိပညာပေးမယ်ဆိုရင် မပပျောက်တောင်လျော့ပါးသွားမယ်၊ထောင်ချရုံနဲ့တော့ထောင်ကထွက်လာရင် မထူးဇာတ် ခင်းရာကနေ တစ်ကြိမ်၊နှစ်ကြိမ်၊သုံးကြိမ် ထောင်ထဲဝင်ရတဲ့ ပြည့်တန်ဆာတွေ အများကြီးပဲရှိတယ်"ဟု ရှေ့နေ ဦးခင်ဇော်(မရမ်းကုန်း)ကပြောသည်။

ထို့ကြောင့် ပြည့်တန်ဆာလုပ်ငန်းများ မပပျောက်သည့်တိုင်စည်းကမ်းတကျဖြစ်လာစေရန်အတွက်အစိုးရ၏ထိန်းသိမ်းကိုင်တွယ်မှုသည် အရေးကြီးပြီး အသိပညာပေးမှုများလည်းပြုလုပ်သွားရန်လိုအပ်သည်ဟု ဥပဒေပညာရှင်များကပြောသည်။

ထို့အပြင် ၁၉၄၉ ခုနှစ်အက်ဥပဒေသည် နှစ်ပေါင်း ၆၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ခေတ်နှင့်လျော်ညီသည့် ပြုပြင်ပြောင်းလဲမှုများလည်း ပြုလုပ်ရန် လိုအပ်ကြောင်း ဥပဒေပညာရှင်များကပြောသည်။

ရန်ကုန်၏ ညနေချမ်းသည်လည်း တဖြည်းဖြည်း ရင့်ကျက်လာခဲ့ပြီဖြစ်သည်။လူစည်ကားရာလမ်းမများနှင့် ကားမှတ်တိုင်များတွင်လည်း ဘဝကြမ်းကြမ်း ပန်းနွမ်းနွမ်းလေးများ၏ သရုပ်သည်လည်းပိုမိုပီပြင်လာခဲ့သည်။

သို့သော်သူတို့၏ လမ်းမထက်က ဘဝများကား ရင့်ကျက်မှုမရရှိနိုင်သေးပေ။ မမော်မော်ပြောသလို ဥပဒေထဲတွင်ပါသည့်အတိုင်းတိတိကျကျဖြစ်ခဲ့လျှင်သော်လည်းကောင်း (သို့မဟုတ်) အခြားအိမ်နီးချင်းနိုင်ငံများကဲ့သို့ သတ်သတ်မှတ်မှတ် နေရာတစ်ခုများရခဲ့လျှင်သော်လည်းကောင်း ညဥ့်လမ်းပေါ်က ဘဝများစွာ၏ ရှင်သန်မှုမှာ. . . . ။



မျိုးသူရ A+

PC Hardware

ကွန်ပျူတာတပ်ဆင်ပြုပြင်နည်း

ကွန်ပျူတာစတင်တပ်ဆင်အသုံးပြုသူများအတွက်

ကွန်ပျူတာစတင်တည်ဆောက်တပ်ဆင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း၊ ကွန်ပျူတာအတွင်းရှိ စက်ပစ္စည်းတစ်ခုစီ၏ လုပ်ဆောင်ပုံနှင့် စမ်းသပ်စစ်ဆေးနည်း၊ ကွန်ပျူတာ၏အစိတ်အပိုင်းတစ်ခုစီကိုအစားထိုးလဲလှယ်နည်းနှင့်Trouble-shooting ကွန်ပျူတာအစိတ်အပိုင်းတစ်ခုနှင့်တစ်ခုဆက်စပ်လုပ်ဆောင်နေကြပုံ၊ကွန်ပျူတာ၏အစိတ်အပိုင်းတစ်မျိုးစီရဲ့အခြေခံသိအိုရီသဘောတရားနှင့်upgrading မိမိနှင့်သင့်တော်မည့်ကွန်ပျူတာတစ်လုံး ရွေးချယ်ဝယ်ယူတော့မည်ဆိုရင် သိထားရမည့်အချက်များ



မျိုးသူရ

ကွန်ပျူတာမှ ကွန်ယက်ဆီသို့

IP address ဆိုတာသာထဲနှင့်OSI Model အပါအဝင်သိထားသင့်သောNetwork တို့၏အခြေခံသဘောတရားများ၊ထိုအပ်ချက်နှင့်ကိုက်ညီသော Network Device တို့ကိုရွေးချယ်နည်းနှင့် Wire Network, Wireless Network တစ်ခုကို ကိုယ်တိုင်ချိတ်ဆက်တည်ဆောက်ခြင်းနှင့် Troubleshootingများ၊

Network တစ်ခုကိုကိုယ်တိုင်စီမံခန့်ခွဲနိုင်စေရန်

သိထားသင့်သည့်user accountဆောက်ခြင်း၊Groupဖွဲ့ခြင်းများ၊ file များ၊ folder များ၊printerများကိုshareပေးခြင်းနှင့်လှမ်းယူအသုံးပြုပုံများ အင်တာနက် ဆက်ကြောင်း တစ်ခုတည်းကို ကွန်ပျူတာများစွာတို့မှ မျှဝေသုံးစွဲနိုင်အောင်လုပ်နည်းအဆင့်ဆင့်အား ADSL ကိုဥပမာထား၍ရှင်းလင်းဖော်ပြထားသည်။



Google မျိုးသူရ

အင်တာနက်မှ ရှာဖွေနည်းများ

Search Engine ကိုအသုံးပြုပြီးရှာမယ်ဆိုရင် သတင်းအချက်အလက်များကို စက္ကန့်ပိုင်းအတွင်း ရရှိနိုင်ပါတယ်။ စိတ်ဝင်စားသော သတင်းများ Internet ပေါ်ရောက်ရောက်ခြင်းEmailဖြင့် အသိပေးစေရန် NewsAlertများတည်ဆောက်ခြင်း၊ ebookများ၊သီချင်းများနှင့် sound formatများကိုdownload ရယူရန်ရှာဖွေနည်းများ ယနေ့အကောင်းဆုံးဖြစ်နေသော... Google Search Engine၏ Services များ Tools များကိုအသုံးပြုနည်းများ....

သိလိုသော Webpage များရရှိအောင် ကန့်သတ်ရှာဖွေပုံ

softwareများ၊videoများ၊online gameများရှာဖွေရယူနည်းသုတေသနပြုသူများအတွက်အကြံပေးဖြေကြားပေးနိုင်မည့်ပညာရှင်များရှာဖွေနည်း။

ထွက်ပြီ မျက်ပွင့်စာပေ — ဖုန်း၊—၀၉—၇၃၀၀၂၉၆၅၊ ၀၉ ၇၃၀၀ ၅၈၈၂ E-mail : myatpwint.books@gmail.com ထွက်ပြီ

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# မြန်မာနိုင်ငံ အလယ်ပိုင်းမှ ပဲနှမ်းစိုက်တောင်သူများ ချေးငွေပြန်ဆပ်ရန် အခက်ကြုံ

**မောင်တာ၊ အောင်နိုင်**

**မန္တလေး၊ စက်တင်ဘာ - ၁၀**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများမှ ပဲ၊နှမ်းစိုက်တောင်သူများ Pact In Myanmar မှထုတ်ယူထားသော စိုက်ပျိုးစရိတ်ချေးငွေများကို ပြန်ဆပ်ရန် အခက်ကြုံနေကြောင်း တောင်သူများထံမှ သိရသည်။

မကွေး၊ မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ တောင်သူများသည် ရာသီဥတုဖောက်ပြန်ပြီး သီးနှံများ အထွက်လျော့သောကြောင့် အချို့ရွာများမှာ ချေးငွေပြန်မဆပ်နိုင်ဘဲ ရှိနေကြသည်။

"ချေးငွေနဲ့ စိုက်တဲ့နှမ်းက စင်းလုံးချောပဲ။ တစ်စိမှ မရဘူး ရှုံးတယ်" ဟု အရာတော်မြို့နယ် ပါရမီရွာမှ ချေးငွေကျပ်သုံးသိန်း ထုတ်ယူထားသော တောင်သူ ဒေါ်ကြင်လှကပြောသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၏ အသေးစားချေးငွေလုပ်ငန်း Pact In Myanmar က တောင်သူတစ်ဦးလျှင်တစ်ကျပ်တစ်သိန်းနှုန်းဖြင့် အများဆုံး သုံးကျပ်သုံးသိန်းထိ ချေးငွေထုတ်ပေးခဲ့ကြောင်း၊ လေးလခွဲကြာလျှင် ချေးငွေပြန်လည်ပေးဆပ်ရပြီး ၁၄ ရက်တစ်ကြိမ်၊ ချေးငွေ၏ ၁ ရာခိုင်နှုန်းကို အတိုးအဖြစ် ပေးဆပ်ရသည်။

ယခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေအဖြစ် မေလအတွင်းက ထုတ်ယူခဲ့သော တောင်သူများမှာ စက်တင်ဘာလလယ်တွင် ပြန်ဆပ်ရမည် ဖြစ်သော်လည်း ရာသီဥတုမကောင်း၍ စိုက်ပျိုးသီးနှံများ ပျက်စီးသောကြောင့် ချေးငွေ ပြန်မဆပ်နိုင်ကြောင်း တောင်သူများက ပြောသည်။

Pact In Myanmar အနေဖြင့် ချေးငွေပြန်မဆပ်နိုင်ကြသူများကို တစ်စုံတစ်ရာ စီမံပေးစေလိုကြောင်း တောင်သူတစ်ဦးက ဆိုသည်။

"ငွေစချေးမယ်ဆိုကတည်းက တောင်သူတွေ ရာသီဥတုမကောင်းလို့ သီးနှံပျက်ရင် ငဲ့တဲ့အနေနဲ့ ချေးငွေအပေါ်မှာ ကြွေးလျှော်ပေးတာမျိုး တစ်ခုခုလုပ်ပေးမယ် ပြောထားတာရှိတယ်" ဟု ဒေါ်ကြင်လှက ပြောသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ Pact In Myanmar ရုံးချုပ်သို့ ဆက်သွယ်မေးမြန်းရာ "တချို့လည်း မိုးနည်းလို့ နှမ်းမရဘူး၊ အခက်အခဲရှိတယ်။ ကျွန်တော်တို့က နောက်ကို ဆွဲပြီးစောင့်ပေးပါတယ်။ လူတိုင်းတော့ မဖြစ်နိုင်ဘူး။ တစ်ယောက်က ငါးလ၊ နောက်တစ်ယောက်က နှစ်လ တစ်ယောက်ချင်းစီကွာတာပေါ့"ဟု အထွေထွေမန်နေဂျာ ဦးမောင် မောင်က ပြန်လည်ဖြေကြားသည်။

တောင်သူများ ချေးငွေပြန်မဆပ်နိုင်ခြင်းကို ၂၀၀၉ နှင့် ၂၀၁၀ ခုနှစ်များတွင်လည်း ကြုံတွေ့ခဲ့ရပြီး အဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ချေးငွေမှာအများပိုင်ဖြစ်သောကြောင့် မဆုံးရှုံးရန် ဆောင်ရွက်ရကြောင်း အဆိုပါပုဂ္ဂိုလ်က ပြောသည်။

Pact In Myanmar မှ ယခုနှစ် မိုးကြိုသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေ ၁၀ ဒသမ ၇ ဘီလီယံ ထုတ်ချေးထားကြောင်း၊ စက်တင်ဘာ ၇ ရက်ထိ ငွေ ၅ ဒသမ ၂ ဘီလီယံရှိပြီး ရာနှုန်းပြည့်နီးပါး ပြန်ရပြီဖြစ်ကြောင်း အခက်အခဲရှိသောရွာမှာ နည်းပါးကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။



## စာ-၂၊ နှစ်ဖက်တပ်များ စစ်ရေးတင်းမာလာ၍ ဒေသခံများ ဖားကန့်မြို့ပေါ် ပြောင်းရွှေ့ မှ

ကျေးရွာများမှ ထွက်ပြေး တိမ်းရှောင်လာကြသူများကို ဖားကန့်မြို့ပေါ် ရပ်ကွက်များရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ခရစ်ယာန်ဘုရားရှိခိုးကျောင်းများ၊ သီလရှင်ကျောင်းများတွင် ယာယီတည်းခိုနေထိုင်ရေးစခန်းဟု အမည်တပ်ကာထားရှိပြီး ၎င်းတို့ အတွက် အကူအညီအထောက်အပံ့များလည်း အရေးပေါ်လိုအပ်လျက်ရှိကြောင်းသိရသည်။

ဒုက္ခသည်ကူညီကယ်ဆယ်ရေးကော်မတီ အဖွဲ့မှူးဖြစ်သူ ငှက်ပျောတောရိုမန်ကက်သလစ်ဘုရားကျောင်းမှ ဦးနော်ဂျာက "ဖားကန့်နဲ့ လုံးခင်း၊ ဆိုင်းတောင်မှာ စခန်းပေါင်း ၃၉ခုရှိတယ်။ အကူအညီကတော့ လိုနေတာပေါ့"ဟုပြောသည်။

ယခု ဖြစ်ပွားနေသည့် တပ်မတော်နှင့် ကေအိုင်အေတို့ကြား တိုက်ပွဲများတွင် အစိုးရဘက်မှ တပ်အင်အားများ တိုးချဲ့လာပြီး ရဟတ်ယာဉ်များလည်း အသုံးပြုလာသည်ဟု သတင်းများလည်း ထွက်ပေါ်လျက်ရှိသည်။

"ပြီးခဲ့တဲ့ နှစ်ရက်၊ သုံးရက်လောက်က ရဟတ်ယာဉ်အသံတွေကြားတယ်" ဟု မော်စမ်းနှစ်ခြင်းဘုရားကျောင်းမှ သင်းအုပ်ဆရာ ဦးတက်နော်ကဆိုသည်။

နှစ်ဖက်တိုက်ပွဲများတွင် အစိုးရတပ်ဘက်မှ အကျအဆုံး ပိုမိုများပြားနေပြီး တိုက်ပွဲများလည်း ဆက်လက်ပြင်းထန်လာနိုင်ဖွယ်ရှိကြောင်း KNG ကချင်သတင်းဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

## စာ-၇၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများအတွက် ချေးငွေတိုးမြှင့်နိုင်ရေး အစိုးရက ကျပ်ငါးဘီလီယံထောက်ပံ့မည် မှ

"ငွေချေးပေးမယ်ပြောပေမယ့် တကယ်ယူဖို့ကျတော့လုပ်ငန်းစဉ်တွေကများတယ်"ဟု လှိုင်သာယာစက်မှုဇုန်မှ ပလတ်စတစ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

သမ္မတဦးသိန်းစိန်အစိုးရတက်လာပြီးနောက် ငွေလဲနှုန်းများကျဆင်းခြင်းနှင့် ထုတ်လုပ်မှု ကုန်ကျစရိတ် ကြီးမားနေသဖြင့် အသေးစားနှင့်အလတ်စားကုမ္ပဏီများမှာ ဆက်လက်ရပ်တည်ရန် စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရသည်။ အဆိုပါ ထောက်ပံ့ငွေရရှိပါက လုပ်ငန်းရှင်တစ်ဦးကို လုပ်ငန်း ပမာဏအခြေအနေပေါ် မူတည်ပြီး အများဆုံးကျပ်သိန်း ၅,၀၀၀ ထိ ထုတ်ချေးနိုင်မည်ဖြစ်သည်။ အတိုးနှုန်းမှာ ၈ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်ဟု ဆိုသည်။

"အခု အခြေအနေက ချေးငွေရဖို့ဆို အပေါင်ပစ္စည်းပြရမယ်။ အာမခံထားတဲ့ သဘောပါ" ဟု စက်မှုလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

လက်ရှိSME လုပ်ငန်းရှင်များချေးငွေရရှိမှုမှာလိုအပ်သလောက် မရရှိဘဲ အနည်းငယ်သာ ရရှိသည်။ ထို့အပြင် အစိုးရမူဝါဒနှင့် လုပ်ကိုင်နေရသဖြင့် နီးစပ်သူများသာ အခွင့်အရေးပိုမို ရရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရှိဘဏ်များမှ အသေးစားနှင့်အလတ်စားလုပ်ငန်းများသို့ ချေးငွေများ ထုတ်ပေးရာတွင် သတ်မှတ်ချက်များနှင့် ပြည့်မီသည့် အာမခံပစ္စည်းများ မပေးနိုင်ခြင်း၊ ဘဏ်များချေး ငွေရယူရာတွင် လုပ်ငန်းနှင့် သက်ဆိုင်သည့် စာရင်းဇယားများ တင်ပြနိုင်မှု မရှိခြင်း၊ ဘဏ်များမှ ငွေထုတ်ချေးရာတွင် မလိုလားအပ်သော အပိုကုန်ကျစရိတ်များနေခြင်း စသည့်အခက်အခဲများရှိကြောင်း သိရသည်။

ထို့အပြင် SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေး ဘဏ်ကိုလည်း အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေး ဘဏ်(SME)ဘဏ်အဖြစ်သို့ ပြောင်းလဲသွားရန် စီစဉ်နေကြောင်း မြန်မာနိုင်ငံ ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော်က နေပြည်တော်တွင် ကျင်းပသည့် စာတမ်းဖတ်ပွဲတွင် ပြောကြားသည်။

မြန်မာနိုင်ငံရှိ ဘဏ်များမှ လုပ်ငန်းအမျိုးအစားလိုက် ချေးငွေထုတ်ချေးရာတွင် စက်မှုလက်မှု၊ ထုတ်လုပ်မှုအတွက် ချေးငွေပမာဏမှာ ဇွန်လအထိ စာရင်းဇယားများအရ ကျပ်သန်းပေါင်း ၇၅၅,၃၀၉ ဒသမ ၃၂ သန်းရှိသည်။ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းအရေအတွက်မှာဇူလိုင်လကုန်ထိစာရင်းများအရ ၃၈,၄၂၄ ခု မှတ်ပုံတင်ထားသည်။ ၎င်းပမာဏမှာ မြန်မာနိုင်ငံ စက်မှုထုတ်ကုန်လုပ်ငန်းများ၏ ၈၈ ဒသမ ၈၈ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

## မျက်နှာဖုံး-သမ္မတဦးသိန်းစိန် တရုတ်နိုင်ငံသို့ သုံးရက်ကြာသွားရောက်မည် မှ

၎င်း၏သမ္မတသက်တမ်းအတွင်း တရုတ်နိုင်ငံသို့ ဒုတိယအကြိမ်မြောက် သွားရောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၁ မေလက တစ်ကြိမ်သွားရောက်ခဲ့သေးသည်။ နိုင်ငံတော်သမ္မတက ပြည် သူလူထု၏ ဆန္ဒကို လိုက်လျောသည့်အနေဖြင့် ၎င်း၏ သမ္မတသက်တမ်းတွင် မြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းထားရန် ၂၀၁၁ စက်တင်ဘာ ၃၀ ရက်တွင် ကြေညာခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စက်တင်ဘာလအတွင်းမှာပင် ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံဖြစ်သည့်အပြင် လတ်တလောတွင် မြန်မာနိုင်ငံနှင့် ဆက်ဆံရေး၌ အရေးပါနေသော တရုတ်နှင့်အမေရိကန်နိုင်ငံများသို့ သွားရောက်မည်ဖြစ်သည်။

သမ္မတဦးသိန်းစိန်သည် အမေရိကန်နိုင်ငံသို့ စက်တင်ဘာလကုန်ပိုင်းတွင် သုံးရက်ကြာသွားရောက်မည်ဖြစ်ပြီး အမေရိကန် သမ္မတ ဘားရက်အိုဘားမားနှင့် တွေ့ဆုံရန်ရှိ၊ မရှိကို နှစ်ဖက်စလုံးက တစ်စုံတစ်ရာ သတင်းထုတ်ပြန်ခြင်း မရှိသေးပေ။

## မျက်နှာဖုံး-ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကော်မတီ တရားရုံးသုံးရုံးသို့ ကွင်းဆင်းလေ့လာမည် မှ

လက်ရှိအနေအထားတွင် ငွေကြေးအခက်အခဲနှင့် ဝန်ထမ်းအခက်အခဲများ ရှိနေသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်လက်တွေ့ကျကျ လုပ်ဆောင်ရန်ခက်ခဲနေသးကြောင်းလည်း ထည့်သွင်းပြောကြားသွားသည်။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကော်မတီက တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ပထမဆုံးအကြိမ် ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်တွင် စက်တင်ဘာလ ၈ ရက်က ပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဥပဒေနှင့်ဆိုင်သော ကော်မတီမှ တာဝန်ရှိသူများ၊ ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက "ရေငတ်တုန်း ရေတွင်းထဲကျသလိုပေါ့။ ဒေါ်အောင်ဆန်းစုကြည်က လွှတ်တော်ကိုယ်စားလှယ်ဖြစ်လာတဲ့ အခါမှာ ခက်ခဲပေမယ့် နိုင်ငံအတွက် အကျိုးရှိတဲ့ ဒီလုပ်ငန်းကြီးတစ်ခုကိုတော့ စွမ်းဆောင်နိုင်မယ်လို့ယူဆတဲ့အတွက် ဒီတာဝန်ကိုတော့ ယူပေးပါခင်ဗျလို့ မေတ္တာရပ်ခံခဲ့ပါတယ်။ စွမ်းဆောင်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦး စွမ်းဆောင်တဲ့နေရာမှာ သာမန်ပုဂ္ဂိုလ်တစ်ဦးနဲ့တော့ မတူပါဘူး"ဟုပြောကြားသွားခဲ့သည်။

ထို့အပြင် တရားရေးဆိုင်ရာ ဝန်ထမ်းများနှင့်ပတ်သက်၍ "ဒီကနေ့ တရားရေးမဏ္ဍိုင်အပေါ်မှာ ဘယ်သူမှ မရှိရဘူး။ ကိုယ့်ဘာသာကိုယ် လွတ်လွတ်လပ်လပ် တရားစီရင်လို့ရပါတယ်ဆိုတာ ဘာဖြစ်လို့ ကြောက်နေလဲ။ သူ့ကို ဘယ်သူဖြုတ်လို့ရမှာလဲ။ မတရားတာ လုပ်ရင်တော့ ဖြုတ်လို့ရလိမ့်မယ်။ ဒီသတ္တိမျိုးနဲ့ ဒီအယူအဆရှိဖို့လိုတယ်။ လွတ်လပ်စွာတရားစီရင်နေတာကို ဘယ်အာဏာပိုင်ကနေ ဒါမလုပ်နဲ့ ဒီဟာလုပ် အခုချိန်မှာ လာပြောမလား။ ဟောဒီမှာ ဒီလူလာပြောနေတယ်လို့ပြောလို့ရနေပြီ"ဟု ဦးရွှေမန်းက ပြောကြားသွားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ဆွေးနွေးသူများက ပညာရှင်တရားသူကြီးများဖြစ်လာရန်၊ ကျွမ်းကျင်သော ရှေ့နေကြီးများ ဖြစ်လာရန်၊ တရားရုံးများကို ပြည်သူများ မကြောက်ရန်၊ လာဘ်ပေးလာဘ်ယူကိစ္စ မူဝါဒတိတိကျကျ ချမှတ်ရန်၊ အုပ်ချုပ်ရေးဌာနက ဝန်ထမ်းများက ဥပဒေနှင့်အညီ စီမံအုပ်ချုပ်ပညာပေးရေး ပြုလုပ်ရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ပြောင်းလဲမှု ပြုလုပ်ရန်တို့ကို အကြံပြုခဲ့ကြသည်။

"ပြည်သူတွေက လက်ခံတယ်ဆိုတဲ့ ဥပဒေဆိုတာ ပြည်သူတွေက မိမိတို့နှလုံးသားနဲ့ နီးစပ်တဲ့ဥပဒေပါ။ ပြည်သူတွေက ပထမ မိမိတို့နှလုံးသားနဲ့ နီးစပ်ဖို့ဆိုတာ နားလည်မှုဖြစ်မယ်။ ဒီဥပဒေဟာ ဘာကြောင့် ပြဋ္ဌာန်းထားတာလဲဆိုတာ ပြည်သူတွေကို နားလည်အောင်ရှင်းပြဖို့လိုပါတယ်"ဟုလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောကြားခဲ့သည်။

ထို့အပြင် တရားဥပဒေစိုးမိုးရေးအတွက် ပြည်သူများက မပါမဖြစ် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ပြီး ဝိုင်းဝန်းထိန်းပေးဖို့လိုကြောင်း ပြောကြားသွားခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက တရားဥပဒေစိုးမိုးရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို အဓိကဆောင်ရွက်သွားမည်ဟု ကြွေးကြော်ထားခဲ့သည်။

# Health

7DAY NEWS JOURNAL

Vol.11, No.27 • SEPTEMBER 13 , 2012

# ကြပ်ကြပ်ထုပ်ထုပ်ကြိုက်သူများ သတိ

ဝတ်ရည်အောင်

**ဖက်ရှင်အလှအပများ ပေါလွန်းလှသည့်အချိန်တွင် အမျိုးသား၊ အမျိုးသမီးများအတွက် ရွေးချယ်စရာများကလည်း များပြားလှသည်။ လူအများ ရွေးချယ်သည့် အဝတ်အစားသည် ဖက်ရှင်ကျလှပရုံသာမက ကျန်းမာရေးအတွက် သက်ရောက်မှုလည်းရှိသည်။**



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

နေ့စဉ် ဝတ်ဆင်သည့် အဝတ်အစားများ ပုံမှန်လဲလှယ်မှု မရှိသည့်အတွက် လုံလောက်သည့် သန့်ရှင်းမှုမရှိခြင်း၊ ကြပ်လွန်းသည့် အဝတ်အစားများကြောင့် သတိမပြုမိလိုက်သော်လည်း နောက်ဆက်တွဲ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများ ခံစားကြရနိုင်ကြောင်း အရေပြားအထူးကုဆရာဝန် ဒေါက်တာမြတ်စန္ဒာကျော်က ပြောသည်။

ခန္ဓာကိုယ်အလှကို ပိုမိုပေါ်လွင်စေသည့် ဘောင်းဘီကြပ်ကြပ်များ လူငယ်ထုအတွင်း ပိုမိုအကြိုက်များလာကြသည်။ ထိုဘောင်းဘီအကြပ်များသည် အမျိုးသမီးများတွင် အဖြစ်များသည့် ဆီးလမ်းကြောင်း ပိုးဝင်ခြင်း ရောဂါဖြစ်စေသည့် အကြောင်းရင်းများစွာထဲမှ တစ်ခုလည်း ဖြစ်နိုင်ကြောင်း သိရသည်။

ဘောင်းဘီကြပ်ကြပ်သည် စမတ်ကျလှပသော်လည်း သက်သောင့်သက်သာတော့ သိပ်မရှိလှပေ။ လှုပ်ရှားသွားလာနေသူများအတွက် ကြပ်နေသည့် ဘောင်းဘီသည် အရေပြားပွန်းခြင်းများ၊ နီရဲလာခြင်းများနှင့်သွေးခြေဉခြင်းများအထိ ဖြစ်နိုင်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပွန်းနေသည့် အရေပြားမှတစ်ဆင့် ဆီးလမ်းကြောင်းထဲ ပိုးဝင်နိုင်ကြောင်း သိရသည်။

ဆီးလမ်းကြောင်း ပိုးဝင်သည့်အခါ မကြာခဏ ဆီးသွားလိုခြင်း၊ ဆီးသွားလျှင် နာကျင်ခြင်း၊ ပူစပ်ပူလောင်ဖြစ်ခြင်း၊ ညပိုင်းတွင် ဆီးမကြာခဏသွားခြင်း၊ ဆီးအရောင်အနံ့ပြောင်းလာခြင်းနှင့် ဆီးသွားလျှင် သွေးပါခြင်းတို့သည် ရောဂါလက္ခဏာများဖြစ်ပြီး ဆီးနှင့် ကျောက်ကပ်ရောဂါအများစုမှာ ဆီးလမ်းကြောင်း ပိုးဝင်ခြင်းကြောင့် နောက်ဆက်တွဲဖြစ်ပွားခြင်းဖြစ်ကာ စောစီးစွာ မကုသပါက ကျောက်ကပ်ပျက်စီးသည်အထိဖြစ်ပွားနိုင်ကြောင်း သိရသည်။

ဘောင်းဘီရှည် အကြပ်သည် အစာအိမ်ကို သွားဖိမိသည့်အတွက် အစာအိမ်ထဲမှအစာချဉ်ရည်များထွက်ခြင်း၊ ရင်ခေါင်းပူပြီး နာခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ မကြာခဏ ဝမ်းသွားခြင်း စသည့် ဆိုးရွားသည့် ပြဿနာများပါဖြစ်ပွားနိုင်ကြောင်းသိရသည်။

"အောက်ခံ အဝတ်ကြပ်ကျပ်တွေကတော့ ပထမဆုံး ပေါင်ပွန်းတာတွေ ဖြစ်တယ်။ ပြီးရင် မွေးညင်းပေါက်တွေ ရောင်လာတာ၊ မှို ပိုးဝင်တာတွေ ဖြစ်လာတယ်။ အရေပြားမှာ ပွေးပေါက်တာမျိုးတွေဖြစ်ပြီး အဲဒီကနေ စနစ်တကျကုသမှုမရှိရင်ထပ်ဆိုးဝါးတဲ့အခြေအနေတွေ ဖြစ်လာနိုင်တယ်" ဟု ဒေါက်တာ မြတ်စန္ဒာကျော်က ပြောသည်။

ဆီးလမ်းကြောင်း ပိုးဝင်

စာ(၁၄)သို့

# အယ်လ်ကိုဟောမပါသောဝိုင်အနီ သွေးပေါင်ချိန်ကို လျှော့ချပေးနိုင်

**ဘာစီလိုနာ၊ စက်တင်ဘာ - ၇**

နှလုံးရောဂါအန္တရာယ်ရှိသော အမျိုးသားများသည် အယ်လ်ကိုဟောမပါဝင်သောဝိုင်အနီသောက်သုံးပါက သွေးတိုးရောဂါကြောင့် သွေးပေါင်ချိန် မြင့်တက်ခြင်းမျိုးကိုလျှော့ချပေးနိုင်ကြောင်း စပိန်နိုင်ငံမှ သုတေသီများက တွေ့ရှိခဲ့ကြသည်။

ဘာစီလိုနာဆေးရုံမှ သုတေသီဂမ်မာချီဗာဘလန့်ချ်နှင့် လုပ်ဖော်ကိုင်ဖက်များသည် ဆီးချို၊ သွေးတိုးနှင့်နှလုံးရောဂါအန္တရာယ်ရှိသော အမျိုးသား ၆၇ ဦးအား ပုံမှန်အစားအစာများနှင့် အတူ ဝိုင်နီ ၁၀ အောင်စ (သို့မဟုတ်) အယ်လ်ကိုဟောမပါသော ဝိုင်နီ ၁၀ အောင်စ (သို့မဟုတ်) ဂျင် ၃ အောင်စကို တစ်လှည့်စီ သီတင်းလေးပတ်ကြာ သောက်သုံးစေခဲ့သည်။

၎င်းတို့ကိုတိုက်သည့် ဝိုင်နီနှင့် အယ်လ်ကိုဟောမပါသည့်ဝိုင်နီတွင် သွေးတိုးခြင်းကိုလျှော့ချပေးနိုင်သည့် ဓာတ်တိုးချေဖျက်ပစ္စည်း ပိုလီဖီနောလ်ဆတူပါဝင်ကြောင်း သုတေသီချီဗာဘလန့်ချ်ကပြောကြားသည်။ ယင်းသို့လေ့လာရာတွင် အယ်လ်ကိုဟောမပါသော ဝိုင်နီသောက်သုံးချိန်တွင် အမျိုးသားများ၌ သွေးတိုး၊ သွေးပေါင်ချိန်လျော့ကျနေသည်ကို တွေ့ရပြီး ရိုးရိုးဝိုင်နီနှင့် ဂျင်သောက်သုံးချိန်များတွင် ထူးခြားမှုမရှိကြောင်း သုတေသနက ဖော်ပြသည်။

ယင်းမှာ ပုံမှန်ဝိုင်နီများတွင် ပါဝင်သောအယ်လ်ကိုဟောဓာတ်က ဝိုင်နီများတွင် ပါဝင်သည့် သွေးတိုးခြင်းကို လျှော့ချပေးနိုင်သောပိုလီဖီနော်လ်များ၏ အာနိသင်ကို လျော့ကျစေသောကြောင့် ဖြစ်နိုင်သည်ဟု သုတေသီများက ကောက်ချက်ချထားသည်။

—Ref: UPI

# အော်ဂဲနစ်အစားအစာများ အာဟာရ ပိုပြည့်ဝသည်ဆိုခြင်းမှာ မဟုတ်မှန်

**စတန်းဖို့ဒ်၊ စက်တင်ဘာ - ၇**

လက်ရှိအချိန်အထိ ပြုလုပ်ထားပြီးသား သုတေသနစာတမ်းများကို နှိုင်းယှဉ်လေ့လာမှုအရ အော်ဂဲနစ်အစားအစာများမှာ အော်ဂဲနစ်မဟုတ်သော အစားအစာများထက်ပို၍ အာဟာရပြည့်ဝသည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။




အော်ဂဲနစ်အစားအစာများမှာ ပို၍အာဟာရပြည့်ဝသည်ဟူသော ခိုင်မာသည့် အထောက်အထားများ မတွေ့ရှိရဟု စတန်းဖို့ဒ်တက္ကသိုလ်မှ ဒေါက်တာဒီနာဘရာဗာတာနှင့် ဒေါက်တာခရစ်စတယ်စမစ်စပရင်ဂလာတို့က ပြောကြားသည်။ သို့သော် အော်ဂဲနစ်အစားအစာများစားသုံးခြင်းဖြင့် ပိုးသတ်ဆေးများ၏ အန္တရာယ်ကို လျှော့ချပေးနိုင်သည်ဟု သုတေသီများက ပြောသည်။

ပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အပင်ကြီးထွားစေသောဟော်မုန်းများ အစရှိသည်တို့ကို အသုံးပြုခြင်းမရှိသော အော်ဂဲနစ် အစားအစာများမှာ အမေရိကန် နိုင်ငံတွင် လူကြိုက်များမှုမြင့်တက်လာနေသည်။ ယခုသုတေသနအတွက် သုတေသီများက ယခင်လေ့လာထားသည့် သုတေသနစာတမ်းပေါင်း ၂၃၇ ခုအားခွဲခြမ်းစိတ်ဖြာခဲ့ပြီး နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

သို့သော် လူအများအပြားကမူ အော်ဂဲနစ်အစားအစာများ မှာ အရသာပိုကောင်းကြောင်း ပြောကြားကြပြီး အချို့ကလည်း သမားရိုးကျစိုက်ပျိုးရေးနည်းစနစ် များ၏ သဘာဝပတ်ဝန်းကျင်နှင့် ကျွဲနွားတိရိစ္ဆာန်များအပေါ် သက်ရောက်မှုများကို စိုးရိမ်ကြသည်။

—Ref: UPI

ENERVON-C® ကိုနှစ်ပေါင်းများစွာ အစဉ်တစိုက်ဝယ်ယူအားပေးကြသော လူကြီးမင်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

United Pharmaceutical Co., Ltd. မှ အရည်အသွေးပြည့်မီသော ENERVON-C® ကို ဖိလစ်ပိုင်နိုင်ငံ တွင် ထုတ်လုပ်ထားပြီး ၁၉၉၇ ခုနှစ်မှစတင်၍ ဆေးဝါးမှတ်ပုံတင်အမှတ် R1703A2316 ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိပါသည်။

ယခုအခါ ဈေးကွက်ထဲတွင် ENERVON-C နှင့် ပုံစံတူပြီး တံဆိပ်မတူ၊ အရည်အသွေးကွဲလွဲသော ဆင်တူယိုးမှားများ ပေါ်ထွက်လျက်ရှိပါသည်။ သို့ပါသောကြောင့် ENERVON-C® ကို နှစ်ပေါင်းများစွာ အစဉ်တစိုက်သုံးစွဲနေကြသော လူကြီးမင်းများ ဝယ်ယူအားပေးကြရာတွင် မှားယွင်းစွာ ရွေးချယ်သောက်သုံးမိမည်ကို စိုးရိမ်ပါသောကြောင့် စေတနာရှေ့ထား၍ အသိပေးအပ်ပါသည်။



7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# လမ်းလျှောက်ရင်း မိုဘိုင်းဖုန်းသုံးစွဲသော လူငယ်များ ထိခိုက်ဒဏ်ရာရမှု များလာ

**ဝါရှင်တန်၊ စက်တင်ဘာ - ၇**

ကလေးများကျောင်းဆင်းချိန်တွင် ယာဉ်မောင်းများအနေဖြင့် မိုဘိုင်းဖုန်းဖြင့် မက်ဆေ့ချ်ပို့နေသော ကျောင်းသားများကို သတိထားသင့်ကြောင်း အမေရိကန်နိုင်ငံရှိ အကျိုးအမြတ်မယူသောအဖွဲ့ တစ်ဖွဲ့ကပြောကြားသည်။

အမေရိကန် ဆယ်ကျော်သက်များသည် လူများကြားတွင် လမ်းလျှောက် ရင်းထိခိုက်ဒဏ်ရာ ရရှိမှုမြင့်တက်လာသည်ကိုတွေ့ရှိရကြောင်း Safe Kids World-wide အဖွဲ့ ဥက္ကဋ္ဌကိတ်ကားက ပြောကြားသည်။

လွန်ခဲ့သောငါးနှစ်အတွင်း အသက် ၁၆ နှစ်နှင့် ၁၉ နှစ်အကြား လူငယ်များထိခိုက်ဒဏ်ရာရမှု များပြားခဲ့ပြီး ယခုအခါ အသက် ၁၃၊၁၄နှစ်များ ပါပါဝင်လာကြောင်း ကိတ်ကားကပြောသည်။

"အာရုံထွေပြားတာကြောင့်လို့ကျွန်တော်တို့ မသင်္ကာဖြစ်နေပါတယ်။ ဆယ်ကျော်သက်တွေထိခိုက်ဒဏ်ရာရမှုတွေဟာလမ်းလျှောက်တဲ့သူတွေရော၊ ကားမောင်းတဲ့သူတွေပါ ဖုန်းသုံးနေတာတွေနဲ့ ဆက်စပ်နေပါတယ်" ဟု Safe Kids အဖွဲ့၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လမ်းလျှောက်တတ်ခါစ ၁နှစ်၊ ၂နှစ်အရွယ်ကလေးများသည်လည်း ကားနှင့်တိုက်မိ၍ အသက်ဆုံးရှုံးခြင်း အန္တရာယ်များပြားသည်ဟု ယင်းအစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

—Ref: UPI



## စာ-၁၃၊ ကြပ်ကြပ်ထုပ်ထုပ်ကြိုက်သူများ သတိ မှ

အရေပြားတွင် ဖြစ်သည့်ယားနာများအတွက် လိမ်းဆေးများအသုံးပြုလျှင် လွယ်လွယ် ကူကူပျောက်ကင်းနိုင်သည်ဆိုသော်လည်း လိမ်းဆေးအချို့တွင် အရေပြား ကိုယ်ခံစွမ်းအားကျစေသည့် စတီးရွိုက်ပါဝင်သော လိမ်းဆေးများလည်း ရှိသည်။ ထိုကဲ့သို့သော လိမ်းဆေးများအား ရိုးရိုးယားနာပျောက်ရန်အတွက် လိမ်းသည့်အခါ အရေပြားပွန်းပဲ့ခြင်းကြောင့် ပုံမှန်မဟုတ်သော အရေပြားသည် အရေပြားကိုယ်ခံစွမ်းအား ကျဆင်းသွားစေပြီး ပိုးဝင်ခြင်းကို ပိုမိုဆိုးရွားသွားစေသည်လည်းရှိကြောင်း သိရသည်။

ဘောင်းဘီကျပ်များက ပေါင်နေရာအား စည်းထားသလိုဖြစ်သည့်အတွက် ကျင်ခြင်း၊ နာခြင်း၊ ထုံခြင်းတို့အပြင် အာရုံကြောများ ဖိထားသလိုဖြစ်ခြင်းကြောင့် ခြေထောက်အာရုံကြောများ နာကျင်စေခြင်း၊ တင်ပါးစုံမှ အာရုံကြောများ ထိခိုက်နိုင်ခြင်း တို့ပါ ဖြစ်ပေါ်စေနိုင်ကြောင်း သိရသည်။

ထို့အပြင် ကြပ်လွန်းသည့်ဘောင်းဘီများကြောင့် ခြေထောက်ရှိ အကြောများ ပြတ်တောက်၍အရေပြားတွင်အကြောများ ပြတ်တောက်ခြင်းကြောင့် ဖြစ်သည့် ဆိုးကျိုးများလည်း ဖြစ်ပေါ်စေနိုင်သည်။

ဆီးချိုရောဂါရှိသူများ၊ ကိုယ်အလေးချိန်များသူများ၊ တုံ့ပြန်လွယ်သည့်အသားအရေရှိသူများ၊ မူလကအရေပြားရောဂါခံစားနေရသူများ ဘောင်းဘီကြပ်ကြပ်ဝတ်ခြင်းအား ပိုမိုသတိပြုသင့်ကြောင်း သိရသည်။

များသောအားဖြင့် ကိုယ်အလေးချိန်တက်လာသော်လည်း အောက်ခံအဝတ်အစားများအား မူလသုံးသည့် ဆိုဒ်များသာ သုံးခြင်းကလည်း အရေပြားပွန်းပဲ့ပြီး နောက်ဆက်တွဲ ရောဂါများဖြစ်ပွားနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသား၊ အမျိုးသမီးများအတွက် အောက်ခံအဝတ်အစားများသည် ကျန်းမာရေးအတွက် အရေးကြီးသည်။ အောက်ခံအဝတ်အစားကို အကြမ်းဖျင်းအားဖြင့် တစ်ရက်ထက်ပို၍ ဝတ်ဆင်ရန် မသင့်တော်ပေ။ ခန္ဓာကိုယ်မှ ထွက်ရှိလာသည့် ချွေးများကြောင့်နှင့် စိုစွတ်နေသည့် အောက်ခံအဝတ်အစားများအတွင်း ပိုးပေါက်ဖွားပြီး မှိုပိုးများ ဝင်နိုင်ခြင်း၊ ပွေးကဲ့သို့သော အရေပြားရောဂါများဖြစ်ပွားလာနိုင်ခြင်း စသည်တို့ကို ခံစားကြရနိုင်ကြောင်း သိရသည်။

ထို့အပြင် အဟောင်းများကို မကြာခဏပြန်ဝတ်ခြင်း၊ အလွန်ဟောင်းသွားသည်အထိ ထိုအောက်ခံများအား အသုံးပြုနေခြင်းတို့သည် အောက်ခံအဝတ်များ ဟောင်းသည့်အခါတွင် ထွက်လာသော အမွေးများက အရေပြားတွင် တုံ့ပြန်လွယ်ခြင်းများကြောင့် အရေပြားနီရဲခြင်း၊ ရောင်ခြင်းများလည်း ခံစားရနိုင်ကြောင်း ဒေါက်တာမြတ်စန္ဒာကျော်ကပြောသည်။

အောက်ခံအဝတ်အစားများအား ခြောက်လထက်ပိုပြီး အသုံးမပြုသင့်ဘဲ အခြားသူများနှင့် မျှဝေသုံးစွဲခြင်း၊ တစ်ထည်တည်းကို ထပ်ခါဝတ်ခြင်း၊ ပူလောင်နေသည့် အသားဖြင့် ချုပ်ထားသော ပစ္စည်းများသုံးခြင်းကို ဆင်ခြင်ခြင်းဖြင့် ရောဂါများကူးစက်ဖြစ်ပွားခြင်းကိုလည်း သတိပြုရမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် အောက်ခံအဝတ်အစား ကြပ်ကြပ်များအား ၂၄ နာရီလုံး ဝတ်ဆင်ထားခြင်းသည် အမျိုးသားများအတွက် သားသမီးရနိုင်သည့်စွမ်းရည်ကိုပါကျဆင်းစေသည်အထိ ဖြစ်နိုင်ကြောင်းနှင့် ကြပ်လွန်းသည့်အောက်ခံအဝတ်အစားများကို အမျိုးသား၊ အမျိုးသမီးများပါ ညအိပ်ဝတ်ခြင်းကိုမူ လုံးဝရှောင်ကြဉ်သင့်ကြောင်း နိုင်ငံတကာမှ ပညာရှင်များကလည်း အကြံပြုပြောကြားထားသည်။

"ညဘက် အိပ်တဲ့အချိန်မှာ ခန္ဓာကိုယ်ရဲ့ကြွက်သားတွေလည်း နားနေကြတယ်။ အဲဒီချိန်မှာ အညစ်အကြေးတွေထုတ်တာ၊ ကိုယ်ခံအားစနစ်တွေ ပြုပြင်ပေးတာတွေ လုပ်နေတဲ့အချိန်မှာ ကြပ်တဲ့အောက်ခံတွေက အနှောင့်အယှက်တွေ ပေးတယ်။ အမျိုးသားတွေမှာ အဲလိုအောက်ခံကြပ်ကြပ်တွေရဲ့ ဆိုးကျိုးကို ပိုခံစားကြရတယ်"ဟု ဒေါက်တာမြတ်စန္ဒာကျော်ကပြောသည်။

နေ့စဉ်ဝတ်ဆင်သည့်အဝတ်အစားများမှတစ်ဆင့် ရောဂါများရရှိသည်အထိ မဖြစ်စေရန် ရွေးချယ်အသုံးပြုကြရန် လိုအပ်ပြီး မိမိနှင့် သင့်လျော်သည့် သိပ်မကြပ်လွန်း၊ မကျယ်လွန်းသည့် အဝတ်အစားများ အသုံးပြုခြင်း၊ အောက်ခံအဝတ်အစားများအား တစ်ထည်တည်းကို ထပ်ခါဝတ်ဆင်ခြင်းနှင့် အချိန်ကြာ ဝတ်ဆင်ခြင်းအား သတိပြုခြင်း၊ ချွေးစုပ်နိုင်သည့် အသားဖြင့် ပြုလုပ်ထားသော အောက်ခံများအား အသုံးပြုသင့်ကြောင်းသိရသည်။

နိုင်ငံတကာရှိ ကျန်းမာရေးဆိုင်ရာ ပညာရှင်များမှ လေ့လာတွေ့ရှိထားသည့် ကျန်းမာရေးအတွက် ဆိုးရွားစေသည့် ဆင်ခြင်ရမည့် အချက်များထဲတွင် ဒေါက်ဖိနပ်အမြင့်များစီးခြင်း၊ ဆေးမင်ကြောင်ထိုးခြင်း၊ ခန္ဓာကိုယ်အပေါက်များ ဖောက်ခြင်း၊ နေပူခံခြင်းစသည့် အကြောင်းအရာများအပြင် အလွန်ကြပ်သည့် ဘောင်းဘီများကလည်း ကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်ပေါ်စေနိုင်ကြောင်း ဖော်ပြထားကြသည်။

## လူအများကြား ထင်ပေါ်သောလူငယ်များ ဆေးလိပ်သောက်ရန် အလားအလာများ

**လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ - ၈**

အထက်တန်းကျောင်းတွင် ထင်ပေါ်သော လူငယ်ကျောင်းသားများသည် အခြား ၎င်းတို့လောက် ထင်ပေါ်ခြင်းမရှိသော ကျောင်းသားများထက် ဆေးလိပ်သောက်ရန် အလားအလာပိုများကြောင်း သုတေသီများကပြောကြားသည်။

ယခင်ကလည်း အလားတူ လေ့လာမှုမျိုး ပြုလုပ်ခဲ့သော တောင်ပိုင်းကယ်လီဖိုးနီးယား တက္ကသိုလ်မှ ပါမောက္ခသောမတ် ဗလင်တီ၏သုတေသနအရ အမေရိကန်အထက်တန်းကျောင်းသားများအကြား ဆေးလိပ်သောက်သုံးခြင်းမှာ ယခင်ကထက် အနည်းငယ်လျော့နည်းသွားခဲ့သော်လည်း ဆေးလိပ်သောက်ခြင်းနှင့် လူသိများထင်ရှားခြင်း ဆက်စပ်မှု ဆက်လက်ရှိနေသည်ဟုဆိုသည်။

ယခု နောက်ဆုံးလေ့လာမှုတွင် ပါမောက္ခသောမတ်ဗလင်တီတို့အဖွဲ့က ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်အတွင်း ကိုးတန်းနှင့် ဆယ်တန်းကျောင်းသားပေါင်း ၁,၉၅၀ ဦး အား ဆေးလိပ်သောက်ခြင်းနှင့် ဆက်စပ်၍ မေးခွန်းများ မေးမြန်းပြီး ၎င်းတို့၏ အချစ်ဆုံးသူငယ်ချင်းများ ဆေးလိပ်သောက်ခြင်းရှိ၊ မရှိကိုလည်း မေးမြန်းခဲ့သည်။ မေးခွန်းဖြေကြားသူများက ၎င်းတို့၏ သူငယ်ချင်းဟုပြောဆိုသူအရေအတွက်ကိုကြည့်၍ လူအများ ကြား ထင်ပေါ်သော လူငယ်များကို သတ်မှတ်တိုင်းတာခဲ့ရာ ဆေးလိပ်သောက်သူအများစုမှာ လူငယ်များကြား ရေပန်းစားသူများဖြစ်နေပြီး ၎င်းတို့တွင် အခြားဆေးလိပ်သောက်သည့် အပေါင်းအသင်းများရှိနေသည်ကို သုတေသီများကတွေ့ရှိခဲ့သည်။

—Ref: UPI

၈ မဒေးအေးအေးမော်ဦးစီးသော နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
နီလာ
"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဘုရားလေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပါယ်လေးဝမလာ၊ ရလာရာလူနတ်ပြည်"
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန (အိန္ဒိယ + နီပေါ) ➔ ၈ သိန်း (စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ ➔ ၉ သိန်း (စရိတ်ငြိမ်း)
တပ်ချ်မဟာ၊ ကိုလ်ကတ္တား Shopping နှင့် ဗဟုသုတရစရာ နေရာများ
မိခင်ကြီးဒေါ်နီလာ၏ အသက်(၇၀)ပြည့် မွေးနေ့ကုသိုလ်ယူအထူးအစီအစဉ်
(၁၁.၈.၂၀၁၂)မှ (၃၀.၉.၂၀၁၂)အတွင်း၊ နီလာရုံးချုပ်နှင့်ရုံးခွဲရှိသောမြို့များတွင် မိမိတို့သွားလိုသည့် နေ့၊လ၊ရက်များကို ရွေးချယ်ပြီး
စရံငွေ (၁)သိန်းဖြင့် စာရင်းပေးသွင်းပါက တစ်ဦးလျှင် (၅)သောင်းကျပ်တိတိကို ထပ်မံလျှော့ပေးမည်။
အထူးအစီစဉ်အနေဖြင့် ဂယာနှင့် နယူးဒေလီတွင် ဟိုတယ်၌ တည်းခိုနိုင်ရန် စီစဉ်ထားပါသည်။
အသင်းလိုက် အဖွဲ့လိုက်သီးသန့်သွားလိုသော သူများကိုလည်း အထူးအစီအစဉ်ဖြင့် ပို့ဆောင်ပေးနေပါသည်။
ဝန်ဆောင်မှုနှင့်ပတ်သက်၍ နေထိုင်စားသောက်ရေး စိတ်ချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ကုမ္ပဏီမှ တာဝန်ယူပို့ဆောင်ပေးနေပါပြီ။
ပည်သည့်ခရီးစဉ်မဆို(၁၀)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
(၆)ညအိပ်(၇)ရက်ခရီး - သီရိလင်္ကာ (စွယ်တော်) + ဘန်ကောက် (မြဘုရား) ➔ (၁၂)သိန်း (စရိတ်ငြိမ်း) ၂၅.၉.၂၀၁၂ ထွက်မည်။
မှတ်ချက်။ သက်မှတ်ရက်ကာလအတွင်းသာအကျုံးဝင်ပါသည်။ နိုင်ငံကူးလက်မှတ်သက်တမ်း(၆)လအထက်လက်ဝယ်ရှိသူများကို(၄၀၀၀၀/-ကျပ်)ထပ်မံလျှော့ပေးပါမည်။
ထွက်ခွာမည့်ရက်များ - စက်တင်ဘာ - ၂၈၊၂၉။ အောက်တိုဘာ - ၃၊၅၊၆၊၁၀၊၁၂၊၁၃၊၁၇၊၁၉၊၂၀၊၂၄၊၂၆၊၂၇၊၂၉၊၃၁။
နိုဝင်ဘာ - ၂၃၊၇၊၉၊၁၀၊၁၄၊၁၆၊၁၇၊၂၁၊၂၃၊၂၄၊၂၈၊၃၀။ ဒီဇင်ဘာ - ၁၅၊၇၊၈၊၁၂၊၁၄၊၁၅၊၁၉၊၂၁၊၂၂၊၂၆၊၂၈၊၂၉။
ဇန်နဝါရီ - ၂၄၊၅၊၉၊၁၁၊၁၂၊၁၆၊၁၈၊၁၉၊၂၃၊၂၅၊၂၆၊၃၀။ ဖေဖော်ဝါရီ - ၁၊၂၆၊၈၊၉၊၁၃၊၁၅၊၁၆၊၂၀၊၂၂၊၂၃၊၂၇။
မတ်လ - ၁၊၂၆၊၈၊၉၊၁၃၊၁၅၊၁၆၊၂၀၊၂၂၊၂၃၊၂၇၊၂၉၊၃၀။ ဧပြီ - ၃၊၅၆၊၁၀၊၁၂၊၁၃၊၁၇၊၁၉၊၂၀၊၂၄၊၂၆၊၂၇။
ရန်ကုန်ရုံးချုပ် အမှတ် - ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ဒုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
မန္တလေးရုံးခွဲ (၁) အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ မင်းကွန်းတိုက်တန်း၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ရုံးခွဲ (၂)-မော်လမြိုင် ၊ ရုံးခွဲ(၃)-ပုသိမ် ၊ ရုံးခွဲ (၄)-တောင်ကြီး ၊ ရုံးခွဲ (၅)-လားရှိုး
☎ ၀၁-၃၇၆၆၀၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ - ၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃၇၄၄၄၀၄၊ ၀၉-၄၂၈၂၁၇၂၅၁

ပွင့်ဦး
သစ်မွှေးစိုက်ခင်းနှင့်ပျိုးဥယျာဉ်
ကချင်ပြည်နယ်သစ်မွှေး (Northern Agarwood)
သစ်မွှေးပျိုးပင်များရနိုင်ပါသည်။ ပျိုးအိတ် 5''×7''၊ သစ်မွှေးပင်အမြင့် 1ပေ=500ကျပ်၊ 1½ပေ=700ကျပ်၊ 2ပေ=800ကျပ်၊ 2½ပေ=900ကျပ်၊ 3ပေ=1200ကျပ်၊ ပျိုးပင်=1000 အထက်ဝယ်ယူသူများ၊ မိုင် 100 အတွင်း ပို့ဆောင်ပေးပါမည်။ ပျိုးပင် 5000 အထက် ဝယ်ယူသူများ မော်လမြိုင်၊ဘားအံ၊ မြဝတီ၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊တောင်ကြီး၊ပုသိမ်၊ပြည်၊မကွေး၊မိတ္ထီလာ၊ပခုက္ကူ၊စစ်ကိုင်း၊မုံရွာ၊ရွှေဘို၊ ကလေးမြို့များသို့ ပို့ဆောင်ပေးပါမည်။ သစ်မွှေးပင် ဆေးသွင်းခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးသည်။
သစ်မွှေးပန်းခြောက်(Agarwood Flower Tea)(50 - ဂရမ်)၊တစ်ထုပ် 5000/-ကျပ်ဖြင့် ဝယ်ယူအားပေးနိုင်ပါသည်။
ကိုအောင်ဇော်ရှိန် - ၀၉-၄၉၄၅၀၀၅၆၊ ၀၉-၅၀၂၈၈၉၀၊ သစ်မွှေးဝါသနာရှင်များ(Group)
ရန်ကုန် - လှည်းကူးမြို့နယ်၊ ဖောင်ကြီး - မင်းကုန်းရွာအလွန်ကားလမ်းဘေး
မန္တလေး - တံခွန်တိုင်ပြည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး တံခွန်တိုင်ဈေးရှေ့

# Regional

7DAY NEWS JOURNAL

Vol.11, No.27 • SEPTEMBER 13 , 2012

## မန္တလေး မြို့ပြနှစ် ၃၀ စီမံကိန်း မကြာမီအကောင်အထည်ဖော်မည်ဟုဆို

**မောင်တာ**

**မန္တလေး၊ စက်တင်ဘာ-၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက မန္တလေးမြို့ပြ (City Plan) နှစ် ၃၀ စီမံကိန်းကို ရေးဆွဲကာမန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မကြာမီ အကောင်အထည်ဖော်ဆောင်ရွက်ဖွယ်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ ဌာနမှူး ဦးမျိုးအောင်က ပြောသည်။

အဆိုပါ မန္တလေးမြို့ပြ နှစ် ၃၀ စီမံကိန်းတွင် မန္တလေးမြို့သူမြို့သားများ မျှော်လင့်နေသည့် တန်ဖိုးနည်းအိမ်ရာ စီမံကိန်းများပါဝင်မည်ဖြစ်ပြီး အဓိက ဇုန်ကြီးရှစ်ဇုန် ခွဲခြားထားကာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ကော်မတီဝင်(၃)ဦးထွန်းကြည်က လွန်ခဲ့သော ၁၀ နှစ်ကျော်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့်ဂျပန်ကုမ္ပဏီတစ်ခုတို့ ပူးပေါင်းရေးဆွဲထားသည့် မန္တလေးမြို့ပြစီမံကိန်း(Star Ruby Project)ကို အခြေခံရေးဆွဲထားခြင်းဖြစ်ကြောင်း ဦးမျိုးအောင်က ပြောသည်။

"ကျွန်တော့်အနေနဲ့ သတင်းမီဒီယာတွေကို အသေးစိတ်မပြောပြနိုင်သေးပါဘူး။ အခု နှစ် ၃၀ စီမံကိန်း မူကြမ်းရေးဆွဲပြီး မြို့တော်ဝန်က တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြပြီးပါပြီ"ဟု စက်တင်ဘာ ၅ ရက်က မန္တလေးမြို့တော်ခန်းမ(၁)၌ ဦးမျိုးအောင်က ဆက်လက်ပြောသည်။



*မန္တလေးမြို့တစ်နေရာကို စက်တင်ဘာလဆန်းက အပေါ်စီးမှတွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါ မန္တလေးမြို့ပြ နှစ် ၃၀ စီမံကိန်းကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံသို့တင်ပြပြီးဖြစ်သည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရန်ပုံငွေတစ်ခုတည်းဖြင့် လုံလောက်မည်မဟုတ်ဘဲ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ဆောင်ရွက်ဖွယ်ရှိကြောင်း ဦးမျိုးအောင်နှင့် မန်းစည်ပင်ဌာနမှူးအချို့က သုံးသပ်သည်။

မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၉၉၅ ခုနှစ် ဝန်းကျင်ခန့်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဂျပန်ကုမ္ပဏီတစ်ခုတို့ ပူးပေါင်းကာ ခြောက်လနီးပါးကြာ (Survey) စစ်တမ်းကောက်ယူပြီး မဟာမန္တလေးမြို့ပြစီမံကိန်း (Star Ruby Project)ကို ရေးဆွဲခဲ့သည်။

၁၉၉၆ မှ ၂၀၂၀ ပြည့်အထိ ၂၅ နှစ်ကြာ အကောင်အထည်ဖော်မည့် စီမံကိန်းကို ရေးဆွဲခဲ့ကြောင်း၊ ထိုစဉ်က န. ဝ. တ အစိုးရသို့ စီမံကိန်း တင်ပြခဲ့ပြီး နိုင်ငံခြားငွေနှင့် နိုင်ငံခြား အရင်းအနှီး သုံးစွဲရမည့် အပိုင်းများရှိခဲ့၍ စီမံကိန်းကို ခေတ္တရပ်နားကာ ယခုနှစ်တို စီမံကိန်းကို အခြေပြု၍ မန္တလေးမြို့ပြ နှစ် ၃၀ စီမံကိန်း အဖြစ် ပြန်လည်ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း မန္တလေးမြို့ခံများနှင့်မန်းစည်ပင်တာဝန်ရှိသူများထံမှ သိရသည်။

## မန္တလေးရှိ လမ်းဆုံလမ်းခွများတွင် ကွမ်းယာ ရောင်းခွင့်မပြုတော့

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၈**

မန္တလေးမြို့ရှိ အဓိကလမ်းမကြီးတစ်လျှောက်ရှိ လမ်းဆုံ၊ လမ်းခွ၊ လမ်းထောင့်များတွင် ကွမ်းယာရောင်းချခြင်း လုံးဝခွင့်မပြုတော့ကြောင်းသတင်းရရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက စက်တင်ဘာ ၇ ရက် မန္တလေးထုတ် နိုင်ငံပိုင် သတင်းစာမှတစ်ဆင့် ယခုကဲ့သို့ အသိပေး ကြေညာခဲ့ခြင်းဖြစ်သည်။

ပလက်ဖောင်းပေါ်တွင်လည်းကောင်း၊ မြောင်းပေါ်တွင်လည်းကောင်း ပိတ်ဆို့ရောင်းချခြင်းမပြုရဘဲ ဆိုင်ဘေးတွင် ကွမ်းတံထွေးစွန့်ပစ်ရန်ပလတ်စတစ်စွပ်အမှိုက်ခြင်းများ ထားပေးရမည်ဟု ဆိုသည်။ မန္တလေးမြို့တွင် ကွမ်းယာဆိုင်များစွာရှိပြီး ကွမ်းဈေးကျချိန်၌ ကွမ်းဆိုင် ပိုပေါတတ်ကြောင်း ကွမ်းဆိုင်ရှင်များကပြောသည်။

"ခုနဲ့ မရောင်းရဘူးဆိုလို့ လှည်းနဲ့ ပြောင်းပြီးသွားပြီ။ ဘီးခွန်က တစ်နှစ်ကို ၂,၅၀၀၊ ကျုံးခွန်က တစ်လ ၁,၅၀၀၊ ဈေးကောက်က တစ်နေ့ ၂၀၀ ကျပ်ပေးရပါတယ်။ လမ်းမ မရောင်းရရင်တော့ ဘယ်မှာ သွားရောင်းရမလဲတောင်မသိတော့ပါဘူး" ဟု ၈၄ လမ်းမရှိ ကွမ်းယာရောင်းချသူ အမျိုးသမီးတစ်ဦးကပြောသည်။

ကွမ်းယာဆိုင်များအပြင် ကွမ်းစားသူများအတွက်လည်း ပူးတွဲအသိပေးကြေညာချက်ထုတ်ပြန်ခဲ့သည်။

အများပြည်သူ သွားလာနေသော လမ်းများနှင့် ပလက်ဖောင်းပေါ်များ၊ အပန်းဖြေနေရာများဖြစ်သည့် ကျုံးဘေးတစ်လျှောက်နှင့် နိုင်ငံခြားဧည့်သည်များ လာရောက်လေ့ရှိသည့် သမိုင်းဝင်စေတီပုထိုး၊ သိမ်ကျောင်းများ၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများအတွင်း စည်းကမ်းမဲ့ ကွမ်းတံထွေးစွန့်ပစ်ခြင်းမပြုရန်၊ ယာဉ်ပေါ်မှ ကွမ်းတံထွေးစွန့်ပစ်ခြင်းမပြုရန်၊ ကွမ်းစားသူများ ကွမ်းတံထွေးစွန့်ရန် အိတ်အပိုဆောင်ထားပြီး ယင်းအိတ်ကို အမှိုက်ပုံးထဲစွန့်ရန် အသိပေးကြေညာခဲ့ပြီး လိုက်နာဆောင်ရွက်ခြင်းမရှိပါက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မြစ်ကြီးနားရထားလမ်း ပုံးခွဲခံရ

**စစ်ကိုင်းဝင်းရွှေ**

**မော်ဟန်၊ စက်တင်ဘာ-၆**

ကချင်ပြည်နယ်မိုးညှင်းမြို့နယ်အတွင်းမြစ်ကြီးနား မီးရထားလမ်းမော်ဟန်ဘူတာနှင့်ကာဒူဘူတာအကြားမိုင်တိုင်အမှတ်၆၁၂/၈နှင့်၆၁၂/၉တို့အကြား အရှည် ပေ ၁၆၀ ရှိ ရထားလမ်း သံပေါင်ဘေလီတံတား အမှတ် ၅၅၅ တွင် စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီကျော်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါတံတား ဗုံးပေါက်ကွဲမှုကိုစုံစမ်းရာတွင် စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ် က တံတားဆီမှ သေနတ်ပစ်ခတ်သံများအဆက်မပြတ်ကြားရကြောင်း၊ တစ်ဖက်နှင့်တစ်ဖက်တိုက်ပွဲဖြစ်သံဟု ယူဆရကြောင်း၊ ပစ်ခတ်မှုမှာ နာရီဝက်ခန့်ကြာမြင့်ကြောင်း၊ ပစ်ခတ်မှုများ ရပ်သွားပြီးနောက် မကြာမီ ကြီးမားသောပေါက်ကွဲသံကြီးပေါ် လာသည်ကိုကြားရကြောင်း ဒေသခံတို့က ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့်တံတားအမှတ် ၅၅၅ ၏ ရေလယ်တိုင်အပေါ်ပိုင်းကွဲအက်ပြီး ဘေလီသံပေါင်ပဲ့သွားကာ သံလမ်းမှာလေးပေခန့်ပြတ်တောက်သွားပြီး အပေါ်သို့ လေးပေအမြင့်ခန့် မြောက်တက်သွားသည်။ သံလမ်းအောက်ခံဇလီဖားတုံး ၅၀ ခန့် ပျက်စီးသွားသည်။ရထားလမ်း ပြတ်တောက်မှုကြောင့် ခရီးလမ်းအဆက်သွယ်ခက်ခဲမှုမရှိအောင် သက်ဆိုင်ရာတို့က ပြုပြင်တပ်ဆင်လျက်ရှိသည်။ တံတားပြုပြင်နေစဉ်အတွင်း ရထားများရပ်နားထားရပြီး မော်ဟန်ဘူတာရှိ ရထားစီးခရီးသည်များကို ဒေသခံတို့က ရေသန့်ဘူးများနှင့် ထမင်းထုပ်များ ဝေငှကြကြောင်း သိရသည်။



**ပျက်စီးသွားသည့် ရထားလမ်းတစ်နေရာ**

ဓာတ်ပုံ - စစ်ကိုင်းဝင်းရွှေ



7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# မုံရွာမြို့ ချင်းတွင်းဆိပ်ကမ်းတွင် လက်ပန်းတောင်းတောင် တမ်းတကြည့်ရှုခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန်၊ စက်တင်ဘာ - ၆**

မုံရွာမြို့ ချင်းတွင်းမြစ် ကျောက်ဆောင်ဆိပ်မြို့ပတ်လမ်း ဇက်ဆိပ်အနီးတွင် ယမန်နေ့ညနေ ၄ နာရီဝန်းကျင်မှစ၍ မုံရွာဒေသခံ ၁၀၀ ကျော်တို့သည် လက်ပန်းတောင်းတောင်ကြေးနီစီမံကိန်းကြောင့် မကြာမီပျက်စီးသွားဖွယ်ရှိနေသည့် တောင်တန်းကြီးအား တမ်းတကြည့်ရှုခြင်း အခမ်းအနားကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအခမ်းအနားသို့ ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းမှ နေဝင်ချိန်တွင် လက်ပန်းတောင်းတောင်တန်းကြီးအား လွမ်းဆွတ်တမ်းတဖွယ်ရှုခင်းအဖြစ် စုပေါင်းကြည့်ရှုခြင်းဖြစ်ကြောင်း တောင်ကြည့်ပွဲအခမ်းအနားသို့တက်ရောက်လာကြသူများက ဆိုသည်။ ယင်းအခမ်းအနားသို့ ချင်းတွင်းမြစ် အနောက်ဘက် လက်ပန်းတောင်းတောင်ခြေဒေသခံကျေးရွာသားများတက်ရောက်ရန် စီစဉ်ထားသော်လည်း သက်ဆိုင်ရာက တားမြစ်မှုကြောင့် ချင်းတွင်းမြစ်ကူးစက်လှေများအားလုံး ရပ်နားသွားသဖြင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ကျေးရွာဒေသခံများ လာရောက်ကြည့်ရှုခွင့်မရခဲ့ကြောင်း သိရသည်။

စက်တင်ဘာ ၇ ရက် ညနေ ၄ နာရီခွဲမှ ညနေ ၆ နာရီခန့်အထိ ချင်းတွင်းမြစ်ကူး စက်လှေများ သွားလာခွင့်မပြုသောကြောင့် ခရီးသည်များ သွားလာရေးအခက်ကြုံတွေ့ခဲ့ရပြီး မုံရွာမြို့ မြို့ပတ်လမ်းဇက်ဆိပ်အနီးမှ လက်ပန်းတောင်းတောင် စုပေါင်းတမ်းတကြည့်ရှုခြင်း အခမ်းအနားတက်ရောက်လာကြသူ ၂၀၀ ကျော်တို့သည် မုံရွာမြို့ နန်ချွန် စက်လှေဆိပ်အနီးသို့ ခြေလျင်အသွားအပြန်သွားရောက်၍ ချင်းတွင်းမြစ်အနောက်ဘက်ကမ်းတွင် စောင့်ဆိုင်းနေသူများအား လက်ပြနှုတ်ဆက်ခြင်းဖြင့် အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရှိရသည်။



ချင်းတွင်းမြစ်အနောက်ဘက်ကမ်းမှ စောင့်ဆိုင်းနေသူများကို လက်ပြနှုတ်ဆက်နေကြစဉ်

ဓာတ်ပုံ - မျိုးမင်းဦး

# ကမ်းပါးဖြူချောင်းအတွင်း ကူးတို့လှေနစ်မြုပ်မှု ၁၂ ဦးခန့် ပျောက်ဆုံးနေဆဲ

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၆**

ပခုက္ကူခရိုင်၊ ပေါက်မြို့နယ်ရှိကမ်းပါးဖြူချောင်းတွင် စက်တင်ဘာလ ၄ ရက်က လူ ၃၀ ခန့်တင်ဆောင်လာသည့် ကူးတို့လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ပြီး ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး သေဆုံးကာ ၁၂ ဦးခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကိုယ်တိုင်မြင်တွေ့ရသည့်ဒေသခံများထံမှ သတင်းရရှိသည်။

"ပြန်တွေ့တာတော့ ၁၇ ဦးရှိတယ်။ လွတ်လာတဲ့ လူတွေပြောပြလို့ ကျွန်တော်သိသလောက်ဆိုရင် ၁၂ ယောက်လောက် ပျောက်နေသေးတယ်။ ဖြစ်ပြီးတာနဲ့ ကျွန်တော်ရောက်သွားတာ" ဟု ပေါက်မြို့မှ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ဖြစ်ပွားချိန်တွင် ကမ်းပါးဖြူချောင်း၌ တောင်ရေကျနေချိန်ဖြစ်ပြီး၊ အဆိုပါ စက်မဲ့ကူးတို့ လှေနှင့် လှေပေါ်တွင်ပါလာသည့် အလေးချိန် မမျှတမှုကြောင့် ယင်းကဲ့သို့ မျောပါနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း ကိုယ်တိုင်မြင်တွေ့လိုက်သည့် ဒေသခံ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

"ကမ်းကထွက်သွားတဲ့လှေကို ကျွန်မရေချိုးနေရင်း လှမ်းမြင်နေရတယ်။ ချောင်းရေတွေက အရင်တုန်းကဆို အဝါရောင်ပါ။ အဲဒီနေ့က မည်းညစ်နေတယ်။ လှေကသေးပြီး လူတွေကများလွန်းတယ်။ ယောဘက်က ကျလာတဲ့ ရေလှိုင်းက နှစ်ချက်ပုတ်လိုက်တာ လှေကမျောပြီး မှောက်သွားတယ်။ ကိုယ်ဝန် လေးလလောက်ပဲ ရှိသေးတဲ့ ဆရာမလေးတစ်ယောက်ရဲ့ အလောင်းကို ပြန်ရတယ်။ ကျွန်မတော့ သနားလွန်းလို့ သွားမကြည့်ဘူး" ဟု ပေါက်မြို့မှ ဒေသခံအမျိုးသမီးက ပြောသည်။

သို့သော် ပေါက်မြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးမှ ရရှိသော စာရင်းအရ အမျိုးသား ၇ ဦး၊ အမျိုးသမီး ၆ ဦးနှင့် ဆိုင်ကယ် ၅ စီးတင်ဆောင်လာသည့် အဆိုပါ ကူးတို့လှေနစ်မြုပ်မှုကြောင့် အမျိုးသမီးတစ်ဦးသေဆုံးပြီး စုစုပေါင်း ၄ ဦးပျောက်ဆုံးနေကြောင်း ကျန် ၈ ဦးကို အသက်ရှင်လျက် ကယ်ဆယ်ရရှိပြီးကြောင်း သိရသည်။

"ကျွန်တော်တို့ အခု အုပ်စုတွေခွဲပြီး လိုက်ရှာနေပါတယ်။ ဆိုင်ကယ် ၃ စီးပြန်ရပါပြီ။ ကူးတို့လှေဆွဲသမားတွေကိုတော့ မဆင်မခြင်ပေါ့ဆမှုနဲ့ စခန်းမှာ အမှုဖွင့်ထားတယ်" ဟု ပေါက်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ကျ ရဲဝန်ထမ်းတစ်ဦးက 7Day News သို့ ပြန်လည်ဖြေကြားသည်။

ယင်းကူးတို့လှေသည် တောင်ကျရေကျနေသည့်ချောင်းအတွင်းသို့ ဆင်းကာ လူအင်အားဖြင့် ဆွဲရသည့်လှေဖြစ်ပြီး ပေါက်မြို့နယ်အရှေ့ဘက် ကျောချောင်းကူးတို့ဆိပ်သို့ ဖြတ်ကူးစဉ် ယခုကဲ့သို့ မျောပါခြင်းဖြစ်ကြောင်းလည်း ယင်းရဲဝန်ထမ်းက ပြောသည်။

ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်းအပိုင်းတွင်ကမ်းပါးဖြူချောင်းကဲ့သို့ သဲချောင်းများကိုဖြတ်သန်းရပြီး မိုးတွင်းကာလတွင် သွားလာရေးခက်ခဲသောလမ်းခရီး ဖြစ်သည်။

ယခင်က ကမ်းပါးဖြူချောင်းကို ဖြတ်ကူးနိုင်သည့် ချောင်းကူးတံတား နှစ်စင်းရှိခဲ့ပြီး ၂၀၁၁ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် O2B မုန်တိုင်းကြောင့် တံတားများ ရေထဲသို့ မျောပါပျက်စီးခဲ့ရာ ယခုကဲ့သို့ ချောင်းရေထဲမှ ဖြတ်ကူးနေရခြင်းဖြစ်ကြောင်း သိရသည်။









# မောင်တောဒေသခံအချို့ နေရပ်မှပြောင်းရွှေ့လိုသော်လည်း နေအိမ်များအရောင်းခက်နေ

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၆**

ရခိုင်ပြည်နယ် မောင်တောဒေသခံအချို့က နေအိမ်များကို ရောင်းချကာ အခြားသော နေရပ်များသို့ ပြောင်းရွှေ့လိုသော်လည်း ယနေ့အထိ အရောင်းအဝယ်မဖြစ်ကြသေးကြောင်း မော်တောဒေသခံများက ပြောသည်။

"သူတို့ခေါ်ထားတဲ့ ဈေးကို ကျွန်တော်တို့ တိုင်းရင်းသားတွေကတော့ မပေးနိုင်ကြဘူး။ ခေါ်ဈေးက များတယ်။ ဒါကြောင့် ခုထိတော့ အရောင်းအဝယ်ဖြစ်တာမတွေ့သေးဘူး။ တချို့က အိမ်ရောင်းမယ်ဆိုတဲ့ ဆိုင်းဘုတ်တွေ တောင်ပြန်ဖြုတ်တာတွေ့ရတယ်" ဟုမောင်တောမြို့မှဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

ရခိုင်တိုင်းရင်းသားများ နေထိုင်ရာ အမှတ်(၁)(၂)နှင့်(၄)ရပ်ကွက်များရှိ အိမ်ခြေ ၂၀ ခန့်တွင် အိမ်ရောင်းမည်ဆိုသည့်ဆိုင်းဘုတ်များကို ဩဂုတ်လမှ စတင်ချိတ်ဆွဲလာကြပြီး ၎င်းတို့၏ နေအိမ်များကို ရောင်းချကာ အခြားသော ဒေသများသို့ ပြောင်းရွှေ့ရန် စီစဉ်လျက်ရှိကြကြောင်း ဒေသခံများထံမှ သိရသည်။

"ကျွန်တော်လည်း ရောင်းလို့ရရင် ရောင်းပြီး ကိုယ့်တိုင်းရင်းသားတွေ ရှိတဲ့နေရာကိုပြောင်းချင်တယ်။ ဒီမှာနေရင် နောင်လာနောက်သားတွေအတွက်လည်း အန္တရာယ်ရှိတယ်။ လုံခြုံရေးကလည်း အမြဲတမ်းနေပေးနိုင်မှာမဟုတ်ဘူးလေ။ ပြောရရင်တော့ ဒီမှာက စီးပွားရေးလည်း အထိုင်ကျနေပြီ။ ဒါပေမဲ့ နေလို့မသင့်တော်တော့ဘူး" ဟု အသက်(၃၈)နှစ်အရွယ် မောင်တောမြို့ခံတစ်ဦးက ပြောသည်။

အဓိကရုဏ်းကာလအလွန်တွင် ဒေသခံများအား ပြန်လည်နေရာချထားပေးမည်ဆိုပါက ရခိုင်နှင့် ဘင်္ဂါလီလူမျိုးများကို သီးခြားစီနေရာသတ်မှတ်ခွဲခြားပေးစေလိုကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

"အုပ်ချုပ်သူတွေကသာ မူလကတည်းက သေသေချာချာ ကိုင်တွယ်ဖြေရှင်းခဲ့မယ်ဆိုရင် ဘယ်တိုင်းရင်းသားပဲဖြစ်ဖြစ် အတူယှဉ်တွဲနေထိုင်လို့ ရပါတယ်။ အခုကအမှုအခင်းတစ်ခုခုဖြစ်လာရင် တစ်ဖက်ကငွေဘယ်လောက်ကုန်ကုန် အမှုနိုင်ရင်ပြီးရောဆိုပြီး လုပ်တာမျိုးတွေ ရှိခဲ့တယ်"ဟု အဆိုပါ မောင်တောဒေသခံက ပြောကြားသည်။

မောင်တောမြို့ရှိ ဌာနဆိုင်ရာများက မြို့ခံရပ်မိ ရပ်ဖများကို ခေါ်ယူတွေ့ဆုံကာ လုံခြုံရေးအတွက် စိတ်ပူပင်စရာမလိုကြောင်း ခေါ်ယူပြောဆိုခြင်းများရှိသည်ဟုလည်း မောင်တောမြို့မှ တည်းခိုခန်းပိုင်ရှင်တစ်ဦးက ပြောသည်။

"ဌာနဆိုင်ရာက ခေါ်ပြီးလုံခြုံရေးအတွက် စိုးရိမ်ဖို့ မလိုဘူး။ လုံခြုံရေးအပြည့် ရှိတယ်လို့ခေါ်ပြောတာတော့ရှိပါတယ်။ ကျွန်တော်တို့က ဒီမှာ လူနည်းစုဖြစ်နေတာဆိုတော့ ဌာနဆိုင်ရာကိုပဲ အားကိုးနေရတယ်"ဟု အထက်ပါ တည်းခိုခန်းပိုင်ရှင်က ပြောသည်။

ထို့အပြင် ရခိုင်ပြည်နယ်တွင် ဖြစ်ပွားလျက်ရှိသည့် အဓိကရုဏ်းအလွန်ကာလများတွင် ပြန်လည်နေရာချထားပေးမည့် အစီအစဉ်များကို အထူးစုံစမ်းရေးအဖွဲ့၊ စုံစမ်းရေးကော်မရှင်များ၏ ရလာဒ်များ၊ ဒေသခံများ၏ သဘောထားနှင့် အထက်မှဆုံးဖြတ်သည့် အချက်များအပေါ် အခြေခံကာ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း ပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးက ပြောသည်။

ရခိုင်ပြည်နယ် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးဦးထိန်လင်းက "မောင်တောကို လှမ်းမေးကြည့်တော့ ရောင်းမယ်လို့ ကြေညာထားတာ ၁၂ အိမ် ရှိတယ်လို့ သိရတယ်။ အခုတော့ ဆရာတော်တွေ နားချလို့ ဆိုင်းဘုတ်တွေပြန် ဖြုတ်သိမ်းထားပြီလို့လည်း သိရပါတယ်" ဟု ပြောသည်။

၎င်းက ဆက်လက်၍ "နေရာချထားပေးရေးအတွက် လောလောဆယ် မဖြေနိုင်သေးမယ့် သုံးဦး သုံးဖလှယ်အဆင်ပြေအောင်၊ အကောင်းဆုံးဖြစ်အောင် စီစဉ်သွားမှာပါ။ အခုလောလောဆယ်မှာ ဒုက္ခသည် စခန်းတွေမှာရှိတဲ့ လူတွေ အစားအသောက်အဆင်ပြေဖို့ ရောဂါပြန့်ပွားမှု မဖြစ်ဖို့ကို အဓိကဂရုစိုက်နေရပါတယ်" ဟု ပြောသည်။

# မုံရွာ မြို့ပြစီမံကိန်း အကောင်အထည်ဖော်ရေး ဆွေးနွေး

**မျိုးမင်းဦး**

**မုံရွာ၊**

**စက်တင်ဘာ-၈**



မုံရွာမြို့ မြို့ပြဖွံ့ဖြိုးမှုပုံစံ (စီမံကိန်း)များ အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၈ ရက် မွန်းလွဲ ၁ နာရီအချိန်တွင် မုံရွာမြို့ မြို့တော်ခန်းမကြီး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

"မြို့ပြစီမံကိန်း ရေးဆွဲပြီး ပညာရှင်များ၊ ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပရိဟိတလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများဆီက အကြံဉာဏ်ရယူပြီး မြို့ပြစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အာဆီယံမြို့ကြီးအချို့မှာ မြို့ပြဖွံ့ဖြိုးမှု တည်ဆောက်ရေးစီမံကိန်းကို လိုအပ်ချက်အရ၁၀နှစ်တစ်ကြိမ်ရေးဆွဲတာတွေရှိတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီးဦးတင်ငွေကအဖွင့်အမှာစကားပြောပြောကြားခဲ့သည်။

မြို့ပြလူနေထိုင်မှု စနစ်တွင် လက်ရှိ ၃၀ ရာခိုင်နှုန်းနေထိုင်ပြီး ကျေးလက်ဒေသတွင် ၇၀ ရာခိုင်နှုန်း နေထိုင်ခဲ့ရာ လာမည့် ၂၀၃၀ ပြည့်နှစ်တွင် မြို့ပြလူနေထိုင်မှု ၃၅ ရာခိုင်နှုန်း ကျေးလက်လူနေထိုင်မှု ၆၅ ရာခိုင်နှုန်းအထိ တစ်နှစ်လျှင် ၂ ဒသမ ၃ ရာခိုင်နှုန်းခန့်မြင့်တက်လျက်ရှိကြောင်း မြို့ပြဖွံ့ဖြိုးမှုပုံစံစီမံကိန်းအကြံပေး ပညာရှင် ဒေါက်တာကျော်လတ်က ပြောကြားခဲ့သည်။

မုံရွာမြို့သည် လူဦးရေတစ်သိန်းကျော်နေထိုင်သည့် မြို့ကြီး ၃၀ အနက် မြို့တစ်မြို့ဖြစ်ပြီး အခြေခံ အဆောက်အအုံများ၊ ဆက်သွယ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်လာပါက မြို့ပြအခြေချနေထိုင်မှု ပိုမိုတိုးမြင့်လာနိုင်ကြောင်း သိရသည်။ မုံရွာမြို့သည် အိန္ဒိယနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်း ဖြစ်သော အာဆီယံ အဝေးပြေးလမ်းမကြီးဖြတ်သန်းသွားသည့် မြို့တစ်မြို့ဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ မြို့ပြဖွံ့ဖြိုးတည်ဆောက်မှု ပုံစံ (စီမံကိန်း) များ အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကို ရွှေဘို၊ စစ်ကိုင်းနဲ့ မုံရွာမြို့တွေမှာ ကျင်းပခဲ့ပါတယ်။ မြို့တစ်မြို့စီမှာ ထူးခြားတဲ့ ဝိသေသတွေ ရှိတယ်။ အခြေခံ အချက်အလက်တွေရှိတယ်။ မြို့ပြစီမံကိန်း ဇရိယာအတွင်း မြေအသုံးချမှုဆိုင်ရာ တည်ဆောက်မှုပုံစံတွေ ပြည်သူ့အတွက် ဝန်ဆောင်မှုပေးရမယ့် အခြေခံအဆောက်အအုံတွေ လိုအပ်တယ်" ဟု မြို့ရွာအိုးအိမ်ဖွံ့ဖြိုးဦးစီးဌာန မြို့ပြနှင့် ဒေသခံစီမံကိန်းဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

# ရေဆိုးသန့်စင် စွန့်ထုတ်ခြင်း သုံးလအတွင်း ဆောင်ရွက်ရန်စက်ရုံများအား မန်းစည်ပင် ညွှန်ကြား

**မောင်တာ**

**မန္တလေး၊ စက်တင်ဘာ-၈**

မန္တလေး စက်မှုဇုန်အတွင်းရှိစက်ရုံမှစွန့်ထုတ်သော ရေဆိုးများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု ဖြစ်ပေါ်နေ၍ စက်ရုံများအား သုံးလအတွင်း ပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိစေသည့်အဆင့်ထိသန့်စင်၍ ရေစွန့်ထုတ်ရန် မန်းစည်ပင်မှ စက်မှုလုပ်ငန်းရှင်များအား ညွှန်ကြားထားကြောင်း ရေရှင်းရေသန့်ဌာနမှ ဌာနမှူးဦးတင့်လွင်က ပြောသည်။

မန်းစက်မှုဇုန်ရှိစက်ရုံများမှစွန့်ထုတ်သော ရေဆိုးများကြောင့် ရေဆိုးများ စွန့်ထုတ်သည့် ပရံတော်ချောင်းတစ်လျှောက် အနံ့အသက်ဆိုးများ ပေါ်ထွက်နေသကဲ့သို့ တောင်သမန်အင်းအတွင်းသို့ စက်ရုံရေဆိုးများဝင်ရောက်မှုကြောင့်တောင်သမန်အင်းရေPh Levelနိမ့်ကျခြင်းနှင့် အင်းအတွင်းရှိငါးနှင့် ရေသတ္တဝါအချို့အပေါ် ထိခိုက်မှုများရှိနေ၍စက်ရုံများအနေဖြင့် ရေဆိုးသန့်စင်စွန့်ထုတ်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း မန်းစည်ပင်တာဝန်ရှိသူတစ်ဦးက ပြောသည်။

"၃၊ ၄ လကြာလို့မှ သူတို့ စက်ရုံတွေဘက်က ရေဆိုးသန့်စင်စွန့်ထုတ်မှု မလုပ်သေးဘူးဆိုရင် ထပ်ပြီးခေါ်ယူဆွေးနွေးတာတို့ နောက်ပိုင်းအရေးယူတာတို့ လုပ်ဆောင်သွားပါမယ်" ဟု ဌာနမှူး ဦးတင့်လွင်က စက်တင်ဘာ ၅ ရက်တွင် ပြောသည်။

အကြီးစား စက်ရုံအချို့မှ ကိုယ်ပိုင်ရေဆိုးသန့်စင်စက်ရုံများ တည်ဆောက်ရန် ကြိုတင်ပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီဖြစ်သော်လည်းရေဆိုးသန့်စင်စက်ရုံတည်ဆောက်ရန် အခက်အခဲရှိသော အသေးစားနှင့်အလတ်စားစက်ရုံများအတွက်မန်းစည်ပင်မှရေဆိုးသန့်စင်စက် တည်ဆောက်ကာ စက်ရုံတစ်ခုချင်း စွန့်ထုတ်ရေဆိုးများအား အခကြေးငွေကောက်ခံကာ သန့်စင်ပေးမည်ဖြစ်ကြောင်း မန်းစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီနှင့် မန်းစည်ပင်တာဝန်ရှိသူများထံမှ သိရသည်။

စက်မှုဇုန်အတွင်းရှိစက်ရုံများမှစွန့်ထုတ်သော ရေဆိုးများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိနေသည်ဆိုသော်လည်း စက်မှုဇုန်အတွင်းရှိစက်ရုံများအနေဖြင့် ရေဆိုးများကို တောင်အင်း၊ မြောက်အင်းအတွင်းသို့ စနစ်တကျ စွန့်ပစ်ကြောင်း၊ စက်မှုဇုန်ပြင်ပရှိစက်ရုံများမှ စွန့်ထုတ်သော ရေဆိုးများကြောင့် ပတ်ဝန်းကျင်ပိုမို ထိခိုက်မှုရှိသဖြင့် မန်းစည်ပင်အနေဖြင့် စက်မှုဇုန်ပြင်ပရှိ စက်ရုံရှိများကိုလည်း အထူးကြပ်မတ်ရန် လိုအပ်မည်ဖြစ်ကြောင်းမန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှ ဦးမောင်မောင်ဦးက ပြောသည်။

စက်ရုံထုတ် ရေဆိုးများတွင် အရက်ချက်စက်ရုံများမှ စွန့်ထုတ်သောရေဆိုးများမှာ ပတ်ဝန်းကျင်ထိခိုက်မှု အများဆုံးဖြစ်ပေါ်စေပြီး ရေသန့်ဆိုင်ရာ ပညာရှင်များထံမှ သိရသည်။

မန္တလေးစက်မှုဇုန်တွင် လည်ပတ်နေသော အရက်ချက်စက်ရုံ ၅ ရုံရှိပြီး စက်ရုံပေါင်း ၉၃ ရုံမှ ရေဆိုးများ စွန့်ထုတ်လျက်ရှိကာ ၎င်းရေဆိုးများမှာ ပရံတော်ချောင်းမှတစ်ဆင့် တောင်သမန်အင်းအတွင်းသို့ဝင်ရောက်နေကြောင်း မန်းစည်ပင်ရေနှင့် ရေသန့်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# ကုမ္ပဏီနှစ်ခု လွှဲပြောင်းချိန်ကြေးစင်တောင် ကြေးနီမသမာမှု သက်ဆိုင်ရာက အရေးယူ

**ရန်နိုင်ကျော်**

**မုံရွာ၊**

**စက်တင်ဘာ-၂**

ကြေးစင်တောင်နှင့် စံပယ်တောင် ကြေးနီ စီမံကိန်းနယ်မြေအတွင်း ကြေးနီ တန်ချိန် သုံးရာကျော် (၃၃၈ ဒသမ ၉၃၂ တန်)အား မသမာသောနည်းဖြင့် ဆောင်ရွက်သူများအား ဆားလင်းကြီးမြို့ နယ်ရဲတပ်ဖွဲ့စခန်းမှ ကြေးနီမသမာမှု ဥပဒေပုဒ်မ (၆-၁) အရ အမှု ဖွင့်စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကြေးနီမသမာမှုအနေနဲ့ ဥပဒေပုဒ်မ (၆-၁)နဲ့ အမှုဖွင့်ထားတယ်။ ဒီအမှုမှာ အာမခံပေးလို့ မရဘူး။ ကြေးနီမသမာမှုမှာ ပါဝင်သူနှစ်ဦးကိုတော့ ဖမ်းဆီးစစ်ဆေးနေပါတယ်။ ကျန်နှစ်ဦးက ထွက်ပြေးတိမ်းရှောင်နေပါတယ်။ ဒီအမှုမှာတရားလိုအဖြစ် သတ္တုတွင်းဝန်ကြီးဌာနက ဦးဖေသိန်းက တိုင်ကြားခဲ့တာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

"လွန်ခဲ့တဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်းကဖြစ်ပေါ်ခဲ့တဲ့အမှုပါ။ မြန်မာအိုင်ဗင်ဟိုးကုမ္ပဏီနဲ့ မြန်မာဝမ်ပေါင်ကုမ္ပဏီ အလွှဲအပြောင်းအချိန်မှာကြေးနီမသမာမှုဖြစ်ခဲ့တာပါ"ဟုမြန်မာဝမ်ပေါင်ကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာအိုင်ဗင်ဟိုး ကုမ္ပဏီနှင့် မြန်မာဝမ်ပေါင်ကုမ္ပဏီ လွှဲပြောင်းချိန် ကာလများအတွင်း ကြေးနီ မသမာမှုအား စစ်ဆေးအရေးယူပေးနိုင်ရန် ကြေးစင်တောင် ကြေးနီတူးဖော်ရေးလုပ်ငန်းမှ ဝန်ထမ်း ၄၆ ဦးက ပထမအကြိမ်အဖြစ် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် တစ်ကြိမ်၊ ဒုတိယအကြိမ်အဖြစ် ကြေးနီဝန်ထမ်း ၄၆ ဦးက ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် တစ်ကြိမ်၊ တတိယအကြိမ်မြောက်အဖြစ် ကြေးနီဝန်ထမ်း ၄၃၈ ဦးက ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်တွင် တစ်ကြိမ် စုပေါင်းလက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ တာဝန်ရှိသူများထံ တင်ပြတိုင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

အရည်အသွေးမီ ကြေးနီအလွဲသုံးစားပြုလုပ်သောသူများအား ဆားလင်းကြီးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ (၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ ၆(၁)အရ) စက်ရုံမှူး ဦးအောင်လောဟာနှင့် ကြေးနီပို့ဆောင်ရေးတာဝန်ခံ ဦးကျော်ဆွေတို့အား ဩဂုတ်လ ၂၉ ရက်တွင် အမှုဖွင့်စစ်ဆေး အရေးယူခဲ့ပြီး ကျန်ရှိနေသေးသော ကြေးနီစက်ရုံ အထွေထွေမန်နေဂျာနှင့် အတွင်းရေးမှူးအား ဆက်လက်စစ်ဆေး အရေးယူနိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ်ရဲ တပ်ဖွဲ့စခန်းမှ တာဝန်ရှိသူ၏ ပြောပြချက်အရ သိရှိရသည်။

7DAY NEWS JOURNAL
Vol.11, No.27 · SEPTEMBER 13 , 2012

# မုံရွာမြို့တွင် ပထမဆုံး ကားအရောင်းပြခန်းဖွင့်

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ-၆**

မုံရွာမြို့တွင် ပထမဆုံးကားအရောင်းပြခန်းအဖြစ် Aung Kenbo ကုမ္ပဏီမှ တင်သွင်းသည့် တရုတ်နိုင်ငံထုတ်ကုန်တင်ယာဉ် အရောင်းပြခန်းအား ယခုနှစ်စက်တင်ဘာလဆန်းပိုင်းတွင် စတင်ဖွင့်လှစ်ရောင်းချခဲ့ကြောင်း သိရသည်။




**အသစ်ဖွင့်လှစ်လိုက်သည့် တရုတ်နိုင်ငံထုတ်ကုန်တင်ယာဉ်အရောင်းပြခန်း** ဓာတ်ပုံ - မျိုးမင်းဦး

'Aung Kenbo ကားအရောင်းပြခန်းမှာ ကားတွေစရောက်တာက ဩဂုတ်လ ၂၅ ရက်မှာမုံရွာကိုစရောက်ခဲ့တာပါ။ စရောင်းပေးနေတာကဩဂုတ်လကုန်ရက်ပိုင်းက ဆိုပေမယ့် ကားပြခန်းကို ကားတွေ များများစားစားပြသနိုင်တာက စက်တင်ဘာလဆန်းပိုင်းမှာ ပြသနိုင်တာပါ။ အရာတော်၊ ရွှေဘို၊ ဒီပဲယင်း၊ တန့်ဆည်၊ ယင်းမာပင်၊ ပုလဲ၊ မုံရွာစတဲ့မြို့နယ်တွေက လုပ်ငန်းရှင်တွေက ကုန်စည်သယ်ယူဖို့ လာရောက်ကြည့်ရှုဝယ်ယူသူတွေ ရှိတယ်။ ယာဉ်အပိုပစ္စည်းနဲ့ အလုပ်ပြင်ရုံပါ တွဲဖက်ဖွင့်လှစ်ပေးထားသလို ယာဉ်ရဲ့အဓိက အစိတ်အပိုင်းတွေကို ၂နှစ်အာမခံနဲ့ရောင်းပေးပါတယ်" ဟု မုံရွာမြို့ အောင်ကမ်ဘိုကားအရောင်းဆိုင်တာဝန်ခံက ရှင်းလင်းပြောကြားသည်။

"မုံရွာမှာ အခုလိုကားပြခန်းတွေ ဖွင့်လှစ်ပေးတော့ ကားဝယ်ယူတဲ့သူတွေ အလွယ်တကူ ဝယ်လို့ရတာပေါ့။ အရင်တုန်းက မုံရွာက လူတွေကားဝယ်တဲ့အခါ မန္တလေးကားဈေးကွက်ကို အဓိကထားနေရတယ်။ တရုတ်နိုင်ငံထုတ်ကားတွေထက် ဂျပန်နိုင်ငံထုတ်က အရောင်းပြခန်းကို မျှော်လင့်နေကြတယ်" ဟု မုံရွာမြို့ ဒေသခံ ဝါရင့်ကားအရောင်းအဝယ် ပြုလုပ်သူတစ်ဦးက ပြောကြားသည်။

အောင်ကမ်ဘို ကုန်တင်ယာဉ်အရောင်းပြခန်းတွင် တရုတ်နိုင်ငံထုတ် FOTON ကား ကုမ္ပဏီနှင့် Chelglong ကား ကုမ္ပဏီမှ တင်သွင်းသော ကုန်တင်ယာဉ်များ၊ မြေတူးစက်၊ မြေကော်စက်စသည့် စက်ယန္တရားများအား တင်သွင်းရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ အောင်ကမ်ဘို ကုမ္ပဏီက တင်သွင်းလာသော ကားများအနက် မုံရွာကားအရောင်းပြခန်းတွင် ၆ ဘီး၊ ၁၄ ပေ တစ်စီး ကျပ်သိန်း ၂၂၀၊ ၆ ဘီး ၁၇ ပေ တစ်စီး ၂၂၅ သိန်း၊ ၆ ဘီး ၂၅ ပေတစ်စီး သိန်း ၃၂၀ နှုန်းဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

## စစ်ကိုင်းတွင် ဟိုတယ်ဇုန်တစ်ခု တည်ဆောက်ရန် အဆိုပြုထား

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ - ၈**

စစ်ကိုင်းမြို့မှ မြောက်ဘက် မင်းကွန်းသို့အသွား လမ်းပေါ်တွင် ရှိသည့် လက်ပံရွာအနောက်ဘက်တွင် ဟိုတယ်ဇုန်တစ်ခု တည်ဆောက်ရန် အဆိုပြုထားကြောင်း မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန ဒုညွှန်ကြားရေးမှူး ဒေါ်အေးအေးမြင့်က ပြောသည်။

စက်တင်ဘာ၇ရက်က စစ်ကိုင်းမြို့တွင်ပြုလုပ်သည့်စစ်ကိုင်းမြို့မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ "နေရာက ရှုမျှော်ခင်း အင်မတန်ကောင်းတယ်။ အကွက်အကွင်းလည်း ကျတယ်။ ဒါကြောင့် အဆိုပြုဟိုတယ်ဇုန်ဆွဲထားပါတယ်"ဟု ဒုညွှန်မှူးကပြောသည်။ စစ်ကိုင်းမြို့သည် ရှေးဟောင်းသမိုင်းအမွေအနှစ် အဆောက်အအုံဗိသုကာလက်ရာများ၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ လက်မှုပညာများကြောင့် ပြည်တွင်းပြည်ပ ခရီးသွား ဧည့်သည်များ စိတ်ဝင်စားကြသောမြို့တစ်မြို့အဖြစ်လည်း တွေ့ရှိရပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဂုဏ်မြင့်ဖော်ဆောင်သော အဆင့်မြင့်ခရီးသွားလုပ်ငန်းမြို့တော်အဖြစ် ရည်ရွယ်ထားကြောင်း ဒုညွှန်ကြားရေးမှူးက ပြောသည်။

မန္တလေးမြို့မှ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက "ခုလုပ်မယ့် နေရာက နေမြောက်ဘက်သွားမယ်ဆိုရင် မင်းကွန်းပဲရှိတော့တယ်။ တစ်ဖက်ပိတ်ကြီးဖြစ်နေတယ်။ ကောင်းမှုတော်ဘုရားဘက်ဆိုရင်တော့ မုံရွာ၊ ရွှေဘိုဘက် ဆက်ထွက်လို့ရတယ်"ဟု အကြံပြုပြောကြားသည်။ မန္တလေးမြို့သို့ လာရောက် လည်ပတ်သည့် နိုင်ငံခြားခရီးသွား ဧည့်သည်များသည် စစ်ကိုင်းမြို့ရှိ စစ်ကိုင်းတောင်၊ မင်းကွန်းဒေသ၊ ကောင်းမှုတော် အစရှိသည့်နေရာများသို့ ကုန်းလမ်း၊ ရေလမ်းများမှ လာရောက်လည်ပတ်လေ့ရှိကြသည်။

ထို့အပြင် အစိုးရရုံးများ ပြောင်းရွှေ့ပြီးသည့်အချိန်မှစ၍ တိုးတက်မှုနှေးကွေးခဲ့သော စစ်ကိုင်းမြို့အားပြန်လည်ဖွံ့ဖြိုးစေရန် စီမံကိန်းများ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## မုံရွာတက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း ခရီးတိုတောင်တက်လေ့လာရေးအဖြစ် ခတ္တက္ကန်တောင်သို့ တက်ရောက်လေ့လာ

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ-၈**


မုံရွာတက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းအား ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ယခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပြီး အပတ်စဉ် လေ့ကျင့်စဉ် လေ့ကျင့်ခန်းများနှင့် ခရီးတိုတောင်တက်လေ့လာရေး ခရီးအား ပထမဆုံးအကြိမ်အဖြစ် ခတ္တက္ကန်တောင်သို့ သွားရောက်လေ့လာခဲ့ကြောင်းမုံရွာတက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း ဥက္ကဋ္ဌ ဘူမိဗေဒပါမောက္ခ ဒေါက်တာဇော်မြင့်နီက ပြောကြားခဲ့သည်။

"မုံရွာက တက္ကသိုလ် ခြေလျင်နှင့် တောင်တက်အသင်းကို ဖွဲ့စည်းခဲ့တာ နှစ်အတော်ကြာပါပြီ။ စာရာမေရိတောင်တက်လေ့လာရေး ခရီးစဉ်မှာ မုံရွာတက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်းကပါဝင်နိုင်ခဲ့ဖူးတယ်။ ဒီနှစ်တော့ အပတ်စဉ် လေ့ကျင့်ရေးလုပ်ငန်းအနေနဲ့ မုံရွာတက္ကသိုလ်ကနေ ဇလုပ်ကျေးရွာ အနောက်ဘက်မြို့ပတ်လမ်းအထိ လေ့ကျင့်ခဲ့တယ်။ ခရီးတိုလေ့ကျင့်ခရီးစဉ်ကို ဒီနှစ်မှ စလုပ်နိုင်တယ်။ စက်တင်ဘာလ ၂ရက်က မုံရွာမြို့နယ် ခတ္တက္ကန်တောင်ကို သွားရောက်လေ့လာခဲ့ပါတယ်"ဟု ဒေါက်တာဇော်မြင့်နီက 7Day News သို့ ပြောကြားခဲ့သည်။

မုံရွာတက္ကသိုလ်ခြေလျင်နှင့်တောင်တက်အသင်း၏ ယခုခရီးစဉ်အား စက်တင်ဘာလ ၂ ရက် နံနက် ၅ နာရီခွဲအချိန်ထွက်ခွာခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၆၄ ဦး ကြီးကြပ်ဆရာ၊ ဆရာမ ၁၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။




## မုံရွာမြို့တွင် ရောင်ခြည်သစ် မျက်မမြင်ကျောင်းက မြန်မာ၊ ဂျပန်လက်နှိပ်အကြောပြင်ဆိုင်ဖွင့်




**မျက်မမြင်တစ်ဦးက အကြောပြင်ပေးနေစဉ်** ဓာတ်ပုံ - မျိုးမင်းဦး

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ-၈**

မုံရွာမြို့၊ အောင်ချမ်းသာမြို့သစ်ရပ်ကွက်၊ ရောင်ခြည်သစ် ပရဟိတမျက်မမြင်ကျောင်းက မြန်မာ၊ ဂျပန် လက်နှိပ်အကြောပြင်ဆိုင်ခန်းများ မုံရွာမြို့၊ ရုံးကြီးရပ်ကွက် ဗိုလ်ချုပ်လမ်း အားကစားတိုက်တန်း၊ အခန်း ဘီ-၃၈ တွင် စက်တင်ဘာလ ၇ ရက်က ကျင်းပခဲ့ကြောင်း သိရှိရသည်။

"ရောင်ခြည်သစ် မျက်မမြင်ကျောင်းက မြန်မာ၊ဂျပန်လက်နှိပ်အကြောပြခန်းကို အရင်တုန်းက အောင်ချမ်းသာမြို့သစ်မှာရှိတဲ့ ရောင်ခြည်သစ်ကျောင်းမှာ ဖွင့်လှစ်ထားပါတယ်။ အကြောဝေဒနာရှင်တွေကိုလည်း လိုက်ခံကုသပေးခဲ့တယ်။ အခု မြို့တွင်းမှာ အကြောဝေဒနာရှင်တွေအတွက် ဆိုင်ခန်းလေး ဖွင့်တာပါ။ ရောင်ခြည်သစ် မျက်မမြင်ကျောင်းအတွက် ရန်ပုံငွေလည်းရအောင် ဝေဒနာရှင်တွေအတွက်အထောက်အကူရအောင်ပါ" ဟု မြန်မာ-ဂျပန်လက်နှိပ်အကြောပြင် ပညာရှင်ဦးအောင်စိုးက ပြောသည်။

"အကြောပြင်ခန်း၊ အနှိပ်ခန်းဆိုရင် အမျိုးသမီးတွေနဲ့ သောက်စားဇိမ်ခံဖို့လို့ လူအများက ထင်နေကြတာ။ မျက်မမြင်ကျောင်းကဖွင့်တဲ့ အကြောပြင်အနှိပ်ခန်းက တကယ့်အကြောဝေဒနာတွေအတွက် အထောက်အပံ့ရအောင် ဖွင့်တာပါ။ အပျော်အပါး အသောက်အစားနဲ့ ဇိမ်ခံဖို့ဖွင့်တဲ့ အကြောပြင်ခန်းထဲမှာ ရောင်ခြည်သစ်မျက်မမြင်ကျောင်းက အကြောပြင်ခန်း မပါဘူး" ဟု မုံရွာမြို့ ဒေသခံစီးပွားရေးလုပ်ငန်းရှင် ဦးဇော်ထိုက်က ပြောသည်။

# မန်းတွင် တည်ဆောက်မည့် ကျောက်မျက်ရတနာဈေးသစ် အကောင်အထည်ပေါ်ပါက လုပ်သားလေးသိန်းကျော် အလုပ်ရနိုင်ဟုဆို

**မောင်တာ**

**မန္တလေး၊ စက်တင်ဘာ-၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က မန္တလေးမြို့ တောင်ဘက် ရန်ကုန်-မန္တလေးအမြန် လမ်းမဘေး၊ အမရပူရမြို့နယ်၌ နိုင်ငံတကာအဆင့်မီသတ္တုနှင့်ကျောက်မျက်ရတနာ အချောထည်ဈေးသစ်တည်ဆောက်ရန် စီစဉ်လျက်ရှိရာ အဆိုပါ ကျောက်မျက်ဈေး အကောင်အထည်ဖော် အောင်မြင်ပါက နေ့စဉ်လုပ်သား လေးသိန်းကျော်ကိုအလုပ်အကိုင်အခွင့်အလမ်းပေးနိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး) ဘဏ္ဍာရေးမှူးဦးစိုးနိုင်က ပြောကြားသည်။

"သတ္တုနှင့်ကျောက်မျက်ဈေးသစ် တည်ဆောက်အောင်မြင်သွားရင် ဒီဈေးမှာရှိတဲ့ ကျောက်စိမ်းကဏ္ဍတစ်ခုတည်းကနေ တစ်နေ့ကို လုပ်သားလေးသိန်း တစ်သောင်း အလုပ်ပေးနိုင်မယ်" ဟု အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ ဦးအေးနိုင်က ပြောကြားသည်။

ကျောက်မျက် အပါအဝင် မြန်မာတွင် မြန်မာ့တွင်းထွက်သယံဇာတများ အရိုင်းအတိုင်း ရောင်းချနေခြင်းမှ နိုင်ငံတကာ အဆင့်မီ ကုန်ချောအဖြစ် ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် သတ္တုနှင့် ကျောက်မျက်ရတနာ အချောထည်ဈေးသစ်ကို တည်ဆောက်ခြင်းဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ဆင်ရွာ မြင်းမူကျေးရွာ၊ ရန်ကုန်- မန္တလေး အမြန်လမ်းမဘေးရှိ မြေ ၁၁ ဒသမ ၅၁ ဧကပေါ်တွင် ၂ နှစ်အတွင်း အပြီးအကောင်အထည်ဖော်တည်ဆောက်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရထံမှ သိရသည်။

အဆိုပါ သတ္တုနှင့် ကျောက်မျက်ရတနာ အချောထည်ဈေးသစ်တွင် ကျောက်စိမ်းကျောက်မျက်အပြင် ကြေးနီ၊ အင်ကြင်းကျောက်၊ စကျင်ကျောက်စသည်တို့ကိုပါအချောထည်ပြုလုပ်ရောင်းချနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ ကျောက်မျက်ဈေးသစ်တည်ဆောက်ခြင်းမှာ လူအများစုအတွက်မဟုတ်ဘဲ လူအနည်းစုအတွက်သာ အကျိုးဖြစ်ထွန်းမည်ကို စိုးရိမ်မိကြောင်း မန္တလေးမြို့ခံ ကျောက်မျက်လုပ်ငန်းရှင် အချို့က ပြောသည်။

"လက်ရှိ မန္တလေး မဟာအောင်မြေကျောက်ဝိုင်းကိုလည်း အဆင့်မြှင့်တင်ပေးဖို့ လိုအပ်ပါသည်။ ဒါမှ မဟာအောင်မြေ ကျောက်ဝိုင်းမှာ လုပ်ကိုင်နေတဲ့ အခြေခံ လူတန်းစားတွေ ပိုမိုအဆင်ပြေမှာ ဖြစ်ပါတယ်" မန္တလေးမှ ကျောက်မျက်လုပ်ငန်းရှင် ဦးမောင်ဌေးက စက်တင်ဘာ ၁ ရက်တွင် ပြောသည်။

ဈေးသစ်တည်ဆောက်၍ အချောထည်စက်ရုံများ တည်ထောင်လုပ်ကိုင်မည်ဆိုလျှင်လက်ရှိကျင့်သုံးနေသည့် ကျောက်မျက်သယံဇာတများ နိုင်ငံတကာသို့ ကုန်ကြမ်းအတိုင်း တင်ပို့ရောင်းချနေမှုကို ကန့်သတ်ရန် လိုအပ်မည်ဖြစ်ကြောင်း မန္တလေးမြို့မှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များက ပြောသည်။

ကျောက်စိမ်းတစ်ကီလို အချောထည်ပြုလုပ်မည်ဆိုလျှင်လုပ်သား ၅ ဦးအလုပ်အကိုင်ရမည်ဖြစ်ပြီး ပြည်တွင်းမှ ကျောက်စိမ်းထွက်ရှိမှုမှာ တစ်နေ့ ၈၃ တန်ရှိပြီး တစ်နှစ်လုံးအတွက် တန် ၃၀,၀၀၀ ကျော်ခန့်ထွက်ရှိနေကြောင်းမြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်း(မန္တလေး)မှ သိရသည်။

## အလုပ်အကိုင်ရှာဖွေရေးပွဲ မန်းတွင်ကျင်းပမည်

**ညီညီဇော်**

**မန္တလေး၊ စက်တင်ဘာ-၉**

မန္တလေးမြို့တွင်ပထမဆုံးအကြိမ် အလုပ်အကိုင်ရှာဖွေရေးပွဲ (JobFair) ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ယင်းပွဲကို စက်တင်ဘာ ၃၀ ရက်(တနင်္ဂနွေနေ့) တွင် မန္တလေးမြို့ 78 Shopping Mall ၌ နံနက် ၉ နာရီမှ ည ၈ နာရီထိ ပြုလုပ်သွားမည်ဖြစ်ပြီး နောင်တွင် တစ်လတစ်ကြိမ်ခန့်ပြုလုပ်သွားရန်စီစဉ်နေကြောင်း စီစဉ်သူတစ်ဦးက ပြောသည်။

အလုပ်အကိုင် ရှာဖွေနေသူများနှင့် ဝန်ထမ်းရှာဖွေနေသည့် ပြည်တွင်း ပြည်ပကုမ္ပဏီများ တွေ့ဆုံအင်တာဗျူးပြီး ချက်ချင်း အလုပ်ခန့်ထားနိုင်ရန် စီစဉ်ထားသည်ဟုဦးဆောင်စီစဉ်သည့် Look East Organization (Myanmar) မှ တာဝန်ရှိသူက ဆိုသည်။ အလုပ်လျှောက်မည့်သူများနှင့်ဝန်ထမ်းရှာဖွေလိုသည့် ကုမ္ပဏီများသည် ငွေကြေးတစ်စုံတစ်ရာပေးရန် မလိုကြောင်း သိရသည်။ အဆိုပါပွဲတွင် စာရေးဆရာဦးဘုန်(ဓာတု)မှ "အနာဂတ် မန္တလေးနှင့် အခွင့်အလမ်း" ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောမည်ဖြစ်သည်။ အလုပ်အကိုင်လျှောက်ထားလိုသူများနှင့် ဝန်ထမ်းရှာဖွေလိုသည့် ကုမ္ပဏီများသည် Look East Organization (Myanmar) အမှတ်-တီ-၁၊ ဒုတိယထပ်၊ ၃၂ လမ်း၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား၊ ၃၂ လမ်း မန္တလေးမြို့၊ ဖုန်း-၀၉-၉၁၀၀၁၈၁၈၊ ၀၉-၄၀၀၄၀၁၁၂၂ သို့ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

**ဝန်ထမ်းအလိုရှိသည်**

ကြော်ငြာ၊ ဇာတ်လမ်း၊ သီချင်းဗီစီဒီ၊ ဓာတ်ပုံတို့ရိုက်ကူးရန်အတွက် အနုပညာဝါသနာပါသော လူငယ်သရုပ်ဆောင်များအလိုရှိသည်။ (ကျား/မ)

တက္ကသိုလ်ဟန်မင်းဦး ဓာတ်ပုံအနုပညာသင်တန်းကျောင်း

အမှတ် (၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။

**ဖုန်း - ၂၂၇၁၉၉**

--------------------------------

**ဝန်ထမ်းအမြန်အလိုရှိသည်**

Photoshop, CorelDraw ကျွမ်းကျင်စွာအသုံးပြုနိုင်သူ(ကျား/မ)၁-ဦး အမြန်အလိုရှိသည်။ လစာ-ကျပ်တစ်သိန်း၊ တစ်ပတ်တစ်ရက်နား၊ ထမင်းတစ်နပ်ကျွေးမည်၊ အလုပ်ချိန် - နံနက် ၉ နာရီမှ ညနေ ၆း၃၀ ထိ။ ဆက်သွယ်ရန်-

**ဖုန်း-၀၉ ၇၃၁၃၃၈၁၁၊ ၇၃၂၃၅၃၄၃**

--------------------------------

**ယာဉ်မောင်း အမြန်အလိုရှိသည်**

အသောက်အစားကင်းရှင်း၍ ရန်ကုန်ဝန်းကျင် ကျွမ်းကျင်စွာမောင်းနိုင်ရမည်။ ကိုယ်ရေးရာဇဝင်နှင့် ဓာတ်ပုံ (၂) ပုံ။ ညှိနှိုင်းလစာဖြင့်။

**ဖုန်း-၂၀၁၃၃၆၊ ၀၉ ၄၃၁၉၇၉၇၃**

(နံနက် ၉ နာရီမှ နေ့လယ် ၃ နာရီအတွင်း)

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ရွှေပြည်သုခ Co.Ltd

အရောင်းစာရေးဝန်ထမ်း မ (၁၀) ဦး (၁၀ တန်းအောင်၊ အခြေခံအထက်တန်းအဆင့်ရှိသူ၊ အင်္ဂလိပ်စာဖတ်နိုင်ရမည်)

**ဖုန်း - ၀၉၇၃၂၂၄၄၅၉**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ကွန်ပျူတာစာစီစာရိုက် မ (၁) ဦး

အထွေထွေလုပ်သား ကျား (၁) ဦး

ပန်းတိုင်စာပေ

**ဖုန်း - ၃၇၄၃၆၅၊ ၃၇၆၆၃၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆိုင်အကူဝန်ထမ်း ကျား (၂) ဦး

(ရိုးသားကြိုးစားသော ဝန်ထမ်း၊ အခြေခံလစာ ၄၀,၀၀၀ ကျပ်မှ စတင်ရရှိမည်)

**ဖုန်း - ၀၉-၇၃၀၁၀၁၄၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

တေးစီးရီးထုတ်လုပ်ရန်အတွက် Girl Band အဖွဲ့ဖွဲ့ရန် အနယ်နယ်အရပ်ရပ်မှဝါသနာရှင်များအလိုရှိသည်။

**ဖုန်း - ၀၉-၅၄၁၇၆၅၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဝန်ထမ်း(မ) အလိုရှိသည်။ အမျိုးသမီးစက်ချုပ်ကျွမ်းကျင်သူ

**ဖုန်း - ၀၉၇၃၂၀၃၅၁၄**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

(1) 3D, AUTO CAD ကျား (၂) ဦး (interior design သီးသန့်)

(2) ရုံးစာရေး ကျား (၂) ဦး (ငွေစာရင်းတတ်သိနားလည်ရမည်)

အမှတ် (၁၉၆)၊ ၆ လွှာ၊ သိမ်ဖြူမီးပွိုင့်အနီး၊ ဗိုလ်တထောင်မြို့နယ်။

**ဖုန်း - ၀၉-၇၃၁၃၀၂၀၂**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

စေတနာ

(၁) Marketing Manager ကျား (၃) ဦး

(၂) Accountant (L.C.C.I Level III) မ (၅) ဦး

(၃) Computer Operator ကျား/မ (၃) ဦး

(၄) Makreting ကျား/မ(၅) ဦး

(၅) Office Staff/အရောင်းစာရေး ကျား/မ (၅) ဦး

(၆) ဒရိုင်ဘာ ကျား (၃) ဦး

(၇) Sale Protomor ကျား/မ (၅) ဦး

(၈) အရောင်းဝန်ထမ်း ကျား/မ (၅) ဦး

(၉) Size Engineer ကျား/မ (၃) ဦး

အမှတ် ၁၈၇၊ ၃၄ လမ်း

**ဖုန်း - ၂၄၃၈၁၉၊ ၀၉၄၄၈၅၄၂၀၁၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Security (၂) ဦး

Driver (၂) ဦး

**ဖုန်း-၃၈၆၆၅၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Sakura Residence

Receptionist Supervisor (2) M/F

Receptionist (2) M/F

Waiter/ Waitress (3) M/F

Driver (2) M

Cook (1) M

Housekeeping (2) M/F

Accountant (1) F

IT Technician (1) M

Security (2) M/F

အမှတ် (၉)၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်။ **ဖုန်း - ၀၁-၅၂၅၀၀၁**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1. Chinese Translator (60) M
2. Chinese Myanmar English Translator (10) M/F
3. Admin Officer (5) F
4. Vehicle Supervise Staff (2) M
5. Accountant (3) M
6. Burma Cook (2) M

E-mail - rita235163@gmail.com

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

Channel Digital Inkjet Printing & Advertising

1.Photoshop (M)

2. Counter (F)

3. Marketing (F/M)

အမှတ်စဉ် (၁) ပဲခူးတွင်နေထိုင်သူ၊ အဆောင်စီစဉ်ပေးမည်။

အမှတ်စဉ် (၂) LCCI Level II (UK) အောင်မြင်ထားသူ

အမှတ်စဉ် (၃) အတွေ့အကြုံ တစ်နှစ်ရှိရမည်။ Customer Dealing ကောင်းမွန်ရမည်။

အမှတ် (၂၂)၊ ဦးဝိဇ္ဇာလမ်း၊ ရွှေဘုန်းပွင့်ဘုရားအနီး၊ ပုဇွန်တောင်မြို့နယ်။

**ဖုန်း - ၃၉၆၁၁၆၊ ၃၉၆၂၃၅**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

နဂါးပျံလက်ဖက်ခြောက်လုပ်ငန်း

လုံခြုံရေး ကျား (၃) ဦး

(အခြေခံပညာအလယ်တန်းအဆင့်၊ ၄၅ နှစ်အောက်၊ အရပ်အမြင့် ၅ ပေ ၄ လက်မ၊ စစ်မှုထမ်းဟောင်းဦးစားပေးမည်)

**အမှတ် (၄၂)၊ ရွှေသရဖီရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်။ (ရေကြောင်းသိပ္ပံအနီး)**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

English Teacher (5) F

Physics Teacher (5) F

History Teacher (5) F

Chemistry Teacher (5) F

Science Teacher (5) F

Biology Teacher (5) F

Myanmar Teacher (5) F

Maths Teacher (5) F

Accounting Teacher (5) F

No.5, Mahar Myint Moh St, U Chit Maung Lansone, Bahan.

**Ph: 01-400769, 09420098274**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဇာမဏီမိုဘိုင်း

Mutimedia ကျွမ်းကျင် (၂) ဦး

အရောင်းကျွမ်းကျင် (၂) ဦး

စာရင်းကိုင် (၂) ဦး

အမှတ် (၄၀) အင်စိန်လမ်း၊ ကမာရွတ်မြို့နယ်။ **ဖုန်း - ၀၉၇၃၀၅၄၉၈**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

ဆိပ်ကမ်းစားသောက်ဆိုင်

Cashier မ (၃) ဦး

Waiter (၅) ဦး

ဂိတ်ကြေးကောက်ဝန်ထမ်း ကျား (၅) ဦး

ညစောင့် ကျား (၁) ဦး

(အသက် ၄၀နှစ်မှ ၅၀နှစ်အတွင်း)

အမှတ် (၆၄၇)၊ ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဖုန်း - ၀၉-၅၀၉၃၈၇၀**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

1.Marketing Supervisor မ(၁)ဦး၊ အသက် ၃၀ အောက်၊ ကြော်ငြာလုပ်ငန်းနှင့်ကြော်ငြာဈေးကွက်နှင့်စပ်လျဉ်းသည့် အတွေ့အကြုံရှိသူကို ဦးစားပေးမည်။ 2. Sales/Marketing Assistan 3.Administrative Assistant မ(၁)ဦး၊ အသက် (၂၇)အောက်၊ ရုံးလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

**ဖုန်း-၃၉၂၆၃၇**

--------------------------------

**ဝန်ထမ်းအလိုရှိသည်**

အဲကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ကျွမ်းကျင်စွာ ပြုပြင်နိုင်သူများ လျှောက်ထားနိုင်သည်။

အမှတ် (၁၇၈)၊ ဗဟိုလမ်း၊ ၁ ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

**ဖုန်း - ၀၉-၅၀၉၅၉၁၆**

--------------------------------

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



နာကျင်ကိုက်ခဲ၊ ရောင်ယမ်းမှုများသက်သာပျောက်ကင်းစေရန်
အကောင်းဆုံး
“ကျားဘမ်း” ပလာစတာ
WARM
COOL
TIGER BALM PLASTER
Myanmar Reg: No.1407AA1734
Myanmar Reg: No.1407AA1733
MARKETED & DISTRIBUTED BY
THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th & 79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165
TIGER BALM®
PLASTER




TERUMO® JAPAN
THUKHA DANA
Digital Blood Pressure Monitor
လက်မောင်းပတ် ဒစ်ဂျစ်တယ်
သွေးပေါင်ချိန်တိုင်း ကိရိယာ
ES*P311
၃ နှစ် အာမခံ
TERUMO ACTIVITY MONITOR
Check Total Calorie Consumption to Control Meals & Exercise
နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအခြေအနေနှင့် ကယ်လိုရီ သုံးစွဲမှု ပမာဏကို တိုင်းတာဖော်ပြပေးမည့် ကိရိယာ
Lightweight 22 grams
MEDISAFE™ MINI
Blood Glucose Reader
သွေးချိုတိုင်း ကိရိယာ
၃ နှစ် အာမခံ
ခန္ဓာကိုယ်အပူချိန်ကို နားမှတစ်ဆင့်
တိကျလျင်မြန်စွာ တစ်စက္ကန့်အတွင်း တိုင်းတာနိုင်သည်
TERUMO Ear Thermometer
EM-30CP LB/R
၂ နှစ် အာမခံ
Just 1 second
MARKETED & DISTRIBUTED BY THUKHA DANA CO., LTD.
1. Head Office : No.84, 12th Street, Lanmadaw Township, Yangon. Tel : 01-215151, 215252, 215454, 2301250, 2301260
2. Mandalay : No.141, 34th Street, Between 78th & 79th Street, Chanayetharzan Township, Mandalay. Tel : 02-69377, 69388, 69363
3. Mawlamyaing : No.(381-A), Lower Main Road, Mayangone Quarter, Mawlamyaing. Tel : 057 - 23207, 09 - 8702954
4. Taunggyi : No.273, Zawtika Street, Thit Taw Quarter, Taunggyi. Tel : 081-22503
5. Pathein : No.12 (A), Mahabandoola Street, Pathein. Tel : 042 - 22889
6. Pyay : No.1/2, Kan Street, In front of Tun Thiri Cinema, Pyay. Tel : 053 - 25139
7. Myitkyina : No.B/2, Nawarat Constructional Building, Sumparabum Street, Myitkyina. Tel : 074 - 21299
8. Myeik : No.92 (B), Bogyoke Street, Seitngae Block, Myeik. Tel : 059 - 41468
9. Lashio : No.69, Theinni Street, Quarter-2, Lashio. Tel : 082 - 22005
10. Pyinmana : No.6/3, Bogyoke Street, Mingalar Quarter, Pyinmana. Tel : 067-21110
11. Taunggoo : No.2/307, Bo Hmu Phoe Kum Street, In front of Kan Taw Gyi, Taunggoo. Tel : 054-25678
12. Magway : No.44, Myo Ma 6th Street, Myo Ma Oh Bo Quarter, Magway. Tel : 063-26165

## မြန်မာကျောင်းသားများကို ကင်းဘရစ်ချ်တက္ကသိုလ် ပညာသင်ဆုပေးရန် စီစဉ်



**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၅**

ဗြိတိန်နိုင်ငံရှိ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိ ကင်းဘရစ်ချ်တက္ကသိုလ်သည် လာမည့်နှစ်မှစ၍ မြန်မာကျောင်းသားများကို ပညာသင်ဆုပေးအပ်ရန် စီစဉ်နေကြောင်း ဗြိတိသျှသံရုံးမှ သတင်းရရှိသည်။

လာမည့် ပညာသင်နှစ်မှစတင်၍ မြန်မာကျောင်းသားများ မဟာဘွဲ့သင်တန်းတက်ရောက်နိုင်ရန် ပညာသင်ဆုရွေးချယ်ပေးအပ်ရန်စီစဉ်နေခြင်းဖြစ်ပြီး ကျောင်းသားနှစ်ဦးကို စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

“ကင်းဘရစ်ချ်တက္ကသိုလ်ကနေ မြန်မာကျောင်းသားနှစ်ဦးကို ပညာသင်ဆုပေးဖို့ သဘောတူထားတာရှိပါတယ်။ မြန်မာကျောင်းသားတွေအတွက် အခွင့်အလမ်းကောင်းတစ်ခုပါပဲ” ဟု ဗြိတိသျှသံရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ပညာသင်ဆုအတွက် ခေါင်းဆောင်မှုစွမ်းရည်ရှိသူများကို ရွေးချယ်သွားမည်ဖြစ်ပြီး ကင်းဘရစ်ချ်တက္ကသိုလ်တွင် တစ်နှစ်ကြာမြင့်သည့် မဟာဘွဲ့သင်တန်းကို တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးအပြောင်းအလဲ ဖြစ်ပေါ်ခဲ့ပြီးနောက် ပြည်ပနိုင်ငံအစိုးရနှင့် ပညာရေးအဖွဲ့အစည်းများက မြန်မာကျောင်းသားများအား ပညာသင်ဆု အစီအစဉ်များ ဆောင်ရွက်ပေးရန် စိတ်ဝင်စားမှု မြင့်တက်နေသည်။ သို့သော် နိုင်ငံတကာတက္ကသိုလ်များတွင် ပညာသင်ဆုဖြင့် ပညာရပ်များလေ့လာသင်ယူနေသော မြန်မာကျောင်းသားအရေအတွက်သည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အဆပေါင်းများစွာ နည်းပါးနေသေးကြောင်း ပညာသင်ဆုဖြင့် ပြည်ပတက္ကသိုလ်များတွင် သွားရောက်ပညာဆည်းပူးခဲ့သူများက ဆိုသည်။

## အဋ္ဌမတန်း နှစ်ကြိမ်ကျ ကျောင်းသားများကို တတိယနှစ် သင်ကြားပေးမည်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၂**

အဋ္ဌမတန်း နှစ်ကြိမ်ကျရှုံးသော ကျောင်းသားများ ပညာသင်နှစ်လုံးပေါက်ကြိုးစားသင်ယူရေးအတွက် မိဘအုပ်ထိန်းသူများက ဝန်ခံကတိပြုနိုင်သူအား အဋ္ဌမတန်း၏ တတိယနှစ်ကျောင်းသားအဖြစ် လက်ခံသင်ကြားပေးမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအေးကြူက ပြောသည်။

ကချင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်-၅ မှ ဦးစိုင်းတင်အောင်၏ အဋ္ဌမတန်းတွင် နှစ်နှစ်ဖြေဆို၍ မအောင်မြင်သော ကျောင်းသားများကိုကျောင်းတွင်းစစ်(ပြင်ပဖြေ)စာမေးပွဲဖြေဆိုခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဩဂုတ် ၃၀ ရက်တွင် ကျင်းပသော အမျိုးသားလွှတ်တော်၌ ပြန်လည် ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

ဒုတိယဝန်ကြီးပြန်လည်ဖြေကြားရာတွင် တတိယနှစ်ကျောင်းသားအဖြစ် လက်ခံသင်ကြားမည်ဟု ပြောဆိုထားသော်လည်း ပြင်ပဖြေအဖြစ် လက်ခံမှု ရှိ၊ မရှိကို ရှင်းရှင်းလင်းလင်း ဖော်ပြထားခြင်းမရှိပေ။

ဒုတိယဝန်ကြီး ဖြေကြားချက်နှင့်ပတ်သက်၍ ဝါရင့်ပညာရေးဝန်ထမ်းတစ်ဦးက “အရင်တုန်းက ရှစ်တန်းတွေ နှစ်နှစ်ဖြေလို့ ကျသွားရင် ကျောင်းဆက်တက်ခွင့်မရှိဘူး။ အပြင်ရောက်သွားရော။ ဒီကလေးတွေက ရှစ်တန်းနဲ့ ပြီးသွားရောပေ့ါ။ အဲဒါကို ပြင်ပဖြေခွင့်ပေးလိုက်ရင် ကိုးတန်းတက်ခွင့်ရသွားမှာပေ့ါ” ဟု သုံးသပ်သည်။

လက်ရှိချိန်တွင် ပညာရေးဝန်ကြီးဌာန၏ မူဝါဒအရ ရှစ်တန်းအထိ အအောင်ပေးသော စနစ်ကို ကျင့်သုံးလျက်ရှိပြီး ရှစ်တန်းနှစ်ကြိမ်ကျရှုံးသော ကျောင်းသားများထက် ရှစ်တန်းပညာသင်ယူပြီးဆုံးသော ကျောင်းသားများကို ပြင်ပဖြေစနစ်ဖြင့် စာမေးပွဲဖြေဆိုခွင့်ပြုသင့်ကြောင်း ၎င်းကဆိုသည်။

“ပညာရေးမှာ ရှစ်တန်းထိ ကျရှုံးမှုမရှိတော့ဘူး။ အားလုံးအောင်ရမယ်ဆိုတဲ့ တတ်အောင်သင်၊ အောင်အောင်စစ်မှုတွေ ချထားတော့ ရှစ်တန်းပြင်ပဖြေသတ်မှတ်တဲ့ သဘောက နှစ်နှစ်ကျတယ်ဆိုတာ မဟုတ်တော့ဘူး။ ကျောင်းမတက်နိုင်ဘဲပြင်ပရောက်နေတဲ့ကလေးတွေကို ရှစ်တန်းပြင်ပ ဖြေခွင့်ပေးရမယ်။ သဘောကရှစ်တန်းကို ကလေးတွေရောက်လာပေမယ့်နေ့ခင်းကျောင်းမတက်နိုင်ဘဲ မိဘစားဝတ်နေရေး ကူညီရတယ်။ ကျောင်းနဲ့ ကင်းကွာသွားတဲ့ကလေးတွေက ကိုးတန်းကိုပြန်ရောက်ချင်ရင် ရှစ်တန်းကိုကျောင်းတက်မှ ဖြေရတာ၊ မတက်နိုင်တော့ ပြင်ပဖြေဆိုခွင့်ပြုသင့်တာပေ့ါ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပညာရေးဝန်ကြီးဌာနသည် နဝမတန်းတွင် အနည်းဆုံးတစ်နှစ် ကျရှုံးသော ကျောင်းသားသို့မဟုတ် အကြောင်းအမျိုးမျိုးကြောင့် ဖြေဆိုရန် ပျက်ကွက်သော ကျောင်းသားများကို ကျောင်းတွင်းစစ်(ပြင်ပဖြေ) စာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ပြုရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ယခင်ပညာသင်နှစ်၌ အဋ္ဌမတန်းမှ နဝမတန်းသို့ ကူးပြောင်းတက်ရောက်မှုတွင် ကျောင်းသားဦးရေ ကိုးသောင်းနီးပါး လျော့ကျသွားခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

**ပညာရေးသတင်းတိုများ**

### ချူလာလောင်ကွမ်တက္ကသိုလ် မဟာဝိဇ္ဇာဘွဲ့သင်တန်း ပညာသင်ဆုလျှောက်ထားနိုင်

**ရန်ကုန်၊ စက်တင်ဘာ-၇**

ထိုင်းနိုင်ငံရှိ ချူလာလောင်ကွမ် တက္ကသိုလ်တွင် မဟာဝိဇ္ဇာဘွဲ့(MA)သင်တန်းတက်ရောက်ရန်စက်တင်ဘာ၁၄ ရက်နောက်ဆုံးထား၍ ပညာသင်ဆုလျှောက်ထားနိုင်မည်ဖြစ်သည်။ သက်ဆိုင်ရာဘာသာရပ်နယ်ပယ်များတွင် အကယ်ဒမစ်မှတ်တမ်းကောင်းမွန်စွာဖြင့် ဒီဂရီဘွဲ့ရရှိထားသော ကျောင်းသားများ ပညာသင်ဆု လျှောက်ထားနိုင်ပြီး www. seachula.com တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

### ပညာသင်ဆုအခွင့်အလမ်းရရှိမည့် ကိုရီးယားစကားပြောပြိုင်ပွဲ ယှဉ်ပြိုင်နိုင်

**ရန်ကုန်၊ ဩဂုတ်-၃၁**

ကိုရီးယားနိုင်ငံသို့ သွားရောက်ပညာသင်ယူခွင့်ရရှိနိုင်မည့် ကိုရီးယားစကားပြောပြိုင်ပွဲကို နိုဝင်ဘာလ ၁၄ရက်တွင် ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ကြောင်း ကိုရီးယားသံရုံးမှ သတင်းထုတ်ပြန်သည်။ ကိုရီးယားဘာသာစကားကျွမ်းကျင်မှု(TOPIK)စာမေးပွဲ အဆင့်၄နှင့်အထက်ရှိထားသူများ စက်တင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ ကိုရီးယားသံရုံးသို့ လျှောက်လွှာပေးပို့ ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

### ဩစတြေးလျနိုင်ငံတွင် အင်္ဂလိပ်စာ အခမဲ့သင်ယူနိုင်မည့် အခွင့်အလမ်း

**ရန်ကုန်၊ စက်တင်ဘာ-၁**

ဩစတြေးလျနိုင်ငံရှိNavitas English မှ နိုင်ငံတကာ ကျောင်းသားများအတွက် အင်္ဂလိပ်စာသင်ယူနိုင်မည့် ပြိုင်ပွဲအစီအစဉ်ကို နိုဝင်ဘာလ ၄ ရက်အထိ ယှဉ်ပြိုင်နိုင်ကြောင်း Crown ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှသိရသည်။ အင်္ဂလိပ်စာလေ့လာသင်ယူခြင်းဖြင့် မိမိအနာဂတ်ကို မည်သို့ပြင်ဆင်ထားသည်ဆိုသော ခေါင်းစဉ်ဖြင့် ဗီဒီယိုဖိုင်တစ်မိနစ်စာ ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ပြီး www.navitasenglish.com တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်သည်။

## ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၆**

ဆေးတက္ကသိုလ်များတွင် ကျောင်းဝင်ခွင့်ရရှိနိုင်သော်လည်း ကျောင်းစရိတ်အခက်အခဲကြုံတွေ့နေသော ကျောင်းသားရှစ်ဦးကို ရွေးချယ်၍ ရာဇာလင်းတက္ကသိုလ် ပညာသင်ဆုပေးအပ်ချီးမြှင့်မည် ဖြစ်ကြောင်း အဆိုပါပညာသင်ဆု ပေးအပ်နေသည့် စီးပွားရေးလုပ်ငန်းရှင် ဦးအေးကျော်ကပြောသည်။

“မနှစ်ကထိတော့ ပညာသင်ဆုပေးနေတာ ကျောင်းသား ၃၅ ဦးရှိနေပါတယ်။ ဒုတိယနှစ်ကျတဲ့ ကျောင်းသားရှိတယ်။ တစ်နှစ်ကျရင်တော့ အဲဒီကျတဲ့နှစ်မှာ ပညာသင်ဆုမပေးပါဘူး။ စာမေးပွဲ အောင်သွားရင်တော့ ဆက်ပေးပါတယ်” ဟု ဦးအေးကျော်ကပြောသည်။

ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့ရှိ ဆေးတက္ကသိုလ်(၁)၊ ဆေးတက္ကသိုလ်(၂)၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်များတွင် ပညာသင်ယူခွင့်ရရှိပြီး ကျောင်းစရိတ်အခက်ကြုံနေသော ကျောင်းသားများအတွက် ပထမနှစ်မှ ဘွဲ့ရရှိသည်အထိ လစဉ်ကျပ်ငါးသောင်း ထောက်ပံ့ကူညီနေခြင်း ဖြစ်သည်။

ပညာသင်ဆုလျှောက်ထားလိုသော ကျောင်းသားများအနေဖြင့် ကိုယ်ရေးရာဇဝင်၊ ပညာသင်ဆုလျှောက်ထားရခြင်း ကျိုးကြောင်း ပြည့်စုံစွာ ဖော်ပြထားသည့် ကိုယ်တိုင်ရေးလျှောက်လွှာ၊ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ အမှတ်စာရင်း မိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ကျောင်းမှကျောင်းအုပ်ကြီးထောက်ခံချက်၊ မိမိနှင့် မိဘနှစ်ဦး ၏ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲစခန်းထောက်ခံချက်များ၊ ဆက်သွယ်ရန်လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ပြည့်စုံစွာဖော်ပြ၍ အမှတ်-၅၀၊ ကန်ရိပ်သာ ၃လမ်း၊ Finger Lake F.M.I City လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးလျှောက်ထားရမည်ဖြစ်သည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# လန်ဒန်ရှိနိုင်ငံရေးသိပ္ပံကျောင်း ပညာသင်ဆုရသူနှင့် တွေ့ဆုံခြင်း



**နေလင်းထွန်း**

ဗြိတိသျှအစိုးရက မြန်မာကျောင်းသားသုံးဦးနှင့်ကျောင်းသူနှစ်ဦးကို ယခုနှစ် Chevening ပညာသင်ဆုဖြင့် ဗြိတိန်နိုင်ငံရှိ တက္ကသိုလ်များတွင်မဟာဘွဲ့သင်တန်း တက်ရောက်ရန် ရွေးချယ်ခဲ့သည်။ မြန်မာနိုင်ငံရှိ တက္ကသိုလ်များ၌သင်ယူခွင့်မရနိုင်သော Political Theory (နိုင်ငံရေးသီအိုရီ)ဘာသာရပ်ကို နာမည်ကြီးနိုင်ငံရေးသိပ္ပံကျောင်းတစ်ခုဖြစ်သော London School of Economics and Political Science တွင် သွားရောက် လေ့လာခွင့်ရရှိခဲ့သော ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်း ကိုမြတ်သူနှင့် တွေ့ဆုံမေးမြန်းထားသည်ကို ကောက်နုတ်ဖော်ပြလိုက်သည်။

**ပညာရေးနောက်ခံနဲ့ပညာသင်ဆုလျှောက်ဖြစ်ခဲ့ပုံကို သိလိုပါတယ်။**

၁၉၇၆ မှာပဲခူးမှာမွေးတယ်။ အ. ထ. က ၃ ပဲခူးကနေ ဆယ်တန်းကို ဂုဏ်ထူးငါးခုနဲ့ အောင်တယ်။ ရန်ကုန်စက်မှုတက္ကသိုလ်ကို ၁၉၉၅ မှာ တက်ခွင့်ရတယ်။ ကျောင်းသားဆန္ဒပြမှုလုပ်တဲ့အခါ သုံးနှစ်ထောင်ကျတယ်။ ၂၀၀၄မှာ B.E(Civil) နဲ့ ဘွဲ့ရတယ်။ ဘွဲ့ရပြီးတော့ အင်ဂျင်နီယာအလုပ်လည်း လုပ်တယ်၊ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့နဲ့ ပေါင်းပြီးတော့ နိုင်ငံရေးလည်း လုပ်တယ်။ ၂၀၀၈ မှာ ထောင်သုံးနှစ် ထပ်ကျတယ်။ ၂၀၁၁ မေမှာပြန်ထွက်လာတယ်။ ထွက်လာပြီးတော့ နိုင်ငံရေးလှုပ်ရှားမှုတွေဆက်လုပ်တယ်။ ကိုမင်းကိုနိုင်တို့ ပြန်ထွက်လာတဲ့အချိန်မှာ Chevening ပညာသင်ဆုကို သွားလျှောက်ဖြစ်ပါတယ်။ တိုင်းပြည်ပြန်လည်တည်ဆောက်ရမယ့် အချိန်ဆိုတော့ ပညာရေးက အရေးကြီးတယ်လို့ ယူဆတဲ့အတွက် ဗြိတိသျှအစိုးရက ပေးတဲ့ ပညာသင်ဆုကို လျှောက်တာပါ။

**ဘာကြောင့် နိုင်ငံရေးသီအိုရီဘာသာရပ်ကို လေ့လာသင်ယူဖို့ လျှောက်ထားခဲ့တာပါလဲ။**

ဒါကတော့ ကိုယ်ဖြတ်သန်းခဲ့တဲ့ဘဝနဲ့ တိုင်းပြည်အပေါ်မှာ ကိုယ်က ဘယ်တာဝန်ယူမယ်ဆိုတဲ့ လမ်းကြောင်းပေါ် မူတည်ပြီး ကျောင်းလျှောက်ကြတာဆိုတော့ ကိုယ်ကနိုင်ငံရေးနောက်ခံရှိထားတော့ နိုင်ငံရေးသီအိုရီဆိုတာကို လျှောက်ဖြစ်ပါတယ်။ ကျွန်တော့်ရည်ရွယ်ချက်က တိုင်းပြည်မှာ အခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ အပြောင်းအလဲတွေ လုပ်ရမယ်။ နိုင်ငံရေးစနစ် အပြောင်းအလဲက အခုလည်း လုပ်နေတာပဲလေ။ ဒါတွေ လုပ်နေတဲ့အချိန်မှာ တကယ်အခြေခံကျတဲ့ နိုင်ငံရေးသဘောတရားတွေ၊ နိုင်ငံရေးဒဿနအခြေခံတွေ ကျွမ်းကျင်တဲ့အခါမှာ တိုင်းပြည်ကို အန္တရာယ်မဖြစ်အောင် တစ်ထောင့်တစ်နေရာက ထိန်းကျောင်းပေးနိုင်ဖို့ ရည်ရွယ်ချက်နဲ့ ဒီဘွဲ့ကို လျှောက်ဖြစ်တာပါ။

**ကျောင်းလျှောက်တဲ့အခါမှာ ဘယ်လိုအခက်အခဲ ကြုံတွေ့ရတာရှိပါလဲ။**

ကြုံတွေ့ရတဲ့ ပြဿနာ ဘာတစ်ခုရှိလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံရေးသိပ္ပံသင်တန်းမရှိဘူး။ အဲ့ဒီတော့ ကျွန်တော်ဆိုရင် အခြေခံဘွဲ့က အင်ဂျင်နီယာဖြစ်တော့ သွားတက်ရမယ့် ဘာသာရပ်နဲ့ ဘာမှမဆိုင်ဘူး။ ကျောင်းလျှောက်ရတာ နည်းနည်းအခက်အခဲရှိတယ်။ ဒါပေမဲ့ကျွန်တော်က ကိုယ့်အတွေ့အကြုံကို အဓိကထားပြီးမှ ကျောင်းဝင်ခွင့်တောင်းတာပေါ့နော်။ မြန်မာကျောင်းသားတွေအနေနဲ့ နိုင်ငံရေးသိပ္ပံသင်ချင်ရင်တော့ ဒီပြဿနာကြုံရမှာပဲ။ ဒါပေမဲ့ ကိုယ့်ရဲ့စိတ်ဝင်စားမှုကို အတိုင်းအတာတစ်ခုထိပြနိုင်ရင် ကျောင်းတွေက တချို့စည်းမျဉ်းတွေကိုပယ်ဖျက်ပေးတယ်။

**နိုင်ငံခြားတက္ကသိုလ်တွေမှာ မဟာဘွဲ့သင်တန်းအတွက် ပညာသင်ဆုရရှိဖို့ အဓိကလိုအပ်ချက်ကို ပြောပြပေးပါ။**

အခြေခံက အင်္ဂလိပ်စာအရမ်းအရေးကြီးတယ်။ ဒီကျောင်းတက်မယ်ဆိုရင် IELTS အမှတ်တောင်းတယ်။ ကျောင်းတွေအားလုံးက မဟာဘွဲ့တက်မယ်ဆိုရင် ၆ ဒသမ ၅ တော့ အနည်းဆုံး တောင်းကြတာပဲ။ ကျောင်းကောင်းတွေဆိုရင် ၇ မှတ်ထိ တောင်းတယ်။ TOEFL အမှတ်နဲ့ဆိုရင် ၆၂၃ အနိမ့်ဆုံး လိုအပ်ချက်ရှိတယ်။ ကိုယ်လျှောက်မယ့်ကျောင်းက ဘယ်လိုလိုအပ်ချက်တွေ တောင်းလဲဆိုတာ သိဖို့လိုတယ်။ တချို့ကျောင်းတွေက IELTS စွမ်းရည် အရေး၊ အပြော၊ အဖတ်၊ အကြား လေးမျိုးမှာ တစ်မျိုးချင်းစီကို ရမှတ် ၆ ထက် နိမ့်လို့မရဘူး၊ ၆ ဒသမ ၅ ထက် နိမ့်လို့ မရဘူးဆိုတာရှိတယ်။ အဲ့ဒီလိုသိထားပြီးမှ အင်္ဂလိပ်စာကို ပြင်ဆင်တာ ကောင်းပါတယ်။ မဟာဘွဲ့သင်တန်းတက်မယ်ဆိုရင် ဘာသာရပ် ပျမ်းမျှရမှတ်(Grade Point Average) က အမြင့်ဆုံး ၄ပေးတဲ့ကျောင်းတွေမှာ ၃ ဒသမ ၅ အနိမ့်ဆုံးလိုတယ် (ဒီဂရီဘွဲ့တက်ရောက်စဉ်) နောက်ဆုံးနှစ် GPA က အရေးကြီးသလို ပထမနှစ်ကနေ နောက်ဆုံးနှစ်ထိ အားလုံးပေါင်းထားတဲ့ GPA ကလည်း အရေးကြီးတယ်။

**ကိုယ်ရထားတဲ့ ဒီဂရီဘွဲ့ ဘာသာရပ်နဲ့ သွားတက်မယ့် မဟာဘွဲ့ ဘာသာရပ် ကွဲပြားမှုရှိနေရင်လည်း GPAရလဒ်က အရေးပါနေတာပဲလား။**

ဒါက ပညာရပ်အရ ဆက်စပ်မှုမရှိပေမယ့် ဘာကို ကြည့်လဲဆိုရင် အကယ်ဒမစ်ဆိုင်ရာ စွမ်းဆောင်ရည်၊ ပညာရပ်တွေအပေါ်မှာ စွမ်းဆောင်နိုင်စွမ်း ဘယ်လောက်ရှိလဲ ဆိုတာပေါ့။ အင်ဂျင်နီယာဘာသာရပ်ပဲ သင်သင်၊ ဘာပဲ သင်ခဲ့သင်ခဲ့ ပညာရပ်တွေ လေ့လာတဲ့အခါမှာ စွမ်းဆောင်ရည် ဘယ်လောက်ရှိလဲဆိုတာ ကြည့်တာပါ။ တကယ်လို့ မြန်မာကျောင်းသားတွေ နိုင်ငံခြားမှာ မဟာဘွဲ့သွားသင်ဖို့ရည်မှန်းချက်ရှိကြတယ်ဆိုရင် ပထမနှစ်မှာလည်း ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ အမြဲတမ်း ကိုယ့်ရဲ့ရမှတ်တွေကို မြင့်အောင် လုပ်ထားဖို့ အရေးကြီးတယ်။ အဓိကကတော့ အင်္ဂလိပ်စာနဲ့ GPA မှတ်တမ်းပဲ။ ကိုယ့်ရဲ့ ပညာရေးမှတ်တမ်း နိမ့်သွားရင် ကျောင်းတွေက မစဉ်းစားတော့ဘူး။ အဲ့ဒါဆိုရင် Recommendation (ထောက်ခံချက်) အရမ်းကောင်းမှရမယ်။

**ကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ နိုင်ငံရေးသိပ္ပံကျောင်းမှာ ပညာသင်ယူခွင့်ရမယ်ဆိုတော့ ဘယ်လိုစိန်ခေါ်မှုမျိုး မျှော်လင့်ထားပါသလဲ။**

ကျောင်းကောင်းနေလို့ရှိရင် သူရဲ့ Assignment တွေ၊ Thesis တွေက တကယ့်အကြီးမားဆုံး စိန်ခေါ်မှုတွေပေါ့။ LSE ဆိုရင် စာကတစ်ပတ်တစ်ပတ်ကိုထောင်နဲ့ချီ ဖတ်ရတယ်လို့ကြားတယ်။ အဲ့ဒါတွေကို ပြီးအောင် ဖတ်ဖို့ အချိန်မီ Assignment တင်နိုင်ဖို့က စိန်ခေါ်မှုပါ။ နောက်တစ်ခုက Chenening နဲ့ပတ်သက်ပြီး မသွားခင်မှာ ယူကေကနေ အချက်အလက်တချို့လာပြောတဲ့ တစ်ယောက်ရှိတယ်။ သူက ဘာပြောလဲဆိုတော့ သူတို့ဆီမှာ မြန်မာကျောင်းသားတွေလိုတစ်ယောက်နဲ့တစ်ယောက် နွေးနွေးထွေးထွေးနဲ့ ဆွေးနွေးတိုင်ပင်တာမရှိဘူး၊ အရမ်း Independent (ကိုယ့်အားကိုယ်ကိုး) ဖြစ်တယ်တဲ့။ စာတွေ လေ့လာတဲ့အခါမှာ ကိုယ့်အားကိုယ်ကိုးရမယ်။ တခြားသူတွေဆီက ပြန်မေးတာမျိုးက သူတို့ကျောင်းတွေမှာ သိပ်မရှိဘူး။ အဲ့ဒါတွေကတော့ စိန်ခေါ်မှုတွေပေါ့။

**အချိန်ပေး ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**





စားပွဲ နေရာအဆင်ပြေမှုရှိစေရန်
ဆိုင်ခွဲများရှိ အဲယားကွန်းသီးသန့်ခန်းများတွင်
သုံးဆောင်လိုပါက ကြိုတင်မှာကြားပေးပါရန်
မေတ္တာရပ်ခံအပ်ပါသည်။

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်
ချိုင့်ဆွဲပို့ဆောင်ရေး

ပါရမီဆိုင်ခွဲ - (၄၂/အေ)၊ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့် (ပါရမီဂုံးကျော်တံတားကြီးအနီး)၊ ရန်ကုန်။
ဂန္ဓမာဆိုင်ခွဲ - Gandamar Whole Sale တောင်ဥက္ကလာဂေါက်ကွင်းအနီး၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ ရန်ကုန်။ : 73000707, 73006422
ပြည်လမ်းဆိုင်ခွဲ - အမှတ် (၆၁၇/အေ)၊ ၅-မိုင်ခွဲ၊ ကမ္ဘောဇဘဏ်ဘေး၊ သုခကမ္ဘာဆေးရုံအဝင်လမ်း၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ : 5159084 , 43136669

**TRADEMARK CAUTION**

SAFETY SHOES COMPANY LIMITED, a Company incorporated in Thailand at 199/8 Village no. 3, Panthong-Banbueng Road, Banbueng Sub-district, Banbueng District, Chonburi Province, Thailand is the Owner and Sole Proprietor of the following Trademark:-

PANGOLIN

Reg: 4/9289/2012

In respect of : Int'l class 9: " Safety apparatus (for the prevention of accident or injury); mechanical safety instruments; life saving apparatus and equipment; protective clothing; safety shoes; safety footwear for protection against accident or injury; protective spectacles; eyeglasses; safety goggles; safety gloves for protection against accident or injury; safety life belts; safety helmets; protective masks; respiratory masks, other than for artifical respiration; safety face shields for use in industry; protective shields for welding operatives; visors for the protection of welders; filters for respiratory masks."

Int'l class 10: " Face masks for medical use; supports for the back; support belts; ear picks; hearing protectors; ear protectors; ear plugs (ear protection devices); gloves for medical purposes."

Int'l class 25: " Shoes; sport shoes; boots; soles for footwear; shoes soles; outer clothing; hats; ear muffs(clothing); gloves (clothing); hoods(clothing)."

Int'l class 35: " Distribution of safety apparatuses and devices for the prevention of accident or injury."

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 13.Sept.2012

# Technology

7 DAY NEWS JOURNAL

Vol.11, No.27 • SEPTEMBER 13 , 2012


## စမတ်ဖုန်းများကို ဆိုက်ဘာတိုက်ခိုက်မှုများလာ

**ဆန်ဖရန်စစ္စကို၊ စက်တင်ဘာ-၈**

ဆိုင်ဘာလူဆိုးများသည် စမတ်ဖုန်းများကို တစ်နေ့တခြား ပို၍ ပစ်မှတ်ထားလာကြောင်း ၎င်းတို့၏ သားကောင်များက အင်တာနက်ချိတ်ဆက်ထားသော မိုဘိုင်းပစ္စည်းများ အသုံးပြုလာသည်နှင့် အမျှ ၎င်းတို့တိုက်ခိုက်မှုပုံစံလည်း ပြောင်းလာကြောင်း အင်တာနက်လုံခြုံရေးကုမ္ပဏီများက ပြောကြားသည်။

ယမန်နှစ်အတွင်း မိုဘိုင်းပစ္စည်းများနှင့် လူမှုရေးကွန်ရက်များတွင် တိုက်ခိုက်မှုများပြားလာခြင်းကြောင့် ကမ္ဘာတစ်ဝန်း သုံးစွဲသူများအပေါ် ကန်ဒေါ်လာ ၁၁၀ ဘီလီယံကုန်ကျစေခဲ့ကြောင်း Norton ၏ ဆိုက်ဘာ ပြစ်မှုအစီရင်ခံစာက ဖော်ပြသည်။

'Toll Fraud 'ဟု ခေါ်ဆိုသော ဗိုင်းရပ်စ်ကို အသုံးပြု၍ စမတ်ဖုန်းသုံးစွဲသူများထံမှ ခိုးယူသွားသော ငွေပမာဏမှာဒေါ်လာ သန်းနှင့်ချီကြောင်း Lookout Mobile Security က ခန့်မှန်းသည်။ ယင်းဗိုင်းရပ်စ်ကို အကာအကွယ်ယူ၍ အသုံးပြုသူများ၏ တယ်လီဖုန်း ဝန်ဆောင်မှုဘီလ်များထဲ ငွေကြေးများပေါင်းထည့်ခြင်းဖြစ်သည်။ သို့သော် ယင်းငွေများမှာ ဗိုင်းရပ်စ် ဖန်တီးသူလက်ထဲရောက်သွားသည်ဟု ဆိုသည်။



ဓာတ်ပုံ - AFP

သုံးစွဲသူ ၂၅ သန်းရှိသော Lookout ကုမ္ပဏီက ပြောကြားရာတွင် Tool Fraud ဗိုင်းရပ်စ်ကိုက်ခြင်းမှာ ၂၉ ရာခိုင်နှုန်းမှ ၆၂ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း သိရသည်။

ဗိုင်းရပ်စ်ကိုက်ခြင်း အဓိကအကြောင်းရင်းမှာ Apple နှင့် Google ကဲ့သို့ စိတ်ချယုံကြည်ရသူထံမှမဟုတ်သော အခြားအွန်လိုင်းဈေးဆိုင်များမှ App များ ရယူခြင်းကြောင့် ဖြစ်သည်ဟု Lookout က ပြောကြားသည်။

—*Ref: AFP*

## EVDO အင်တာနက်ဝန်ဆောင်မှုများ အချို့နေရာများတွင် ပြတ်တောက်

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ - ၈**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်မိုဘိုင်းဖုန်းစနစ်ဖြစ်သော EVDO အင်တာနက်ဝန်ဆောင်မှုများ ယခုရက်ပိုင်းအတွင်း အချို့သောနေရာများ၌ ပြတ်တောက်မှုများဖြစ်ပေါ်နေသဖြင့် သုံးစွဲသူများအခက်တွေ့နေကြောင်း စုံစမ်းသိရှိရသည်။

စီဒီအမ်အေမိုဘိုင်းဖုန်းများပေါ်တွင် အသုံးပြုနိုင်သည့် အဆိုပါEVDO စနစ်သည် 3G Services မပွင့်သည့်ပြဿနာကြောင့် ယခုကဲ့သို့ ယင်းပေါ်တွင်မှီခိုပြီး အင်တာနက်အသုံးပြုသူအချို့ အဆင်မပြေ ဖြစ်နေရခြင်းဖြစ်ကြောင်း ၎င်းတို့ထံမှသိရသည်။

မြန်မာ့ဆက်သွယ်ရေး၏ မိုဘိုင်းဌာနမှ အကြီးတန်းတာဝန်ရှိသူတစ်ဦးကမူ ၎င်းတို့ဘက်မှ စက်ပိုင်းဆိုင်ရာ ပြုပြင်မှုများပြုလုပ်နေခြင်းကြောင့်မဟုတ်ကြောင်းနှင့် လိုင်းဆွဲအားများသည့်နေရာများတွင် ထိုကဲ့သို့ပြတ်တောက်ခြင်းဖြစ်ကြောင်းနှင့် ယင်းအတွက် အချိန်ခေတ္တမျှ စောင့်ဆိုင်းစေလိုပါကြောင်း ဖြေကြားခဲ့သည်။

ထိုကဲ့သို့ မြန်မာ့ဆက်သွယ်ရေး၏ အင်တာနက်ဝန်ဆောင်မှုပိုင်း ချို့ယွင်းချက်ဖြစ်ပေါ်လာခြင်းနှင့်ပတ်သက်ပြီး တိုင်ကြားရန်ဌာနအသီးသီးမှ တာဝန်ရှိသူများကလည်း မည်သည့်အတွက် ကြောင့်ဖြစ်သည်ကိုမသိရှိပါကြောင်းပြောကြားကြသည်။

ထို့အတွက် စီဒီအမ်အေမိုဘိုင်းဖုန်းဖြင့် အင်တာနက်သုံးစွဲသူများအနက် အင်တာနက်ဝန်ဆောင်မှု ရက်အတန်ကြာ ပြတ်တောက်မှုအတွက် စုံစမ်းမေးမြန်းမှုများတွင်လည်း အဆင်မပြေမှုများနှင့် ကြုံတွေ့ရကြောင်း ယင်းပြဿနာကြုံတွေ့ရသူအချို့ထံမှ သိရသည်။

"သရီးဂျီမရလို့ အင်တာနက်မသုံးနိုင်တာ ဆယ်ရက်ရှိပြီ။ ဆက်သွယ်ရေးရဲ့ ကွန်ပလိန်းဌာနတွေကိုမေးတာ မသိပါဘူးလို့ ဖြေကြသလို ဖုန်းရဲ့ ဆက်တင်ကိုပဲ မှားနေသလားမေးတယ်။ တကယ်က ဖုန်းထဲက ဖြစ်တာမဟုတ်ဘဲ သူတို့ရဲ့နက်ဝါ့ခ်က ဖြစ်တာပါ။ အဓိကက ဒီမှာ ဆက်သွယ်ရေးနဲ့ပတ်သက်တဲ့ ပြဿနာတစ်ခုခုရှိလာရင် ဘယ်ကို မေးလို့မေးရမှန်းမသိတာ။ ပြဿနာကို ကိုင်တွယ်ဖြေရှင်းပြီး အဖြေထုတ်ဖြေရှင်းမယ့် တာဝန်ယူမှုမရှိတာလို့ပြောချင်တယ်။ အခုလိုဖြစ်တဲ့ ကျွန်တော့်မိတ်ဆွေတစ်ယောက်လည်း ဒီလိုပဲ။ သူကတော့ မနေ့ကမှပြန်ရသွားတယ်"ဟု မရမ်းကုန်းမြို့နယ်တွင် နေထိုင်သော စီဒီအမ်အေ ၈၀၀ ဖုန်းဖြင့် အင်တာနက်အသုံးပြုသူ အမျိုးသားတစ်ဦးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ စီဒီအမ်အေမိုဘိုင်းဌာနမှ တာဝန်ရှိသူတစ်ဦးကမူ မိုဘိုင်းသုံးစွဲသူ များပြားလာပြီး အင်တာနက်သုံးစွဲသူများလည်း ထိုနည်းလည်းကောင်းတိုးတက်လာသည့်အတွက် ယခုကဲ့သို့ လိုင်းပြတ်တောက်ခြင်းများဖြစ်ပေါ်ပြီး သုံးစွဲသူနှင့် ပေးနိုင်သည့်ဝန် မမျှတခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားသည်။

အထက်ပါသရီးဂျီစနစ်ပြတ်တောက်ခြင်းကြောင့် အင်တာနက်အသုံးမပြုနိုင်သည့် ပြဿနာကို သုံးစွဲသူများအနေဖြင့် တစ်ပတ်ကျော်ကြာ ကြုံတွေ့ခဲ့ရပြီး အချို့သောသုံးစွဲသူများမှာမူ ဆယ်ရက်ကျော်ကြာမှ သုံးစွဲခွင့်ပြန်ရကြောင်း သိရသည်။

**စာ(၂၄)သို့**





**အရောင်း၊အကြွေးနှင့်ကုန်စာရင်းထိန်းကွန်ပျူတာစနစ်**

အရောင်းအဝယ်၊အကြွေးနှင့်ကုန်ပစ္စည်းစာရင်းများကိုမျက်ခြေမပြတ်သိရှိလိုသောလုပ်ငန်းရှင်များအတွက်ကုန်ရောင်းနှင့်အကြွေးစာရင်းထိန်းကွန်ပျူတာစနစ် iLedger® ကို iNTEGRA Systems Company ၄၂-ဒီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ဗဟန်း၊ရန်ကုန်မြို့တွင်ရရှိနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းမှာ **01-703625, 09-73085653**


## iPhone 5 ကို အမြန်ဆုံး အင်တာနက်ကွန်ရက်များဖြင့် ချိတ်ဆက်နိုင်မည်

**ဆန်ဖရန် စစ္စကို၊ စက်တင်ဘာ-၈**

အက်ပဲလ်ကုမ္ပဏီမှ မကြာမီဖြန့်ချိတော့မည့် iPhone 5 များသည် ကမ္ဘာ့အမြန်ဆုံး ဆယ်လူလာကွန်ရက်ဟု ၎င်းတို့ခေါ်ဆိုထားသည့် 4G LTE ကွန်ရက်အသုံးပြုမှုကို အထောက်အပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

အက်ပဲလ်၏ နောက်ဆုံးပေါ် စမတ်ဖုန်းသည် အမေရိကန်၊ ဥရောပ၊ အာရှစသည့် ကမ္ဘာတစ်ဝန်း ကွန်ရက်များနှင့် ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်သည်။ သို့သော် LTE ကွန်ရက်ရှိသော နိုင်ငံတိုင်းတွင် အသုံးပြုနိုင်ရန်မှုမသေချာဟု ဆိုသည်။



LTE ကွန်ရက်မှာ မျိုးဆက်သစ်လှိုင်းကျယ်ကြိုးမဲ့နည်းပညာသစ်ဖြစ်ပြီး သုံးစွဲသူများအနေဖြင့် အမြန်နှုန်းမြင့်မားစွာဖြင့် အင်တာနက်အသုံးပြုခြင်း၊ ဗီဒီယိုကြည့်ခြင်း၊ တင်ခြင်း၊ ကြည့်ရှုအသုံးပြုခြင်းများ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

မိုဘိုင်းကုမ္ပဏီများဖြစ်သော T-Mobile, AT&T နှင့် Verizon တို့က အဆိုပါမြန်နှုန်းမြင့်ဝန်ဆောင်မှုများပေးသည်။ **စာ(၂၄)သို့**

# သမ္မတရုံးဝက်ဘ်ဆိုက်မှတစ်ဆင့် သမ္မတထံ တိုက်ရိုက်တိုင်ကြားနိုင်

**ယုဇနကိုကို**

**ရန်ကုန်၊ စက်တင်ဘာ - ၈**

မကြာသေးမီက အသစ်ပြန်လည်မွမ်းမံခဲ့သည့် သမ္မတရုံး၏ ဝက်ဘ်ဆိုက်စာမျက်နှာတွင် သမ္မတထံ အင်တာနက်မှတိုက်ရိုက်တိုင်ကြားနိုင်သည့်ကဏ္ဍတစ်ခု ထပ်မံဖြည့်စွက်ထားပြီး ယင်းကဏ္ဍအားအသုံးပြုကာ ပြည်သူများအနေဖြင့် သမ္မတထံသို့တိုက်ရိုက်တင်ပြနိုင်တော့မည်ဖြစ်သည်။

မြန်မာနိုင်ငံသားများအနေဖြင့် ၎င်းတို့၏ တင်ပြစရာများ၊ မကျေနပ်ချက်များ၊ တိုင်ကြားချက်များကို သမ္မတရုံး၏ ဝက်ဘ်ဆိုက်စာမျက်နှာပေါ်မှတစ်ဆင့် တိုင်ကြားနိုင်ပြီဖြစ်ကြောင်း www.pre sident-office.gov.mm တွင် ဖော်ပြထားသည်။

ပေးပို့တိုင်ကြားသူများသည် ၎င်းတို့ တိုင်ကြားသူ၏ အမည်၊ နေထိုင်ရာဒေသ၊ အီးမေးလ်လိပ်စာ၊ တိုင်ကြားလိုသည့်အကြောင်းအရာများကို သတ်မှတ်နေရာများတွင်ဖြည့်စွက်ရေးသားကာဆောင်ရွက်နိုင်မည်ဖြစ်သည်။

သမ္မတရုံးအင်တာနက်ဝက်ဘ်ဆိုက်စာမျက်နှာပေါ်မှ တစ်ဆင့် နိုင်ငံတော်သမ္မတထံ တိုက်ရိုက်တိုင်ကြားနိုင်မည့် အဆိုပါပြည်သူ့အသံဆိုသည့်ကဏ္ဍတွင်တိုင်ကြားလိုသူများသည် အထက်ပါအချက်အလက်များအပြင် ဓာတ်ပုံများကိုလည်း ပူးတွဲပေးပို့နိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံတော်သမ္မတရုံးအနေဖြင့် အင်တာနက်ပေါ်မှတစ်ဆင့် သမ္မတထံ တိုင်ကြားစာကဏ္ဍတစ်ခုကို ဖွင့်လှစ်လိုက်ခြင်းနှင့်ပတ်သက်ပြီး ကွန်ပျူတာပညာရှင်အချို့က ထိုဝက်ဘ်ဆိုက်သည် အချိန်ပြည့် အလုပ်လုပ်ရန်လိုအပ်ကြောင်းနှင့် တိုင်ကြားချက်များထဲမှ အများပြည်သူ သိသင့်သည့် တိုင်ကြားမှုများနှင့် သမ္မတရုံးမှ ဖြေရှင်းပေးမှုများကိုလည်း လွှင့်တင်ပေးနိုင်မည်ဆိုပါက ပိုမိုပြည့်စုံသည့် ပြည်သူနှင့် အစိုးရ အင်တာနက်ကြားခံပြီး တစ်ဆင့်ထိတွေ့နိုင်မည့် အောင်မြင်သောကဏ္ဍတစ်ခုဖြစ်လာနိုင်ကြောင်း သုံးသပ်ပြောကြားကြသည်။

မြန်မာနိုင်ငံ အစိုးရဌာနအသီးသီးသည် ၎င်းတို့ဌာနများနှင့်စပ်လျဉ်း၍ ကိုယ်ပိုင်ဝက်ဘ်ဆိုက်များရေးဆွဲကာ လွှင့်တင်လာကြသော်လည်း အများစုမှာ အချိန်နှင့်တစ်ပြေးညီမရှိဘဲအပြသဘောဖြစ်နေကြောင်း အထက်ပါကွန်ပျူတာပညာရှင်အချို့က ဆိုကြသည်။

ပြန်လည်ပြင်ဆင်လွှင့်တင်လိုက်သည့်အဆိုပါသမ္မတရုံးဝက်ဘ်ဆိုက်စာမျက်နှာတွင် ယခင်က မပါရှိခဲ့သည့် တိုက်ရိုက်ထုတ်လွှင့်မှု အခန်းကဏ္ဍနှင့်အသံဖိုင်များ ရယူနားဆင်နိုင်သည့် ကဏ္ဍများအပြင် အခြားသောကဏ္ဍအချို့ကိုပါ ထပ်မံဖြည့်စွက်ထားသည်။






## စာ(၂၃) - iPhone 5 ကို အမြန်ဆုံး အင်တာနက်ကွန်ရက်များဖြင့် ချိတ်ဆက်နိုင်မည် မှ



၎င်းကုမ္ပဏီများကလည်း သုံးစွဲသူများအား ၎င်းတို့၏ 4G ကြိုးမဲ့ကွန်ရက်နှင့်ချိတ်ဆက်ရန် သုံးစွဲသူများကို အားပေးတိုက်တွန်းနေသည်။

အခြားသော အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်သူများကလည်း LTE ကွန်ရက်နှင့် ချိတ်ဆက်နိုင်သော ဖုန်းများထုတ်လုပ်ရန် ကြိုးစားနေပြီး ဆမ်ဆောင်း၏ Galaxy Note နှင့် Galaxy SIII တို့မှာ မြန်နှုန်းမြင့်ကြိုးမဲ့ LTE ကွန်ရက်များဖြင့် ချိတ်ဆက်နိုင်သည်။

*—Ref: Yahoo! Tech*

**TRADEMARK CAUTION**
VINACOMMODITIES CORPORATION, a company incorporated in Vietnam at Unit 03-11 3rd Floor, Sofitel Plaza Honoi, No.1 Thanh Nien Street, Truc Bach ward, Ba Dinh district, Honoi city, Vietnam is the Owner and Sole Proprietor of the following Trademark:-

Otran

**Reg: 4/8245/2012**
In respect of : " Edible oil, soybean oil, palm oil, sesame oil, coconut oil, corn oil, oliver oil for food, rape oil for food"
Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.
U Myint Lwin, Advocate, LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
www.mipadvocate.com
Ph : 371990 13.Sept. 2012

## စာ(၂၃)- EVDO အင်တာနက်ဝန်ဆောင်မှုများ မှ

မကြာခဏဆိုသလို နည်းပညာပိုင်းဆိုင်ရာဝန်ဆောင်မှုများမှာ ချို့ယွင်းချက်များ ဖြစ်ပေါ်တတ်သော်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့်မူ ထိုကဲ့သို့ ဖြစ်ပေါ်လာသောပြဿနာများကို ၎င်းတို့၏တရားဝင်ဝက်ဘ်ဆိုက် စာမျက်နှာများတွင်လည်းကောင်း၊ သတင်းစာများတွင်လည်းကောင်း ပြည်သူသို့ အသိပေးကြေညာခြင်းများ မရှိခြင်းကို သုံးစွဲသူများက ထောက်ပြပြောဆိုသည်။

မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲသူများ အင်တာနက်သုံးစွဲမှုပမာဏမှာ ပြီးခဲ့သည့်နှစ်အနည်းငယ်မှစတင်ကာ သိသိသာသာတိုးတက်လာသော်လည်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဝန်ဆောင်မှုများသည် သုံးစွဲသူများ၏ ထောက်ပြဝေဖန်စရာ အားနည်းချက်များရှိနေဆဲဖြစ်သည်။

7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# မြန်မာပြည် လူနေမြို့၊ ရွာ ပြဿနာများ

ဒေါက်တာ ကျော်လတ် (မြို့ပြစီမံကိန်းပညာရှင်)



မြန်မာပြည်လူဦးရေကို ၂၀၀၈-၂၀၀၉ ခုနှစ်တွင် Statistical Year book ကသန်း ၅၈ ဒသမ ၄ သန်း ခန့်ရှိသည်ဟု ခန့်မှန်း၍ ယူနီဆက်ဖ်က ၄၉ ဒသမ ၆ သန်းရှိသည်ဟု တွက်ချက်ပါသည်။ ဤသည်တို့ကို အခြေခံ၍ တွက်ချက်ပါလျှင် မြန်မာပြည်၏လူဦးရေသည် ယခု ၂၀၁၂ ခုနှစ်တွင် သန်း ၅၀ မှ ၆၀ ခန့် ရှိနိုင်ပါမည်။ မြန်မာပြည် လူဦးရေ ၃၃ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင် နေထိုင်သည်ဟု ယူနီဆက်ဖ်က ခန့်မှန်းပါမည်။ ထိုသည်ကို အခြေခံ၍ လက်ရှိမြန်မာပြည်တွင် ၁၆ သန်းမှ သန်း ၂၀ ခန့်သော လူဦးရေသည် မြို့ပြဒေသများတွင် နေထိုင်သည်ဟု တွက်ချက်ရပါသည်။


ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်တွင် ၁၉၈၃ ခုနှစ်က သန်းခေါင်စာရင်းကောက်ခံခဲ့ရာ လွန်ခဲ့သော ၂၈ နှစ်ခန့် အတွင်းက တစ်တိုင်းပြည်လုံး၏ လူဦးရေတိုးနှုန်း၊ ကျေးလက်ဒေသများမှ မြို့ပြဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြသော လူဦးရေစာရင်းဇယားများ စသည်တို့မှာ အနီးစပ်ဆုံးပင် ခန့်မှန်းရန် ခက်ခဲပါသည်။ သို့သော် သေချာသည်မှာ မြို့ပြဒေသများတွင် လူဦးရေတိုးနှုန်းသည် ကျေးလက်ဒေသများ၏ လူဦးရေတိုးနှုန်းထက် ပိုမိုမြင့်မားသည်မှာ သေချာပေမည်။ မြန်မာပြည်အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံတို့၏အဓိကပြဿနာမှာ ကျေးလက်ဒေသများတွင် လုပ်ကိုင်စားသောက် ရန်စိုက်ပျိုးမြေနှင့် လူဦးရေအချိုးအစား လျော့နည်းလာခြင်းပင်ဖြစ်သည်။

ယင်းလက္ခဏာကို သက်ဆိုင်ရာစာပေများတွင် Decreasing Land: men ratio လူဦးရေနှင့်မြေအချိုးစားလျော့နည်းခြင်းဟု ခေါ်ဆိုကြသည်။ မြန်မာနိုင်ငံ၏ ဥပမာကိုယူရမည်ဆိုလျှင် လွန်ခဲ့သော နှစ် ၆၀ ခန့်၊ ၁၉၅၃ ခုနှစ်တွင် ကျေးလက်ဒေသ၌ နေထိုင်ကြသော လူဦးရေမှာ ၁၅ သန်းရှိခဲ့ပြီး ထိုလူဦးရေ လုပ်ကိုင်စားသောက်ရန် စိုက်ပျိုးမြေမှာ ၉ကေသန်း ၂၁ ဒသမ ၁၉ ကျော်ရှိခဲ့သည်။ ကျေးလက်ဒေသရှိလူဦးရေသည် တဖြည်းဖြည်းတိုးပွားလာခဲ့ရာ ၂၀၀၃ ခုနှစ်တွင် ကျေးလက်လူဦးရေသည် ၃၉ သန်းခန့်အထိ တိုးပွားလာခဲ့သော်လည်း စိုက်ပျိုးမြေမှာမူ ၉ကေသန်း ၂၆ ဒသမ ၃၆ ခန့်အထိသာ တိုးပွားနိုင်ခဲ့သဖြင့် ယခင်ကလူနှင့်မြေအချိုးအစားမှာ ၁ ဒသမ ၄ ရှိပြီး ယခုအခါ ယင်းအချိုးသည် ၀ ဒသမ ၆၇ သို့လျော့နည်း ပြောင်းလဲခဲ့ပါသည်။

ကျေးလက်ဒေသတွင်မြေနှင့်လူအချိုးအစားလျော့နည်းခြင်းသည် အလုပ်အကိုင်များရှားပါးခြင်း (သို့မဟုတ်) အလုပ်လက်မဲ့များ တိုးပွားခြင်းတို့ကို ဖြစ်ပေါ်စေ၍ များစွာသော ကျေးလက်ဒေသနေလူဦးရေသည် တဖြည်းဖြည်းမြို့ပြဒေသများသို့ ပြောင်းရွှေ့နေထိုင်ကြတော့သည်။

မြန်မာပြည်နှင့် အလားတူ ဖွံ့ဖြိုးဆဲနိုင်ငံတို့တွင် စက်မှုကဏ္ဍဖွံ့ဖြိုးမှုနှေးကွေးသဖြင့် ကျေးလက်ဒေသများမှ ပြောင်းရွှေ့လာကြသောလူပေါင်းများစွာတို့သည် Services Sector ခေါ် ဝန်ဆောင်မှုကဏ္ဍတွင် လုပ်ကိုင်ကြရသည်။ များစွာသော ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့များတွင် လမ်းဘေးဈေးသည်များ ပေါ်ပေါက်ခြင်း၊ အတိအကျ အလုပ်အကိုင်မရှိဘဲ ရံဖန်ရံခါသာ အလုပ်အကိုင်များ ရရှိခြင်း စသည်တို့မှာ ပုံမှန်တွေ့ရှိ ပေါ်ပေါက်နေရသော ပြဿနာများဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ အပါအဝင် များစွာသော နိုင်ငံတို့တွင် ကြုံတွေ့လျက်ရှိသော အခြားပြဿနာများထဲမှ အချို့မှာ Primate City ခေါ် လွန်စွာကြီးမားသော မြို့ကြီးပေါ်ပေါက်ခြင်းဖြစ်သည်။ Primate City ဆိုသော အဓိပ္ပာယ်မှာ အကြီးဆုံးသောမြို့သည် ဒုတိယအကြီးဆုံးမြို့ထက် အဆပေါင်းများစွာ ကြီးမားခြင်းဖြစ်သည်။ ဥပမာအားဖြင့်ဘန်ကောက်မြို့သည် ဇင်းမယ်မြို့ထက် (၁၀) ဆခန့်ပိုမိုကြီးမားလျက်ရှိခြင်း၊ ရန်ကုန်မြို့သည် အကြမ်းဖျင်းလူဦးရေ ငါးသန်းခန့်နှင့် မန္တလေးမြို့ထက် ငါးဆခန့်ကြီးမားလျက်ရှိခြင်း စသော လက္ခဏာများမှာ ဖွံ့ဖြိုးဆဲနိုင်ငံအများစုတို့တွင် ပုံမှန်ကြုံတွေ့နေရသော အခြေအနေများဖြစ်ကြသည်။




| | 1953 | 1963 | 1973 | 1983 | 1993 | 2003 |
|---|---|---|---|---|---|---|
| ■ Rural population (mill) | 14.93 | 18.10 | 21.94 | 26.61 | 32.26 | 38.92 |
| ■ Total agricultural land (mill. acres) | 21.19 | 23.91 | 24.58 | 25.28 | 24.83 | 26.36 |

၁၉၅၃ ခုနှစ်မှ ၂၀၀၃ ခုနှစ်များအတွင်းကျေးလက်ဒေသနေလူဦးရေနှင့် မြေအချိုးအစား ပြောင်းလဲလာပုံပြသောပုံစံ Calculated based Agricultural Statistics (1997-98), Ministry of Agriculture and Irrigation and Statistical Yearbook, Central Statistical Organization, Nay Pyi Daw, 2008

မြန်မာပြည်၏ လူနေမြို့ရွာအခြေအနေကို လေ့လာပါလျှင် အောက်ပါအချက်များကို တွေ့ရှိရမည်ဖြစ်သည်။

(၁) ရန်ကုန်မြို့သည် မန္တလေးမြို့ထက် ငါးဆခန့်ကြီးထွားလျက်ရှိခြင်း၊

(၂) ရန်ကုန်မြို့၏ လူဦးရေတိုးနှုန်းသည် အခြားမြို့ပြဒေသများထက်များစွာ ပိုမိုမြင့်မားလျက်ရှိခြင်း၊

(၃) မြန်မာတောင်ပိုင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များဖြစ်သော ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းတို့တွင်လူဦးရေသိပ်သည်းမှု မြင့်မား၍ မြောက်ပိုင်းရှိတိုင်းနှင့် ပြည်နယ်များတွင် လူဦးရေသိပ်သည်းမှု လျော့နည်းလျက်ရှိပါသည်။

ထိုကဲ့သို့မြန်မာပြည်အတွင်း တိုင်းနှင့် ပြည်နယ်ဒေသများတွင် ဖွံ့ဖြိုးမှုကွာဟခြင်းနှင့် လူဦးရေသိပ်သည်းမှုကွဲပြားခြင်းသည် ရေရှည်အားဖြင့် နိုင်ငံတော်အတွင်း ဖွံ့ဖြိုးမှု မညီညွတ်မှုများကြောင့် စိတ်ဝမ်းကွဲပြားခြင်းများ ဖြစ်ပေါ်နိုင်၍ ပြည်ထောင်စု၏ စည်းလုံးညီညွတ်ရေးကိုထိခိုက်နိုင်ပါသည်။ မြန်မာပြည်၏ လက်ရှိမြို့ပြ လူဦးရေ ဖြန့်ဖြူးမှုပုံစံသည် Single Polar system ဟု ခေါ်ဆို၍ အဓိပ္ပာယ်မှာ ရန်ကုန်မြို့သည် အခြားမြို့များထက် များစွာကြီးမားပြီး ဆွဲဆောင်မှုအား ရှိခြင်းကိုဆိုလိုသည်။ ထိုအချက်များကြောင့် မြန်မာပြည်တစ်ပြည်လုံးအတွက် လူဦးရေ ဖြန့်ဖြူးမှု နည်းဗျူဟာ တစ်ရပ်ရေးဆွဲရန် လိုအပ်ချက်ရှိပါသည်။ ယင်းနည်းဗျူဟာ ရေးဆွဲရာတွင် ပြည်ထောင်စုကြီး စည်းလုံးညီညွတ်ရေးကို ဦးစားပေးအခြေခံရမည် ဖြစ်ပါသည်။ မြန်မာပြည်လုံးအတွက် လူဦးရေဖြန့်ဖြူးမှုနည်းဗျူဟာနှင့် ပတ်သက်၍ ဆက်လက်တင်ပြသွားမည်ဖြစ်ပါသည်။ ။

## PSA မြန်မာ ငွေလှူ

**ရန်ကုန်၊ဩဂုတ် -၃၁**

စင်ကာပူနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်တွင် လုပ်ကိုင်လျက်ရှိကြသည့် PSA မြန်မာမိသားစုက ယခုလအတွက် အလှူငွေအဖြစ် ရွှေပေါက်ကံမြို့နယ်ရှိမော်ကျွန်းဘုန်းတော်ကြီးသင်ပညာရေးအလယ်တန်းကျောင်းသို့တစ်ဆယ့်ငါးသိန်းကိုးသောင်းကျပ်အား 7 Day News Journal မှ တစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

မော်ကျွန်းဘုန်းတော်ကြီးသင်ပညာသင်ပညာရေးအလယ်တန်းကျောင်းသည် ၁၉၉၄ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် အလယ်တန်းအဆင့်သို့ တိုးမြှင့်ခံရကြောင်း သိရသည်။

ကျောင်းတွင်လက်ရှိကျောင်းသားဦးရေစုစုပေါင်း ၆၁၄ ဦး ရှိပြီး ဆရာမ ၁၈ ဦးနှင့် ဘုန်းတော်ကြီးနှစ်ပါးတို့က ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

One More

၂၀၁၂ ၊ ဩဂုတ်

၁၄,၂၆၆ ဦး

၁၄,၂၆၆,၀၀၀ ကျပ်

၁။ ရောဝတီတိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများထံသို့ ၁၃,၂၆၆,၀၀၀ ကျပ်။

၂။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ကျပ် ၁၀ သိန်း လှူဒါန်းသည်။

# သခင့်ဆီ အပြေးပြန်မလာနိုင်တော့ပြီ

## (အနုပညာရှင်ရုပ်ပုံလွှာ)

ချမ်းငြိမ်း



*ပျော်ရွှင်စရာကြုံလည်း*
*နှစ်ကိုယ်တူကြည်နူးဖို့*
*ကိုယ်မလာနိုင်တော့ပြီ မေရယ်၊*
*စိတ်ညစ်တဲ့အခိုက်လည်း*
*ဟိုအရင်လို မင်းအနား*
*အားပေးဖို့မရောက်နိုင်တော့တယ်၊*
*တကယ်ကြင်နာနိုင်မယ့်*
*ကိုယ်လို လူတစ်ယောက်တော့*
*ကြင်ဖော်ဖက်ရွေးချယ်ပါကွယ်. . .*

လမ်းမဆီက ထီလှည်းမှ ဖွင့်လိုက်သော ကရုဏာသံဝဲဝဲနှင့်အတူငြိမ့်ညောင်းသည့် သီချင်းသံက နေအိမ်ထဲထိတိုင် ပျံ့လွင့်လာသည်။တစ်လုံးချင်း သီဆိုနေသည့် တေးသံက ခံစားမှုအပြည့်၊စိုင်းထီးဆိုင်၏ နာမည်သိပ်မကြီးသော သီ ချင်းတစ်ပုဒ်၊ ဆိုရလျှင် လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က သီချင်းတစ်ပုဒ်၊ ယခုတိုင်ဖွင့်ဆဲ၊

ဟိုနားတစ်စ သည်နားတစ်စ မကြာခဏကြားရတတ်သောစတီရီယိုခေတ်ဦး သီချင်းများထဲတွင် ယနေ့တိုင် ပရိသတ်လက်ခံထားသည့် အဆိုတော်နှစ်ဦးရှိပါ၏။ စိုင်းထီးဆိုင်နှင့် ခင်မောင်တိုး. . .၊ ယင်းတို့နှစ်ဦးအနက် တောရောမြို့ပါမကျန် ကာရာအိုကေအစ စင်တင်ဂီတအဆုံး ယနေ့တိုင် ကြားနေရဆဲ၊ ဖွင့်နေကြဆဲ အဆိုရှင်မှာ ရှမ်းအမျိုးသား အဆိုတော် စိုင်းထီးဆိုင်ပဲ ဖြစ်လေသည်။ နှစ်ပေါင်း သုံး၊ လေးဆယ်ကြာသည့်တိုင် မရိုးမဟောင်းနိုင်သော စတီရီယိုသီချင်းများ ပြပါဆိုလျှင် စိုင်းထီးဆိုင်(ဗိုထီး)၏ သီချင်းတွေက ထိပ်ဆုံးမှ ပါလိမ့်မည်။ သူ့အနုပညာက ရိုးသား၍ပဲ ဖြစ်ပါသည်။

(၁)

**အချစ်ကိုဦးစားပေးခဲ့သူ၊ နေရစ်တော့ကွယ် သွားတော့မယ်၊ အချစ်ဆိုတဲ့အရသာ၊ ပျောက်ဆုံးနေသောနိဗ္ဗာန်ဘုံ၊ မန္တလေးရောက် ရှမ်းတစ်ယောက်၊ မောင့်လပြည့်ဝန်း၊ လူကြမ်းမင်းသား၊ ပလက်ဖောင်းမင်းသား၊ ရန်ကုန်မှာသာတဲ့လ၊ ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်းဖြစ်စေမယ်၊ မောင့်အရိုင်းပန်း၊ သခင့်ဆီအပြေးပြန်လာမည်၊ လေညာအရပ်ကအချစ်** စသည်ဖြင့် သီချင်းအပုဒ်ပေါင်း ငါးရာကျော်သီဆိုခဲ့ပြီး သီချင်းတိုင်းလိုလို လူကြိုက်များ နှစ်သက်ခဲ့သော စိုင်းထီးဆိုင် (ဗိုထီး) ငယ်ဘဝသည် မချောမွေ့ခဲ့၊ ငယ်ဘဝ မချောမွေ့ရုံမျှမက အရွယ်ရောက်ချိန် ဂီတလမ်းမ လျှောက်လှမ်းရချိန်သည်လည်း မချောမွေ့ခဲ့ပါ၊ လမ်းသစ်ဖောက်သူတို့ ကြုံတွေ့ရမြဲ အခက်အခဲများနှင့် ဗိုထီး လျှောက်လှမ်းခဲ့ရသည်။

စိုင်းထီးဆိုင်(ဗိုထီး)ကို လွတ်လပ်ရေးရပြီး ၂ နှစ်တွင် ရှမ်းပြည်တောင်ပိုင်း လင်းခေးမြို့ကလေး၌ မွေးဖွားခဲ့သည်။လွယ်စလေတောင်နှင့်နိမ့်တိန်းချောင်း ခွေပတ်စီးဆင်းနေသော လင်းခေးမြို့ ကလေးသည် နောင်တစ်ချိန် ထင်ရှားလာမည့် ဂီတအနုပညာသမားတစ်ဦးကိုမွေးထုတ်ပေးခဲ့သည်။လင်းခေးမှာမွေး လွယ်လင်မြို့မှာကြီးပြင်းခဲ့သော အချိန်တွေသည် သူ၏ဂီတမျိုးစေ့ကို ရေစင်သွန်းဖျန်း သန့်စင်ပေးသည့် အချိန်များဖြစ်ခဲ့သည်။ ခရစ်ယာန်သာသနာပြုကျောင်း၌ ကျောင်းအိပ်၊ ကျောင်းစားနေရင်း ဂီတအနုပညာကိုငယ်စဉ်ကတည်းက အကျွမ်းတဝင်ရှိခဲ့သည်။ နောက်တော့ တောင်ကြီးမှာ အထက်တန်းတက်၊ အပေါင်းအသင်းစုံလင်စွာဖြင့် ဂီတကို ပိုလိုက်စားခဲ့သည်။ သည်လိုနဲ့ စတီရီယိုသီချင်းတွေ ခေတ်မစားမီကပင် ဆယ့်ကိုးနှစ်သားအရွယ်မှာ ရန်ကုန်ထိဆင်းလာကာ မြန်မာ့အသံ တိုင်းရင်းသားတေးသံကဏ္ဍ၌ ရှမ်းဘာသာဖြင့် သီချင်းသီဆိုခွင့်ရခဲ့သည်။ သည် သီချင်းတွေကပင် ခေတ်ပြားရသည့်အထိ ရှမ်းပြည်နယ်တစ်ဝန်း ပျံ့နှံ့သွားသည်။ ရှမ်းပြည်နယ်၊ ရှမ်းတိုင်းရင်းသားတို့အကြားမှာ ဗိုထီးနာမည်ရခဲ့သည်။ သို့သော် ရန်ကုန်သည် သူ့အတွက် အစိမ်းသက်သက်၊

(၂)

မန္တလေးတက္ကသိုလ်တက်ရင်း ဂီတမိတ်ဆွေတွေနဲ့တွေ့သည်။ အထူးသဖြင့် သူ့အတွက် နောင်တစ်ချိန် ဆရာရင်းဖြစ်လာသော တေးရေးစိုင်းခမ်းလိတ်နှင့်ဆုံသည်။စိုင်းခမ်းလိတ်ဆီမှာ ဒဿနဆန်သော သီချင်းအများကြီးရှိသည်။ ဝါသနာအရ သီချင်းများရေးရင်း တစ်ဖက်၌ ဆရာဝန်လည်းဖြစ်သော ဆရာစိုင်းခမ်းလိတ်ထံ ဝင်ထွက်သွားလာရင်း နှစ်ကိုယ့်တစ်စိတ်ဖြစ်လာသည်။ တစ်ဖက်၌လည်း တိုင်းရင်းသား သူငယ်ချင်းတွေစုပြီး **The Wild Ones** ဆိုသည့် ဂီတအဖွဲ့လေး ထူထောင်ဖြစ်ခဲ့သည်။ ငယ်မူငယ်သွေး အပြည့်နဲ့ လူငယ်တွေဆီမှာ ဂီတအသစ်၊ သီချင်းအသစ်တွေလည်းရှိပြီ။ တူရိယာပစ္စည်းတွေလည်း အတန်အသင့် စုံလင်ပြီ။ အရဲစွန့်ကာ ရန်ကုန်ဆင်းခဲ့ကြသည်။ သို့ပေမဲ့ ထိုကာလသည်စတီရီယိုသီချင်းတွေကိုအကောင်းမပြောကြသေးသည့်အချိန်၊ အဟောင်းနှင့် အသစ် လွန်ဆွဲကြသည့်အချိန်၊ သူတို့ဘက်က စမ်းတဝါးဝါး သွားရချိန်မို့ ဘာမှအသင့်မရှိခဲ့ကြ၊ သည်ကြားထဲ ရေစီးကြောင်းထဲမှာ အမှိုက်သရိုက်တွေ ပါသေးသည်။ ဗိုထီး၏ ပထမဆုံးစီးရီး သဘာဝ (နွေရာသီ)ကို ဦးဘသိန်း စတူဒီယိုမှာသွင်းပြီး တေးသံသွင်းဆိုင်တွေဆီ လိုက်ဖြန့်တော့ ဘယ်သူမှ မယူကြ၊ ဖရေဇာ (အနော်ရထာ) လမ်းမတစ်လျှောက် သူတို့အဖွဲ့တွေ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဖတ်ဖတ်မောအောင် လျှောက်ကြသည်။ နာမည်ကို ကြားတောင်မကြားဖူး၍ အချို့ဆိုင်တွေက လက်ခံစကားပြောချင်ပုံပင်မရ၊ဆာလာတော့ ရေခဲရေ ဝယ်သောက်ကြသည်။ကြာလာတော့ ရန်ကုန်နေပူပူမှာ ရှမ်းကလေးတွေ ခြေပစ်လက်ပစ်ဖြစ်ကုန်ကြသည်။ သည်အချိန်မှာ သူငယ်ချင်းလည်းဖြစ် ရန်ကုန်ဂီတလောကနှင့် အကျွမ်းတဝင်ဖြစ်နေသော အောင်ခိုင်မြင့် (ဂျေမောင်မောင်)နှင့်တွေ့သည်။ သူ့အကူအညီဖြင့် ဗိုထီးတို့ အခွေတွေ အပ်ကာ တပ်ဆုတ်လာကြသည်။ ရင်ထဲမှာ တထိတ်ထိတ်၊ မန္တလေးမှာ သူ့သီချင်းလေးတွေ ဖြိုးဖြိုးဖြောက်ဖြောက် ကြားရသည်။ ရှမ်းသံဝဲတဲတဲမို့ အချို့စိတ်ဝင်စားကြသည်။ တဖြည်းဖြည်း ရန်ကုန်ကပါ အခွေအဝယ်လိုက်လာသည်။ သူတို့အားတက်သွားကြသည်။ ဒါပေမဲ့ ဒုတိယအခွေ သွင်းဖြစ်သည်က ပို၍အကျည်းတန်လွန်းပါသည်။ တောင်ကြီးမှ တစ်ဖွဲ့လုံး ဆင်းသွားပြီး ရန်ကုန်ရောက်ခါမှ ထုတ်ဝေသူက နာမည်ကြီး ရန်ကုန်တီးဝိုင်းနှင့် အသံသွင်းဖို့ပြောလာသည်။ ဗိုထီး သစ္စာမဖောက်နိုင်၊ တစ်သွေးတည်း တစ်သားတည်း. . .၊ သည်အဖွဲ့ကို အထိအရှုမခံနိုင်၊ ထို့ကြောင့် ထုတ်ပေးမည့်သူနှင့် လမ်းခွဲကာ ကိုယ့်ဘာသာသွင်းကြရန် အပြင်းအထန်ကြိုးစားကြသည်။ အားလုံးအတွက် အလွန်ခက်ခဲသော ကာလ. . . နေ့စဉ်နှင့်အမျှ နေစရိတ်၊ စားစရိတ်၊ ခရီးစရိတ်တွေ တက်နေသည်။ သည်လို အခက်အခဲတွေကြားထဲ မဖြစ်မနေ အတင်းတွန်းညှစ်လုပ်၍လားမသိ၊ ဒုတိယအခွေဖြစ်သော **ပျောက်ဆုံးနေသောနိဗ္ဗာန်ဘုံ** မှာ ပေါက်သွားသည်။

ဘယ်နေရာ၊ ဘယ်သွားသွား. . .

*ဈေးချိုထွက်တိုင်းလည်း*
*မြင်းလှည်းသမားတွေက*
*ဘုရားကြီးလားလို့ မေးကြတယ်*
*လမ်းတကာလျှောက်တိုင်းလည်း*
*ကလေးလေးတွေက*
*နောင်ပိန်နောင်လို့ စ,ကြတယ်*

အစချီသော သီချင်းသံ ကြားနေရသည်။ သည်လို ပီတိမျိုးကို အနုပညာရှင်တိုင်း နားလည်နိုင်ပါသည်။ ထိုကာလသည် ၁၉၇၅၊ ကမ္ဘာတွင် ပရက်စလေနှင့် ဘီတဲလ်အဖွဲ့တို့ခေတ်စားချိန်ဖြစ်၍ စတီရီယိုသမားများ အုန်းမှုတ်ခွက်ဆံပင်၊ အကျီကိုယ်ကြပ်နှင့် ခေါင်းလောင်းဘောင်းဘီ ဝတ်ကြသည်။ တက္ကသိုလ်ထွန်းနောင်၊ မင်းမင်းလတ်၊ စိုးပိုင်၊ လားရှိုးသိန်းအောင်၊ စိန်ဝင်းထွန်း၊ နွဲ့ယဉ်ဝင်း၊ ကေဂျာနူးတို့သည်စတီရီယိုခေတ်ဦး အဆိုတော်များ၊ အထူးသဖြင့် မင်းမင်းလတ်၏ **ဒေါက်ဒေါက်ဘယ်သူလဲ**၊ စိုးပိုင်၏ **အချစ်ညရင်ခုန်သံ၊ မောင်ငိုမယ်မိုးသည်းထဲမှာ**၊ လားရှိုးသိန်းအောင်၏ **အမေတစ်ခုသားတစ်ခု**၊ စိန်ဝင်းထွန်း၏ **စိတ်ညစ်တဲ့အမူးသမား** သီချင်းတွေ အောင်မြင်နေချိန်၊ စတီရီယိုဂီတ အားကောင်းမောင်းသန် ရှိလာချိန်၊ နိုင်ငံခြားသီချင်းတွေ၊ အိန္ဒိယသီချင်းတွေ ကော်ပီလုပ်ယူဆိုကြချိန်တွင် တေးရေးစိုင်းခမ်းလိတ်ရေးဖွဲ့ပြီး စိုင်းထီးဆိုင် သီဆိုသော ရှမ်းသံဝဲဝဲ ရှမ်းတိုင်းရင်းသားဂီတဟန်နှင့် အမျိုးသားဟန် ပေါင်းစပ်ထားသော သီချင်းလွင်လွင် အေးအေးလေးများသည် မြန်မာပြည်တစ်ဝန်း အတိုင်းအဆမရှိပျံ့လွင့်သွားသည်။ **မောင်မနေတတ်ဘူး၊ စိုင်းပြန်ရဦးမယ်၊ ချစ်တာတစ်ခုတည်းသိတယ်၊ သိပ်သိပ်ချစ်ရတဲ့နွဲ့တင်ရယ်၊ ခွင့်မတောင်းပေမယ့်ရပါတယ်** အစချီသော သီချင်းများသည် ပရိသတ်အကြိုက် သီချင်းများဖြစ်လာသည်။

အခက်အခဲတွေကတော့ အမျိုးမျိုးကြုံရသည်။ အင်းလျားလိတ်ခရစ်စမတ်ပွဲကတော့ အဆိုးဆုံးဖြစ်သည်။ ထိုနေ့က အင်းလျားလိတ်မှာ ဗိုထီးတို့ တီးကြဆိုကြစဉ် လူကြီးတစ်ယောက် စင်ပေါ်တက်လာကာ နင်ပဲငဆ ဆဲရေးတိုင်းတာပြီး လူတွေကို တွန်းထိုးသည်။ တီးဝိုင်းပစ္စည်းတွေ ကန်ကျောက်ဖျက်ဆီးသည်။ လူကိုအန္တရာယ်ပြုမယ်ကြံတော့ ဗိုထီး ထွက်ပြေးခဲ့ရသည်။ ဟိုတယ်အပြင်ဘက် ရောက်သည့်တိုင် ကြောက်စိတ်တို့ မပြယ်သေး၊ မန္တလေးရောက် ရှမ်းတစ်ယောက် မဟုတ်တော့၊ ရန်ကုန်ရောက် ရှမ်းတစ်ယောက် ထွက်ပြေးခဲ့ရသည်။

သည်လိုနဲ့ ဗိုထီးကိုယ်တိုင်ရေး၊ ဆိုခဲ့သော **စိတ္တဇအလွမ်း** အခွေထွက်ရှိလာသည်။ ယင်းအခွေထဲမှ တေးရေးကိုနေဝင်း ရေးဖွဲ့သော **မောင့်လပြည့်ဝန်း** သီချင်းတွင် ကြေကွဲတုန်ရီနေသော ဗိုထီးအသံ ထွက်ပေါ်လာသောအခါ အားလုံးအငိုက်မိသွားသည်။ လပြည့်ဝန်းက ကြားရသူတိုင်းကို ထိထိခိုက်ခိုက် ကြေကွဲစေသည်။ လပြည့်ဝန်း၏ ထွန်းလင်းမှုမှာ တည်တံ့ခိုင်မြဲခဲ့သည်။ ထိုကာလ ကငယ်ရွယ်သူတွေသာမက လူကြီးပိုင်းတွေပါ လပြည့်ဝန်းကို အသိအမှတ် ပြုခဲ့ကြသည်။ လပြည့်ဝန်းသည် ငြိမ်သက်အေးမြစွာ ထွန်းလင်းလှပခဲ့လေသည်။ သည့်နောက်မှာတော့ စိုင်းထီးဆိုင်ဆိုတာ တစ်နိုင်ငံလုံး သိသွားလေသည်။ သို့သော်. . .

(၃)

အောင်မြင်မှုနှင့်အတူပါလာသော ဖျက်လိုဖျက်ဆီးဒဏ်တွေကို ဗိုထီးမခံနိုင်၊ စတုတ္ထနန်းထက်မှာ စတင်လျှောက်လှမ်းနေသော သူ့ကို တရားဥပဒေက ဆွဲခေါ်သွားသည်။ တကယ်တော့ အဲသည့်ခေတ်၊ အဲသည့်အချိန်က သူတို့ ဂီတ၊ ရုပ်ရှင် အနုပညာအသိုင်းအဝိုင်းသာမက ကျောင်းသားလူငယ်တွေထိတိုင် ပစ်မှတ်ထားတိုက်ခိုက်ခံရသော မူးယစ်ဆေးကို အများလိုပင် ဗိုထီး မရှောင်နိုင်ခဲ့၊ မနေ့ကတော့ အောင်မြင်မှုပန်းခင်းလမ်းဆီမှာ၊ ပရိသတ်လက်ခုတ်သံကြားမှာ၊ ယနေ့မှာတော့ တရားဥပဒေရဲ့ နံရံတစ်ဖက်ခြားမှာ အဆုံးမခံယူခဲ့ရပြီ။

(၄)

*အခန်းထောင့်က စားပွဲပေါ်*
*တင်ထားတဲ့ ဆုတံဆိပ်တွေ*
*ဖုန်တက်တော့ အောင်မြင်မှုရယ်*
*မနေ့က ကျန်ခဲ့ပြီ။*
*အသစ်လုပ်ဖို့ အားအင်ကုန်ခန်း*
*အဟောင်းတွေးပြီးမွေ့လျော်*
*ပျော်ရွှင်ခြင်းရယ်*
*မလတ်ဆတ်နိုင်တော့ပြီ။*
*ကက်ဆက်က ဖွင့်တဲ့ သီချင်းတွေ*
*ကြားမိတိုင်း ရှက်တယ်*
*အမှန်တရားရယ် အတွေးထဲ*
*ကျန်ခဲ့ပြီ။ (ဥပေက္ခာလောကသား)*

အမှောင်အကျဉ်းကျ၍ အဆုံးအမ ခံယူပြီးနောက် သိပ်မကြာ၊ **ဥပေက္ခာလောကသား** အခွေထွက်လာသည်။ သီချင်းအားလုံး စိုင်းခမ်းလိတ်နှင့် ဗိုထီးရေးကြသည်။ ဂီတလောကနှင့် သုံး၊ လေးနှစ်ကြာ ကင်းကွာနေသူတစ်ဦးကို ပရိသတ်က မည်သို့တုံ့ပြန်မည်လဲ၊ စမ်းတဝါးဝါးနဲ့ ပြန်လည်လျှောက်လှမ်းရချိန်၊ အားလုံး တစ်ကပြန်စရသည်။ ဥပေက္ခာလောကသား အခွေသည် ထင်သလိုဖြစ်မလာ၊ ဗိုထီးလည်း စိတ်ဓာတ်ကျကာ လင်းခေးပြန်သွားသည်။ သီချင်းလည်း ဆက်မဆိုတော့ဟု ဆုံးဖြတ်ထားသည်။ လင်းခေးမှာပဲ ပြန်အခြေချ၊ စီးပွားရေးတစ်ခုခု လုပ်မည် စိတ်ကူးသည်။ သည်လိုနဲ့ တဖြည်းဖြည်း သူသွင်းခဲ့သော သီချင်းခွေကို ရှမ်းပြည်မှာ သူပြန်ကြားရသည်။ ပရိသတ်က သူ့ကို မမေ့သေး၊ ရန်ကုန်မှလှိုက်၍ ဖြည်းဖြည်းချင်း ပျံ့လွင့်လာသော တေးသံကို ရှမ်းပြည်မှာ ပြန်လည်ကြားရလေပြီ။ ရန်ကုန်ပြန်ဆင်းလာခဲ့သည်။ သည်အချိန်မှာ ဖူးစာဖက်လည်း တွေ့နေပြီ။ ဖူးစာဖက်က စမ်းချောင်းသူ၊ သစ်ပင်ကြီးတွေ စိမ်းအုံ့နေသော ခေမာလမ်းမှာ နေသည်။ ပြည့်ဝသည့် ခံစားချက်များ ရှိခဲ့ပြီမို့ သီချင်းတွေကို နှစ်နှစ်ကာကာ ဆိုဖြစ်သည်။ အလုပ်တွေကို ယခင်ကလို အားသွန်ခွန်စိုက် လုပ်ပစ်သည်။ အနှစ်နှစ်အလလက သိမ်းဆည်းထားချက်များ ရေကာတာကြီး ကျိုးပေါက်သွားသလို ဒလဟော ပွင့်ထွက်လာကြသည်။ **လူကြမ်းမင်းသား၊ ရန်ကုန်မှာသာတဲ့လ၊ နေ့သစ်၊ ပလက်ဖောင်းမင်းသား၊ ရာသီပြောင်းချိန်၊ အချစ်အတွက် တစ်ဖန်မွေးဖွားခြင်း၊ ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းတိုင်းဖြစ်စေမယ်၊ ရေဒီယိုကမာရွတ်၊ မောင့်အရိုင်းပန်း** သီချင်းတွေ သီချင်းတွေ လေအဟုန်မှာ အတားအဆီးမဲ့ လွင့်မျောနေ၊

*နူးညံ့တဲ့အသားတွေ*
*ကိုယ့်လက်ဖဝါး သတိရနေတယ်*
*မေ့မြောမတတ် အနမ်းတွေ*
*ကိုယ့်နှုတ်ခမ်းက သတိရနေတယ်*
*ထို့ထက်မကတဲ့ အရသာတွေထူး*
*စိတ်ရှိတိုင်း ချစ်လိုက်ရရင်လေ*
*လင်းမှန်းမသိဘဲ*
*မိုးလင်းမယ့်ည*

*စာ(၃၁) သို့*

7DAY NEWS JOURNAL
Current Affairs
Vol.11, No.27 • SEPTEMBER 13 , 2012

မျက်နှာဖုံးမှ

# မြေငလျင်များအတွက် အဆင်သင့်ဖြစ်နေပြီလား

"လုပ်ငန်းအောင်မြင်မှုအနေနဲ့စိတ်ထဲမှာ ပီတိဖြစ်တယ်။ Second Thought (ဒုတိယအတွေး) ဒါကအန္တရာယ်ရှိတယ်။ ဒါကြောင့်လည်း ငလျင်အကြောင်းကို ပိုပြီးတော့ နှိုက်နှိုက်ချွတ်ချွတ်လေ့လာဖြစ်တာ" ဟု အမေရိကန်နိုင်ငံ စတန်းဖို့ဒ် တက္ကသိုလ်မှ ဘူမိဗေဒဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ယူခဲ့သော ဘူမိဗေဒပညာရှင်နှင့် မြေငလျင်ပညာရှင် ဒေါက်တာဝင်းဆွေက ပြောပါသည်။

တက္ကသိုလ်တွင် ဆရာလုပ်ရင်း ၁၉၆၉ ခုနှစ်တွင် စစ်ကိုင်းမြို့အနီးရှိ ပြတ်ရွေ့တစ်ခုအား သုတေသနပြုသည်။ ပြတ်ရွေ့အသေးတစ်ခုဟုသာ ထင်ခဲ့သော်လည်း အချိန်များစွာ ယူ၍ ကွင်းဆင်းသုတေသနပြုရင်းမှ မြန်မာနိုင်ငံ မြေပုံအလယ်တည့်တည့်မှ ဖြတ်သွားကာ ကီလိုမီတာ ၁၀၀၀ ခန့်ရှည်သော ရောမသက်ရှိပြတ်ရွေ့တစ်ခုဖြစ်မှန်း ဒေါက်တာဝင်းဆွေ သိလိုက်ရတော့သည်။

"လားလား ငလျင်ကြီး တော်တော်များများက စစ်ကိုင်း ငလျင်ကြောတစ်လျှောက်မှာ လုပ်ခဲ့တာပဲ။ မြန်မာပြည်မြောက်ပိုင်းမှာ ပိုလှုပ်တယ်။ လူသိပ်မရှိလို့ သက်သာခဲ့တာ" ဟု စစ်ကိုင်း ပြတ်ရွေ့ကြောနှင့်ပတ်သက်၍ ဆက်တိုက်လေ့လာသုတေသနပြုကာ၊ ငလျင်သမိုင်းကိုပါ ရှေးဟောင်းဘုရားကြိုကြားမကျန် ထဲထဲဝင်ဝင် လေ့လာရင်း တွေ့ရှိရချက်ကို ဒေါက်တာဝင်းဆွေက ဆက်ပြောသည်။ အင်းဝငလျင်၊ စစ်ကိုင်းငလျင်၊ ပဲခူးငလျင်စသော ငလျင်ကြီးများမှာ ထိုပြတ်ရွေ့တစ်လျှောက်လှုပ်ခဲ့ခြင်း ဖြစ်ပါသည်။

သဘာဝသယံဇာတကြွယ်ဝမှုမှာ မြန်မာနိုင်ငံ၏ သင်္ကေတတစ်ခုဖြစ်သည်။ ကျောက်စိမ်း၊ ပတ္တမြား၊ ကျောက်မျက်ရတနာမျိုးစုံ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုမျိုးစုံ၊ ကျွန်းသစ်စသဖြင့် မြေပေါ်မြေအောက်သဘာဝသယံဇာတပေါကြွယ်ဝလွန်းလှသည်။ မြန်မာလူမျိုး အားလုံးနီးပါးကလည်း တိုင်းပြည်၏ သယံဇာတကြွယ်ဝမှုကို ဂုဏ်ယူသည်။ တစ်ဖက်တွင်သဘာဝသယံဇာတပေါလှသကဲ့သို့ သဘာဝဘေးအန္တရာယ် အထူးသဖြင့် မြေငလျင်အန္တရာယ်များပြားအောင် သဘာဝက ဖန်တီးပေးထားပြန်ပါသည်။ နိုင်ငံ၏ ပထဝီ အနေအထားမှာ စစ်ကိုင်း ငလျင်ကြောပေါ် ငုတ်တုတ်ထိုင်နေရုံမျှမက အခြား မြေငလျင်ကြော များလည်း ရှိနေသေး၏။ ကျောက်ကြမ်းပြတ်ရွေ့ကြော၊ ကဘော် ပြတ်ရွေ့ကြော၊ ရွှေတြိဂံ ပြတ်ရွေ့၊ ဒေးဒရဲပြတ်ရွေ့ စသဖြင့်။

ကမ္ဘာတွင် မြေငလျင် အန္တရာယ်ကြီးသော နိုင်ငံများတွင် မြန်မာနိုင်ငံလည်း အပါအဝင်ဖြစ်ပါသည်။ သို့သော် မြန်မာပြည်သူအများစုက မြေငလျင်အန္တရာယ်ကြီးသည်ကို မသိကြပါ။ ခေတ်အဆက်ဆက် အစိုးရများကလည်း မြေငလျင်နှင့် ပတ်သက်၍ လူထုသို့ကျယ်ပြန့်စွာပညာပေးခြင်း မရှိခဲ့ပါ။



မိုးကောင်း၊ မိုးညှင်း၊ စစ်ကိုင်း၊ အင်းဝ၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ ဝမ်းတွင်း၊ မြစ်သား၊ နေပြည်တော်၊ တောင်ငူ၊ ပဲခူး၊ သုံးခွစသောမြို့များအောက်တွင် စစ်ကိုင်းငလျင်ကြော တည်ရှိသည်။ ထိုမြို့များသာမက အနီးတစ်ဝိုက်ရှိ မြို့ကြီးများမှာလည်း မြေငလျင်အန္တရာယ်ကို သတိထားရန် လိုသည်။ မြေငလျင်ပညာရှင်များကတော့ လူနေသိပ်သည်းသော မြန်မာနိုင်ငံအောက်ပိုင်းတွင် မြေငလျင်ကြီးလှုပ်မည်ကို ပူပန်နေသည်။ အထူးသဖြင့် ပဲခူးဒေသတွင် ငလျင်လှုပ်မည်ကို စိုးရိမ်နေကြသည်။ ပဲခူးမြို့တွင် ၁၉၃၀ မေလ ၅ ရက်က ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၃ ပမာဏရှိ မြေငလျင်လှုပ်၍ ပဲခူးဒေသတွင် လူ ၅၀၀၊ ရန်ကုန်မှ လူ ၅၀ ဝန်းကျင် သေဆုံးခဲ့သည်။ ယခုကာလ ထိုငလျင်မျိုး ပြန်လှုပ်ပါက လူနေပိုသိပ်သည်းလာကာ အဆောက်အအုံပိုများလာ၍ ပျက်စီးဆုံးရှုံးမှု ပိုများနိုင်ကြောင်း ဒေါက်တာဝင်းဆွေက ပြောသည်။

၂၁ ရာစုရောက်သည့်တိုင် မြေငလျင်လှုပ်မည်ကို ပညာရှင်များသိသော်လည်း မည်သည့်အချိန်တွင် လှုပ်မည်ကိုမူ မြန်မာသာမက ကမ္ဘာမှ မည်သည့်ပညာရှင်မှ ကြိုတင်မခန့်မှန်းနိုင်သေးပါ။ ထို့ကြောင့် ကြိုတင်ကာကွယ်ထားခြင်းမှာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း မြေငလျင်ပညာရှင်နှင့် အင်ဂျင်နီယာပညာရှင်တို့က အကြံပြုသည်။

"အခုတော့ ငလျင်နဲ့ ပတ်သက်တဲ့ အင်ဂျင်နီယာအတတ်ပညာကလည်း တော်တော်တိုးတက်နေပြီ။ ဒါပေမဲ့ ငလျင်ကို ကျွန်တော်တို့က ကြိုတင်ပြီးတော့ မခန့်မှန်းနိုင်ဘူး။ ဘယ်နေရာမှာ၊ ဘယ်ဒေသမှာ၊ ဘယ်အချိန်မှာ လှုပ်မယ်ဆိုတာလဲ ခုချိန်ထိ ဘယ်သူမှ မခန့်မှန်းနိုင်တဲ့ကိစ္စဖြစ်နေသေးတယ်။ သိပ္ပံပညာရပ် အပြင်ဘက်လက်လှမ်းမမီသေးတဲ့နေရာကိုရောက်နေသေးတယ်။ မခန့်မှန်းနိုင်ဘူး။ အဲဒီအခါကျတော့ ကျွန်တော်တို့မှာတစ်ခုတည်းသောနည်းလမ်းက ဆောက်တဲ့အဆောက်အအုံတွေကို ငလျင်ဒဏ် ခံနိုင်အောင်ဆောက်ဖို့ပဲရှိတော့တာပေါ့"ဟု အင်ဂျင်နီယာပညာရှင်ဖြစ်ပြီး၊ အထပ်မြင့်အဆောက်အအုံများ ကြီးကြပ်စစ်ဆေးရေးကော်မတီကိုစတင်တည်ထောင်ပေးခဲ့သော ဒေါက်တာညီလှငယ်ကပြောသည်။

"ငလျင်လှုပ်ရင် လူသေတာက ငလျင်လှုပ်လို့သေတာမဟုတ်ဘူး။ အပေါ်က အဆောက်အအုံတွေပြိုကျလို့ပိသေတာ။ အပေါ်ကပြုတ်ကျစရာ မရှိရင် အန္တရာယ်မရှိဘူး" မြေငလျင်ကော်မတီ အတွင်းရေးမှူး ဦးစိုးသူရထွန်းက ပြောသည်။ လူ ၇၀ ကျော် သေဆုံး၍ ၁၀၀ ကျော် ဒဏ်ရာရခဲ့သော ၂၀၁၁ မတ်လ ၂၄ ရက်ညဦးပိုင်းက လှုပ်ခဲ့သည့်ပြင်းအားရစ်ချ်တာစကေး ၇ ရှိ တာလေ ငလျင် (လွယ်မွေငလျင်)တွင် သေဆုံးဒဏ်ရာရရှိသူများမှာ နေအိမ်အဆောက်အအုံ ပြိုကျကာ ပိ၍ဖြစ်ပါသည်။ ပြိုကျခဲ့သော အဆောက်အအုံအများစုမှာ အိမ်အို၊ အိမ်ဟောင်းများနှင့် ခိုင်ခံ့အောင် မဆောက်ထားသော အိမ်များဖြစ်ပြီး ခိုင်ခံ့အောင် ဆောက်ထားသော အိမ်များမပြိုကြောင်း ကိုယ်တိုင်ကွင်းဆင်း လေ့လာခဲ့သော ဦးစိုးသူရထွန်းက ၎င်း၏ အတွေ့အကြုံကို မျှဝေသည်။

ထို့ကြောင့် မြေငလျင်အတွက်ကြိုတင်ကာကွယ်ပြင်ဆင်မှုမှာနေအိမ်နှင့် အဆောက်အအုံများ မြေငလျင်ဒဏ်ခံနိုင်ရန် ခိုင်ခံ့အောင်ဆောက်လုပ်ထားရန်နှင့် မြေငလျင်လှုပ်လာပါက မည်သို့တုံ့ပြန်ရမည်ကို သိရှိကြရန်ဖြစ်၏။

ဤတွင် မြန်မာနိုင်ငံအတွက် အဓိကမေးခွန်းပေါ်လာပါသည်။ "မြေငလျင်အတွက် ဘာတွေကြိုတင်ပြင်ဆင်ထားပါသလဲ" ဟူ၍ ဖြစ်ပါသည်။

"ကျွန်တော်တို့ ကိုယ်တိုင်ထိုင်နေတာက ငလျင်ကြောပေါ်ပဲ။ စစ်ကိုင်းမှာတော့ ငလျင်ကို ဘယ်သူမှ စိတ်မဝင်စားကြဘူး။ စိတ်ဝင်စားတဲ့သူက အရူးဖြစ်နေတာပေါ့" ဟုအသက် ၅၇ နှစ်အရွယ် စစ်ကိုင်းမြို့သား ဦးမျိုးသူရကပြောသည်။ စစ်ကိုင်းငလျင်ကြောပေါ်တည်ရှိနေသော စစ်ကိုင်းမြို့တွင် နေအိမ်များဆောက်လုပ်သောအခါ မြေငလျင်ဒဏ်ခံနိုင်ရန်ထည့်သွင်းစဉ်းစားမှုနည်းကြောင်း မြေငလျင်နှင့်ပတ်သက်၍ နှစ် ၂၀ ကျော်လေ့လာခဲ့သော ဦးမျိုးသူရက ဆက်ပြောသည်။

စစ်ကိုင်း မြေငလျင်ကြောပေါ်၌ တည်ရှိသော မြို့ရွာများတွင်ပါဝင်သော နေပြည်တော်တွင် မကြာမီက အိမ်အသစ်တည်ဆောက်ခဲ့သောဒေါ်ခင်မမကဗျင်းတို့အိမ်ဆောက်သော အတွေ့အကြုံကိုမျှဝေသည်။ "အိမ်ဆောက်တော့ ရိုးရိုးပဲဆောက်တာပါ။ မြေငလျင်နဲ့ပတ်သက်ပြီး ထည့်မစဉ်းစားဘူး။ ဆောက်တဲ့လူတွေကလည်း မြေငလျင်ကြောရှိမှန်း မသိတော့ ပြောလည်းမောရုံပဲရှိမယ်"

စစ်ကိုင်းနှင့် နေပြည်တော်မြို့များသာမက နိုင်ငံတစ်ဝန်းရှိ မြို့၊ ရွာများတွင် မြေငလျင်အန္တရာယ်ကို ကြိုတွေး၍ နေအိမ်၊ အဆောက်အအုံ အများစု ငလျင်ဒဏ်ခံနိုင်အောင် ဒီဇိုင်းရေးဆွဲတည်ဆောက်လေ့မရှိပါ။ အတိတ်က ငလျင်ကြီးများ လှုပ်စဉ်က လူနေကျဲပါးပြီး အဆောက်အအုံကြီးများ နည်းပါး၍ လူသေဆုံးပျက်စီးမှု နည်းပါးခဲ့သည်။ သို့သော် ယနေ့ကာလတွင် မြို့ကြီးများတွင် လူနေထူထပ်လာပြီး အဆောက်အအုံကြီးများ တိုးပွားလာ၍ မြေငလျင်အန္တရာယ် ယခင်ကထက် ပိုမိုသတိထားရန်လိုကြောင်း မြေငလျင်ပညာရှင်နှင့် အင်ဂျင်နီယာများက အကြံပြုကြသည်။

"ကံကောင်းတာက ရန်ကုန်မြို့မှာ ကြီးကြီးကျယ်ကျယ် ငလျင်က ကျွန်တော်တို့ သက်တမ်းတစ်လျှောက်မှာ မရှိခဲ့သေးဘူး။ အဲဒါ သိပ်ကံကောင်းတယ်။ သို့သော် ဘယ်တော့လာမယ်ဆိုတာ ဘယ်သူမှသိတာ မဟုတ်ဘူး။ မလာဘူးလားဆိုတော့ လာနိုင်ခြေရှိတယ်။ လာနိုင်ခြေရှိတယ်ဆိုတော့ ကြိုတင်ပြီးတော့ ပြင်ဆင်ထားတာကောင်းတာပေါ့"ဟု ဒေါက်တာညီလှငယ်ကပြောသည်။

မြန်မာနိုင်ငံတွင် လူနေအထူထပ်ဆုံး စီးပွားရေးမြို့တော် ရန်ကုန်၏ တည်နေရာမှာ အောက်တွင်ငလျင်ကြောမရှိသော်လည်း၊ ငလျင်ကြော နှစ်ခုနှင့် နီးကပ်သည်။ ရန်ကုန်မြို့အရှေ့ဘက် ၃၀ ကီလိုမီတာဝန်းကျင်တွင် စစ်ကိုင်းပြတ်ရွေ့ကြော၊ အနောက်တောင်ဘက်တွင်ဒေးဒရဲပြတ်ရွေ့ကြောတို့ရှိသည်။

"ခုခေတ် ဆောက်တာတွေက ဘိလပ်မြေ သိပ်မပါဘူး။ သဲနဲ့ ကျောက်တွေချည်းပဲ။ ကျွန်တော်တို့သိတာ ကွန်ကရစ်ဖျော်ရင် အချိုးက ဝမ်းတူးဖိုး (1:2:4 ဘိလပ်မြေတစ်ဆ၊ သဲနှစ်ဆ၊ ကျောက်လေးဆကို ဆိုလိုသည်) လို့ ဆိုပေမယ့် အခုနောက်ပိုင်း ဆောက်တဲ့တိုက်တွေကြည့်ရတာ ဘိလပ်မြေသိပ်မသုံးဘူး။ ဝမ်းတူးဖိုး မဟုတ်ဘဲ ရမ်းတူးဖိုး ဖြစ်နေတယ်"ဟု ရန်ကုန်မြို့ခံတစ်ဦးက သူ၏အမြင်ကို ပြောသည်။ ရန်ကုန်မြို့ခံ အများစုက အထူးသဖြင့် ကန်ထရိုက်တိုက်များ၏ ခိုင်ခံ့မှုအပေါ် သံသယရှိနေပါသည်။

လူနေသည်မှာ နှစ်အနည်းငယ်သာ ရှိသော်လည်း အက်ကွဲနေသော အုတ်နံရံ၊ အုတ်ရိုက်သံရိုက်လိုက်သည်နှင့် 'ဖွတ်ခနဲ' လွယ်ကူစွာ ဝင်သွားသော နံရံ၊ တံခါး၊ ခပ်ပြင်းပြင်းပိတ်လိုက်သည်နှင့် ကွန်ကရစ်များ ကွာကျလာသော ကန်ထရိုက်တိုက် အသစ်များတွင် ကျွန်တော်နေထိုင်ခဲ့ဖူးသည်။ ထိုသို့သော ကန်ထရိုက်တိုက်များ ရန်ကုန်တွင် များစွာရှိပါသည်။

အင်ဂျင်နီယာများကတော့ ရန်ကုန်တွင် ၁၉၉၀ ပြည့်လွန်နှစ်နောက်ပိုင်း ဆောက်သော ကန်ထရိုက်တိုက်များမှာ အရည်အသွေးညံ့သည်မှန်သော်လည်း ၂၀၀၃ နောက်ပိုင်း တိုက်များမှာ မြေငလျင်ဒဏ် ခံနိုင်အောင် တွက်ချက်ဆောက်လုပ်လာကြောင်း ပြောသည်။

ဆောက်လုပ်ပြီးတိုက်များ အရည်အသွေး ညံ့ ရခြင်းမှာ ဆောက်လုပ်သော ကန်ထရိုက်က ငွေအမြတ်များရန် ပစ္စည်းခိုခြင်း၊ အမြန်ပြီးရန် စံချိန်စံညွှန်းများအတိုင်း မဆောက်လုပ်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းခွင်တွင်ပင် လုပ်သားများက ပစ္စည်းခိုးခြင်း၊ အဆောက်အအုံ အရည်အသွေး စစ်ဆေးသူအချို့ အဂတိလိုက်စားခြင်း၊ အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေး လုပ်သားများကိုယ်တိုင် အရည်အသွေးနိမ့်ပါးခြင်း စသည်တို့ဖြစ်သည်။

ထို့အပြင် ယခင် အင်ဂျင်နီယာဘာသာရပ် သင်ရိုးများတွင် မြေငလျင်နှင့် ပတ်သက်၍ ထည့်သွင်းသင်ကြားခဲ့ခြင်း မရှိပေ။ ယခုနောက်ပိုင်းတွင်မှ မြေငလျင်ဒဏ်ခံနိုင်ရည်ရှိသော အဆောက်အအုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍ အင်ဂျင်နီယာဘာသာရပ်ထည့်သွင်းသင်ကြားပေးလာသည်။

ဘူမိဗေဒပညာနှင့် မြေငလျင်ပညာရှင်ဒေါက်တာဝင်းဆွေက လူနေအထူထပ်ဆုံး ရန်ကုန်အနီးတွင် မြေငလျင်လှုပ်ခဲ့ပါက ရစ်ချ်တာစကေး ၆ ဆိုပါက ဖောင်ဒေရှင်း မခိုင်သော အဆောက်အအုံများ၊ အိမ်အို အိမ်ဟောင်းများစွာ ပြိုကျပျက်စီးနိုင်ကြောင်း သတိပေးသည်။ တာလေတွင် လှုပ်ခဲ့သော ငလျင်ကဲ့သို့ ပြင်းအား ရစ်ချ်တာစကေး ၇ ဝန်းကျင်ရှိ ငလျင်တစ်ခု ပဲခူး၌ လှုပ်လျှင်ပင် ရန်ကုန်မှာ ပျက်စီးဆုံးရှုံးမှု များမည်ဖြစ်ကြောင်း ၎င်း၏အမြင်ကို ပြောသည်။

ဦးစိုးသူရထွန်းကမူ ရန်ကုန်တွင် ယခုနောက်ပိုင်း ဆောက်သော အဆောက်အအုံများမှာ ငလျင်ဒဏ်ခံနိုင်ရန် ထည့်သွင်းတွက်ချက်ထား၍ တာလေငလျင် အတွေ့အကြုံအရ ပြင်းအား ၇ ထိ ခံနိုင်ရည်ရှိနိုင်ကြောင်း ခန့်မှန်းသည်။ အရည်အသွေးညံ့ အဆောက်အအုံများမှာ ထိုပမာဏခံနိုင်ရည်ရှိရန် မလွယ်ကြောင်းလည်း ၎င်းကပြောသည်။ သို့သော် ရန်ကုန်၏တည်နေရာမှာ ရန်ကုန်ကို ဗဟိုပြု၍ ငလျင်လှုပ်နိုင်ခြေနည်းကြောင်း ဦးစိုးသူရထွန်းက ဆက်လက်တွက်ဆသည်။

၁၉၃၀ ပဲခူးငလျင်တွင် ပဲခူးတွင်လှုပ်ပြီး ရန်ကုန်လည်း ခံစားခဲ့ရ၍ မြေငလျင်ဘေးအန္တရာယ်ကို အစိုးရိမ်လွန်ရန် မလိုသကဲ့သို့ ပေါ့ဆ၍လည်းမရပေ။ ငလျင်လှုပ်လျှင်ပျက်စီးဆုံးရှုံးမှုမှာ ငလျင်ပမာဏ အကြီးအသေး၊ လှုပ်သည့်နေရာနှင့် အကွာအဝေး၊ လူနေထူထပ်မှု၊ အဆောက်အအုံများ၊ မများ၊ မြေသား၏ ခံနိုင်ရည်ရှိ၊ မရှိစသည်တို့အပေါ်တွင်မူတည်၍ ခြားနားသည်။

ကမ္ဘာတွင်လည်း သဘာဝဘေးအန္တရာယ်များထဲတွင် ငလျင်ကသာ လူသေဆုံးပျက်စီးမှုအများဆုံးဖြစ်စေသည်။ ၂၀၀၈ ခုနှစ် တရုတ်နိုင်ငံ စီချွမ်တွင် လှုပ်ခဲ့သော ၇ ဒသမ ၉ ရစ်ချ်တာစကေး ရှိငလျင်ကြောင့်လူ ခြောက်သောင်းကိုးထောင်ကျော် သေဆုံးခဲ့သည်။ ၂၀၁၀ ဟေတီတွင် လှုပ်ခဲ့သော ပြင်းအား ၇ ရှိ ငလျင်ကြောင့် လူသုံးသိန်းတစ်သောင်းကျော်သေဆုံးခဲ့သည်။

မြန်မာနိုင်ငံတွင် မြေငလျင်အန္တရာယ်အတွက်ကြိုတင်ပြင်ဆင်နေမှုများလည်းရှိပါသည်။ ၂၀၀၃ ခုနှစ် နှစ်ဆန်းပိုင်းတွင် အထပ်မြင့် အဆောက်အအုံများ ကြီးကြပ်စစ်ဆေးရေးကော်မတီ စတင်တည်ထောင်၍ ကိုးထပ်နှင့်အထက် အဆောက်အအုံများကို ထိုကော်မတီက ငလျင်ဒဏ်ခံနိုင်သောဒီဇိုင်း ထည့်သွင်းရေးဆွဲဆောက်လုပ်ရန် ကြီးကြပ် စစ်ဆေးခဲ့သည်။

စာ(၃၀)သို့

7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

## ဘုရင့်နောင်တွင် ပဲအရောင်းအဝယ် ဈေးကွက် နှစ်ခုဖြစ်နေ

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၇**

ဘုရင့်နောင်၌ ပဲအရောင်းအဝယ်ပြုလုပ်သည့် ဈေးကွက်နှစ်နေရာဖြစ်နေပြီး ဒိုင်ထက် ကုန်စည်ဒိုင်မှ ထုတ်ပယ်လိုက်သည့် ပွဲစားများ ဖွဲ့စည်းထားသည့် ဈေးကွက်တွင် အရောင်းအဝယ်ပိုဖြစ်လာကြောင်း နေ့စဉ် အရောင်းအဝယ်ပြုလုပ်နေသော ပဲကုန်သည်တစ်ဦးကပြောသည်။

"အရောင်းအဝယ်လုပ်လို့ရတဲ့နေရာနှစ်နေရာဖြစ်သွားတော့ ကုန်သည်တွေကလည်း ဈေးကွက်နှစ်ခုလုံးမှာ အရောင်းအဝယ်လုပ်ကြတဲ့သဘောရှိတော့ ဒီရက်ပိုင်း ဈေးကွက်နည်းနည်းတော့အေးသွားတယ်"ဟု အထက်ပါ ပဲကုန်သည်ကပြောသည်။

အဆိုပါအရောင်းအဝယ်ပြုလုပ်သောဈေးကွက်နှစ်ခုဆိုသည်မှာကုန်စည်ဒိုင်တွင်နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေသောဈေးကွက်နှင့် ပြီးခဲ့သည့်ရက်ပိုင်းက ကုန်စည်ဒိုင်က ပွဲစားအဖြစ်မှ ထုတ်ပယ်လိုက်သော ကုန်သည်များ စုစည်းကာ ပြုလုပ်သောဈေးကွက်တို့ဖြစ်သည်။

ယင်းဈေးကွက်နှစ်ခုတွင် ကုန်စည်ဒိုင်ဈေးကွက်ထက် ပွဲစားများဖြင့်ပြုလုပ်သောဈေးကွက်က အရောင်းအဝယ်ပိုများနေကြောင်း ပဲကုန်သည်တစ်ဦးကပြောသည်။ ထိုဈေးကွက်နှစ်ခုတွင် ပွဲစားများပြုလုပ်သောဈေးကွက်သည် ကုန်စည်ဒိုင်ပေါက်ဈေးထက် တစ်တန်ပေါ်တွင် ကျပ်ငါးထောင်ဝန်းကျင်ပိုများလေ့ရှိကြောင်း သိရသည်။

နိုင်ငံခြားဝယ်လက် နည်းနေသောကြောင့် ပဲဈေးနှုန်းများမှာလည်း ယခုရက်ပိုင်း၌ ဈေးနှုန်းများ ကျဆင်းနေကြောင်း ပဲကုန်သည်များကပြောသည်။ ပြီးခဲ့သည့်အပတ်တွင်းကတစ်တန်လျှင်၆၃၂,၀၀၀ ကျပ်ရှိနေသော မတ်ပဲ RC မှာ ယခုရက်ပိုင်းတွင် ၅၇၅,၀၀၀ ကျပ်ဝန်းကျင်ထိ ဈေးနှုန်းများ ကျဆင်းလာခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာ ၁ ရက်က ပွဲစားများ လိုက်နာရမည့် စည်းကမ်းများကို လိုက်နာမှုမရှိသောပွဲစားရှစ်ဦးအား ပွဲစားအဖြစ်မှ ရာသက်ပန်ထုတ်ပယ်လိုက်ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## အထက်ကညွှန်ကြားမှ မီဒီယာများက ထောက်ပြလာမှ ဆောင်ရွက်ခြင်းမျိုး ရှောင်ရှားရန် သမ္မတက ပြည်ထောင်စုဝန်ကြီးအသစ်များအား မှာကြား

**အေးမြကျော်**

**ရန်ကုန်၊စက်တင်ဘာ-၁၀**



ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများခန့်အပ်တာဝန်ပေးခြင်းအခမ်းအနား

ဓာတ်ပုံ-နိုင်ငံတော်သမ္မတရုံး

အသစ်ခန့်အပ်လိုက်သော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား အထက်က ညွှန်ကြားမှ၊ မီဒီယာများတွင် ထောက်ပြလာမှ ဆောင်ရွက်ခြင်းစသော အမှုမဲ့ အမှတ်မဲ့ လုပ်ရပ်များကို ရှောင်ရှားကြရန် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က စက်တင်ဘာ ၁၀ ရက်တွင် နေပြည်တော် သမ္မတအိမ်တော်၌ ပြုလုပ်သည့် ဝန်ကြီးအသစ်များ ခန့်အပ်ခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

အသစ်ခန့်အပ်လိုက်သော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများကို ခန့်အပ်တာဝန်ပေးခြင်းနှင့် ပတ်သက်၍လည်း ခေတ်ပြောင်းစနစ်ပြောင်းတွင် အပြောင်းအလဲများကို သိသာထင်ရှားစွာ ထွက်ပေါ်လာရန်အတွက် အစိုးရအဖွဲ့အား အပြောင်းအလဲ ပြုလုပ်ခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

သမ္မတက အသစ်ခန့်အပ်လိုက်သော ဝန်ကြီးများတွင် မိမိအနေနှင့် ယုံကြည်စွာ တာဝန်ပေးအပ်လိုက်ပြီဖြစ်ပြီး ဝန်ကြီးများအနေနှင့်လည်း လက်အောက်ရှိ အစိုးရဝန်ထမ်းများကို ယုံကြည်စွာ တာဝန်ခွဲဝေအပ်နှင်းရန် လိုသကဲ့သို့ ရှင်းလင်းလွယ်ကူပြီး တိကျပြတ်သားသော လုပ်ငန်းများချမှတ်ပေးရန်လိုကြောင်း မှာကြားခဲ့သည်။

ထို့အပြင် အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်သူများနှင့် ထိတွေ့နေရသော အောက်ခြေဝန်ထမ်းများအထိ ရောက်ရှိရန် လိုကြောင်းလည်း သတိပေးပြောကြားခဲ့သည်။

ပြည်သူတွေနှင့်ပတ်သက်၍လည်း မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသွားခဲ့ရာ အစိုးရသည် ပြည်သူသန်း ၆၀ ၏ ရည်မှန်းချက်နှစ်ရပ်ကို အကောင်အထည်ဖော်ရင်း နိစ္စဓူဝ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေပြီး နိစ္စဓူဝ လိုအပ်ချက်များမှာ အလုပ်အကိုင်ရရှိရေး၊ ထိုက်သင့်သည့်ဝင်ငွေရရေး၊စားဝတ်နေရေး အဆင်ပြေရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် ရေ၊ မီးနှင့် သွားလာရေး အဆင်ပြေစေရေးတို့ဖြစ်ကြောင်း အသေးစိတ်ပြောကြားသွားသည်။

"ကိုယ့်အဖွဲ့အစည်းကောင်းအောင် တည်ဆောက်ရာမှာ ခေါင်ကလုံမှ တံစက်မြိတ်လည်းလုံမှာဖြစ်တဲ့အတွက် ကိုယ့်ကိုယ်ကိုယ်ကောင်းအောင် အရင်ဆုံး တည်ဆောက်ကြဖို့ပြောကြားလိုပါတယ်" ဟု သမ္မတဦးသိန်းစိန်က ပြောကြားသည်။

အလုပ်လုပ်ကိုင်ရာ၌ အမှားအယွင်းမရှိစေရန် မှာကြားရာတွင်လည်း "စေတနာအလျောက် လုပ်မှားကိုင်မှားဖြစ်တာကို ကျွန်တော့်အနေနဲ့ တာဝန်ယူပြုပြင်ပေးသွားမှာ ဖြစ်ပါတယ်။ သို့သော်လည်း ကိုယ်ကျင့်တရား၊ စာရိတ္တမဏ္ဍိုင်နဲ့ပတ်သက်ပြီး တစ်ဦးချင်း ပုဂ္ဂိုလ်ရေး မမှားကြဖို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်" ဟု သမ္မတက နိဂုံးချုပ်စကားအနေနှင့် ပြောကြားသွားသည်။









7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# ပြုပြင်စရာများကို ရဲရဲဝံ့ဝံ့ဆောင်ရွက်ရမည့်အချိန်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြောကြား

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ – ၈**

ဒီမိုကရေစီစနစ်အတွက် ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်နေချိန်တွင် ပြုပြင်စရာရှိသည်များကို ရဲရဲဝံ့ဝံ့သတ္တိရှိရှိမဆောင်ရွက်ပါက ပြုပြင်ပြောင်းလဲရေး ဆိုသည်မှာ စိတ်ကူးယဉ်သာဖြစ်ပြီး ယင်းအခြေမှပင် ပျက်ပြယ်သွားလိမ့်မည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပြောကြားသည်။

ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသော တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်ရေးကော်မတီက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ၌ စက်တင်ဘာလ ၈ ရက်မွန်းလွဲပိုင်းက ပြုလုပ်သောဥပဒေပညာရှင်များနှင့် တွေ့ဆုံပွဲတွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"အပြောလေးနဲ့တော့ မရဘူး။ ဟန်ပြနဲ့တော့ မရဘူး။ ရဲရဲဝံ့ဝံ့သတ္တိရှိရှိမလုပ်ဘူးဆိုရင်မဖြစ်ဘူး။ ဒီမိုကရေစီ နုနယ်တယ်ဆိုတာ ဒီမိုကရေစီက ရှိပြီးသားပဲ။ နုနယ်တာကကျွန်တော်တို့က နုနယ်တယ်။ ဒီမိုကရေစီ ပြောင်းခါစမို့ခွင့်လွှတ်ရမယ် ဆိုရင် ခွင့်လွှတ်တဲ့ဟာက မှန်သလား၊ မှားသလား ပြန်ပြီးကြည့်ဖို့လိုတယ်။ ခွင့်လွှတ်လိုက်တယ်ဆိုရင် နောက်လည်း လုပ်လို့ရတယ်ဆိုပြီးတော့ ဒီလိုပဲဖြစ်နေမှာပဲ။ ဘာဖြစ်မလဲ သံသရာတစ်ပတ်လည်မယ်" ဟု သူရဦးရွှေမန်းက ပြောကြားသည်။

အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အောက်ခြေနှင့်အလယ်အလတ်အဖွဲ့များမှာ အကြောက်တရားများ ရှိနေဆဲဖြစ်ပြီး ထိုအကြောက်တရားများက ပြည်သူလူထုထံ ကူးစက်နေကြောင်း မြန်မာနိုင်ငံအနှံ့အပြားသို့လှည့်လည်၍ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ဖွဲ့စည်းနေသော ၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ ကိုဂျင်မီက ပြောသည်။

"နိုင်ငံတော် သမ္မတကြီးကလည်းပြည်သူလူထုကိုပြောတယ်။ သူ့ကို ဝေဖန်ပါ။ တည့်မတ်ပေးပါ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကလည်း သတ္တိရှိရှိပြောပါ၊ မှန်တာကိုပြောပါလို့ ပြောနေတဲ့အချိန်မှာ ဘာကို ကြောက်နေဖို့လိုသေးလဲ" ဟု ကိုဂျင်မီကဆက်လက် ပြောကြားသည်။

# တရားရုံးချုပ် အဆောက်အအုံနှင့် ရန်ကုန်တိုင်းစုပေါင်းတရားရုံး ပုဂ္ဂလိကလွှဲခြင်း ရပ်ဆိုင်းပေးရန် ရှေ့နေများ ကွန်ရက်တောင်းဆို

**မြတ်စုမွန်၊ အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ-၉**

ရှေးဟောင်းအမွေအနှစ်များအဖြစ် နိုင်ငံတော်က တရားဝင်သတ်မှတ်ထားသော တရားရုံးချုပ်အဆောက်အအုံနှင့် ရန်ကုန်တိုင်းစုပေါင်းတရားရုံး အဆောက်အအုံများကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးခြင်းအား အမြန်ဆုံး ရပ်ဆိုင်းပေးရန် ရှေ့နေများကွန်ရက်က သဘောထားတစ်ရပ် ယနေ့ထုတ်ပြန်တောင်းဆိုလိုက်သည်။



ကမ်းနားလမ်းရှိ ရန်ကုန်တိုင်းတရားရုံး(စုပေါင်းရုံး)အဆောက်အအုံကို စက်တင်ဘာ၁၀ရက်ကတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အကယ်၍ သင့်လျော်သည့်အချိန်အတွင်း မရပ်ဆိုင်းပေးပါက စုပေါင်းဆန္ဒထုတ်ဖော်ခြင်းအပြင်၊ အခြားဥပဒေနည်းလမ်းများအရ အစိုးရအား တရားစွဲဆိုသည်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှေ့နေများကွန်ရက်မှ တာဝန်ရှိသူများက ပြောသည်။

ယင်းတရားရုံးအဆောက်အအုံ နှစ်ခုအနက် ရန်ကုန်တိုင်းစုပေါင်းတရားရုံးအား ဟိုတယ်ပြုလုပ်ရန် ရည်ရွယ်ချက်ဖြင့် တရုတ်ကုမ္ပဏီတစ်ခုသို့လည်းကောင်း၊ တရားရုံးချုပ်အဆောက်အအုံအားပြတိုက်နှင့် စားသောက်ဆိုင်လုပ်ငန်းများအတွက် ပက်စီဦးသိန်းထွန်းသို့လည်းကောင်း လွှဲပြောင်းပေးထားသည်ဟုသာ သိရကြောင်း ရှေ့နေများ ကွန်ရက်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တရားရုံးအဖြစ် ဆောက်လုပ်ထားသည့် အဆောက်အအုံဖြစ်သဖြင့်တရားရုံးအဖြစ်သာ ဆက်လက်သုံးစွဲခွင့်ပေးရန် သမ္မတနှင့် လွှတ်တော်သို့မေတ္တာရပ်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"နောက်ဆုံး ဘယ်လိုမှ ရွေးချယ်စရာ လမ်းမရှိတော့ဘူးဆိုရင်တော့ ရှေးဟောင်းအဆောက်အအုံတွေကို တရားဥပဒေကြောင်းအရ ထိန်းသိမ်းဖို့ လိုလာတဲ့အတွက် နောက်ဆုံးအဆင့် အဖြစ်အစိုးရကို တရားစွဲမယ်" ဟု ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီက ပြောသည်။

ယင်းအဆောက်အအုံများသည် ကိုလိုနီခေတ် လက်ကျန် ရှေးဟောင်း အဆောက်အအုံများဖြစ်ပြီး

စာ(၃၀)သို့



## စာ– ၂၉၊ တရားရုံးချုပ် အဆောက်အအုံနှင့် ရန်ကုန်တိုင်းစုပေါင်းတရားရုံး ပုဂ္ဂလိကလွှဲခြင်း ရပ်ဆိုင်းပေးရန် ရှေ့နေများ ကွန်ရက်တောင်းဆို မှ

ရန်ကုန်မြို့တွင်ကိုလိုနီခေတ်လက်ကျန် အဆောက်အအုံ ၁၈၈ လုံး အနက်၊ အများစုမှာ အစိုးရရုံးများ၊ သာသနိက အဆောက်အအုံများ နှင့် စာသင်ကျောင်းများ ပါဝင်ပြီး အလုံး ၉၀ကျော်မှာ သာသနာရေး ဆိုင်ရာအဆောက်အအုံများပါဝင် ကြောင်း ဗိသုကာ ပညာရှင်များ အသင်း၏ စစ်တမ်းများအရ သိရ သည်။

ယင်းအဆောက်အအုံများ ကို ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းသည် ၁၉၉၈ တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ၉/၉၈ ဥပဒေအမှတ် ၉/၉၈ “ယဉ်ကျေး မှုအမွေအနှစ်များ ကာကွယ်ထိန်း သိမ်းရေး ဥပဒေ”ကို ချိုးဖောက် ခြင်းဖြစ်ကြောင်း ဦးအောင်သိန်း က ဆက်လက်ပြောကြားသည်။

“ပုဂ္ဂလိကကို လွှဲပြောင်းပေး တယ်ဆိုတာ အစိုးရအဖွဲ့က လုပ် တာလား။ ပုဂ္ဂလိကပိုင် ပြုလုပ် ရေးကော်မရှင်ကပဲ လုပ်တာလား ဆိုတာ ကျွန်တောတို့ မသိပါဘူး။ ဘာအကြောင်းကြောင့် ပုဂ္ဂလိက ကို လွှဲပေးနေသလဲဆိုတာ မရှင်း ဘူး။ သိပ်ဆင်းရဲနေလို့လား၊ ပိုက် ဆံသိပ်လိုချင်နေလို့လား။ ပွင့်ပွင့် လင်းလင်း လုပ်ထားတာ တစ်ခုမှ မရှိဘူး”ဟု တရားလွှတ်တော်ရှေ့ နေဦးကိုနီက ပြောသည်။

တရားချုပ်ရှေ့နေ ဦးအေး မြင့်က “ဒါဟာ သမိုင်းရဲ့တန်ဖိုး ကို မသိတဲ့လူတွေရဲ့ ဖျက်လိုဖျက် ဆီးလုပ်မှုပဲ”ဟု ပြောသည်။

“ယဉ်ကျေးမှုအမွေအနှစ် များ ကာကွယ်ထိန်းသိမ်းဥပဒေ ၏ အခန်း ၇ တွင် တားမြစ်ချက် များပါရှိပြီး ပုဒ်မ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃ တို့ကို ပြဋ္ဌာန်းထား ပြီး အခန်း ၈ တွင် ထိုဥပဒေများ ကိုဖောက်ဖျက်ကျူးလွန်ပါကပြစ် မှုပြစ်ဒဏ်များကိုလည်း သတ်မှတ် ထားရာ ငွေဒဏ် ထောင်ဒဏ် များကိုလည်းပြဋ္ဌာန်းထားကြောင်း သိရသည်။

ထို့ပြင် ယင်းပုဒ်မ ၂၇ အရ တရားရုံးသည်(က)တည်ဆောက် ထားသော အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊ (ခ)တိုးချဲ့ထား သည့်အဆောက်အအုံ(သို့မဟုတ်) ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည်ပြုလုပ်စေခြင်း၊ (ဂ) ပုံ သဏ္ဌာန်ပြောင်းလဲ ပြင်ဆင်ထား သည့် အဆောက်အအုံ သို့မဟုတ် မြေကိုမလူပုံသဏ္ဌာန်အတိုင်းပြန် လည်ပြုလုပ်စေခြင်း စသည့်အမိန့် တစ်ခုခုကိုလည်း ချမှတ်ရမည်ဟု ပြဋ္ဌာန်းထားကြောင်းသိရသည်။

## စာ– ၂၇၊ မြေငလျင်များအတွက် အဆင်သင့်ဖြစ်ပြီလား မှ

ရှစ်ထပ်နှင့်အောက် အ ဆောက်အအုံများကိုမူ ရန်ကုန်မြို့ တော် စည်ပင်သာယာရေးကော် မတီ၊ အင်ဂျင်နီယာဌာန (အ ဆောက်အအုံ)က ဦးဆောင်စစ် ဆေးသည်။ ထို့အပြင် သုံးထပ်နှင့် အထက် အဆောက်အအုံများမ ဆောက်မီ မြေသားခံနိုင်ရည်စစ် ဆေးခြင်း၊ အဆောက်အအုံများ ဆောက်လုပ်သောအခါမြေငလျင် အန္တရာယ် မည်မျှရှိသည်ကို သိရှိ ရန် မြေငလျင်အနုစိတ်ပြ မြေပုံ ကိုပညာရှင်များက ရေးဆွဲဖြန့်ဝေ ထားခြင်း၊ ဆောက်လုပ်ရေး စံချိန် စံညွှန်းများ အသေးစိတ်ရေးဆွဲ ထားသော Building Code ကို ရေးဆွဲပြဋ္ဌာန်းရန် စီစဉ်နေခြင်း၊ မြေငလျင် လှုပ်လာပါက ကယ် ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင် ရန်ပြင်ဆင်ထားခြင်း စသည်တို့ ဖြစ်သည်။

“တကယ်လို့ မြေငလျင်လှုပ် တယ်၊အဆောက်အအုံပြိုကျတယ် ဆိုရင် ကရိန်းတွေ ပြိုကျပျက်စီး တာတွေကို ဖယ်ရှားရှင်းလင်းတဲ့ စက်တွေ အဆင်သင့်ဖြစ်အောင် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ မိတ်ဖက်အင်အားအနေနဲ့ဆောက် လုပ်ရေးတို့၊စည်ပင်တို့နဲ့ တကယ့် အကြီးစားဆုံးရှုံးမှုတွေဖြစ်လာခဲ့ ရင် ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ် ထားပါတယ်” ဟု မီးသတ်ဦးစီး ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြော သည်။

သဘာဝဘေးအန္တရာယ်များ ကြုံလာပါက တုံ့ပြန်ရန် ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့များကို မီး သတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဖြင့် ဖွဲ့စည်းထားပြီး တစ်နိုင်ငံလုံး တွင် အင်အား ၁၃,၆၀၀ ခန့် ရှိ ကြောင်း ၎င်းကပြောသည်။ သို့ သော်တစ်နိုင်ငံလုံးရှိမီးသတ်ကား၊ ကရိန်း၊ ပစ္စည်းဖယ်ရှားပေးသော ယာဉ်ယန္တရားများ၏ အရေအ တွက်ကိုမူ ပြောကြားခြင်းမရှိပေ။

ရန်ကုန်တိုင်း မီးသတ်ဦးစီး ဌာနမှ တာဝန်ရှိသူတစ်ဦးက မြေ ငလျင်လှုပ်၍ အဆောက်အအုံများ ပြိုကျလျှင် ကယ်ဆယ်ရေး ယာဉ် နှစ်စီးနှင့်တန်ချိန်များစွာလေးသော အပျက်အစီးများကိုမရန် ဟိုက် ဒရောလစ်ဒေါက်ထောက်သော ရမ်တစ်စီးရှိကြောင်းပြောသည်။ဘူ ဒိုဇာ၊ ဘက်ဟိုးကဲ့သို့ ယန္တရားများ ဝယ်ယူရန် ရန်ကုန်တိုင်း မီးသတ် ဦးစီးဌာနက စီစဉ်နေကြောင်း ၎င်းကဆက်ပြောသည်။ နယ်မြို့ များတွင်မူ ထိုသို့ ယန္တရားကြီးများ ပင်မရှိ။

ရန်ကုန်မြို့လယ်ရှိ လမ်း ၃၀ တွင် အဆောက်အအုံဟောင်း တစ်ခုပြိုကျခဲ့ရာ မိန်းကလေးတစ် ဦးပိမိနေပြီး အသက်ရှင်၊မရှင်မသိ ၍ ယန္တရားများဖြင့် အပျက်အစီး များကို ဖယ်ရှား၍ရှာဖွေရာတွင် နာရီအတော်ကြာခဲ့ပါသည်။ ထို့ ကြောင့် အနာဂတ်တွင် ငလျင်များ လှုပ်ခဲ့ပါက ကယ်ဆယ်ရေးလုပ် ငန်းများအတွက် ယန္တရားများစွာ အဆင်သင့်ရှိရန် ကြိုတင်လေ့ကျင့် မှုများ ပြုလုပ်ထားရန်လိုသည်။

အထပ်နိမ့်သည်ဖြစ်စေ၊ မြင့် သည်ဖြစ်စေ မြေငလျင်အန္တရာယ် ကို ကြိုတင်တွက်ချက်ပြီး စရိတ် စကများစွာ မကုန်ဘဲ ဆောက် လုပ်နိုင်သော နည်းလမ်းများစွာ ရှိကြောင်း အထပ်မြင့်အဆောက် အအုံများ ကြီးကြပ်စစ်ဆေးရေး ကော်မတီဝင်ဦးစောထွေးဇော်က ၂၀၀၁ ခုနှစ်တွင် ပြောသည်။ သူ က မြေငလျင် အပါအဝင် သဘာဝ ဘေးအန္တရာယ်များကို ကြိုတင် ကာကွယ်ရန် အဆောက်အအုံများ ဆောက်လုပ်သည့်အခါ အချက် သုံးချက်ကို ဂရုပြုဆောက်လုပ်ပါ က ကုန်ကျစရိတ်မတက်ဘဲ သ ဘာဝဘေးအန္တရာယ်များကို သိ သိသာသာ ကာကွယ်နိုင်လိမ့်မည် ဟု ပြောသည်။

ထိုအချက်သုံးချက်မှာ အေ၊ ဘီ၊ စီ ဖြစ်သည်။ အေမှာ Anchorage ဖြစ်ပြီး အုတ်မြစ် များကို မြဲမြံစွာ ဆောက်လုပ်ခြင်း ဖြစ် သည်။ ဘီမှာ Bracing ဖြစ်ပြီး ထုတ်များ၊ တန်းများကို ကောင်း မွန်စွာ ကျားကန်ထားရန်နှင့် စီမှာ Connection ဖြစ်ပြီး တိုင်များ၊ တန်းများကို ဆက်သည့် ဂွီုင့်(အ ဆုံ)များကို ခိုင်ခံ့အောင် ဆောက် ထားရန်ဖြစ်သည်။ ထိုအချက်သုံး ချက်မှာ ငွေကြေးများစွာ မကုန် ကျဘဲ ပြုလုပ်နိုင်သည်။ သို့သော် ယခုနောက်ပိုင်း ဆောက်လုပ်ရေး လုပ်ငန်းများတွင် အားနည်းချက် တစ်ခုမှာ ဆောက်လုပ်ရေးလုပ် သားများကိုယ်တိုင် လုပ်ငန်းအ တတ်ပညာနှင့် ပတ်သက်၍ တတ် မြောက်သိရှိမှု အားနည်းခြင်း ဖြစ် သည်။ ထို့ကြောင့် သက်ဆိုင်ရာမှ ဆောက်လုပ်ရေးလုပ်သားများကို ပညာပေးခြင်းများ ပြုလုပ်ရပါ တော့မည်။

ထို့အပြင် အဆောက်အအုံ များ၏ အရည်အသွေးကိုစစ်ဆေး ပေးရန် ကြားလူဖြစ်သော တတိယ အဖွဲ့အစည်းများကို ခန့်အပ်တာ ဝန်ပေးသင့်ကြောင်း ဒေါက်တာ ညီလှငယ်နှင့် ဦးစိုးသူရထွန်းတို့က အကြံပြုသည်။ လူထုအနေဖြင့် လည်း မြေငလျင်အန္တရာယ်ကို ပိုမိုသိရှိပြီး၊ အရေးကြုံလာပါက မည်သို့ပြုလုပ်သင့်သည်ကို သိရန် ပညာပေးခြင်းကို အခြေခံကျောင်း သင်ရိုးများတွင် ထည့်သွင်းပညာ ပေးသင့်ကြောင်း ဦးဝင်းဆွေနှင့် ဦးစိုးသူရထွန်းတို့က ဆက်လက် အကြံပြုသည်။

ရေအိုင်များကို မြေဖို့ဆောက် ထားသော၊ မိုးရာသီတွင် ရေလျှံ လေ့ရှိသောနေရာများမှာ မြေ ငလျင်အန္တရာယ်ကိုပိုမိုသတိထား ရန် ဒေါက်တာဝင်းဆွေက အကြံ ပေးသည်။

အသက် ၇၅ နှစ်အရွယ် ဒေါက်တာဝင်းဆွေက သူစတွေ့ သော ငလျင်ကြောကြီးကြောင့် ပင်မြန်မာပြည်အတွက်မြေငလျင် အန္တရာယ်ကို ပူပန်နေပါသည်။ “နောက်ဆုံးရာစုနှစ်အတွင်းမှာကို စစ်ကိုင်းငလျင်ကြောတစ်လျှောက် လှုပ်တဲ့ငလျင်မနည်းဘူး။ အင်အား ၇ အထက်ချည်းပဲ။ ဒါပေမဲ့ ငလျင်ကရစ်ချ်တာစကေး၆ကျော် ရင် ကြောက်ရတယ်။ စိတ်ပူတာ က ရေလျှံနေတဲ့အချိန်မှာ ငလျင် လှုပ်မှာကြောက်တာ။ အဲဒါကသိပ် ဒုက္ခပေးတာ။ ရေပါကြီးမှာ”။ ။


**TRADEMARK CAUTION**

HONEYS. CO., LTD. a Company incorporated in Japan, at 27-1, Shichihonmatsu, Hashirikuma-aza, Kashima-machi, Iwaki-shi, Fukushima, Japan is the Owner and Sole Proprietors of the following Trade marks:-

Honeys

Reg : No.4/8699/2012

CINEMA CLUB

Reg : No. 4/8698/2012

GLACIER

Reg : No. 4/8717/2012

C·O·L·Z·A

Reg : No. 4/8696/2012

Comfort basic

Reg : No. 4/8697/2012

ANQUIET*

Reg : No. 4/8695/2012

In respect of : “Int’l Class 14, Alloys of precious metal, Jewel cases, Jewellery, Precious stones, Works of art of precious metal, Earrings, Rings (jewellery), Necklaces (jewellery), Clothing ornaments of precious metals, Decorative objects (ornaments) plated with precious metals, Hair ornaments of precious metal (jewellery), Imitation jewellery ornaments, Jewellery ornaments, Ornaments for shoes (of precious metals), Ornaments made of precious metals, Ornaments of precious metals incorporating watches, watches, and Jewel cases of precious metal.

Int’l Class 18 : Purses, Travelling trunks, Shopping bags, Handbags, Travelling bags, Briefcases, Vanity cases (not fitted), Suitcases, Umbrellas, Leather (Unworked or semi-worked), Fur, Canes, and Clothing for pets.

Int’l Class 25 : Clothing, Children clothes, Knitwear (clothing), Underclothing, Layettes, Swimsuits, Raincoats, Footwear, Headgear for wear, Stockings, Gloves (clothing), Scarves, and Belts for clothing.

Int’l Class 35: Sales promotion [for others], Import-export agencies, Demonstration of goods, Advertising, Distribution of samples, Publication of publicity texts, On-line advertising on a computer network, Organizing fashion show for advertisement or selling, Exhibitions (organization of -) for commercial or advertizing purposes, Information (business - ), Retail services, namely retail store services, mail order services and internet retail services in the field of clothing, clothing accessories, personal ornaments, personal care products, luggage and bags, and precious metal products”.

Fraudulent imitation or unauthorized use of the said Trademarks shall be dealt with according to law.

U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myint.advocate@mptmail.net.mm
www.mipadvocate.com
Ph : 371990

13.Sept.2012



Edu STAR
စာတွေ့လက်တွေ့လုပ်ငန်းခွင်ဝင်သင်တန်းများ
Professional Computer Training

| Office 2010 + DTP | DTP + Graphic Design | Office 2010 + Practical A+ |
|---|---|---|
| ~~55,000~~ | ~~110,000~~ | ~~75,000~~ |
| 42,000 | 88,000 | 56,000 |
| Save 13,000 | Save 22,000 | Save 19,000 |

Special Promotion Package: only SEPTEMBER
အမှတ်(၁၀၈)၊ ရန်ကုန်–အင်းစိန်လမ်းမ ၊ကမာရွတ် ဘုတာရုံကား မှတ်တိုင်အနီး ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
PH: 09-421025700, 0973116769, 09-420083265



**ဝန်ထမ်းအမြန်အလိုရှိသည်။**


အထပ်မြင့်အဆောက်အဦဆောက်လုပ်ရေးလုပ်ငန်းခွင်အတွေ့အကြုံရှိသူအောက်ဖော်ပြပါ ဝန်ထမ်းများအလိုရှိသည်။

1. **Project Director / Manager** — **Male (1) Post**
(Preferrably any graduate with technical education and experiences)
2. **Project Engineer** — **Male (1) Post**
M.E (Civil) 8 Years experience (or) B.E (Civil) 12 Years experience
3. **Supervision Engineer / Internal Inspection Engineer** — **Male (1) Post**
B.E (6 Years experience) (or) B.Tech (9 Years experience)
4. **Supervision Technician / Work-Charge** — **Male (1) Post**
B.Tech (1 Year experience) (or)
A.G.T.I / E.G.T.I / Dip.Tech (3 Years experience)
5. **M&E Engineer**
B.E (Electrical) 3 to 5 Years experience — **Male (1) Post**
B.E (Mechanical) 3 to 5 Years experience — **Male (1) Post**

(လျှောက်ထားလိုသူများသည် (၁၄.၉.၂၀၁၂)ရက်နေ့နောက်ဆုံးထား၍ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ သန်းခေါင်စာရင်း မိတ္တူ၊အလုပ်သမားမှတ်ပုံတင်မှုရင်း၊အကျင့်စာရိတ္တကောင်းမွန်ကြောင်းရဲစခန်းထောက်ခံစာ မူရင်းတို့နှင့်အတူ Asia Metal Company Limited အမှတ်(၁၀၆)၊ ပန်းပဲခေါင်းမောင်ခက် လမ်း၊ စက်မှုဇုန် (၄)၊ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့သို့လျှောက်ထားနိုင်ပါသည်။ ဖုန်း – ၀၁ ၆၁၈၁၃၇)

# ဦးဘဂျမ်း၊ စင်ဒီကရောဖို့ဒ်နဲ့ ကြော်ငြာလောကရဲ့ ကိုယ်ကျင့်တရား

မောင်သာချို



(တစ်)

ကျွန်တော်တို့နိုင်ငံ၏ စီးပွားရေးကို ဗဟိုကချုပ်ကိုင်သည့် စီမံကိန်းစီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်ဆီသို့ ရွှေ့လျားပစ်လိုက်ပြီးသည့်နောက် ဈေးကွက်နှင့်အတူတကွ ဖွံ့ထွားလာသည့် လုပ်ငန်းမှာ ကြော်ငြာလုပ်ငန်းပဲ ဖြစ်ပါသည်။ ကြော်ငြာအကျိုးဆောင်လုပ်ငန်းများ တည်ထောင်လာကြကာ ရုပ်မြင်သံကြားပေါ်က စာနယ်ဇင်းများပေါ်က၊ ရေဒီယို အသံလွှင့် လေလှိုင်းပေါ်က၊ လမ်းဘေးဝဲယာရောမဆိုင်းဘုတ်ကြီးများပေါ်ကနေ၍ ကိုယ်တာဝန်ယူထားသည့် စီးပွားရေးလုပ်ငန်းအောင်မြင်မှုရရှိစေရန် ကြော်ငြာပေးကြသည်မှာကား သဘာဝပင်ဖြစ်ပါသည်။

ထိုကြော်ငြာပေါင်းစုံတို့ကို ကြည့်ရင်း၊ နားထောင်ရင်း၊ ဖတ်ရှုရင်းက ဖတ်မိသမျှ မှတ်မိသမျှကလေးများကို သတိရလာမိကာ အတွေးတချို့တလေကို ဖောက်သည်ပြန်ချလိုခြင်း ဖြစ်ပါသည်။

Business ethic ဟု ခေါ်မလား။ Advertising ethic ဟု ခေါ်မလား။ ကျွန်တော်မသိပါ။ ကြော်ငြာလုပ်ငန်းနှင့် စီးပွားရှာသူတို့ လိုက်နာသင့်သော ကိုယ်ကျင့်တရားများဟုပဲ ဆိုကြပါစို့။

(နှစ်)

ကျွန်တော်တို့နိုင်ငံ၌ နာမည်ကျော် ကာတွန်းဆရာကြီးတစ်ဦး ရှိခဲ့ဖူးပါသည်။ အလင်္ကာကျော်စွာ ကာတွန်းဆရာကြီးဦးဘဂျမ်းဖြစ်ပါသည်။ ဆရာကြီးဦးဘဂျမ်းသည် တိုင်းကျိုးပြည်ပြု နိုင်ငံရေး ကာတွန်းများကို မည်သူ့မျက်နှာမှ မထောက်ဘဲ ရဲရဲဝံ့ဝံ့ ရေးခဲ့ရုံမျှမကဘဲ ကြော်ငြာကာတွန်းတစ်ခုကိုလည်း ဆွဲခဲ့ပါသေးသည်။ လွန်ခဲ့သော အနှစ်သုံးဆယ်လောက်က ထင်ရှားခဲ့သည့် “အောင်ဆုပန်” ထီဆိုင်ကို ရေးပေးသည့် ကြော်ငြာပဲ ဖြစ်ပါသည်။

ပုံတွင် လူငယ်တစ်ယောက်က ညှော့ခန်းထဲက ကုလားထိုင်မှာ ထိုင်နေပါသည်။ သူ့အင်္ကျီအိတ်ထဲမှာက ထီလက်မှတ်ကလေးတွေကို တွေ့နေရသည်။ မိန်းမပျိုကလေးက မိမိ၏ချစ်သူအား ညှော့ခံရန် အစားအသောက် လင်ပန်းကလေးနှင့် ထွက်လာလို့။ အဖေနှင့် အမေက စကားတိုးတိုးပြောနေကြသည့်ပုံ။ အဖေက အမေ့ကို ပြောနေသည့်စကားက ကောင်ကလေးကို သာမန်အဆင့်နိမ့်ဝန်ထမ်းကလေးဟုဆိုကာ သမီးနှင့် သဘောမတူကြောင်း အပြတ်မပြောလိုက်ဖို့။ ကောင်ကလေး၏ အိတ်ထဲတွင် အောင်ဆုပန်က ထိုးလာသည့် ထီလက်မှတ်တွေ တွေ့မိလို့ စသည့် စကားများပဲ ဖြစ်ပါသည်။ အလွန်လူကြိုက်များသည့် ကာတွန်းကလေးဖြစ်ပြီး အောင်ဆုပန် ထီဆိုင်သည် ထီအလွန်ပေါက်တတ်သည် ဆိုသည့် အာဘော်ကိုလည်း မည်သည့် လူတစ်ယောက်ယောက်လုပ်ငန်းတစ်ခုခုကိုမှ မထိခိုက်မစော်ကားမိစေဘဲ ရောက်ရှိသွားစေသည့် ကြော်ငြာကာတွန်းကလေးပင် ဖြစ်ပါသည်။

သို့ဖြင့် ထိုကာတွန်းလူကြိုက်များသွားလေသောအခါ အခြားအခြားသော ထီလုပ်ငန်းရှင်များကလည်း ဆရာကြီးဦးဘဂျမ်းကို ကြော်ငြာကာတွန်းဆွဲပေးဖို့ လာရောက်ကာ အလုပ်အပ်နှံကြပါသည်။ ဆရာကြီးဦးဘဂျမ်းက အံ့ဩစရာကောင်းလောက်အောင် ငြင်းဆန်ခဲ့ပါသည်။ ထီဆိုင်တိုင်းကို ဘဂျမ်းကာတွန်းနှင့် ထောက်ခံကြော်ငြာပေးနေပါက အောင်ဆုပန်ထီဆိုင်အပေါ် ယုံကြည်မှုလျော့နည်းသွားမှာပေါ့ဟုဆိုကာ ငြင်းဆန်လိုက်ခြင်းဟု ဆိုပါသည်။ ကာတွန်းဦးဘဂျမ်း၏ ကိုယ်ကျင့်တရားစောင့်ထိန်းပုံတစ်ကွက်ကို ဖျတ်ခနဲ ကျွန်တော်မြင်လိုက်ရပါသည်။

ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး စင်ဒီကရော့ဖို့ဒ်(Cindy Crawford)ကလည်း သည်အတိုင်းပဲ ဖြစ်ပါသည်။ သူက အိုမီဂါ(OMEGA)နာရီကြော်ငြာအတွက် မော်ဒယ်လုပ်ပေးခဲ့သူ ဖြစ်ပါသည်။ အောင်မြင်သည့် နာရီကြော်ငြာဖြစ်လေရာ အခြားအခြားသော နာရီကုမ္ပဏီများကလည်း စင်ဒီကရော့ဖို့ဒ်ကို ကြော်ငြာကိစ္စ လာရောက်ကမ်းလှမ်းကြပါသည်။ သို့သော် သူက ငြင်းပါသည်။ အိုမီဂါနာရီအပေါ် စားသုံးသူတို့၏ ယုံကြည်မှု မပျက်ပြားစေချင်သောကြောင့်ဟု ဆိုပါ၏။ ကာတွန်းဦးဘဂျမ်းနှယ် ကိုယ်ကြော်ငြာပေးသည့် လုပ်ငန်းအပေါ်၌ စောင့်ထိန်းပုံဖြစ်ပါသည်။

ဒါဆို ပုဆိုးမှန်သမျှ၊ ထဘီမှန်သမျှ၊ ဖယောင်းတိုင်မှန်သမျှ၊ ဆပ်ပြာမှန်သမျှ၊ ကော်ဖီမစ်မှန်သမျှ၊ အိမ်သုံးဆေးမှန်သမျှ၊ ဒါအကောင်းဆုံးပါ။ ဒါအကောင်းဆုံးပါဟု မော်ဒယ်လ်တစ်ယောက်တည်းက ကြော်ငြာပေးနေခြင်းများမှာ ကြည့်လို့ကောင်းရုံမှ တစ်ပါး ထိုသက်ဆိုင်ရာ ကုန်ပစ္စည်း အပေါ်၌ ယုံကြည်မှုလျော့ပါးခြင်းရှိမရှိ တွေးကြည့်ရုံနှင့် သိသာနိုင်ပါသည်။

(သုံး)

ကွယ်လွန်သူ စာရေးဆရာကြီးပါရဂူငယ်ငယ်က မအောင်မြင်သော မဂ္ဂဇင်းတစ်စောင်ကို ထုတ်ဝေရာ၌ ပါဝင်ခဲ့ဖူးပါသည်။ တစ်လ၊ နှစ်လနှင့် ရပ်ဆိုင်းသွားသော မဂ္ဂဇင်းဖြစ်ပါ၏။ မဂ္ဂဇင်းနာမည်မှာ သာမာဝတီလား ဘာလား ကျွန်တော်ကောင်းကောင်းမမှတ်မိတော့ပါ။ ထား။ ကျွန်တော်ယခုပြောလိုသည့်ကိစ္စ၌ မဂ္ဂဇင်းနာမည်ကလည်း အဓိကမကျလှပါ။

ဆရာပါရဂူတို့ ထိုမဂ္ဂဇင်းကို သတင်းစာ၌ ကြော်ငြာထည့်ကြလေသောအခါ ကွဲအုပ်၊ နွားအုပ်ကြီးကို ဓာတ်ပုံရိုက်၍ ထည့်ကာ သာမာဝတီ မဂ္ဂဇင်းကို တို့မဖတ်ဆိုသည့် စာသားထည့်သွင်းလျက် ကြော်ငြာခဲ့ကြသည်ဟု ဆိုပါ၏။ ကြော်ငြာကို ဖတ်မိသူများက ထိုမဂ္ဂဇင်းကို ရွံသွားကြချဉ်သွားကြကြောင်း ဆရာပါရဂူကိုယ်တိုင် သုံးသပ်ဝေဖန်ချက်ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးပါသည်။ မိမိတို့၏ မဂ္ဂဇင်းမဖတ်သူများအား ကွဲ၊ နွားတိရစ္ဆာန်တွေဟု စော်ကားသလိုဖြစ်သွားခဲ့ရကြောင်းလည်း ဆရာက ဖွင့်ဟခဲ့ဖူးပါသည်။ ထို့ကြောင့်လည်းကျရှုံးခဲ့ပုံရပါ၏။

ယနေ့ အချို့ကြော်ငြာများ၌ သည်ကော်ဖီမျိုးကို သောက်ဖူးလို့လားဟူသည့် လေသံမျိုး။ လူ့အဆင့်အတန်းရှိသူတွေမှ သည်ဆန်မျိုးကို စားကြတာဟူသည့် လေသံမျိုးဖြင့် ကြော်ငြာနေကြခြင်းများသည် မိမိ၏ ပစ္စည်းကို ယခုမသုံးဖြစ်သေးသူ(သို့မဟုတ်)မသုံးနိုင်သေးသူများကို နောင်တစ်ချိန်ချိန်၌ မိမိထံသို့ ရောက်ရှိလာစေရန် ဆွဲဆောင်ရာမရောက်ဘဲ မိမိကို ရွံ့သွား၊ မုန်းသွား၊ ချဉ်သွားအောင် စော်ကားနေသည်နှင့် တူရာစဉ်းစားသင့်ကြသည်ဟု ယူဆပါ၏။

(လေး)

နည်းပညာအရတစ်ဆင့်နိမ့်သော ကုန်ပစ္စည်းများအပေါ် ရှုတ်ချပြစ်တင်ခြင်းမျိုးဖြင့်လည်း မိမိပစ္စည်းကို မိမိမကြော်ငြာသင့်ဟု ထင်ပါသည်။

ဆိုကြပါစို့။ မိမိက ဆပ်ပြာအရည်တစ်မျိုးကို ထုတ်လုပ်လိုက်သည်။ ဤတွင် ကြော်ငြာအကျိုးဆောင်က ဆပ်ပြာရည်၏ ကောင်းကွက်၊ အားသာကွက်များကို ဖော်ထုတ်ကာသာ ထိုဆပ်ပြာရည်ကို ကြော်ငြာသင့်ပါသည်။ သို့မဟုတ်ဘဲ ဆပ်ပြာတုံးတွေက အလကား၊ ဆပ်ပြာမှုန့်တွေက အလကား စသည် စသည်ဖြင့် ကြော်ငြာနေခဲ့လျှင် နည်းပညာအနိမ့်က လုပ်ငန်းငယ်များကို ထိုးနှက်တိုက်ဖျက်ပစ်ရာ ရောက်သွားနိုင်ပါသည်။ ကားဖြင့် ခရီးသွားတာကောင်းကြောင်း ကြော်ငြာနိုင်ပါ၏။ သို့သော် အနှေးယာဉ်လုပ်ငန်းကိုမထိုးနှက်စကောင်း။ ခရီးဆောင်လက်ဆွဲသေတ္တာကောင်းကြောင်း ကြော်ငြာနိုင်ပါ၏။ သို့သော် သင်ဖြူးဖျာ လုပ်ငန်းကို မထိုးနှက်စကောင်း။

(ငါး)

ဈေးကွက်နှင့်အတူ လုပ်ငန်းရှင်များ ပေါ်ပေါက်လာရာ မိမိတို့လုပ်ငန်းလူသိဖို့ အောင်မြင်ဖို့ ကြော်ငြာဖြင့် ကြိုးပမ်းကြရသည်မှာ ဓမ္မတာဖြစ်ပါသည်။ ထိုအခါ ကြော်ငြာဖန်တီးသူများ၌ ဉာဏ်ခံကြီးရန် လိုအပ်ပါသည်။ ဉာဏ်ခံမကြီးသောအခါ ကုန်ပစ္စည်းနှင့် လုပ်ငန်းကိုပါ ထိခိုက်ပြီး အမှိုက်လိုလွှင့်အပစ်ခံရတတ်ပါသည်။

Business ethic ခေါ် စီးပွားရေးဆိုင်ရာ ကိုယ်ကျင့်တရားဆိုသည်မှာ သိပ်ကြီးကြီးကျယ်ကျယ်မဟုတ်ပါ။ မည်သူ့ကိုမှ မထိခိုက်ဘဲ မိမိလုပ်ငန်းအောင်မြင်ရေးပင် ဖြစ်ပါသည်။ ။

## စာ(၂၆) သခင့်ဆီ အပြေးပြန်မလာနိုင်တော့ပြီ မှ

အချစ်နဲ့တွေ့တော့ ဗိုထီး ရဲရဲဝံ့ဝံ့ ဆိုရဲပြီ။ ယင်းကာလသည် ဗိုထီး၏ အထွတ်အထိပ်ကာလ၊ပြာပုံထဲက ရှင်သန်ထမြောက်လာသောဖီးနစ်ငှက်ရဲ့တေးသံလိုဗိုထီးသီချင်းတွေ လူတကာ ပါးစပ်ဖျားထဲ တစ်ပုဒ်ပြီးတစ်ပုဒ် ရောက်ကုန်သည်။ ထူးခြားသည်က ဗိုထီးသည် အခြားအဆိုတော်တွေလို တစ်ခွေစ၊ နှစ်ခွေစကောင်းတာမျိုးမဟုတ်၊ ထွက်သည့်အခွေတိုင်းပေါက်သည်။ထုတ်သည့် သီချင်းတိုင်းလိုလိုအောင်မြင်သည်။ အောင်မြင်မှုနန်းထက်မှာ ဗိုထီး စံစားနိုင်ခဲ့ပြီ။

(၅)

ရှစ်ရက် ရှစ်လ ရှစ်ဆယ့်ရှစ်၊

ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ ကာလအတွင်း ရန်ကုန်မြို့ လမ်းမတွေပေါ် လူထုအသံတွေ ဘဝင်ညံအောင် ပေါ်ထွက်နေသည်။ တစ်ခဲနက် လူထုအုံကြွမှုကြီးမှာ ဗိုထီးအပါအဝင် ဂီတရဲဘော်ရဲဘက်တွေ လက်သီးလက်မောင်းတန်းကာ တစ်ပါတီအာဏာရှင်စနစ် ပြုတ်ကျရေး ကြွေးကြော်ဆန္ဒပြကြသည်။ ဩဂုတ်လ၏ မိုးရေစက်များကား တဖွဲဖွဲ. . .၊ ဗိုထီးခြေထောက်တွေ စပ်ကျင်နေသည်။ စင်ပေါ်မှာ သီချင်း အပုဒ်နှစ်ဆယ်၊ သုံးဆယ် ဆက်တိုက်ဆိုစဉ်က မဝင်ခဲ့သော အသံ ယခုဝင်ချင်ပြီ။ ဗိုထီးတို့တစ်တွေက စစ်တပ်ဖြုတ်ခွင်းသည့် စောစောပိုင်းကာလကပင် ဒီမိုကရေစီ အရေးအတွက် တိုးတိုးတိတ်တိတ်ကြိတ်၍ လှုပ်ရှားခဲ့ကြသည်။ ယင်းသို့ဖြင့် ဆန္ဒပြပွဲတွေ နေ့စဉ်ဆက်တိုက်ပေါ်ပေါက်လာသည်။နေပူမိုးရွာမရှောင်ဂီတရဲဘော်ရဲဘက်တွေနဲ့ချီတက်ဆန္ဒပြစဉ်အတွင်းလူတစ်ယောက်က ဖိနပ်တစ်ရန် လာပေးသည်။ ထိုအခါတွင်မှ ဗိုထီးကိုယ့်ခြေထောက်ကိုယ် ပြန်ငုံ့ကြည့်မိသည်။ သူ့မှာ ဘာဖိနပ်မျှမရှိ၊ ဤသို့သော စိုင်းထီးဆိုင်သည်. . .

(၆)

တပ်မတော်အာဏာသိမ်းပြီး သိပ်မကြာ၊ **ပါပီမရေ. . . ပြန်လာခဲ့လေ** အစချီသော ပေါ်လစီသီချင်းအချို့ပေါ်ထွက်လာသည့်အခါ လူတွေ မျက်စိလည်သွားသည်။ ဝေဖန်သံတွေ ညံသွားသည်။ သို့ပေမဲ့ အဖြစ်မှန်ကို သိသူအလွန်နည်းသည်။ လူတိုင်းလူတိုင်း ဘဝအချိုးအကွေ့တွေမှာ ရွေးချယ်ဆုံးဖြတ်ရန် ခက်ခဲသော အခြေအနေမျိုး ကြုံရမြဲ၊ ယခု ဗိုထီးသည်လည်း အကျပ်ကိုင်ခံရသလို မိသားစုအရေးနှင့်ယှဉ်၍ ကြုံရလေသည်။ ထိုကာလက သူတန့်နှံ့ခံစားခဲ့ရတာတွေကို အရင်းနှီးဆုံးသူ တချို့ကလွဲ၍ ဘယ်သူမှ မသိကြ၊ မလွှဲရှောင်သာသော အခြေအနေအချို့ကြောင့် ရပ်တည်ခံယူချက်တွေ ပွန်းပဲ့ခဲ့ရသည်။ သို့သော် စိုင်းထီးဆိုင်သည် စိုင်းထီးဆိုင်ပင်ဖြစ်ပါသည်။ သူဖြတ်သန်းခဲ့သည့် ခေတ်ကြီးက တစ်နံတစ်လျားကြီး၊ ဂီတအပေါ် နှစ်ပေါင်းသုံးဆယ်ကျော် သူ့အလုပ်အကျွေးပြုခဲ့သည်။ သီချင်းတစ်ပုဒ်စ နှစ်ပုဒ်စဖြင့် အဆိုတော်ဖြစ်လာသူမဟုတ်၊ တေးစီးရီးပေါင်း ရှစ်ဆယ်ခန့် ထွက်ရှိပြီးသော ဗိုထီးသည် စတီရီယိုတေးလောကတွင် အထင်ကရကြယ်ကြီးတစ်ပွင့်၊

သည်အချိန်မှာပဲ ကျန်းမာရေး ကျဆင်းလာသည်။

(၇)

၂၀၀၇ မှစ၍ ဗိုထီးကျန်းမာရေးမကောင်းတော့၊ ဆီးချိုကစ၍ နှလုံးနှင့် သွေးတိုး ဝင်လာသည်။ သို့သော် သီချင်းဆိုမပျက်၊ ဗိုဆိုးသည်က စတိတ်ရှိုးတွေနည်းသွား၍ စင်တင်ဂီတများ၊ စားသောက်ဆိုင်များမှာ သီဆိုပေးရသည်။

မှတ်မှတ်ရရ ၂၀၀၇ နှစ်ကုန်ပိုင်းမှာ အင်္ဂလန်တွင် ကျင်းပသည့် ရှမ်းနှစ်သစ်ကူး ပွဲတော်သို့ ဆရာစိုင်းခမ်းလိတ်နှင့် သွားရောက်ဖျော်ဖြေကြသည်။ အင်္ဂလန်ခရီးမှ အပြန် တာချီလိတ်ကို ဆက်သွားသည်။

တာချီလိတ်မှအပြန် နာလန်မထူနိုင်တော့၊ အသေအချာ ဆေးစစ်ကြည့်တော့ အသည်းမှာ အကျိတ်တွေ့ရသည်။ သူ့အတွက် အချိန်သိပ်မကျန်မှန်း ဗိုထီးသိသည်။ ကျေနပ်မှုတစ်ခုက နောက်ဆုံး သူဖျော်ဖြေခဲ့သောပွဲက ငွေကြေးမယူသည့်ပွဲ၊ တာချီလိတ်ဘုန်းကြီးကျောင်းမှာ သူ့ပရိသတ်ရှမ်းတိုင်းရင်းသားတွေကို ဖျော်ဖြေပေးခဲ့ရ၍ ဖြစ်သည်။

၂၀၀၈ မတ်လ ၁၀ ရက် မနက်စောစောမှာ ချစ်သောဂီတ၊ ချစ်သောမိသားစုနှင့် ပရိသတ်ကြီးကို အပြီးတိုင်ထားခဲ့ကာ ခရီးရှည်ကြီး ထွက်သွားသည်။ သို့ပေမဲ့ ကရုဏာအသံဝဲဝဲနဲ့ လှပသော တေးသီချင်းများကို ကမ္ဘာမြေမှာ ဗိုထီးချန်ထားခဲ့ပါသည်။

(၈)


မိုးလေကင်းစင်၍ ကြည်လင်တောက်ပသော တစ်ခုသော ညနေခင်းတွင် ဗိုလ်တထောင်ဘုရားအနီးရှိ ဗိုလ်တထောင် ဆိပ်ခံဇေတံတားထက်မှာ အခါလည်သမီးလေးကို ပွေ့ချီလျက် အဝေးတစ်နေရာ ညွှန်ပြနေသည့် ဗိုထီးကို မြင်တွေ့ရသည်။ သမီးငယ်လေးဆီက ခိုးခိုးခစ်ခစ်(ရီ)ရယ်သံလေးများ ပျံ့လွင့်လာ. . . ထိုစဉ်မှာ လေတစ်ချက် ဝှေ့လိုက်တော့ သမီးငယ် ဆောင်းထားသော ဦးထုပ်ကလေး လွင့်ကျသွားသည်။ ဟင်ခနဲ ဗိုထီးဖြစ်သွားပြီး ဦးထုပ်ကို လိုက်ကောက်သည်။ မတော်ရေထဲကျသွားမှဖြင့်. . . ဦးထုပ်ကို ကောက်မိချိန်မှာ ဝန်းကျင်မှ လူအချို့ ရယ်သံပေါ်ထွက်လာသည်။ ဗိုထီးလည်း ရယ်ချင်သွားသည်။ သမီးလေးလည်း ရယ်နေပါသည်။

*(စက်တင်ဘာ ၂၃ တွင် ကျရောက်သည့် ၆၂ နှစ်ပြည့် စိုင်းထီးဆိုင်မွေးနေ့သို့ အမှတ်တရ)*

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | လှထွဋ်ဦး |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ယုဇနကိုကို၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ မြတ်စုမွန်၊ အေးသူစံ၊ သန်းငွေ၊ ဇာဇာနို၊ သန်းထူး |
| သတင်းထောက်များ | ကျော်သီဟ၊ ကိုကိုကြီး၊ အေးမြတ်သူ၊ ကြူကြူဟန် |
| အငယ်တန်းသတင်းထောက် | ရန်မျိုးနိုင်၊ ခိုင်ထွန်း၊ အေးမင်းထက်၊ ချယ်ရီမြင့်၊ အောင်ခိုင်မောင်၊ မင်းဟိန်းကျော်၊ ခင်ငြိမ်းချမ်းစိုး၊ ခိုင်ချို့နွယ် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော် |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| ဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| လက်ထောက်ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်၊ ဇော်ဝင်းအောင် |
| သရုပ်ဖော် | စိုးသော်တာ |
| ပြင်ပဆက်သွယ်ရေး | သက်ပိုင်ငွေး |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com
Hotline : 0973032006



# သမိုင်းထဲက ရက်စွဲ မလွဲစေချင်

**မင်းသန်းထိုက်(ဒေးဒရဲ)**

“သမိုင်းဆိုသည်မှာ လူတစ်ဦးတစ်ယောက်၏ အကြောင်းအရာလည်း မဟုတ်၊ လူတစ်စု၏ အကြောင်းအရာလည်း မဟုတ်ပေ။ သမိုင်းသည် လူသားတစ်ရပ်လုံး၏ အကြောင်းအရာဖြစ်သည်”

အထက်ပါ စကားစုတို့မှာ ဒသမတန်း မြန်မာ့သမိုင်းစာအုပ် အမှာစာမှ ဖြစ်သည်။ သို့နှင့်တိုင် အချို့သောဖြစ်ရပ်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များက ဝိဝါဒကွဲလွဲနေဆဲ။

သာဓကအားဖြင့် မှန်နန်းမဟာရာဇဝင်က ကျန်စစ်သားကို အနော်ရထာ၏ သားဟုဆိုသည်။ သမိုင်းသုတေသီတင်နိုင်တိုးကဇာတာတော်ပုံရာဇဝင်အရ အနော်ရထာသည် ၃၇၆ ခုဖွားဖြစ်၍ ကျန်စစ်သားကို ၃၉၂ ခုဖွား ဖြစ်သဖြင့် ၁၆ နှစ်သာ ကွာသည်။ အနော်ရထာ ၁၆ နှစ်သားအရွယ်၌ ကျန်စစ်သားကို ဖွားပြီးဖြစ်ရလိမ့်မည်။ သို့သော် အနော်ရထာသည် အသက်(၃၀)အရွယ်ကျမှ မင်းဖြစ်ကာ ဝေသာလီပြည်မှ ဆက်သဘော ပဉ္စကလျာဏီမင်းသမီးနှင့် လက်ဆက်ခြင်းဖြစ်၏။ ထို့ကြောင့် ကျန်စစ်သားသည် အနော်ရထာနှင့် ပဉ္စကလျာဏီတို့မှ မွေးဖွားခြင်းမဟုတ်ဟု စိစစ်ပြထားသည်။

ထို့အတူ ပုဂံပျက်အပြီး ရှမ်းညီနောင်သုံးဦးတို့ တည်ထောင်ခဲ့သောပြည်ငယ်များကိုမှန်နန်းရာဇဝင်နှင့် ဦးကုလားရာဇဝင်တို့က မြင်စိုင်း၊ မက္ခရာ၊ ပင်လယ်ဟုဆိုကြသည်။ သို့သော် တက္ကသိုလ်ဝင်တန်း ကဗျာလက်ရွေးစင်၊ မြင်စိုင်းရွှေပြည် ကဗျာမိတ်ဆက်၌မူ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယဟု ဆိုထားပြန်သည်။ မည်သူမှန်၍ မည်သူမှားလေသနည်း။ အမတ်ကြီးဗညားဒလစီရင်သော ရာဇဓိရာဇ်အရေးတော်ကျမ်း၌ မွန်သူရဲကောင်းသမိန်ဗရမ်းနှင့် တရုတ်စစ်သူကြီး ဂါမဏိတို့ အင်းဝမြို့၌ မြင်းစီးချင်းတိုက်ကြသည်ဟု ဆိုသည်။ သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်းကမူ“သမိန်ဗရမ်းနဲ့ ဂါမဏိ၊ သမိန်ဗရမ်းနဲ့ စလုံကျော်ခေါင်၊ ဇာတ်လမ်းနှစ်ပုဒ်ဟာ တကယ်ဟုတ်ပါ့မလား” ဟု သံသယနှင့်ဆိုထားပေသည်။ (ဒေါက်တာသန်းထွန်း-မြန်မာသမိုင်းအတိုအထွာ-ကံ့ကော်မြိုင်စာပေ-၂၀၁၁)

လွန်ခဲ့သောအနှစ်၆၀ ကျော် ၇၀ နီးပါးက ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်များက စာအုပ်တစ်အုပ်နှင့်တစ်အုပ် မတူကွဲပြားနေသည်ဆိုလျှင်တော့ ယခုလို သမိုင်းလက်လှမ်းမီဆဲကာလ၌ဘယ်ဟာအမှန်ဆိုတာ ညှိနှိုင်း စိစစ်အတည်ပြုပေးဖို့လိုသည်ဟု ကျွန်တော်ထင်သည်။

ပြီးခဲ့သည့် ဇူလိုင်လ ၁၉ ရက် (၆၅)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဒေးဒရဲမြို့၊ စာပေချစ်သူများအဖွဲ့က ဦးစီးတည်ထောင်ထားသော အလင်းတံခါးစာဖတ်ခန်းအင်အားစုက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းများ ပါဝင်သောလက်ကမ်းစာစောင်တစ်ခု ထုတ်ဝေခဲ့သည်။ ရည်ရွယ်ချက်ကား တိုင်းပြည်အပေါ် ကျေးဇူးရှိခဲ့သော အာဇာနည်ကြီးများအကြောင်းကို ယနေ့ခေတ်ကျောင်းသားလူငယ်လေးများ သိရှိကာ အာဇာနည်စိတ်ဓာတ်ပြန့်ပွားစေလို၍ ဖြစ်သည်။ သည်လက်ကမ်းစာစောင်ကို ကျွန်တော်ပင်တာဝန်ယူ၍ စီစဉ်ရသည်။ ကျွန်တော်လည်း လက်လှမ်းမီရာ ကျွန်တော့်စာအုပ်စင်ပေါ်မှ စာအုပ်များနှင့်ပင် အလွယ်တကူကိုးကား၍ အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းကိုပြုစုလိုက်သည်။ သည်တွင် ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိ၌ ဘီအိုင်အေဖွဲ့စည်းသည့်နှစ်ကို ၁၉၄၁ ဒီဇင်ဘာဟုလည်းကောင်း၊ ဘီဒီအေဖွဲ့စည်းသည့်နှစ်ကို ၁၉၄၂ ဩဂုတ်လဟုလည်းကောင်း ထည့်လိုက်သည်။ ကျွန်တော်ကိုးကားလိုက်သည့်စာအုပ်မှာ “ဖိုးအောင်လေးပြုစုသည့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု ရက်စဉ်သမိုင်း” စာပေဗိမာန် ၂၀၀၄ ဖြစ်သည်။

ထိုလက်ကမ်းစာစောင်ထုတ်ဝေပြီး နောက်တစ်နေ့၌ပင် စာပေမိတ်ဆွေတစ်ဦးက ကျွန်တော့်ထံ စာဖြင့်အကြောင်းကြားလာသည်။ ဘီဒီအေဖွဲ့စည်းသည့် ခုနှစ်၊ လတို့ မှားယွင်းနေကြောင်း၊ ဘီဒီအေအဖြစ် ပြောင်းလဲဖွဲ့စည်းသည့်နှစ်မှာ ၁၉၄၃ခုဇူလိုင် ၂၇ ရက်ဖြစ်ကြောင်း အောင်သန်း၏ အောင်ဆန်းစာအုပ်မှ ထိုအကြောင်းပါသော စာမျက်နှာကို မိတ္တူဆွဲလျက် သက်သေအဖြစ် ထည့်ပေးလိုက်သည်။ ထိုမိတ်ဆွေ၏စာကိုဖတ်ပြီး ကျွန်တော် အတော်ပင် ခေါင်းကြီးသွားသည်။ လက်ကမ်းတွေကလည်း ဝေပြီးပြီ။ မှားသွား၍ ကိုယ့်သိက္ခာကျမှာထက် ကလေးတွေ အမှတ် မှားသွားမှာ စိုးရိမ်သည်။ ဒါနဲ့ကျွန်တော်ကိုးကားလိုက်သည့် စာအုပ်ကို ပြန်ယူကြည့်တော့လည်း ကျွန်တော်မမှား။ ဘီဒီအေစဖွဲ့စည်းသည့်နေ့ကို ၂၆ ဩဂုတ် ၁၉၄၂ ဟုပင် ပြထားသည်။ ၂၇ ဇူလိုင် ၁၉၄၂ ကို ဘီအိုင်အေဖျက်သိမ်း၍ ဘီဒီအေစစ်ဌာနချုပ် (ဗဟိုစစ်ရုံးချုပ်)ကို ပျဉ်းမနား၌ ဖွင့်လှစ်သော ရက်စွဲအဖြစ် ပြထားသည်။အောင်သန်း၏အောင်ဆန်းစာအုပ်ပါ ဘီဒီအေ ပြောင်းလဲဖွဲ့စည်းသည့်ရက်စွဲနှင့်ရက်၊လတို့တူပြီး ခုနှစ်မတူ။

ကျွန်တော့်စိတ်ထဲမှာ ဘဝင်မကျ။ ဘာဖြစ်လို့ ဒီသမိုင်းနီးနီးကလေးက နှစ်မျိုးဖြစ်ရမှာတုံး။ တခြားစာအုပ်တွေမှာရော ဘယ်လိုရေးကြသလဲ။ သိချင်လာသည်။ ဒါနဲ့ စာဖတ်ခန်းရော၊ ကျွန်တော့်စာအုပ်စင်မှာပါရှိသည့်လက်လှမ်းမီရာ သမိုင်းစာအုပ်များကို ရှာဖွေဖတ်ကြည့်တော့မှ ပို၍ပင်ရင်မောရတော့သည်။

“၁၉၄၂ ခု ဇူလိုင်လ ၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ဟုပြောင်းလဲဖွဲ့စည်းလိုက်သည်”(ဒသမတန်း မြန်မာ့သမိုင်း ကျောင်းသုံးစာအုပ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်)

“၁၉၄၂ဇူလိုင်လတွင် ဂျပန်အာဏာပိုင်တို့က တပ်ဖွဲ့ဝင်ဦးရေ နှစ်သောင်းငါးထောင်ရှိသော ဗမာ့လွတ်လပ်ရေး တပ်မတော်ကိုဖျက်သိမ်းလိုက်သည်။ ဤသို့ အင်အား ၂၅၀၀၀ ရှိသော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို အင်အား ၃၀၀၀ မျှသာရှိသော ဗမာ့ကာကွယ်ရေးတပ်မတော်အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ရတော့သည်” (မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု မှတ်တမ်းများနှင့် ဗိုလ်ချုပ်အောင်ဆန်း-တက္ကသိုလ်စိန်တင်-အားမာန်သစ်စာပေ ၂၀၀၈ နိုဝင်ဘာ ပထမအကြိမ်)

“၁၉၄၂ ဇွန် ၂၇၊ ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)အဖြစ် ပျဉ်းမနားမြို့၌ ပြန်လည်ဖွဲ့စည်းသည်”(နှစ်ဆယ်ရာစု မြန်မာ့သမိုင်းကို ပြောပြနေသော နေ့ရက်များ၊ သန်းဝင်းလှိုင်၊ ကံ့ကော်ဝတ်ရည်စာပေ၊ ၂၀၀၉ မေ ပထမအကြိမ်)

“၁၉၄၂ခု ဇူလိုင်လ ၂၇ ရက်တွင်ဘီအိုင်အေကို ဖျက်သိမ်းပြီး ဘီဒီအေ(BDA)ခေါ် ဗမာ့ကာကွယ်ရေးတပ်မတော် (Burma Defence Army)ကိုပြန်လည်ဖွဲ့စည်းသည်။ (မူရင်းအတိုင်း) (ကိုလိုနီခေတ် မြန်မာစာပေသမိုင်း၊ မောင်ခင်မင်၊ ဓနုဖြူ၊ စိတ်ကူးချိုချို အနုပညာ၊ ၂၀၁၀ မတ် ပထမအကြိမ်)

“လွတ်လပ်ရေးရပြီး လွတ်လပ်ရေးတပ်မတော်ထားရန်မလို၊ ကာကွယ်ရေးတပ်သာ ထားရန်လိုသည်ဟု အကြောင်းပြကာ ၁၉၄၃ ခု ဇူလိုင်လ ၂၇ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)အဖြစ် ပြောင်းလဲ၍ တပ်သားဦးရေကိုလည်း သုံးထောင်ထိ လျှော့ချလိုက်လေသည်”(အောင်သန်း၏ အောင်ဆန်း၊ ပုဂံစာအုပ်တိုက်၊ ၁၉၆၅ ဇူလိုင် ၁၉)

ကျွန်တော်၏လက်တစ်ကမ်းတွင်ရှိသော စာအုပ်များကို မွှေနှောက်ကြည့်လိုက်သည်နှင့်ပင် ရက်စွဲများက တစ်အုပ်တစ်မျိုး ဖြစ်နေသည်။ ဘီဒီအေဖွဲ့စည်းသည့်ကိစ္စတစ်ခုတည်း၌ပင် ဤမျှကွဲလွဲနေလျှင် အခြားကိစ္စများ၌လည်း ကွဲလွဲချက်များ ရှိနေမည်မှာ အမှန်ပင်ဖြစ်သည်။ နောင်လူငယ်မျိုးဆက်များအတွက် အငြင်းပွားစရာဖြစ်လာနိုင်သည်။ ပဒေသရာဇ်ခေတ် မြန်မာနိုင်ငံကိုထား။ သီပေါမင်းပါတော်မူပြီးနောက်ပိုင်း လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းရက်စွဲများကတော့ ကွဲလွဲမှုမရှိ တူညီသင့်သည်ဟု ထင်သည်။ မကြာမီ ဗိုလ်ချုပ်မှတ်တမ်း ရုပ်ရှင်လည်း ရိုက်ကူးတော့မည် ဖြစ်သည်။ ဘယ်ရက်စွဲကို အမှန်ယူမလဲ စဉ်းစားစရာ ဖြစ်လာခဲ့ပြီ။ အကောက်အယူမှားခဲ့သော် ဖန်တီးသူတို့ ကြိုးစားဖန်တီးရကျိုးမနပ်ဖြစ်လိမ့်မည်။

သမိုင်းဆိုင်ရာ စာအုပ်စာတမ်းနှင့် ဆောင်းပါးများ ရေးသားသူတို့သည် သမိုင်းထဲတွင် တကယ်ဖြစ်ပျက်ခဲ့သည့် ရက်စွဲများနှင့်မကွဲလွဲအောင်စနစ်တကျလေ့လာပြီးမှ ရေးသားစေချင်သည်။ သမိုင်းပညာရှင်ကြီးများ စုပေါင်းပြုစုထားသော “မြန်မာ့ရက်စဉ်သမိုင်း”ကဲ့သို့သော စာအုပ်မျိုးလည်း ရှိပြီးဖြစ်ရာ ပြုစုသူ ပညာရှင်တို့၏ ပညာဂုဏ်ကို ထောက်ချင့်၍ ကိုးကားထိုက်သည်ဟု ထင်ပါသည်။ မြန်မာ့သမိုင်းကို လေ့လာဖတ်ရှုကြမည့် အနာဂတ်မျိုးဆက်များအတွက် သမိုင်းထဲက ရက်စွဲတွေ အကွဲကွဲအလွဲလွဲ မဖြစ်စေချင်ပါလေ။ ။

Business
7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# အာဆီယံဆန်အသင်းဖွဲ့စည်းရေး သမ္မတဦးသိန်းစိန် သဘောတူ

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ-၇**

ဆန်စပါးအဓိကစိုက်ပျိုးသော အာဆီယံနိုင်ငံငါးနိုင်ငံပါဝင်သည့်အာဆီယံဆန်အသင်းဖွဲ့စည်းရေးကို နိုင်ငံတော်သမ္မတဦးသိန်းစိန်က သဘောတူလိုက်ကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းချုပ်ဥက္ကဌ ဦးချစ်ခိုင်က ပြောသည်။

ဆန်အများဆုံးတင်ပို့နေသော ထိုင်းနိုင်ငံက အဆိုပြုတင်ပြလာသည့် အာဆီယံဆန်အသင်းတွင် မြန်မာနိုင်ငံအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုတို့ပါဝင်ရန်သဘောတူထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

"အသင်းဖွဲ့စည်းနိုင်တဲ့အတွက် ဈေးကွက်တည်ငြိမ်မှုရလာနိုင်ပေမယ့် လုပ်စရာတွေကတော့ အများကြီးကျန်ပါသေးတယ်" ဦးချစ်ခိုင်က သုံးသပ်သည်။

အဆိုပါ အသင်းအား ယခုနှစ်တွင် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နှစ်စဉ်ဆန်ဖြူ ဈေးနှုန်း ၁၀ ရာခိုင်နှုန်းတိုးမြှင့်သွားရန် ရည်ရွယ်ထားကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

သို့သော် အာဆီယံနိုင်ငံများအတွင်း ဆန်ဝယ်ယူ တင်သွင်းနေရသော အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့ကမူ နှစ်စဉ်ဈေးတက်လာမည်ကို လက်မခံနိုင်ကြောင်း အင်တာနက်သတင်းအချို့တွင် ဖော်ပြထားသည်။

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၈၆၄ | ၈၇၄ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၆၄ | ၈၇၄ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၆၉၄ | ၇၀၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၀၉၁ | ၁၁၀၉ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၇. ၂ | ၂၇. ၂၅ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၃ | ၁၃၅ | ကျပ် |

၂၀၁၂ စက်တင်ဘာ ၈ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၄၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၈၀၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၈. ၂၁ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၄၂၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၅. ၃၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၅၆ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၉. ၈၅ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၁ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၁. ၀၆ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၅၅၈. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၃၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၅၂ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၅၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၆၂၇ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၄၈၅ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၇၈၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၆၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၇၄၀. ၅၀၀ |
| ရေနံစိမ်း | စည် | ၁၁၄. ၂၅၀ |
| ငွေ | ၁ အောင်စ | ၃၃. ၆၉၀ |
| ကြေးနီ | ပေါင် | ၃၆၄. ၅၀၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၂. ၆၈၂ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၂ စက်တင်ဘာ ၈ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

# နိုင်ငံတကာ သတင်းဂယက်ကြောင့် ချယ်ရီကားအရောင်းအဝယ်တန့်

**ပြည့်သိမ်း၊ သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၆**

ချယ်ရီအပါအဝင် တရုတ်နိုင်ငံထုတ်ကားများတွင် အန္တရာယ်ရှိစေသော ဓာတ်ပစ္စည်းများပါဝင်သည်ဆိုသည့် သတင်းများထွက်ပေါ်လာပြီး ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ် ရပ်တန့်နေကြောင်း ဟံသာဝတီကားဈေးကွက်မှ သတင်းရရှိသည်။

ဈေးပေါသော်လည်း ကားအင်ဂျင်များတွင် Asbestos ဟုခေါ်သည့် အန္တရာယ်ရှိဖိုင်ဘာအစိတ်အပိုင်းများပါဝင်နေသဖြင့် ကားအစီးရေ နှစ်သောင်းကျော် ဩစတြေးလျနိုင်ငံတွင် ပြန်လည်သိမ်းဆည်းနေကြောင်း နိုင်ငံတကာမီဒီယာများက ဖော်ပြကြသည်။ ၎င်းဖိုင်ဘာအစိတ်အပိုင်းများမှာကားအင်ဂျင်(ဂတ်စကတ်စ်)များနှင့် မီးခိုးစွန့်ထုတ်စနစ်များတွင် ပါနေသဖြင့် ကျန်းမာရေးထိခိုက်နိုင်သည်ဟု လူအများက ယူဆနေသဖြင့် ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ် ရပ်တန့်ခြင်းဖြစ်ကြောင်း ဟံသာဝတီပွဲစားတန်းမှ ကားဝယ်ရောင်းတစ်ဦးက ရှင်းပြသည်။



ကားသွင်းခွင့်ဖွင့်ပေးလိုက်ခြင်းကြောင့်ချယ်ရီကားများစွာ နဂိုကပင် ဈေးကွက်အတွင်း အကျပ်တည်းဖြစ်လျက်ရှိသည် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"ဒီပြဿနာကို ကျွန်တော်တို့အစိုးရပိုင်းကလည်း စနစ်တကျပြန်စစ်ဖို့လိုတယ်။ အထောက်အထားတွေနဲ့လည်း ပြည့်ပြည့်စုံစုံဖော်ပြသင့်တယ်" ဟု Jarmer Auto ကားပြခန်းပိုင်ရှင် ဒေါက်တာစိုးထွန်းက ပြောသည်။

ပြည်တွင်း၌ လူကြိုက်များနေသည့် ချယ်ရီကားငယ်လေးများမှာ အဆိုပါသတင်းများကြောင့် ယခင်က တစ်စီးလျှင်ကျပ်သိန်း ၉၀ ဝန်းကျင်မှ ယခုကျပ် ၇၅ သိန်းကိုပင် ဝယ်ယူသူမရှိဖြစ်နေသည်။

သတင်းများထွက်ပေါ်လာပြီးနောက်ပြည်တွင်းရောက်ချယ်ရီကားများ စိတ်ချလက်ချ သုံးစွဲနိုင်ကြောင်း သက်ဆိုင်ရာစက်မှုဝန်ကြီးဌာနက စက်တင်ဘာ ၆ ရက်တွင်နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ထုတ်ဖော်ပြောကြားရေးသားထားသည်။

ပြည်တွင်းဈေးကွက်တွင် လက်ရှိကားတင်သွင်းမှုမူဝါဒများအရ ဂျပန်ကားများအပြင် တရုတ်ကားမျိုးစုံလည်း ဈေးကွက်အတွင်းသို့ ရောက်ရှိလာသည်။



7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# ပုဂ္ဂလိကအာမခံလုပ်ငန်း လုပ်ကိုင်ခွင့် ထိပ်သီးကုမ္ပဏီကြီးများပါဝင်

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၆**

အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်အတွက် ပုဂ္ဂလိကကုမ္ပဏီ ၁၂ ခုကို ရွေးချယ်လိုက်ပြီး ထိပ်သီးစီးပွားရေးအင်အားစုများက အမည်ပြောင်းလဲလျှောက်ထားသည့် ကုမ္ပဏီများ ပါဝင်လာကြောင်း မြန်မာ့အာမခံလုပ်ငန်းမှဦးဆောင်ညွှန်ကြားရေးမှူးဦးအေးမင်းသိန်းက ပြောသည်။

ရွေးချယ်လိုက်သည့်ကုမ္ပဏီ ၁၂ ခုတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီများ၊ ရေနံကုမ္ပဏီများ သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်သည့် ကုမ္ပဏီကြီးများမှ အဓိကပါဝင်လာခြင်းလည်း ဖြစ်သည်။

ရွေးချယ်လိုက်သည့်ကုမ္ပဏီ ၁၂ ခုမှာ ထူးကုမ္ပဏီအုပ်စုမှ အမည်ပြောင်း Apex Insurance International Co.,Ltd, I.K.B.Z Insurance InternationalCo., Ltd, နိုင်ငံသားစီးပွားရေး အာမခံအများပိုင်လီမိတက် စီဘီဘဏ်၊ အေးရှားဝေါလ်ကုမ္ပဏီမှ အမည်ပြောင်း Green Asia, MEC မှ အမည်ပြောင်းမြင့်မိုရ်မင်းအာမခံကုမ္ပဏီ၊ ရောဝတီဘဏ်မှ အမည်ပြောင်း ရောမြန်မာ၊ ရွှေတောင်ဖွံ့ဖြိုးမှု ကုမ္ပဏီမှ အမည်ပြောင်း GlobalStandard အာမခံအများပိုင်ကုမ္ပဏီလီမိတက်၊ Great Future အာမခံကုမ္ပဏီလီမိတက်၊ ကျောက်စိမ်းဘုရင်နှင့် ဘုရင်မအာမခံဝန်ဆောင်မှု ကုမ္ပဏီလီမိတက်၊ Pillor of Truth အာမခံကုမ္ပဏီလီမိတက်၊ Capital Life အာမခံကုမ္ပဏီလီမိတက်၊ Great Future အာမခံကုမ္ပဏီလီမိတက်တို့ ပါဝင်လာကြောင်း အထက်ပါညွှန်ကြားရေးမှူးကပင်ပြောသည်။

အဆိုပါ ကုမ္ပဏီ ၁၂ ခုအား အာမခံအမျိုးအစား ၆ မျိုးကို စတင်၍ လုပ်ကိုင်ခွင့်ပေးမည်ဖြစ်ကာလုပ်ငန်းမတည်ရင်းနှီးငွေကျပ် ၄၆ ဘီလီယံအား အစိုးရပိုင်ဘဏ်တစ်ခုခုတွင်ပြသထားရမည်လည်း ဖြစ်သည်။ လုပ်ငန်း၏ မတည်ငွေပမာဏမှာ အလွန်များပြားသောကြောင့် ယခုလို ထိပ်သီးကုမ္ပဏီအချို့မှ ရရှိခြင်းလည်း ဖြစ်နိုင်ကြောင်းပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လုပ်ငန်းအကောင်အထည်ဖော်မှုအနေဖြင့်တစ်နှစ်သို့မဟုတ်ခြောက်လအတွင်းလုပ်ငန်းလိုင်စင်ရရှိသည်နှင့်စတင်၍ လုပ်ကိုင်သွားကြရမည်လည်းဖြစ်ကြောင်း လက်ရှိရွေးချယ်လိုက်သည့် ကုမ္ပဏီအများစုမှာ အခွန်ဆောင်မှုအများဆုံးနှင့် ငွေကြေး ခဝါချမှုကင်းရှင်းသည့် ကုမ္ပဏီများကို အများဆုံးရွေးချယ်လိုက်ခြင်းလည်းဖြစ်ကြောင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ပြောသည်။

မြန်မာ့အာမခံလုပ်ငန်းမှာ ၆၁ နှစ်တိတိ သက်တမ်းရှိခဲ့ပြီဖြစ်ပြီး အာမခံအမျိုးအစား ၄၁ မျိုးမှ ပုဂ္ဂလိကသို့ ၆ မျိုးစတင်၍ အစိုးရသစ်လက်ထက်တွင်ပထမဆုံးလုပ်ကိုင်ခွင့် ပေးခြင်းလည်းဖြစ်သည်။




## မြန်မာ့လေကြောင်း အာမခံကုမ္ပဏီ ဖွဲ့စည်းဖွယ်ရှိ

## မြန်မာ့လေကြောင်း အာမခံကုမ္ပဏီ ဖွဲ့စည်းဖွယ်ရှိ

**အိဖြူလွင်**

**နေပြည်တော်၊ စက်တင်ဘာ - ၄**

မြန်မာ့လေကြောင်းကို ကျောထောက်နောက်ခံပြု၍ လေကြောင်းလိုင်းအသီးသီးဖြင့် ဖွဲ့စည်းထားသော မြန်မာ့လေကြောင်းအာမခံကုမ္ပဏီလီမိတက်ကို ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသို့တင်ပြခွင့်ပြုချက်တောင်းခံမည်ဟု မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက ပြောကြားသည်။

လေကြောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် လေကြောင်းလိုင်းသစ်များ ပျံသန်းခွင့်ပြုနေသည့်အတွက် လေကြောင်းလိုင်းများ၏ အာမခံနှုန်းထားများ တစ်နှစ်ထက်တစ်နှစ် မြင့်မားလာမှုကို ကာကွယ်နိုင်ရန် လေကြောင်းစီးပွားရေးအာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိမှသာ အကျိုးရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပျံသန်းပြေးဆွဲနေသော ပြည်တွင်းလေကြောင်းလိုင်းကုမ္ပဏီများသည် စင်ကာပူနိုင်ငံရှိ အာမခံအကျိုးဆောင် ကုမ္ပဏီတွင် အာမခံထားရှိပြီး နှစ်စဉ်အမေရိကန်ဒေါ်လာ ၁၆ သန်းကျော်ပေးသွင်းနေရသည်ဟု သိရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကြားမှအကျိုးဆောင်ကုမ္ပဏီများနှင့်တစ်ဆင့်ခံ မဆောင်ရွက်ဘဲ ကိုယ်တိုင်လုပ်နိုင်ပါက အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပြီး မြန်မာ့လေကြောင်းအနေဖြင့် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု သိရသည်။

လေကြောင်းအာမခံလုပ်ငန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာ့လေကြောင်း ကိုကျောထောက်နောက်ခံပြုကာ လေကြောင်းလိုင်းအသီးသီးဖြင့် ဖွဲ့စည်းထားသော မြန်မာ့လေကြောင်းအာမခံကုမ္ပဏီလီမိတက်အနေဖြင့် ဆောင်ရွက်မည်ဟုလည်း ဦးသန်းထွန်းက ပြောသည်။

နိုင်ငံတော်က လေကြောင်း လိုင်းများဖြင့် ဖွဲ့စည်းထားသည့် အာမခံကုမ္ပဏီတစ်ခုတည်ထောင်ခွင့်ပြုပါက နိုင်ငံတကာရှိ လေကြောင်း အာမခံလုပ်ငန်းလုပ်ကိုင်လျက်ရှိသော လေကြောင်းလိုင်းများက ယုံကြည်စိတ်ချရသည့် အကျိုးဆောင်ကြီးများမှ တစ်ဆင့် လုပ်ငန်းကြီးများတွင် အာမခံထားရမည်ဖြစ်သည်။

လေကြောင်းအာမခံလုပ်ထုံးလုပ်နည်းအရ စျေးပြိုင်တင်ဒါခေါ်ယူ၍ အာမခံနှုန်းထားအသက်သာဆုံးနှင့် စိတ်ချရသော အကျိုးဆောင်မျိုးကို ရွေးချယ်၍တစ်ဆင့်အာမခံထားခြင်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်ဟု သိရသည်။

လေကြောင်းအာမခံလုပ်ငန်း၊ တစ်ဆင့်အာမခံလုပ်ငန်း၊ အာမခံအကျိုးဆောင်လုပ်ငန်းနှင့် အာမခံဖွဲ့စည်းလုပ်ပိုင်ခွင့်များရပါက လုပ်ငန်းအဆင့်အလိုက် လေကြောင်းစီးပွားရေးအာမခံတစ်ခုကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာ့လေကြောင်းမှ သိရသည်။

မြန်မာနိုင်ငံရှိလေကြောင်း လိုင်းများသည်စင်ကာပူနိုင်ငံမှ တစ်ဆင့် အာမခံထားရှိကြရပြီး မြန်မာ့လေကြောင်း၊ MAI၊ အဲမန္တလေး၊ ရန်ကုန်အဲဝေး၊ အဲပုဂံ၊ အဲကမ္ဘောဇ၊ အေးရှားဝင်းစသည့် ပြည်တွင်းအခြေစိုက်လေကြောင်းလိုင်းများက အာမခံထားရှိနေရခြင်းဖြစ်သည်။

7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# Commodity Watch

## ရွှေဈေးအမြင့်ဆုံးရောက်၍ အပိုင်းဝယ်လိုအား တန့်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ - ၈**

ပြည်တွင်း ရွှေဈေးနှုန်းများ ယခုနှစ်၏ အမြင့်ဆုံး ရွှေဈေးကွက်ရောက်သည်အထိ စံချိန်တင်မြင့်တက်နေသောကြောင့် ရွှေဆိုင်များ၏ အပိုင်းဈေးကွက် ဝယ်လိုအား တန့်နေပြီဖြစ်ကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောကြားသည်။

"ဈေးနှုန်းက အမြင့်ဆုံးဈေးလည်း ဖြစ်နေတော့ အပိုင်းဈေးကွက်က ဝယ်တဲ့သူကို မရှိတော့ဘူး။ ပြန်ရောင်းတဲ့သူပဲ ရှိတော့တယ်။ ဖြတ်စနဲ့ အထည်ဘက်မှာပဲ ဝယ်တဲ့သူရှိတော့တယ်" ဟု လက်ရှိဈေးကွက်အနေအထားကို ရွှေဆိုင်လုပ်ငန်း တာဝန်ခံ ကိုဝင်းငယ်ကပြောသည်။

ပြည်တွင်း ရွှေဈေးနှုန်းများသည် စက်တင်ဘာ ၈ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၈၃,၀၀၀ ကျပ်ထိ ရွှေဈေးနှုန်းများ မြင့်တက်နေသည်။ ထို့အတူ ၁၅ ပဲရည် ဈေးနှုန်းမှာလည်း တစ်ကျပ်သားလျှင် ၇၃၀,၀၀၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်နေပြီဖြစ်သည်။

ယခုကဲ့သို့ပြည်တွင်းရွှေဈေးနှုန်းများမြင့်တက်နေခြင်းသည် ကမ္ဘာ့ရွှေဈေးနှုန်းများ မြင့်တက်နေခြင်းကြောင့်ဖြစ်ပြီး ကမ္ဘာ့ရွှေဈေးနှုန်းများမှာတစ်အောင်စလျှင် ၁,၇၄၀ ဒေါ်လာဝန်းကျင်ထိ ဈေးနှုန်းများမြင့်တက်နေသည်။

ကမ္ဘာ့ရွှေဈေးနှုန်းများသည် ကမ္ဘာ့ရေနံဈေး အပြောင်းအလဲပေါ်တွင်မူတည်၍ ဈေးနှုန်းများပြောင်းလဲနေခြင်းဖြစ်ကာ ကမ္ဘာ့ရေနံဈေး ဆက်တက်ပါက ရွှေဈေးနှုန်းများလည်း ဆက်လက်မြင့်တက်နိုင်ကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

လက်ရှိ ပြည်တွင်းရွှေဈေးနှုန်းများသည် နယ်စပ် ရွှေပေါက်ဈေးထက် မြင့်တက်နေသဖြင့် နယ်စပ် ရွှေလိုအား မရှိသောကြောင့် အပိုင်းဈေးကွက်တွင် အရောင်းအဝယ်လုပ်သည့် ပမာဏနည်းနေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

"ပြည်တွင်းဈေးက နယ်စပ်ဈေးထက် မြင့်နေတော့ အပိုင်းဈေးကွက်မှာ အရောင်းအဝယ်အေးနေတယ်။ ပြန်ထုတ်တဲ့ဘက်ကလည်း ဈေးကွက်ကို စောင့်ကြည့်နေကြတဲ့ အနေအထားပဲ" ဟုအပိုင်းအရောင်းအဝယ်ပြုလုပ်နေသော ရွှေကုန်သည်တစ်ဦးကပြောသည်။

## ကြေးတိုင်အင်းများကို ဒေသခံ ရေလုပ်သားအစုအဖွဲ့များထံ လွှဲပြောင်းပေးနေ

**သန်းဌေး**

**ရန်ကုန်၊ စက်တင်ဘာ - ၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အင်းသူကြီးများ လုပ်ပိုင်ခွင့်ရထားသော ကြေးတိုင်အင်းများကို ဒေသခံ ရေလုပ်သားအစုအဖွဲ့များထံ လွှဲပြောင်းပေးအပ်မှုများ ယခုဘဏ္ဍာရေးနှစ်အတွင်း ဆက်တိုက်ဖြစ်ပေါ်နေကြောင်း သတင်းရရှိသည်။

"အောက်ခြေက ရေလုပ်သားအစုအဖွဲ့တွေနဲ့ ညှိနှိုင်းပြီး လွှဲပြောင်းပေးလိုက်တာပါ။ ဒီနှစ်ထဲမှာ ခဏခဏ ပြဿနာတွေဖြစ်ပြီး လူစုလူဝေးနဲ့ ဖြစ်နေကြလို့ ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှာ ခေါ်ပြီး ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းပေးလိုက်တယ်"ဟု မအူပင်မြို့နယ်အတွင်းရှိအမှတ် ၂၁၆-၂၁၇ အင်းသေးထုံးဝိုင်းကြီးအင်းနှင့် ပတ်သက်၍ မအူပင်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးစိန်သောင်းက ပြောသည်။ အဆိုပါအင်းအား ကြေးတိုင်မှ သုံးနှစ် နှစ်ကြိမ်ဆက်တိုက်ရရှိခဲ့သော အင်းသူကြီးဦးအေးမြင့်ကလွှဲပြောင်းပေးချင်သောကြောင့်မဟုတ်ဘဲ အုပ်ချုပ်မှုမတည်ငြိမ်သောကြောင့် စက်တင်ဘာ ၇ရက်တွင်လွှဲပြောင်းပေးလိုက်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအင်းသည် လေလံဈေးနှုန်း ကျပ်သိန်း ၁၅၀ အပြင် အင်းပြင်ဆင်စရိတ် ကျပ် ၄၅သိန်းကို သွင်းရသော်လည်း ကျပ်သိန်း ၁၇၀ ဖြင့်လွှဲပြောင်းကာ စရန်ငွေကျပ် ၁၀ သိန်းကို ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများရှေ့တွင် ရှေ့နေများဖြင့် စာချုပ်စာတမ်း ပြုလုပ်ကာ စနစ်တကျ လွှဲပြောင်းပေးလိုက်ကြောင်း ၎င်းကပြောသည်။

အင်းဂရန်နယ်နိမိတ်ဝန်းကျင်တွင် အခြေချနေထိုင်လျက်ရှိသော သားငါးရှာဖွေစားသောက်သည့် ရေလုပ်သားများအနေဖြင့် အင်းအတွင်းရေလုပ်ငန်းလုပ်ကိုင်လိုပါက ဂရန်အင်းများကို ဈေးပြိုင်လေလံဆွဲဝယ်နိုင်ပြီး အင်းခွန်ငွေများကို လက်ငင်းငွေချေစနစ်ဖြင့် အပြေအကျေပေးဆောင်ကာ လုပ်ကိုင်နိုင်ကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ယခုနှစ်အင်းလေလံရာသီအစ ဧပြီလတွင် ပြောကြားခဲ့သည်။

သို့ရာတွင် အဆိုပါအင်းလေလံကာလများ၌ မည်သည့်ရေလုပ်သားအစုအဖွဲ့ကမှ အင်းနှင့်တင်ဒါပိုက်ချက်များကို ဈေးပြိုင်စနစ်နှင့် လေလံဆွဲရန် လျှောက်လွှာတင်ထားခဲ့ခြင်းပင်မရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy S3 | 530,000 |
| Galaxy S Advance | 265,000 |
| Galaxy Ace II | 230,000 |
| Galaxy W | 215,000 |
| Galaxy Mini | 118,000 |
| Galaxy Y | 105,000 |
| Galaxy Gio | 128,000 |
| Galaxy Ace | 165,000 |

**LU GYI MIN Mobile, Mobile Planet, Unique, Mobile Country ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။**

### HTC

| Model | Price |
|---|---|
| HTC Explorer | 125,000 |
| HTC One V | 233,000 |
| HTC Desire S | 269,000 |

### iPhone

| Model | Price |
|---|---|
| iPhone 4S (16 GB) | 595,000 |
| iPhone 4S (32 GB) | 680,000 |
| iPhone 4S (64 GB) | 740,000 |
| iPhone 4 (32 GB) | 555,000 |
| iPhone 4 (16 GB) | 515,000 |

### Huawei

| Model | Price |
|---|---|
| U 8810 (GSM) | 135,000 |
| U 8800 (GSM) | 142,000 |
| U 8650 (GSM) | 113,000 |
| U 8860 (GSM) | 223,000 |
| U 8550 (GSM) | 83,000 |
| U 5900 (GSM) | 90,000 |
| U 5600 (GSM) | 85,000 |
| C 8810 (GSM) | 130,000 |

**စက်တင်ဘာ(၇)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။**

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Toshiba (LCD) | 32BX10T | 230,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 32BX | 255,000 |
| Toshiba (TV) | LZE 21-28 | 95,000 |
| **DVD** | | |
| EVD (coeco) | 8082 | 23,000 |
| EVD(Sony) | DVK75 | 25,000 |
| LG | DV808 | 26,000 |
| EVD (AEK) | 8TMI | 31,500 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 165,000 |
| Hitachi | 19AGV7 | 242,000 |
| Panasonic | NR.BT223 | 238,000 |
| **Washing** | | |
| Samsung | $WA85V_3$ | 175,000 |
| Samsung | WT10J | 170,000 |
| **Aircon** | | |
| Chigo | 1.0HP | 210,000 |
| Mitsubishi | 1.0HP | 255,000 |
| Samsung | 1.0HP | 230,000 |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၇) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။**

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ(မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၆၀၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၁၁၀ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၁၀၀ |
| အုတ်(၈ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၁၂၅ |
| အုတ်(၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၆,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၆,၀၀၀ |
| ကျောက် | တစ်ကျင်း | ၄၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၈၀-၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၉၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၁,၀၈၀ |
| Posco ကြယ်စိမ်း(၆။၇။၈ ပေ) | ၁ ပေနှုန်း | ၄၉၀ |
| Posco ကြယ်စိမ်း(၉။၁၀ ပေ) | ၁ ပေနှုန်း | ၄၉၅ |
| Posco ကြယ်စိမ်း(၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၅၀၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ ၆။၇။၈။၉။၁၀။၁၁။၁၂) | ၁ ပေ | ၅၈၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင် ၆။၇။၈) | ၁ ပေနှုန်း | ၂၆၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၂၅ |

**အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၈) ရက်တွင် ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။**

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၉,၅၀-၁,၆၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၉၀၀-၁,၂၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၇၅၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၃၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၅,၀၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၅၀-၇၅၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၇,၅၀-၉,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၀၀-၁,၃၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| အာလူး | တစ်ပိဿာ | ၄၅၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၆၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၅၀၀-၁,၇၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၅၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၇,၅၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၃၀၀-၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၂,၁၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၄၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၅,၅၀၀-၃၆,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၃,၄၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၅၀၀-၃,၅၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၈,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၉၀၀ |

**စက်တင်ဘာ(၇)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။**

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ | ဒီဇယ် | Octane ဒီဇယ် | Premier ဒီဇယ် |
|---|---|---|---|---|
| Sep(2) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(3) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(4) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(5) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(6) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(7) | 3,550 | 3,950 | 4,100 | 4,100 |
| Sep(8) | 3,550 | 3,950 | 4,100 | 4,100 |

**ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။**

## Note Book

| | |
|---|---|
| **Acer** | |
| Intel Core i7-3517U, 4GB DDR3,256 GB SSD, HD,13.3" | 1384,700 |
| Intel Core i5-3210M, 4GB DDR3,750 HDD, 2GB VGA,15.6″ | 632,100 |
| Intel Core i3-M2367, 4GB DDR3,500 HDD, HD,14" | 518,700 |
| Intel DualCoreB987, 2GB DDR3,500 HDD, HD,14" | 388,800 |
| Intel DualCoreB967, 2GB DDR3,320 HDD, HD,11.6" | 290,100 |
| **msi** | |
| Intel Core i7 2.3GHz, 8GB DDR3, 750HDD,2GB VGA,15.6" | 1030,500 |
| Intel Core i5 2.5GHz, 4GB DDR3, 500HDD,2GB VGA, 14" | 588,300 |
| Intel Core i3 2.1GHz, 2GB DDR3, 640 HDD,1GB VGA, 14" | 518,700 |
| Intel Pentium 2.1GHz, 2GB DDR3, 500 HDD,1GBVGA, 14" | 423,400 |
| **hp** | |
| Intel Core i7 2.3GHz 8GB DDR3,750 HDD, 2GB VGA,15.6" | 1056,500 |
| Intel Core i5 2.4GHz 8GB DDR3,750HDD,1GB VGA,14.5" | 788,000 |
| Intel Core i3 2.3GHz 4GB DDR3,500 HDD, HD, 15.6" | 437,300 |

7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012



# အရှိန်လျော့လာသည့် တရုတ်စီးပွားရေး

ကြည်နေဝင်းမင်း

ဓာတ်ပုံ - AFP

တရုတ်နိုင်ငံ၏ စီးပွားရေးသည် မျှော်လင့်ချက်များကို ကျော်လွန်သွားသောအလေ့အထ ရှိပါသည်။ ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်ကာလအတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ၏ ရာသီဝက်ခန့်မှန်းချက်များကို နှစ်စဉ်နှစ်တိုင်း ကျော်လွန်ခဲ့သည်။ မကြာခဏဆိုသလို ခန့်မှန်းချက်ထက်ကွာဟချက် ကြီးကြီးမားမားတိုးတက်ခဲ့သည်။

သို့သော် ယခုနှစ်တွင်မူ စိတ်ပျက်ဖွယ်ရာဖြစ်ဖို့ များသည်။ မကြာသေးမီလများအတွင်း တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှု သိသိသာသာ နှေးကွေးလာသည်။ ရောင်းမကုန်သော ကုန်ပစ္စည်းအရေအတွက် တောင်လိုပုံလာသည်။ ရှန်ဟိုင်းစတော့ ရှယ်ယာဈေးနှုန်းများ သုံးနှစ်အတွင်း အနိမ့်ဆုံးသို့ရောက်ရှိနေသည်။ ယခုရာစုနှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် ၂၀၁၂ ခုနှစ် တရုတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၈ ရာခိုင်နှုန်းအောက်ရောက်ဖွယ်ရှိသည်။ ကမ္ဘာ့နိုင်ငံများကလည်း တရုတ်စီးပွားရေးအပေါ် ပို၍ မှီခိုနေရသောအချိန်ဖြစ်ပေရာယင်းမှာ ပူပန်စရာကောင်းသည်။

မည်သည့်နိုင်ငံ၏ စီးပွားရေးမှ ထာဝရအားဖြင့် ဂဏန်းနှစ်လုံး (၁၀ ရာခိုင်နှုန်းကျော်) အထက်ဖြင့် မတိုးတက်နိုင်ပေ။ တရုတ်နိုင်ငံ၏ စီးပွားရေးရင့်ကျက်လာပြီး အလုပ်သမားအင်အား အထွတ်အထိပ်ရောက်လာသည်နှင့်အမျှ စီးပွားရေးတိုတက်မှုနှုန်း နှေးကွေးလာခြင်းမှာ သဘာဝကျသည်။ သို့သော်လည်း ယခုနောက်ဆုံးသုံးလပတ်များ နှေးကွေးမှုမှာ စက်ဝိုင်းတစ်ပတ်လည်ခြင်းဖြစ်ပြီး ဖွဲ့စည်းတည်ဆောက်ပုံတွင် နှေးကွေးလာခြင်းမဟုတ်ပါ။ ခြေလှမ်းစိပ်လာခြင်းဆိုသည်ထက်အသက်ရှူကျပ်လာပုံကိုထင်ဟပ်နေသည်။ တရုတ်နိုင်ငံမှာ ဝယ်လိုအားသိသိသာသာကျဆင်းလာခြင်းကို မြင်တွေ့လိုက်ရသည်။ ယင်းမှာ နိုင်ငံခြား တင်ပို့မှုကျဆင်းလာပြီး နိုင်ငံတွင်းရင်းနှီးမြှုပ်နှံမှု ယိမ်းယိုင်လာသောကြောင့်ဖြစ်သည်။

တရုတ်နိုင်ငံအား ဝင်ဆောင့်ခဲ့သော အချို့သော ကမ္ဘာ့လေစိမ်းတိုက်ခတ်မှုများမှာ ကြိုတင်မြင်နိုင်စွမ်းပါသည်။ အကြောင်းမှာ ယခုနောက်ဆုံး ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့စီးပွားရေး အားနည်းမှုမှာ ချမ်းသာသော နိုင်ငံများကိုသာမက စီးပွားရေးအင်အားကြီးစနိုင်ငံများကိုပါ ထိခိုက်လာခဲ့၍ ဖြစ်သည်။ မည်သို့ပင် ဆိုစေကာမူ တရုတ်ပေါ်လစီချမှတ်သူများသည် လိုအပ်ပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်ပြန်လည်အသက်သွင်းနိုင်သည်ဟု စီးပွားရေးပညာရှင်အများစုက ယုံကြည်ကြသည်။

တရုတ်နိုင်ငံမှာ ဂျပန်နှင့် အမေရိကန်နိုင်ငံများကဲ့သို့မဟုတ်ဘဲ ငွေချေးငှားမှု အတိုးနှုန်းများ ထပ်မံကျဆင်းအောင်လုပ်ဆောင်နိုင်သည်။ ဘဏ္ဍာရေးအရအားကျလောက်သော လူးသာလွန့်သာအနေအထားရှိနေသေးသည်။ ဤနေရာတွင်လည်း တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးကွက်နှေးကွေးမှုမှာ အကျိုးအမြတ်မျှော်ကိုး၍ အိမ်ဝယ်ယူမှုများအပေါ် အစိုးရ၏ ထိန်းချုပ်မှုကို ရောင်ပြန်ဟပ်နေပါသည်။ တာဝန်ရှိသူများက ဆွဲတင်လျှင် ဆွဲတင်နိုင်ပါသည်။

အစိုးရကလည်း ၎င်းအပေါ် မျှော်လင့်ထားသော အရာအချို့ကိုလုပ်ဆောင်ခဲ့ပါသည်။ ငွေချေးငှားမှု အတိုးနှုန်းနှင့် အရန်ရန်ပုံငွေထားရှိရေး လိုအပ်ချက်များကို အနည်းငယ် လျှော့ချပေးခဲ့သည်။ အခြေခံအဆောက်အအုံ တည်ဆောက်မှု သုံးစွဲခြင်းများ တိုးမြှင့်ခဲ့သည်။ စီးပွားရေးလုပ်ငန်းအခွန်အတုပ်များကို တန်ဖိုးမြင့်ထုတ်ကုန်အခွန်အတုတ်များဖြင့် အစားထိုးခဲ့ရာတွင် ကုမ္ပဏီငယ်များအပေါ် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုး လျော့ပါးစေခဲ့သည်။ ပထမဆုံးအိမ်ဝယ်ယူသူများကိုလည်း အစိုးရက ကူညီခဲ့သည်။

သို့သော်လည်း အစိုးရ၏ အရေးယူဆောင်ရွက်မှုများမှာ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလကဲ့သို့ အရေးတကြီး ပြတ်ပြတ်သားသား မဟုတ်ပေ။ ထိုအချိန်ကဆိုလျှင် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကိုရှောင်လွှဲနိုင်ဖို့ရာ ပေါ်လစီချမှတ်သူများက ဘဏ်များကို တွန်းတိုက်တိုက် လှုံ့ဆော်အားပေးခဲ့ပြီး နိုင်ငံပိုင်လုပ်ငန်းများကိုလည်း တွန်းအားပေးခဲ့သည်။ ယင်းစီးပွားရေးနှိုးဆွမှုမှာ အကျပ်အတည်းကစေ့ဆော်ခဲ့သည်ထက်ကြီးမားခဲ့သည်။ ယခုနှစ်တွင်မူ ထိတ်လန့်မှုသေးငယ်သည်နှင့်အမျှ အစိုးရ၏ တုံ့ပြန်မှုမှာလည်း တိုတိုတောင်းတောင်းပင် ဖြစ်သည်။

အစိုးရ၏ တွန့်ဆုတ်မှုကို မည်သို့ရှင်းပြနိုင်မည်နည်း။ အချို့ကလည်း ဗဟိုဘဏ်၏ ဖွံ့ဖြိုးရေးနှိုးဆွနိုင်မှု အင်အားကို မေးခွန်းထုတ်ကြသည်။ ဗဟိုဘဏ်က ငွေချေးနှုန်းထားနှင့် အခြားကန့်သတ်မှုများကို ဖြေလျှော့ပေးခဲ့လျှင်သော်မှ ငွေချေးငှားမှုပြန်လည်မြင့်တက်လာမည် မဟုတ်ဟု ၎င်းတို့ကဆိုသည်။ အကြောင်းမှာ လိုလိုလားလား ငွေချေးငှားမည့်သူများကို ဘဏ်များက မရှာဖွေနိုင်သောကြောင့်ဟူ၍ ၎င်းတို့က အကြောင်းပြသည်။ တရုတ်လှေကြီးနှေးကွေးလာသည်နှင့်အမျှ လှေ၏ရွက်တွင် အစုတ်အပြဲများ ပေါ်လာသည်။ အချို့ကလည်း တက်မအလှည့်အပြောင်းကို အပြစ်တင်သည်။ စီးပွားရေးကို ပဲ့ကိုင်သော ပေါ်လစီချမှတ်သူများမှာ အာရုံထွေပြားနေပြီးနှစ်ခြမ်းကွဲနေသည်ဟုဆိုသည်။ ယခုနှစ်အာဏာလွှဲပြောင်းမှုမှာ မျှော်လင့်ထားသလို မချောမွေ့ဟုဆိုသည်။

အဆိုပါဆွေးနွေးငြင်းခုံမှုများတွင် အမှန်တရားအချို့ရှိပါသည်။ သို့သော်လည်း ယင်းမှာ ဇာတ်လမ်းအပြည့်အစုံမဟုတ်ပါ။ တရုတ်ပေါ်လစီချမှတ်သူများမှာ စီးပွားရေးဖွံ့ဖြိုးမှုကို အသက်သွင်းနိုင်စွမ်းရှိပါသည်။ သို့သော် တချို့ကလည်း တန်ဖိုးကြီးကြီး ပေးဆပ်ရန်စိတ်အားမထက်သန်ကြ။ ထိပ်ပိုင်းတွင် သဘောထားကွဲလွဲခြင်းမှာ ဒဿနိကဆန်သလို နိုင်ငံရေးအရလည်း ပတ်သက်သည်။

စီးပွားရေးကြီးထွားလာခြင်းကကျန်သော အရာအားလုံးနီးပါးကို တစ်ချပ်မှောက်ထားခဲ့သည်။ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအား ဆက်လက်တိုးတက်စေခြင်းမှာ ဦးစားပေးစာရင်းတွင် ကလေးမွေးဖွားမှုထိန်းချုပ်ရေးပေါ်လစီနောက်ဝယ် ကပ်လျက်လိုက်နေခဲ့သည်။ သို့သော် ယခုအခါ တရုတ်ပေါ်လစီချမှတ်သူများက ရင်းနှီးမြှုပ်နှံမှုအပေါ် တရုတ်နိုင်ငံ၏ မှီခိုမှုနှင့် အိမ်ခြံမြေအကျိုးအမြတ် မျှော်ကိုးခြင်းများကိုပူပန်လာကြသည်။ အိမ်ခြံမြေဈေးနှုန်းကြီးမြင့်မှုကအလယ်အလတ်တန်းစားမိသားစုများကို မြို့ကြီးပြကြီးဈေးကွက်များမှ တွန်းထုတ်ခဲ့သည်။

ယခင်ကဆိုလျှင် စီးပွားရေးအကျဘက်ယိုင်နေခြင်းနှင့် ရင်ဆိုင်နေရသည်ဆိုပါက အစိုးရသည် အိမ်ခြံမြေထိန်းချုပ်မှုများကိုပြန်လည်စဉ်းစားရန် တိုက်တွန်းပြီး နိုင်ငံပိုင်လုပ်ငန်းများကိုကုန်ပစ္စည်းတိုးမြှင့်ထုတ်လုပ်ရန် ပန်ကြားပြီးသားဖြစ်နေပါလိမ့်မည်။ ယင်းသို့သော ကို့ရိုးကားယားသမားရိုးကျတုံ့ပြန်မှုများက မလွှဲမသွေစီးပွားရေးဖွံ့ဖြိုးတိုးတက်စေပါလိမ့်မည်။ စာ(၄၆)သို့

DIETHELM TRAVEL
Diethelm Travel Ltd. a leading tourism company in Myanmar based in Yangon is looking for following positions.
- Chief Accountant (CA) – 1 post
- Administration Supervisor – 1 post
- Reservation Senior Staff – 2 posts
- Operations Staff – male – 1 post
- Operations Staff– female – 1 post
- Ticketing Staff – 1 post


All applicants should be motivated, creative, hardworking, great communicator with good written and spoken English, and fully computer literate in MS office. CA must have extensive accounting knowledge, in depth understanding of Diethelm Travel service price structure. **Diethelm Travel Ltd.** 6th Floor, Centre Point Tower, 65 Corner of Sule Pagoda & Merchant St, Kyauktada Ts, Yangon. Tel: 01-373 937, 376 801 to 04, Ext :300, leisure@diethelm.com.mm


A product of PEPSICO
HELLO!
MYANMAR...
pepsi
PEPSI SO...
REFRESHING!

7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# 7DAY BOOK REVIEW

## အောင်ဆန်းဟုခေါ်သည် (နိုင်ဦးဘာသာပြန်)




ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်အများအပြား ထွက်ရှိနေချိန်တွင် မူရင်းစာရေးဆရာ Angelene Naw အင်္ဂလိပ်ဘာသာဖြင့် ရေးခဲ့သော စာအုပ်ကို စာရေးဆရာနိုင်ဦးဘာသာပြန်ဆိုထွက်ရှိလာသော ဗိုလ်ချုပ် အောင်ဆန်းအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။ မူရင်းစာရေးဆရာသည် ယခုစာ အုပ်ကိုပြုစုရာ၌ သမိုင်းနောက်ခံဖြစ်ရပ်များသာမက ဗိုလ်ချုပ်၏ နိုင်ငံရေး အတွေးအခေါ် အိုင်ဒီအို လိုဂျီနှင့် ဗိုလ်ချုပ်ကိုသိမီခဲ့သော ပုဂ္ဂိုလ်အချို့နှင့် တွေ့ဆုံမေးမြန်းခဲ့ကြောင်း အမှာတွင် ဖော်ပြထားသည်။

ထို့ပြင် ဟာဝိုင်အီတက္ကသိုလ်၊ ဝါရှင်တန်ဒီစီနှင့် လန်ဒန်စာကြည့်တိုက်များသို့ပါ သွားရောက်၍ အထောက်အထားများ ရှာဖွေခဲ့ရသလို လန်ဒန်ပြည်သူ့မှတ်တမ်းရုံး၊ အိန္ဒိယပြည်သူ့မှတ်တမ်းရုံးနှင့် ဂျပန်နိုင်ငံသို့ သွားရောက်ကာ အချက်အလက်များ ရှာဖွေစုဆောင်းရေးသားခဲ့ရကြောင်း ဖော်ပြထားသည်။ ကျောက်ကောင်း၊ ကျောက်အမှန်နှင့်အတူ အရောရောအထွေထွေ ကျောက်များပေါ် ထွက်သလိုမျိုး ဗိုလ်ချုပ်အောင်ဆန်းစာအုပ်များထွက်ရှိနေချိန်တွင် ယခုစာအုပ်သည် အရည်အသွေးပြည့်မီသော ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိဟုလည်း ဆိုနိုင်ပါသည်။

လွင်ဦးစာပေ (လှည်းတန်း) က တန်ဖိုး ၃,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## ရုပ်ရှင်လေ့လာမှု (မင်းခက်ရဲ)




ကမ္ဘာကျော်ရုပ်ရှင်ဇာတ်ကားများကို အထူးပြုလေ့လာမှုတစ်ရပ်ဖြစ်သော စာအုပ်ဖြစ်သည်။

လတ်တလော ထင်ရှားသည့် ဇာတ်ကားများဖြစ်သည့် The Reader ကိုစာဖတ်ပြသူ၊ Milk ကိုဇွန်လ ၂၅ ရက်နေ့အကြောင်း၊ X-Men ကို အခြားသော အရာများ၏ ဖြစ်တည်မှု၊ Do the Right Things ကိုတင်ပြပုံအသစ်၊ Basic Instinct ကို ဖို,ဆန်မှုနှင့် မ,ဆန်မှုတို့၏ အခက်အခဲ၊ Face / Off ကို ရသဆိုင်ရာ အကြမ်းဖက်မှု၊ Matrix ကို အဆောက်အအုံလွန်ဝါဒ ဝေဖန်ရေးများ၊ Die Hard ကို ဖိုဆန်မှု၏ အကျပ်အတည်း၊ Saw ကို လူမှုရေးဆိုင်ရာ စိုးရိမ်ပူပန်မှုအစရှိသဖြင့် ခေါင်းစဉ်ငယ်လေးများတပ်ကာ စာပေအမြင်နှင့် မင်းခက်ရဲ၏ ပင်ကိုရေးရုပ်ရှင်လေ့လာမှုဆောင်းပါး ၁၆ ပုဒ်ကို ဖတ်ရှုရပါမည်။

လင်းသစ်ရောင်စဉ်စာပေက တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

## နှလုံးစိတ်ဝမ်း ငြိမ်းချမ်းစေဖို့ (ဒေါက်တာဟန်စိန်)




စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာဟန်စိန်၏ စိတ်ပညာဆောင်းပါးများ စာအုပ်ဖြစ်သည်။ ဆေးလောကမှ မဟုတ်သည့် စာဖတ်သူများအတွက် ရည်ရွယ်ရေးထားခြင်းဖြစ်၍ ပေါ့ပေါ့ပါးပါးနှင့် စိတ်ပညာအသိအမြင်များကို ဖတ်ရှုရပါမည်။

စာရေးသူက နှစ်ပေါင်း ၂၀ ကျော်ထိတွေ့ကုသပေးခဲ့သည့် အတွေ့အကြုံများမှ ပေါက်ဖွားလာသော စာများဟု ဆိုပါသည်။ စိတ်ရောဂါအပေါ် လူတို့၏အမြင်၊ ဘာကြောင့်စိတ်ရောဂါဖြစ်သလဲ၊ စိတ်ထိခိုက်ခြင်းနှင့် ထွက်ပေါက်၊ ထပ်တလဲလဲတွေး၍ ထပ်တလဲလဲ လုပ်နေတတ်သည့် စိတ်ရောဂါ၊ စိတ်ကျရောဂါ၊ စိတ်ကြွရောဂါ၊ အတက်ရောဂါကုသပါ၊ မမှတ်မိတဲ့ပြဿနာ၊ မိမိကိုယ်မိမိအန္တရာယ်ပြုခြင်း စသည်ဖြင့် စုစုပေါင်းဆောင်းပါး ၂၈ ပုဒ်ပါဝင်သည်။

စာပေလောက စာအုပ်တိုက်က တန်ဖိုး ၁,၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge ဗဟုသုတ

## ကမ္ဘာ့ပထမဆုံး ကင်မရာ

သစ်သားပုံဖြင့် တည်ဆောက်ထားပြီး ဘေးတိုက်လျှောထုတ်ဆွဲဖွင့်ရသည့် "ကမ္ဘာ့ပထမဆုံးကင်မရာ" ကို ၂၀၀၉ မေလအတွင်းက မကာအိုတွင် ပြသခဲ့သည်။ ထိုကင်မရာကို "ဓာတ်ပုံပညာကို တီထွင်ခြင်းနှင့်မကာအို၏ အစောပိုင်းဓာတ်ပုံများ" ပြပွဲတွင် ပြသခဲ့ခြင်းဖြစ်သည်။ ပြပွဲကို မကာအိုပြတိုက်နှင့် ပြင်သစ်နိုင်ငံမှ ဓာတ်ပုံပညာရှင်နီဆတ်ဖိုရ်နစ်ပ်စီ အထိမ်းအမှတ်ပြတိုက်တို့က ပူးတွဲကျင်းပခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ပထမဆုံး ကင်မရာသည် ၁၈၂၇ တွင် တီထွင်သူဂျိုးဆက်နီဆတ်ဖိုရ်နစ်ပ်စီက သတ္တုပြားပေါ်၌ မြင်ကွင်းပုံရိပ်သေကိုအောင်မြင်စွာ ဖမ်းယူရိုက်ကူး ပြနိုင်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး ၎င်းကိုလည်း ဓာတ်ပုံပညာ၏ဖခင်ကြီးအဖြစ် သတ်မှတ်ခဲ့ကြသည်။ ပထမဆုံးသော ရှုခင်းဓာတ်ပုံကို နစ်ပ်စီကပင် ၁၈၂၆ ခုနှစ်တွင် ရိုက်ကူးခဲ့သည်။ မကာအို၌ ပြုလုပ်ခဲ့သည့် ဓာတ်ပုံပညာသမိုင်းပြပွဲတွင် ကမ္ဘာ့ပထမဆုံး ကင်မရာနှင့်အတူ ဓာတ်ပုံကင်မရာများ ပေါ်ဦးစက ကင်မရာအလုံး ၂၀ ခန့်ကိုလည်း ပူးတွဲပြသခဲ့သည်။ တရုတ်နိုင်ငံသို့ဓာတ်ပုံကင်မရာရောက်ရှိလာ ၁၈၄၄ တွင် ထိုစဉ်က ပြင်သစ်လူမျိုးဂျူးအစ်တီယာက မကာအိုမြို့တော်၏ ဓာတ်ပုံများကို ပထမဆုံးအကြိမ် ရိုက်ကူးခဲ့ကြောင်းပြပွဲစီစဉ်သူများက ပြောကြားသည်။

—Ref: Xinhua

# ဟောစာတမ်းကြွန်တော်မြတ် တမ်ပတ်တာကကြွမှာ

စက်တင်ဘာ ၁၂ ရက်မှ ၁၈ ရက် အထိ

စံဇာကီဘို

### ARIES — မိဿရာသီဖွား (မတ် ၂၁ - ဧပြီ ၂၀)



အလွန်သတိရှိရမည့်ကာလ ဖြစ်သည်။ သူတစ်ပါးကြောင့် မိမိတွင် စိတ်အနှောင့်အယှက် ဖြစ်တတ်သည်။ အခက်အခဲများကြုံမည်။ မိမိကကောင်းသလောက် ဒုက္ခပေးသောသူများနှင့် တွေ့တတ်သည်။ စကားအတင်းပြော တိုက်ခိုက်ချောက်ချသော လူများဝန်းရံနေသည်။ အခက်အခဲများ ဖြေရှင်းနိုင်မည်။ လိုရာပြည့်အောင် ပြဿနာကြားမှ ရန်နှင့်ယှဉ်ပြီးဆောင်ရွက်ရမည့် အခက်အခဲများကြုံက ဖီးညွန့်ဆောင်၍ ဆောင်ရွက်ပါ။

### TAURUS — ပြိဿရာသီဖွား (ဧပြီ ၂၁ - မေ ၂၁)



အလုပ်အကြွေးမထားသင့်။ လုပ်နေဆဲ ဆိုင်းငံ့ထားသည့်ကိစ္စများ အဆုံးသတ်ရခက်လောက်အောင် ကြန့်ကြာသွားနိုင်သည်။ ချက်ချင်းလက်ငင်း ဆုံးဖြတ်ပြီး အချိန်ယူဆောင် ရွက်ပါ။ အရာရာဆောင်ရွက်သမျှ အောင်မြင်မည်။ ဤရက်ပိုင်းအတွင်း မိဘအကြီးအကဲနှင့်တကွ ဆွေမျိုး ကိစ္စများအတွက် အချိန်ကုန် စိတ်ပန်း၊ လူပန်းဖြစ်ရမည်။ အရေးကြီးကိစ္စများဆောင်ရွက်က ဒန်းညွှန့် ဆောင်သွားပါ။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)



ဖရိုဖရဲ ကစဉ့်ကလျားကြားမှ တိုးတက်မှုများ ရရှိသည်။ ဆုံးဖြတ်ထားသည်က တစ်မျိုး၊ လက်တွေ့ဆောင်ရွက်ရသည်က တစ်မျိုးကြုံမည်။ ဦးတည်ချက်သစ်များ ဆောင်ရွက်ခြင်း၊ လူသစ်များနှင့် ဆက်ဆံရခြင်းမှ ကောင်းကျိုးရရှိမည်။ ဤရက်မတိုင်မီအထိ တစ်ခါမှလုပ်ရန်မဆိုထားဘိ စိတ်ကူးထဲတွင်မရှိသော အလုပ်များကို ကိုင်တွယ်လုပ်ကိုင်ရမည်။ လုပ်ငန်းအောင်မြင်စေရန် ဘုရားတွင် ရွှေပန်းပွင့်လှူပါ။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)



မိတ်ဆွေကောင်းများထံမှ အထောက်အကူကောင်းများရရှိမည်။ ရှိရင်းစွဲအနေအထားမှ ပိုမိုမြင့်သော အနေအထားသို့ကူးပြောင်းတိုးတက်မည်။ တွေဝေဒွိဟဖြစ်လွယ်မည်။ ငွေကြေးကံကောင်းမည်။ ဆုံးဖြတ်ပြီး လုပ်ကိုင်လိုက်သော ကိစ္စများမှ ကောင်းသောတိုးတက်မှုရမည်။ ပညာအတွက် ဆောင်ရွက်နေသူများ ထူးခြားသော တိုးတက်မှုရမည်။ ပိုမိုကံကောင်းစေရန် အိမ်ဘုရားစင်တွင် ကောက်ညှင်းပေါင်းလှူပါ။

### LEO — သိဟ်ရာသီဖွား (ဇူလိုင် ၂၃ - ဩဂုတ် ၂၃)



ခြံ၊ မြေ နေရာထိုင်ခင်းကိစ္စ စကားပြောဆိုမှုများ အောင်မြင်မည်။ အရွယ်ရောက်သူများအဖို့ အိမ်ထောင်ရေးကိစ္စ၊ မေတ္တာရေးကိစ္စများ အထူးကောင်းသည်။ အိမ်ထောင်သည်များအဖို့ကောင်းသတင်းများ ကြုံတွေ့ကြားသိရမည်။ ကြန့်ကြာနေသော ရပိုင်ခွင့်များ လက်ဝယ်ပြန်လည်ရရှိမည်။ စည်းစိမ်ဥစ္စာခနတိုးပွားမည်။ ငွေကြေးကံကောင်းမည်။ ငွေမြဲစေရန် ငွေစုဆောင်းသောနေရာတွင် အုန်းညွှန့်တစ်ညွှန့်ထားပါ။

### VIRGO — ကန်ရာသီဖွား (ဩဂုတ် ၂၄ - စက်တင်ဘာ ၂၂)



သွား၊ သွားဖုံး ဒုက္ခပေးမည်။ မတည်မြဲသော မေတ္တာရေးကိစ္စများ ကြုံမည်။ စနေနံပစ္စည်း၊ ဖိနပ်၊ အထည်၊ ထီး စသည်များ အသစ်ဝယ်ယူရန်မသင့်။ အိမ်ကိစ္စ၊ မိသားစုကိစ္စအတွက် အချိန်ကုန် လူပမ်းဆောင်ရွက်ရခြင်းများ ရှိမည်။ လုပ်ငန်းလုပ်သောသူများအဖို့ သောကြာနေ့၊ စနေနေ့မွေးသော သူများနှင့် ပူးပေါင်းလုပ်ကိုင်ရင်း စိတ်အနှောင့်အယှက်များဖြစ်ပေါ်မည်။ ကျန်းမာရေး အညံ့ကင်းစေရန် ရေမကြာခဏလှူပါ။

### LIBRA — တူရာသီဖွား (စက်တင်ဘာ ၂၃ - အောက်တိုဘာ ၂၃)



လိုလိုလားလား ဆက်ဆံသောသူများနှင့် တွေ့မည်။ လူချစ်လူခင်ပေါများမည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများတွင် ပါဝင်ပတ်သက်ရမည်။ လူမျိုးကွဲ၊ လူမျိုးခြားအကျိုးပေးမည်။ အရပ်ဝေးနှင့် ဆက်စပ်ပြီး လုပ်သောကိစ္စများမှ အောင်မြင်မှုများ ရမည်။ ရွှေဝင်ကိန်းရှိသည်။ မိသားစုတွင် ကြန့်ကြာနေသော ငွေ၊ ပစ္စည်းများ ပြန်လည်ရရှိခြင်း၊ လက်လွှန်ထားသော ငွေများပြန်ရမည်။ ကံကောင်းစေရန် ထပ်သီးမကြာခဏလှူပါ။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၄ - နိုဝင်ဘာ ၂၂)



ပြဿနာများ ပဋိပက္ခများ ရှိနိုင်သည်။ ကျန်းမာရေးအညံ့ရှိသည်။ စကားများရမည်။ အဆုတ်အအေးမိမည်။ အဝတ်အထည်များ၊ ပစ္စည်းများ ပျောက်ရှတတ်သည်။ အလှူအတန်းကိစ္စများ ဆောင်ရွက်က ရက်ရွှေ့ရမည်။ ခြံ၊ မြေဝယ်ယူသူများ အထူးသတိရှိပါ။ ရှေ့တိုးရန် အခက်၊ နောက်ဆုံး၍မရသော အခြေအနေမျိုးကြုံတတ်သည်။ အညံ့ကင်းစေရန် ဆန်အလှူပြုပါ။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ ၂၃ - ဒီဇင်ဘာ ၂၁)



ရွှေထည်ပစ္စည်းများ လာရောက်ပေါင်းနှံက လက်ခံရန်မသင့်။ ပစ္စည်းအတု မိတတ်သည်။ ငွေပေး ငွေယူမှားယွင်းတတ်သည်။ ဆုံးရှုံးနစ်နာတတ်သည်။ လည်ချောင်းတွင်လည်းကောင်း၊ ရင်ဘတ်အဆုတ်တွင်သော်လည်းကောင်း ဆေးကုသမှုခံယူရန် ကြုံမည်။ စနေနေ့၊ ဗုဒ္ဓဟူးနေ့မွေးသူများကို သတိနှင့် ဆက်ဆံပါ။ အန္တရာယ်ပေးတတ်သည်။ အန္တရာယ်ကင်းစေရန် ပေါက်ပေါက်ဆွမ်းကပ်ပါ။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ ၂၂ - ဇန်နဝါရီ ၂၀)



အကြံအစည်အောင်မြင်၊ ဘဝတိုးတက်ခြင်း၊ အလိုပြည့်စုံခြင်းများ ရှိမည်။ ငွေကြေးကိစ္စ အဆင်ပြေမည်။ အလုပ်နေရာ အပြောင်းအလဲနှင့် တိုးတက်မှုရှိမည်။ အခက်အခဲများကို ကျော်လွှားပြီး တိုးတက်မည်။ အပြိုင်အဆိုင်များ ကျော်လွှားနိုင်မည်။ မိသားစုတွင် ပြည်ပခရီးလမ်းကြောင်းများ ပေါ်မည်။ အိမ်တွင် လုပ်ငန်းမရှိသူ လုပ်ငန်းရမည်။ အလုပ်လျှောက်အလုပ်ရှာသောအခါ ကံကောင်းစေရန် ထီးစုတ်၊ ဖိနပ်စုတ်စွန့်ပစ်ပါ။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ ၂၁ - ဖေဖော်ဝါရီ ၁၈)



မထင်မှတ်ဘဲ လုပ်ကိုင်လိုက်သည့် ကိစ္စများမှ ထူးခြားသော အကျိုးဖြစ်ထွန်းမည်။ ကာလအတန်ကြာ ခက်ခဲနေသော ပြဿနာများကို ဖြေရှင်းနိုင်မည်။ ငွေကြေးမြှုပ်နှံခြင်းဖြင့် ထူးခြားသော အကျိုးရရှိမည်။ ခရီးသွား၍ အကျိုးရှိမည်။ လူမျိုးကွဲ အကျိုးပေးမည်။ စီးပွားကံကောင်းမည်။ အလုပ်အကြံ အောင်မြင်မည်။ အခက်အခဲများကို ဖြေရှင်းနိုင်မည်။ ကြံစည်သမျှ အောင်မြင်စေရန် ထီးနီတစ်လက် ဘုရားလှူပါ။


### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ ၁၉ - မတ် ၂၀)



စိတ်အနှောင့်အယှက်များနှင့် ကြုံမည်။ လူလိမ်လူကောက်တွေ့တတ်သည်။ သူတစ်ပါးအပေါ် ယုံစား၍မရ။ သူတစ်ပါးအပေါ် ယုံကြည်လွှဲအပ်သော ကိစ္စများအားလုံး တလွဲတချော်ဖြစ်သွားမည်။ သောကြာနေ့၊ တနင်္ဂနွေနေ့ မွေးသူများကို ငွေချေး၍ ပြန်တောင်းမရ။ ဖြေရှင်းစရာများ ကြုံနိုင်သည်။ ရုံးရောက်ဂါတ်ရောက် ဖြစ်တတ်သည်။ ယာဉ်ကားမောင်းနှင်မှု သတိရှိပါ။ အန္တရာယ်ကင်းစေရန် ကွမ်းကော်ညွှန့်ဆောင်ထားပါ။

# 7DAY PUZZLE

**ပဟေဠိ အမှတ်စဉ်(၁၉၉)**




### အလျားလိုက်

၃။ တရားဝင်ခွင့်ပြုချက်ရမှ လုပ်ဆောင်နိုင်သည့်ကိစ္စ
၅။ တူရကီက ဆီးရီးယားတွင် ဖော်ဆောင်လိုသောအရာများ
၆။ မြန်မာ့အားကစားကို အားဖြည့်ဖွယ်ရှိသူများ
၇။ ကန်သမ္မတ ကျော်ဖြတ်လာခဲ့သည့်အရာ
၉။ ကမ္ဘာကျော်အားကစားပြိုင်ပွဲတစ်ခု
၁၁။ ဆွေမျိုးသားချင်းကောင်းစားရေးဝါဒ

### ဒေါင်လိုက်

၁။ မြန်မာနိုင်ငံသို့ ဝန်ဆောင်မှုပေးမည့် လေကြောင်းတစ်ခု
၂။ စည်းကမ်းဖောက်ဖျက်၍ သတိပေးခံရသည့်နေရာဌာနများ
၄။ အစုရှယ်ယာများဖြင့် ဖွဲ့စည်းသည့်လုပ်ငန်း
၆။ ဖွံ့ဖြိုးမှုအားအနည်းဆုံးပြည်နယ်ကို ငွေချေးမည့်တိုင်းပြည်
၈။ စုံစမ်းမှုမရှိသော စီးပွားရေးကဏ္ဍ
၁၀။ ဘဏ်များအချင်းချင်းရောင်းဝယ်ခွင့်ရတော့မည့်အရာ

Smart Dictionary


**ကံထူးသူ**

၁။ ခင်မင်းထွေး၊ ၁၂/လမန(နိုင်)၁၅၃၅၁၆ အမှတ်(၃၀၈)၊ ရွှေဝါမြိုင်အိမ်ရာ၊ လှိုင်မြို့နယ်။

**ကျန်အဖြေမှန်သူ**

၂။ ဦးသန်းအောင်၊ ၁၂/လမန(နိုင်)၁၂၆၄၁၉

**ပဟေဠိ အမှတ်စဉ်(၁၉၈)အဖြေမှန်**




**အမည်** .................................... **မှတ်ပုံတင်အမှတ်** ....................................

**နေရပ်လိပ်စာ** ............................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး၊ နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၁၄–၉–၂၀၁၂ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ အရှုံး

## Free Classified

**အခမဲ့ ကြော်ငြာကဏ္ဍ**

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့်ကူရှင် အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်- A, G-5, Pearl Condo, ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **ဖုန်း- ၀၉-၇၃၀၃၇၇၇၆**
**၀၉-၇၃၂၀၄၃၇၄**

**ရောင်းမည်၊ ငှားမည်**

မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ညောင်ရမ်း၊ ဈေးလမ်းအနီး၊ မြေကွက်အမှတ်- ၉၆/၁၃၁၊ (ပေ-၁၂၀. ၆၅)။ **ဖုန်း- ၂၂၂၅၄၈၃**

**NAING LIN**

Air Con, ရေခဲသေတ္တာ၊ အဝတ်လျှော်စက်နှင့် ဂြိုဟ်တုစလောင်းများကို စိတ်တိုင်းကျ ပြုပြင်တပ်ဆင်ပေးပါသည်။
**ဖုန်း- ၀၉ ၅၀၉၅၉၁၆**

**သင်တန်း**

တရုတ်စာ အရေး၊ အဖတ်၊ အပြောကို တစ်ဦးချင်း အခြေခံမှစ၍ စနစ်တကျ အိမ်လိုက်သင်သည်။
**ဖုန်း- ၀၉ ၄၂၁၁၀၀၉၀၇**

**ရောင်းမည်**

နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်သော တိုက်ကြီးမြို့နယ်အတွင်း သွားလာရေး လွယ်ကူသော နေရာရှိ လယ်မြေဧက ၁၀၀ မှ ၃၀၀ ခန့် ရောင်းမည်။
**ဖုန်း- ၀၉ ၄၂၃၆၆၁၉၃၇**

**ရောင်းရန်ရှိသည်**

ရွှေပြည်သာမြို့နယ်၊ ပုလဲလမ်းမကြီးပေါ်၊ ပြည်နဝဒေးတွင် မျက်နှာစာ ပေ(၃၀)နှင့် အနောက် ပေ(၆၀)ရှိပြီး RC (၁)ထပ်တိုက်ဖြစ်သည်။
**ဖုန်း- ၀၉ ၄၃၁၇၀၅၃၃**

**'ရွှေတော်ဝင်'လှပြင်ဘုရင်**

မိုးရာသီ အထူးလျှော့ဈေး၊ မိတ်ကပ်၊ ဆံပင်ညှပ် ဘာသာစုံသင်တန်း၊ ၁၅၀,၀၀၀ (နေစားတာဝန်ယူ)
**ဖုန်း- ၀၉ ၄၃၀၃၀၄၂၂**

**ဝယ်လိုသည်**

ဆိုင်ဖွင့်ရန် နေရာကောင်း ဝယ်လိုသည်။ လှိုင်သာယာမြို့နယ်၊ ဈေးနီး၊ ကျောင်းနီး၊ ပေ(၄၀×၆၀)၊ ဂရန်အမည်ပေါက်။
**ဖုန်း- ၀၉ ၇၃၀၅၀၇၅၄**

**Victor**

အခြေခံ အားနည်းသူများအတွက် အင်္ဂလိပ်စကားပြော သင်တန်း။ သီးသန့်ဝိုင်း- ၁၀,၀၀၀ ကျပ်
**ဖုန်း- ၀၉ ၅၀၉၆၇၉၄**

**FUTURE CHOICE**

လုပ်ငန်းခွင်ဝင် ကွန်ပျူတာပညာဒါန သင်တန်းကျောင်းနှင့် အိမ်အရောက် ကွန်ပျူတာသင်တန်းများ။
**ဖုန်း- ၀၉ ၄၉၃၂၁၃၀၅**

**သင်ကြားသည်**

Grade II မှ Grade V အထိ ဘာသာစုံ အိမ်လိုက်သင်ကြားပေးသည်။
**ဖုန်း- ၀၉ ၄၂၀၀၃၇၅၉၆**

**Myanmar Songs Bank**

စတီရီယို ခေတ်ဦးမှစ၍ ၂၀၀၅ နောက်ပိုင်းအထိ စတီရီယိုတေး၊ ရေဒီယိုတေး၊ ခေတ်ပေါ်၊ ခေတ်ဟောင်းတေး စီးရီးများကို Audio CD ဖြင့် ပြုလုပ်ထားသည်။
**ဖုန်း- ၀၉ ၇၃၁၄၇၉၀၄**

**Brothers' Net**

**Computer Service Center**

ကွန်ပျူတာပြုပြင်တပ်ဆင်ခြင်း၊ Virus Scan, Network, Internet များကို အိမ်တိုင်ရာရောက်ဝန်ဆောင်မှုပေးနေပါပြီ။
**ဖုန်း- ၀၉ ၄၃၀၆၈၃၀၁**

**ဘာသာပြန်သည်**

အကြောင်းအရာများကို အင်္ဂလိပ်မှ မြန်မာဘာသာသို့ မြန်မာဘာသာမှ အင်္ဂလိပ်သို့ ဈေးနှုန်းချိုသာစွာဖြင့် အချိန်မီ ပြန်ဆိုပေးသည်။ ဆရာဦးဌေးဝင်း
**ဖုန်း- ၀၉ ၄၂၅၂၉၅၆၄၁**

**ရောင်းမည်**

ပြင်ဦးလွင်၊ (၁၃)ရပ်ကွက်၊ ပေ(၆၀×၆၀)၊ (၁)ကွက် သိန်း(၄၀)၊ (၁၆)ကွက်။
**ဖုန်း- ၀၉ ၇၃၀၂၂၂၁၄**

**ရောင်းမည်**

ပြင်ဦးလွင်၊ ကန်တော်ကြီးမှ ငါးမိနစ်ခန့်၊ ပေ(၆၀×၆၀)၊ ၁ ကွက် ကျပ်သိန်း (၂၀၀) ၇ ကွက်။
**ဖုန်း- ၀၉ ၅၁၈၅၄၆၉**

**အိမ်ရောင်းမည်**

RC (၂)ထပ်(အသစ်)၊ ဂရန်မြေ၊ ပေ(၂၀×၆၀)၊ ရေမီးစုံ၊ လမ်းသန့်၊ နေရာကောင်း၊ အမှတ်(၆၁၀/ခ)၊ ဝေဇယန္တာ(၁၃)လမ်းအနောက်၊ ၆ အနောက်ရပ်ကွက်၊ သာကေတမြို့နယ်။
**ဖုန်း- ၀၉ ၇၃၀၁၆၀၉၂**

**တက္ကသိုလ်ဟန်မင်းဦး**

ဓာတ်ပုံဗီဒီယို ရိုက်ကူးတည်းဖြတ်သင်တန်းကျောင်း။ အမှတ်(၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။
**ဖုန်း- ၂၂၇၁၉၉**

**လောကီရတနာပန်းကုံး**

ဗေဒင်-ယတြာ-ဓာတ်ရိုက်။ နေလသစ္စာ-ထန်းခြောက်ပင်အနီး၊ ငြိမ်းအေးကျောင်း၊ ည/၁၁ရပ်ကွက်၊ မိုးဟိန်းလမ်း၊ ရွှေပြည်သာမြို့နယ်။
**ဖုန်း- ၀၉ ၇၃၂၅၂၀၃၇**

**မြေကွက်ရောင်းမည်**

သုဝဏ္ဏ (၃၀)ရပ်ကွက်၊ ပေ(၂၀× ၈၀)။
**ဖုန်း- ၅၂၅၅၈၈**

**သင်ကြားပေးသည်**

EPS-TOPIK ကိုရီးယားဘာသာ အရည်အချင်းစစ် စာမေးပွဲအတွက် အိမ်အရောက် သင်ကြားပေးသည်။
**ဖုန်း- ၀၉ ၄၂၀၄၀၃၁၂**

**ငှားမည်**

ပေ(၁၇×၅၀)၊ မြေညီထပ်၊ ဘုန်းကြီးလမ်း(အပေါ်)၊ လမ်းမတော်မြို့နယ်။
**ဖုန်း- ၀၉ ၅၀၉၅၄၂၄**

**တိုက်ခန်းရောင်းမည်**

ပထမထပ်(ပြင်ဆင်ပြီး)၊ သမာဓိလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
(ပွဲစားမလို)
**ဖုန်း- ၀၉ ၅၁၁၅၃၆၈**

**ဝယ်လိုသည်**

ရန်ကုန်မြို့တွင်း မြေကြီးနှင့် အိမ်အပါအဝင် သိန်း ၁၀၀ နှင့်ဝယ်လိုသည်။
**ဖုန်း- ၀၉ ၇၃၀၄၉၅၄၃**

**ငှားမည်**

မြေညီ၊ ပေ(၁၃×၆၀)၊ ကြွေပြားခင်း/ကပ်(ဂုတ်တိုက်)၊ အထူးပြင်ဆင်ပြီး ထပ်ခိုးပေါ် အခန်းတစ်ခန်းပါ၊ ကမာရွတ်၊ ဘူတာရုံ(၉)လမ်း။ တစ်လ(နှစ်သိန်းနှစ်သောင်းကျပ်)
**ဖုန်း- ၀၉ ၇၃၀၄၉၅၄၃**

**ထုတ်ဝေသူအလိုရှိသည်**

စီးပွားရေးအမြင်သစ်နှင့် ကြွယ်ဝချမ်းသာရန် "ရွှေငွေသီးနှံ လက်တွေ့ရိတ်သိမ်းရန် သမ္မာကျမ်းမှ နည်းလမ်းများ" စာအုပ်အား ထုတ်ဝေလိုပါက အမြန်ဆက်သွယ်ပါ။
**Dr. စိုင်းသီဟ/ဖုန်း- ၅၈၀၄၁၈**

**Teacher Cho Sandar Win**

English, Myanmar, Bio, Chemistry အထူးသီးသန့်သင်ကြားသည်။ Grade 1 မှ Grade 9 အထိ ဘာသာစုံ သင်ကြားသည်။
**ဖုန်း- ၀၉ ၇၃၀၉၆၇၉၂**

**အိမ်တိုင်ရာရောက်သင်သည်**

Auto CAD(2D,3D), Photoshop, Computer Basic.
**Ph: 09 43097397**

**ကားရောင်းမည်**

မစ်ဆူဘီရှီ ကန်တာ ၁၀ ပေ 4D. 32 88 Model (က)ကုန်စည် ၈က/ဆေးဘော်ဒီ၊ လိုင်စင်ပြီး၊ အမည်ပေါက်။
**ဖုန်း- ၀၉ ၈၆၂၆၅၉**

**Education Section**

Mathematics for GCE, Edexcel GCSE, Edexcel IGCSE (O Level & A Level). အိမ်ဝိုင်းများ လက်ခံသင်ကြားပေးပါသည်။
**ဖုန်း- ၀၉ ၇၃၁၄၈၇၂၅**

**Teacher Nyein Khaing Thant**

Bio, Chemistry အထူးသီးသန့် သင်ကြားသည်။
**ဖုန်း- ၀၉ ၇၃၁၆၃၇၀၇**

**အိမ်လိုက်သင်သည်**

အလယ်တန်း စာစီစာကုံး (မြန်မာစာ) လေ့ကျင့်သင်ကြားပေးသည်။ ၂ရက်- ၃၅,၀၀၀ ကျပ်
**ဖုန်း- ၀၉ ၇၃၁၃၆၀၇၈**

**သင့်ကျန်းမာရေးအတွက်**

မေတ္တာစေတနာ အခြေခံကာ ခေတ်မီဆေးပညာဖြင့် ကူညီပါရစေ။ အကန့်အသတ်ဖြင့် ဆေးလှူပါသည်။ နံနက်(၉း၁၀)နာရီဝန်းကျင်နှင့် ည(၇)နာရီ နောက်ပိုင်းဆက်သွယ်ပါ။
**ဖုန်း- ၀၉ ၅၀၅၀၀၅၈**

**သင်ကြားသည်**

၉၊ ၁၀ တန်း (ဘောဂဗေဒသီးသန့်) စာသင်သက်(၁၀)နှစ်ကျော် အတွေ့အကြုံရှိ ဆရာမှ သင်ကြားသည်။
**ဖုန်း- ၀၉ ၄၂၁၀၀၈၃၉၁**

**ရောင်းမည်**

iPhone Charger စင်ကာပူနိုင်ငံမှ တင်သွင်းသည်။ တစ်ခုချင်းဝယ်လျှင် ၃,၅၀၀ ကျပ်၊ ဆိုင်များအတွက် အနည်းဆုံး(၅)ခုအထက် ဝယ်လျှင် ၃,၀၀၀ ကျပ်။
**ဖုန်း- ၀၉ ၄၃၀၅၅၇၃၂**

**စာသင်ဝိုင်း**

အမေရိကမှ အင်္ဂလိပ်စာဘွဲ့ရ ဘာသာပြန် စာရေးဆရာ သင်ကြားသော သဒ္ဒါနှင့် ရေးဖတ် ဘာသာပြန် စာသင်ဝိုင်း။
**ဖုန်း- ၀၉ ၇၃၁၅၈၉၉၁**

# Environment

ရ ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL

Vol.11, No.27 • SEPTEMBER 13 , 2012


## မြစ်ဆုံစီမံကိန်းရပ်နားခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ - ၆**

မြစ်ဆုံစီမံကိန်းရပ်နားခြင်းတစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲတစ်ခုကို စက်တင်ဘာလလယ်တွင်မြစ်ကြီးနားမြို့၌ပြုလုပ်သွားမည်ဟု ပွဲဖြစ်မြောက်ရေးကော်မတီထံမှသတင်းရရှိသည်။

ဒေသခံများနှင့်နယ်ပယ်ပေါင်းစုံမှ ပညာရှင်များ ပါဝင်မည်ဖြစ်ပြီး ကချင်ပြည်နယ် မနောကွင်း၌ စက်တင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ကျင်းပမည်ဟု ပွဲဖြစ်မြောက်ရေးကော်မတီဝင်ဒေါ်ခွန်ဂျာက ဆိုသည်။

“တစ်နှစ်ပြည့်က စက်တင်ဘာ ၃၀ပါ။ ဒေသခံကျောင်းသားတွေရဲ့ တောင်းဆိုမှုကြောင့်စောလုပ်တာပါ”ဟုပြောသည်။

အဆိုပါ ဟောပြောပွဲသို့ ဒေါက်တာထွန်းလွင်၊ ဦးဝင်းမျိုးသူ၊ ဦးစိုးဝင်းငြိမ်း၊ ကိုမြအေး၊ ကိုဌေးကြွယ်၊ ကိုတာ၊ ဒေါ်ဒေဝီသန့်စင် စသောပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ဒေသခံ လူမှုရေးအဖွဲ့များက ပူးပေါင်းဆောင်ရွက်ကြမည်ဟုသိရသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အဓိကဟောပြောမည်ဟု ကော်မတီဝင်များက ဆိုသည်။

“မြစ်ကြောင်း ထိန်းသိမ်းရေး၊ ကျွန်မတို့ ကချင်မှာ နဂိုရှိတဲ့ သဘာဝတရားတွေ ပျက်စီးလာရပုံ၊ သစ်တောတွေကို ထုတ်သုံးတာများတဲ့အတွက် နောက်ဆက်တွဲအကျိုးဆက်တွေကို သူ့ကဏ္ဍနဲ့သူ ဟောပြောဆွေးနွေးကြမယ်” ဟုပွဲဖြစ်မြောက်ရေးအတွက်စီစဉ်သူဒေါ်ဂျာဆိုင်းခေါန်ကပြောသည်။



**ဂျိန်းဖောတို့မြေ မြစ်ဆုံ** ဓာတ်ပုံ - အေးမြကျော်

မြစ်ကြီးနားတက္ကသိုလ်မှ ကျောင်းသားတစ်ဦးက အဆိုပါပွဲနှင့်စပ်လျဉ်း၍ “ဒီလိုပွဲတွေ နှစ်စဉ်လုပ်ဖို့ကြိုးစားမယ်။ အခုဆို အရင်နဲ့မတူဘူး၊ ရာသီဥတုက ပြောင်းလဲလာတယ်။ပတ်ဝန်းကျင်ထိန်းသိမ်းမှုမရှိလို့ပေါ့”ဟုဆိုသည်။

ဧရာဝတီမြစ်ဆုံစီမံကိန်းကို နိုင်ငံတော်သမ္မတကြီး၏အမိန့်ဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ရပ်ဆိုင်းထားခဲ့သည်။

## ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာ ကြန့်ကြာနေခြင်းကိုရှင်း

**အိဖြူမွန်**

**ရန်ကုန်၊ ဩဂုတ်- ၂၉**

အမျိုးသားအဆင့် ရေးဆွဲနေသော ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ရေးအစီရင်ခံစာ(National Adaptation Programmes of Action) ပြီးစီးရန် ကြန့်ကြာနေရခြင်းမှာ ကုလသမဂ္ဂပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်က အသိအမှတ်မပြုသောကြောင့် မဟုတ်ကြောင်း ယင်းအစီရင်ခံစာ ရေးဆွဲရေးတွင် ပါဝင်သူစီမံကိန်းညှိနှိုင်းဆောင်ရွက်ရေးမှူး ဦးအောင်ဝင်းက ပြောသည်။

ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ရေးအစီရင်ခံစာ(NAPA)ကိုရေးဆွဲသည်မှာ နှစ်နှစ်ကြာပြီဖြစ်သော်လည်း ယခုအချိန်အထိ အ စီရင်ခံစာ မထွက်ရှိခြင်းမှာ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP) နှင့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲခြင်း ကွန်ဗင်း ရှင်း ဗဟိုအဖွဲ့(UNFCC)ငြင်းပယ်ခြင်းကြောင့် ဖြစ်ကြောင်း ကောလာဟလသတင်းများ ထွက်ပေါ်လာသည့်အပေါ် ပြန်လည်တုံ့ပြန်ပြောကြားခြင်း ဖြစ်သည်။

“ယူအင်န်အီးပီနဲ့ ကျွမ်းကျင်ပညာရှင်တွေ ကိုယ်တိုင်လာပြီး အတူတူရေးဆွဲကြတယ်။ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအတွက် ကျွမ်းကျင်ပညာရှင်များ ပါဝင်တဲ့ အကြံပေးအဖွဲ့ကိုတောင် တင်ထားတယ်။ သူတို့ကိုယ်တိုင်ကလည်း အသိအမှတ်ပြုတယ်။ လိုအပ်ချက်တွေပြင်ဆင်ပြီး နောက်ဆုံးအစီရင်ခံစာထွက်ဖို့တောင် လုပ်နေပါတယ်။ နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း ပုံစံဝင်အောင် လုပ်ရတာပါ။ လိုအပ်တာတော့ အများကြီး ရှိပါတယ်။ ရေးဆွဲတဲ့အချိန် နည်းတာရယ်၊ ပါဝင်တဲ့ အဖွဲ့အစည်းတွေကလည်းများတော့ စုစည်းဖို့ကလည်း ခဲယဉ်းပါတယ်။ နောက်ဆုံး အစီရင်ခံစာထွက်ဖို့ကျွမ်းကျင်ပညာရှင်တွေဆီက ထင်မြင်ချက်တွေတောင်းနေတယ်” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ယင်းစီရင်ခံစာမှာ ယခုနှစ် စက်တင်ဘာလကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ ရေးဆွဲပြီးသော အစီရင်ခံစာကို လွှတ်တော်နှင့် အစိုးရအဖွဲ့သို့ တင်ပြီးပါက ယခုနှစ်ကုန်တွင် ပြည်သူလူထုသို့ သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း ယင်းအစီရင်ခံစာရေးဆွဲရေးတွင် ပါဝင်သူသုံးဦးက တညီတညွတ်တည်း ပြောကြားသည်။

အစီရင်ခံစာ ရေးဆွဲပြီးပါက ကမ္ဘာ့နိုင်ငံများသည် မိမိနိုင်ငံ အတွင်းရှိ ကျန်းမာရေး၊ စွမ်းအင်၊ သစ်တော၊ စိုက်ပျိုးရေး၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေနှင့်မြေစသည့်သယံဇာတများ ရာသီဥတုပြောင်းလဲခြင်း လိုက်လျောညီထွေစွာ ပြောင်းလဲနေထိုင်ရန် စီမံခန့်ခွဲမှု အစီရင်ခံစာနှင့် ရာသီဥတုပြောင်းလဲခြင်းကို လျှော့ချသည့် စီမံခန့်ခွဲမှုအစီရင်ခံစာကို ထပ်မံရေးဆွဲရမည်ဖြစ်သည်။ ယင်းအစီရင်ခံစာရှိမှသာ တစ်နှစ်တစ်ကြိမ် ကျင်းပသော ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်းညီလာခံက ရန်ပုံငွေထောက်ပံ့ခြင်းများ ပြုလုပ်ပေးမည်ဖြစ်သည်။

## မကွေးမြို့ ကျေးရွာလေးရွာအနီးရှိ အပတောကိစ္စ သက်ဆိုင်ရာက ရှင်း

**အိဖြူမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၇**

မကွေးမြို့နယ်ကျေးရွာလေးရွာအနီး အပတော(တောကျန်)ဧက ၁,၅၀၀ကို သိမ်းယူခြင်းမဟုတ်ဘဲ သစ်တောစိမ်းလန်းစိုပြည်ရေးအတွက် နှစ်နှစ်စီမံကိန်းအဖြစ် ထိန်းသိမ်းခြင်းဖြစ်ကြောင်း မကွေးမြို့၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဦးစီးမှူး ဦးအောင်ဇော်ထက်က ရှင်းလင်းပြောကြားခဲ့သည်။

ယင်းကျေးရွာလေးရွာအနီးရှိ အပတောဧက ၁,၅၀၀ ကို ယခင်က သန်ဘိုလေးကျေးရွာ၊ ဘိုကုန်းကျေးရွာ၊ပိုလေးလုံးကျေးရွာနှင့်ရွာကျက် ကျေးရွာတို့ရှိ ကျေးရွာဒေသခံများက အစဉ်အလာဖြင့် ထိန်းသိမ်းခဲ့ပြီးနောက် ယခုနှစ်တွင် အပူပိုင်းဒေသ သစ်တောစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ဆိုင်းဘုတ်များ စိုက်ထူပြီး ထိန်းသိမ်းရေး နယ်မြေသတ်မှတ်လိုက်သည့်အပေါ် ဒေသခံများက စိုးရိမ်မကင်း ဖြစ်နေမှုနှင့် ပတ်သက်၍ အထက်ပါပုဂ္ဂိုလ်က ဖြေရှင်းပြောကြားခဲ့ခြင်းဖြစ်သည်။

“ဌာနရဲ့ လုပ်ငန်းအစီအစဉ်အရ ထိန်းသိမ်းတာပါ။ နှစ်နှစ်ထိန်းသိမ်းပြီးရင် ထားခဲ့မယ်။ ဒေသခံတွေက ဆက်ပြီး ထိန်းသိမ်းရမှာပါ” ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ထိန်းသိမ်းစဉ်ကာလအတွင်း စီးပွားဖြစ် သစ်ခုတ်ခြင်းနှင့် မီးသွေးဖုတ်ခြင်း၊ ထင်းရောင်းခြင်းများကို တားမြစ်ရုံမှအပ နဂိုမူလအတိုင်း သစ်တောမှ ထုတ်ယူသုံးစွဲခွင့်ရှိကြောင်း၊ ကျေးရွာဒေသခံများကို စီမံကိန်းမလုပ်မီက ကြိုတင်အကြောင်းကြားရန် ပျက်ကွက်ခဲ့ကြောင်းနှင့် ကျေးရွာဒေသခံများ ပူးပေါင်းပါဝင်မှ သစ်တောထိန်းသိမ်းရေးကို အထောက်အကူပြုမည်ဖြစ်၍ အစုအဖွဲ့ပိုင် သစ်တောထူထောင်ရာတွင်လည်း ကူညီမည်ဖြစ်ကြောင်းဦးအောင်ဇော်ထက်က ပြောသည်။

“ကျေးရွာက လူတွေပဲ ဒီတောလေးကို ထိန်းလာခဲ့တာပါ။ အခုလို ရုတ်တရက် ဆိုင်းဘုတ်တွေ ထောင်တော့ အံ့ဩတာပေါ့။ ဆက်ပြီးထိန်းသိမ်းဖို့ အစုအဖွဲ့ပိုင် သစ်တောလျှောက်မယ်လို့ ရွာကလူတွေက စိတ်ကူးထားတယ်။ ဒီသစ်ပင်တွေရှိလို့အခြားဒေသတွေမှာ မိုးမမှန်ပေမယ့် ဦးတို့ဆီမှာ မှန်တယ်” ဟု မကွေးမြို့နယ် ဘိုကုန်းကျေးရွာမှ ဦးအေးရှိန်က ပြောသည်။

ယင်းသစ်တောကို ၂၀၁၂-၂၀၁၃ နှင့် ၂၀၁၃-၂၀၁၄ မတ်လဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှ ထိန်းသိမ်းမည်ဖြစ်သည်။

ယင်းမြေသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနပိုင် ကြိုးဝိုင်းနှင့် ကြိုးပြင် ပြင်ပတွင်ရှိပြီး မြေလွတ်မြေရိုင်းထဲတွင်ရှိသော အပတောဖြစ်သည်။

**ENVIRONMENT Cartoon**

သစ်ပင်တွေက ထင်း၊ မီးသွေး
သာမက၊ ဇီဝလောင်စာပါ
ပေးတယ်။






Tourism
7Day News Journal
Vol.11, No.27 • SEPTEMBER 13 , 2012

# ရိုးရာလက်မှုပစ္စည်းနှင့် အဝတ်အထည်များ ရောင်းအားမြင့်

**ခိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၇**

မြန်မာ့ရိုးရာ လက်မှုပညာပစ္စည်းများနှင့် တိုင်းရင်းသားရိုးရာထည်များ ဩဂုတ်လဆန်းမှစ၍ ပြီးခဲ့သည့်နှစ်ထက် ၃၀ ရာခိုင်နှုန်းခန့် ရောင်းအားတက်လာကြောင်း ဗိုလ်ချုပ်အောင်ဆန်းဈေးရှိလက်မှုပစ္စည်းအရောင်းဆိုင်များမှသိရသည်။

"ကမာပစ္စည်းတွေကိုမြန်မာလူမျိုးတွေက လက်ဆောင်ပေးဖို့ပဲ ဝယ်တာ။ အခုကက နိုင်ငံခြားသားတွေအတွက် ဖွင့်ပြီးရောင်းတာ။ ဥရောပက လူတွေက ကမာပစ္စည်းတွေ အရမ်းဝယ်ကြတယ်" ဟု MIle Ygn ဆိုင်မှ မယမင်းဦးက ပြောသည်။

နိုင်ငံ၏ ပြောင်းလဲတိုးတက်မှုများကြောင့် နိုင်ငံခြားသားဧည့်သည် ပိုမိုဝင်ရောက်လာခြင်းဖြစ်ပြီး လက်မှုပစ္စည်းများနှင့် ရိုးရာထည်များ ယခင်နှစ်ကထက် ပိုမိုအရောင်းသွက်ကာ ၂၀၁၃ ဆီးဂိမ်းတွင်လည်း ရောင်းအား မြင့်တက်လာနိုင်မည်ဖြစ်ကြောင်း သူမက ဆက်လက်ပြောကြားသည်။

နိုင်ငံခြားသားဧည့်သည်များတွင် မြန်မာ့ရိုးရာပစ္စည်းများကို အမျိုးသားများထက် အမျိုးသမီးများက ပိုမိုစိတ်ဝင်စားပြီး အရှေ့တိုင်းသားများ၏ ရိုးရာယဉ်ကျေးမှုအား နှစ်သက်၍ ဝယ်ယူခြင်းဖြစ်ကြောင်း ထွန်းမြန်မာခရီးသွားလုပ်ငန်းမှ ဦးထွန်းမြတ်ကဆိုသည်။

"လက်မှုထည်တွေကိုဥရောပက လူတွေအရမ်းကြိုက်ကြတယ်။ အမေရိကန်တွေလည်း ကြိုက်တယ်။ သူတို့က ချည်ထည်တွေ၊ သဘာဝပစ္စည်းတွေ၊ ဂျပ်ခုတ်ထည်တွေ၊ ကြာရိုးနဲ့လုပ်တဲ့ ပစ္စည်းတွေကို အဓိကဝယ်ကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ဝတ်တဲ့ ဒီဇိုင်းတွေဆို အရမ်းဝယ်တယ်" ဟု ဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ဦးထွန်းမြတ်က ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းဈေးရှိ တိုင်းရင်းသားလူမျိုးများ၏ ရိုးရာပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများ၊ လက်မှုပစ္စည်းများမှာ ပြီးခဲ့သည့်နှစ် ခရီးသွားရာသီထက် ယခုနှစ်တွင် ဧည့်သည်ပိုမိုဝင်ရောက်လာမှုကြောင့် ရောင်းအားမှာလည်း သိသိသာသာတက်လာကြောင်းသိရသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

***လက်မှုပစ္စည်း တီထွင်ဆန်းသစ်နိုင်မှုတွင် အိမ်နီးချင်းနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံက အားနည်းနေသေးသည်***

# ရှေးဟောင်းအမွေအနှစ်ဇုန် လေးခု ထပ်မံသတ်မှတ်

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ - ၇**

အမျိုးသားယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရန် ယဉ်ကျေးမှုဝန်ကြီးဌာနက ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဇုန်လေးခု ထပ်မံသတ်မှတ်ပြဋ္ဌာန်းလိုက်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းဆွေကပြောသည်။

ယခင်ကဇုန် ၄၂ ခုသတ်မှတ်ထားရာမှ ယခုလ ၃ ရက်တွင်ဇုန်လေးခုထပ်မံတိုးလိုက်ခြင်းဖြစ်သည်။

ယခု ထပ်မံသတ်မှတ်လိုက်သော ဇုန်များမှာ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ်ရှိ ပြဒါးလင်းဂူ၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ကန့်ဘလူမြို့နယ်အတွင်းရှိ မြေထူးမြို့ဟောင်းဇုန်၊ မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ်၊ ဘုရားကြီးကျေးရွာအနီးရှိဝတီးမြို့ဟောင်းနှင့် မန္တလေးတိုင်း၊ မြစ်သားမြို့နယ်၊ မိုင်းမောကျေးရွာအုပ်စုအတွင်းရှိ ပင်လယ်(မိုင်းမော) မြို့ဟောင်းတို့ ဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းများအရ သိရသည်။

"ဇုန်တွေကို ထပ်မံသတ်မှတ်ပြဋ္ဌာန်းလိုက်ပေမယ့် ဒီဇုန်တွေထဲမှာရှိတဲ့၊ နေနေတဲ့ လူနေအိမ်တွေကို ဖယ်ခိုင်း၊ ဖျက်ခိုင်းတာမဟုတ်ပါဘူး။ နေမြဲတိုင်းပဲ နေကြရမှာပါ။ ဒါပေမဲ့ ဇုန်ဖြစ်သွားတဲ့အတွက် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရထုတ်ပြန်ထားတဲ့ စည်းကမ်းတွေကိုတော့ လိုက်နာရမှာပါ။ ဒီဇုန်ထဲမှာရှိတဲ့ အဆောက်အအုံကို ပြင်ဆောက်ချင်တာတို့၊ လမ်းဖောက်တာတို့၊ ဓာတ်တိုင်သွယ်တာတို့ စတဲ့လုပ်ငန်းတွေ လုပ်ကိုင်ချင်ရင် ကျွန်တော်တို့ဌာနကို တရားဝင်စာတင်ပြီး ဌာနကခွင့်ပြုမှ ဒါတွေကိုပြုလုပ်နိုင်မှာပါ" ဟု ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းဆွေကပြောသည်။

ဇုန်များကို ၁၉၉၈ ခုနှစ်တွင် ရေးဆွဲပြဋ္ဌာန်းခဲ့သော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေအရ ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် (Acient Monumental Zone) နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန် (Protected and Preserved Zone) များအဖြစ် ထိန်းသိမ်းထားကြောင်း သိရသည်။ ယခင်က ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဇုန် ၄၂ ခု ရှိနေရာမှ ယခုလေးနေရာ ထပ်မံသတ်မှတ်လိုက်ခြင်းကြောင့် စုစုပေါင်း ၄၆ နေရာရှိလာမည်ဖြစ်သည်။

# တရုတ်လေကြောင်းလိုင်းခရီးစဉ် နှောင့်နှေးကြန့်ကြာမှုများဖြစ်နေ

**ခိုင်ချို**

**ရန်ကုန်၊ စက်တင်ဘာ - ၇**

ရန်ကုန်မှ ကူမင်း၊ ဘေဂျင်းမြို့များသို့ပြေးဆွဲလျက်ရှိသော Air China မှာ နှောင့်နှေးကြန့်ကြာမှုများ မကြာခဏ ကြုံတွေ့နေရကြောင်း ခရီးသွားများထံမှ သိရသည်။

"ရန်ကုန်နဲ့ ကူမင်းကို အမြဲတမ်းသွားနေတာပါ။ အသွားရော အပြန်ပါ အမြဲ Delay ဖြစ်တယ်" ဟု ယင်းခရီးစဉ် အမြဲတမ်း သွားလာလျက်ရှိသော တရုတ်နိုင်ငံသူ ကုမ္ပဏီဝန်ထမ်းတစ်ဦးက ပြောသည်။


ယင်းကိစ္စနှင့် ပတ်သက်၍ 7Day News က Air China ရုံးသို့ ဆက်သွယ်မေးမြန်းရာတွင် "Delay ဖြစ်မှုတွေတော့ရှိပါတယ်။ ဒါက ရာသီဥတုအခြေအနေကြောင့်ပါ။ တရုတ်ပြည်ဘက်က ရာသီဥတုသာယာရင်တော့ Delay ဖြစ်မှုမရှိပါဘူး။ လေယာဉ်ထွက်ဖို့ဆိုရင် တန်းစီရတဲ့အချိန်လည်းရှိပါတယ်" ဟု Air China မှ Supervisor တစ်ဦးဖြစ်သူ မနွဲ့ယဉ်ဝင်းက ဆိုသည်။

ယခုလက်ရှိတွင် ရန်ကုန်မှ ကွမ်ကျိုးသို့ China Southern Airline၊ Myanmar Airways International တို့ ပျံသန်းလျက်ရှိပြီး Air China က ရန်ကုန်-ကူမင်း-ဘေဂျင်းတို့အား ပြေးဆွဲလျက်ရှိသည်။ China Eastern Airline မှာ ရန်ကုန်-ကူမင်း၊ ရန်ကုန်-နန်နင်းသို့ ပြေးဆွဲလျက်ရှိသည်။




7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# The Cartoon Logo

























7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# အာရှ-ပစိဖိတ်ဒေသတွင်း ငြိမ်းချမ်းရေး နိုင်ငံအားလုံး ထိန်းသိမ်းကြရန် တရုတ်သမ္မတ ပြောကြား

**ဗလာဒီဗော့စတော့(ရုရှား)၊ စက်တင်ဘာ - ၈**

တရုတ်သမ္မတဟူကျင်တောင်က အာရှပစိဖိတ်ဒေသတွင်းနိုင်ငံအားလုံး ဒေသတွင်းငြိမ်းချမ်းရေးကို ကူညီထိန်းသိမ်းကြရန် ရုရှားနိုင်ငံ ပြုလုပ်သည့် ဆွေးနွေးပွဲတစ်ခု၌ ပြောကြားလိုက်သည်။ သမ္မတဟူသည် ရုရှားနိုင်ငံတွင် အာရှ-ပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအဖွဲ့အေပက်၏ခေါင်းဆောင်များတွေ့ဆုံပွဲတွင် ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

သမ္မတဟူ၏ ယခုပြောကြားချက်သည် တရုတ်နှင့် ဂျပန်အပါအဝင် အာရှနိုင်ငံများအကြား ပိုင်နက်အငြင်းပွားမှုများကြောင့် သံတမန်ရေးတင်းမာမှုများ ပေါ်လာချိန်တွင် ပြောကြားလိုက်ခြင်းဖြစ်သည်။

သမ္မတဟူက "အာရှ-ပစိဖိတ်ဒေသထဲမှာ ကောင်းမွန်တဲ့ စီးပွားရေးတိုးတက်မှုကိုရော၊ ငြိမ်းချမ်းမှုနဲ့ တည်ငြိမ်မှုကိုရော ထိန်းသိမ်းဖို့အတွက်ဆိုရင် ဒါဟာဒီဒေသတွင်းနိုင်ငံအားလုံးရဲ့ အကျိုးစီးပွားဖြစ်ပါတယ်။ ဒါဟာကျွန်တော်တို့ဝေမျှယူရမယ့် တာဝန်ယူမှုဖြစ်ပါတယ်" ဟုပြောသည်။

အေပက် အစည်းအဝေး၌ သမ္မတဟူ၏ ခေါင်းအေးအေးထားကြရန် တိုက်တွန်းမှုသည် ၎င်းနှင့် ဗီယက်နမ်သမ္မတ ထရောင်တန်ဆန်၊ ဘရူနိုင်းစော်ဘွားဟာဆာနယ်ဘိုလ်ကီယတ်တို့အကြား တောင်တရုတ်ပင်လယ်တွင်း နယ်မြေပိုင်ဆိုင်မှုကိစ္စ အငြင်းပွားမှုများဆွေးနွေးအပြီး နောက်တစ်ရက်တွင် ပေါ်ထွက်လာခြင်းဖြစ်သည်။ တရုတ်အစိုးရသည်တောင်တရုတ်ပင်လယ်ကို ၎င်းတို့ကိုယ်ပိုင်နေရာဟုဆိုထားသော်လည်း ဗီယက်နမ်၊ ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် တိုင်ပေတို့ကလည်း အချို့ကျွန်းစုများကို၎င်းတို့ပိုင်ဆိုင်သည်ဟု တရုတ်နှင့် အငြင်းပွားနေကြသည်မှာ ဆယ်စုနှစ်များချီ၍ ကြာမြင့်နေပြီဖြစ်သည်။



ဓာတ်ပုံ - AFP

—Ref: AFP




## နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)ကို အကြမ်းဖက်အဖွဲ့ အစည်းစာရင်းမှ အမေရိကန် ပယ်ဖျက်

**ဝါရှင်တန်၊ စက်တင်ဘာ - ၈**

အမေရိကန်အစိုးရသည် နီပေါ၏ ကြားဖြတ်အစိုးရအဖြစ် တာဝန်ယူနေသော နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)အား ၎င်း၏ အမည်ပျက်စာရင်းအဖြစ် သတ်မှတ်ထားသော အကြမ်းဖက်အဖွဲ့များစာရင်းမှ ပယ်ဖျက်ပေးလိုက်ကြောင်းသိရသည်။

ကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်၌ "နိုင်ငံခြားရေးဌာနဟာ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)နဲ့ ၎င်းရဲ့ကိုယ်ပွားအဖွဲ့တွေကို ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်အဖွဲ့ အစည်းများစာရင်းထဲ ထည့်သွင်းထားတာကို ပယ်ဖျက်လိုက်ပါပြီ။ နိုင်ငံခြားရေးဌာနဟာ သေချာသုံးသပ်စစ်ဆေးပြီးတဲ့နောက် ဒီပါတီဟာ အမေရိကန်နိုင်ငံသားတွေ (သို့မဟုတ်) အမေရိကန်မူဝါဒတွေကို ခြိမ်းခြောက်တဲ့ အကြမ်းဖက်အပြုအမူတွေနဲ့ ဆက်လက်ပတ်သက်ခြင်းမရှိတော့တာတွေ့ရပါတယ်" ဟု ဖော်ပြထားသည်။

မော်ဝါဒီများသည် "ပြည်သူ့စစ်ပွဲ" ဟုခေါ်သော ဘုရင်စနစ်ကို ဆန့်ကျင်သည့် ၁၉၉၆-၂၀၀၆ ပြည်တွင်းစစ်အတွင်း တိုက်ခိုက်ခဲ့သည်။ ယင်းစစ်ပွဲကြောင့် လူပေါင်း ၁၆,၀၀၀ ခန့်သေဆုံးခဲ့ရသည်။ ထို့နောက် မော်ဝါဒီသူပုန်များသည် ၂၀၀၈ တွင် နိုင်ငံရေးလောကသို့ပြန်ဝင်ခဲ့ပြီး ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သည်။ သို့သော် ပါတီသည် ယခုနှစ်ဇွန်လတွင် နှစ်ခြမ်းကွဲခဲ့ပြီး မော်ဝါဒီများမှာ ကြားဖြတ်အစိုးရအဖြစ်တာဝန်ယူနေသည်။

ကန်နိုင်ငံခြားရေးဌာနသည် ၂၀၀၃ မှစ၍ နီပေါကွန်မြူနစ်ပါတီ (မော်ဝါဒီ)ကို အကြမ်းဖက်အဖွဲ့ အဖြစ် စာရင်းသွင်းသတ်မှတ်ခဲ့ပြီး ကိုးနှစ်အကြာမှ ယခုကဲ့သို့ စာရင်းမှ ပယ်ဖျက်ခဲ့ခြင်း ဖြစ်သည်။ *—Ref: AFP*

## ကင်မ်ဂျုံအီလ်၏ ကျန်ရစ်သူဇနီး ဘာလင်တွင် ဆေးကုသမှုခံယူခဲ့ဟုဆို

**ဆိုးလ်၊ စက်တင်ဘာ - ၈**

ကွယ်လွန်သူမြောက်ကိုရီးယားခေါင်းဆောင်ကင်မ်ဂျုံအီလ်၏ ကျန်ရစ်သူဇနီးသည် ကင်မ်အုတ် ဟု ယူဆရသည့် အမျိုးသမီးတစ်ဦးသည် ဂျာမနီနိုင်ငံ ဘာလင်မြို့တော်ရှိ ဆေးရုံတစ်ရုံတွင် ယခုနှစ် အတွင်းဆေးကုသမှုခံယူခဲ့ကြောင်း တောင်ကိုရီးယားသတင်းစာ ချိုဆန်အီဘူလ်က ဖော်ပြသည်။


ထိုအမျိုးသမီးကြီးသည် ဘာလင်ရှိ တက္ကသိုလ်ဆေးရုံတစ်ခုတွင် သားအိမ်နှင့် တင်ပါးဆိုင်ရာ ရောဂါများကုသရန် ပြီးခဲ့သည့်မေနှင့် ဇွန်လများက တက်ရောက်ခဲ့ကြောင်း သတင်းစာကဖော်ပြသည်။ သူမသည် ပေကျင်းမှ ဘာလင်သို့ တိုက်ရိုက်လေကြောင်းဖြင့်လာခဲ့ပြီးဇိမ်ခံဟိုတယ်တစ်လုံးတွင် နေထိုင်ခဲ့ကာ ဆေးရုံတက်ချိန်တွင် မြောက်ကိုရီးယားသံတမန်များပါ လိုက်ပါလာခဲ့ကြောင်း သိရသည်။

ကင်မ်အုတ်သည် ကွယ်လွန်သူမြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျုံအီလ်နှင့် ၂၀၀၄ မှစ၍ လက်တွဲခဲ့သည်။ ကင်မ်ဂျုံအီလ်သည် ၎င်း၏ ဇနီးသည် ကိုယောင်ဟွီ ကင်ဆာရောဂါဖြင့် ကွယ်လွန်ပြီးနောက် ကင်အုတ်နှင့် လက်တွဲခဲ့ခြင်းဖြစ်ကာ ၎င်း၏ တရုတ်နိုင်ငံ ခရီးစဉ်များတွင်လည်း ကင်မ်အုတ်ကို မကြာခဏခေါ်ဆောင်သွားလေ့ရှိသည်ဟု သိရသည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012





## Leader's Profile

# မာစီဒီးစ်ကားကုမ္ပဏီဥက္ကဋ္ဌ ဒိုင်ယက်တာဇက်ရှေး

ရဲမင်း

ဒိုင်ယက်တာဇက်ရှေးသည် ဂျာမန်စီးပွားရေးသမားတစ်ဦးဖြစ်ပြီး Daimler AG ဥက္ကဋ္ဌနှင့် မာစီးဒီးစ်ကားကုမ္ပဏီ ဥက္ကဋ္ဌလည်းဖြစ်သည်။ မာစီဒီးစ်ကုမ္ပဏီ၏ ဥက္ကဋ္ဌရာထူးကို ၂၀၀၆ ခုနှစ်မှစ၍ ရယူထားခဲ့ပြီး ၁၉၉၈ ခုနှစ်မှစ၍ စီမံခန့်ခွဲရေးဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

ဒိုင်ယက်တာဇက်ရှေးအား ဖခင်ဖြစ်သူ ဆောက်လုပ်ရေးအင်ဂျင်နီယာဟားဘတ်ဇက်ရှေး တူရကီနိုင်ငံတွင် ဆည်တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းဖြင့် ခေတ္တရောက်ရှိနေချိန် ၁၉၅၃ ခုနှစ်မေလ ၅ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းတို့မိသားစုသည် ၁၉၅၆ ခုနှစ်တွင် ဂျာမနီ နိုင်ငံသို့ပြန်လာခဲ့ပြီးဒိုင်ယက်တာသည် ဖရန့်ဖတ်မြို့အနီးရှိအိုဘာရာဆူးဒေသတွင် အခြေခံပညာစတင်သင်ကြားခဲ့သည်။

၁၉၇၁ မှ ၁၉၇၆ ခုနှစ် အထိ ကာရ့်ရုဟ်တက္ကသိုလ်တွင် လျှပ်စစ်အင်ဂျင်နီယာ ဘာသာရပ်ကိုသင်ယူခဲ့ပြီး ဘွဲ့ရရှိခဲ့သည်။ ဒိုင်ယက်တာသည် အင်ဂျင်နီယာဘွဲ့ရသော နှစ်မှာပင် မာစီဒီးစ် ကုမ္ပဏီတွင် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး သုတေသနဌာနၷ စတင်တာဝန်ထမ်းဆောင်သည်။

ဒိုင်ယက်တာသည် ၁၉၈၁ ခု နှစ်တွင် မော်တော်ယာဉ်စီးပွားရေးဌာနၷ လက်ထောက်ဖွံ့ဖြိုးရေးမန်နေဂျာဖြစ်လာသည်။ ၁၉၈၂ ခုနှစ်တွင် ပက်ဒါဘွန်းတက္ကသိုလ်မှ ဒေါက်တာဘွဲ့ရရှိခဲ့ပြီးနောက် ဒိုင်ယက်တာသည် စီးပွားရေးသုံးယာဉ်ဌာနတွင် လက်ထောက်အင်ဂျင်နီယာချုပ်၊ ပေါင်းစပ်ညှိနှိုင်းရေးမှူး၊ စီနီယာမန်နေဂျာ၊ အင်ဂျင်နီယာချုပ်တာဝန်များကိုအဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။

ယင်းမှနေ၍ ဒိုင်ယက်တာဇက်ရှေးသည် ၁၉၈၈-၁၉၈၉ တွင် မာစီဒီးစ်ဘင့် (ဘရာဇီး) တွင်စီးပွားရေးဖွံ့ဖြိုးမှု ဌာနအကြီးအကဲနှင့် အင်ဂျင်နီယာချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၈၉ မှ ၁၉၉၁ ခုနှစ်အထိ မာစီးဒီးစ်ဘင့် (အာဂျင်တီးနား) ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ကာ ၁၉၉၂ မှ ၁၉၉၇ ခုနှစ်အထိ ခရီးသည်ယာဉ်များဌာန အင်ဂျင်နီယာချုပ်အထိ တာဝန်ယူခဲ့သည်။

မစ္စတာဒိုင်ယက်တာဇက်ရှေးသည် ၁၉၉၈ ခုနှစ်တွင် Diamler Chryslers စီမံခန့်ခွဲရေးဘုတ်အဖွဲ့တွင် ပါဝင်လာခဲ့ပြီး Chrylers အုပ်စု၏ ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်အဖြစ် ၂၀၀၀ မှ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလအထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ယင်း ကာလအတွင်း Diamler Chryslers အုပ်စုအား အလှည့်အပြောင်းလုပ်ခဲ့ပြီး အမြတ်အစွန်းရရှိအောင်စွမ်းဆောင်နိုင်ခဲ့ခြင်းအတွက် နာမည်ကောင်းရခဲ့သည်။

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ Diamler Chryslers အုပ်စုအား ခွဲထုတ်ခဲ့ရာတွင် အရေးပါသော နေရာမှ ပါဝင်ခဲ့ပြီး ဆယ်စုနှစ်တစ်စုကြာ ရောင်းအားနှင့် လူကြိုက်များမှု ကျဆင်းလာသော မာစီဒီးစ်ဘင့်ကုမ္ပဏီကို ကြီးမားသော အပြောင်းအလဲများလုပ်ဆောင်ခဲ့ရာမှ ကားများ၏အရည်အသွေးနှင့်ဖောက်သည်များ စိတ်ကျေနပ်မှုရရှိရန် ပြန်လည်စွမ်းဆောင်ခဲ့သူဖြစ်သည်။

*—Ref: Wikipedia*

## လက်ရှိဝန်ကြီးချုပ်ကို ယှဉ်ပြိုင်မည့် ပါတီတွင်းရွေးကောက်ပွဲအတွက် ပြိုင်ဘက်သုံးဦးအမည် ဂျပန်အာဏာရပါတီ တင်သွင်း

**တိုကျို၊ စက်တင်ဘာ - ၁၀**
ဂျပန်နိုင်ငံ၏ အာဏာရပါတီဖြစ်သောဂျပန် ဒီမိုကရက်တစ်ပါတီ (DPJ) သည် ပါတီတွင်းခေါင်းဆောင်မှု ရွေးကောက်ပွဲအတွက် လက်ရှိပါတီခေါင်းဆောင် ဝန်ကြီးချုပ်ယိုရှဟီကိုနိုဒါနှင့် ယှဉ်ပြိုင်မည့်ပြိုင်ဘက်ကိုယ်စားလှယ်လောင်းသုံးဦး၏ အမည်စာရင်းကို ကြေညာခဲ့သည်။ DPJ ပါတီသည် ပါတီစည်းမျဉ်းအရ ပါတီခေါင်းဆောင်ရွေးကောက်ပွဲကို ၂ နှစ်တစ်ကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး လက်ရှိခေါင်းဆောင် ဝန်ကြီးချုပ်နိုဒါ၊ ယခင်ပြည်ထဲရေးဝန်ကြီးဟောင်း ကာဇူဟီရို ဟာရာဂူချီ၊ စိုက်ပျိုးရေးဝန်ကြီးဟောင်း ဟီရိုတာကာ အကာမတ်ဆုနှင့် စိုက်ပျိုးရေးဝန်ကြီးဟောင်းတစ်ဦးပင်ဖြစ်သူ မီချီဟီကိုကာနိုတို့ အတူယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ပါတီတွင်းခေါင်းဆောင်ရွေးကောက်ပွဲကို လာမည့်စက်တင်ဘာ ၂၁ရက်တွင်ပြုလုပ်မည်ဖြစ်ပြီး ဂျပန်ပြည်တွင်း မီဒီယာများ၏ ခန့်မှန်းချက်အရ ဝန်ကြီးချုပ်နိုဒါသည် အားနည်းသော ပြိုင်ဘက်များကိုဖြတ်ကျော်ကာ ပါတီခေါင်းဆောင်နေရာ ပြန်လည်ရဖွယ်ရှိကြောင်း သိရသည်။

ဂျပန်ဒီမိုကရက်တစ်ပါတီ DPJ သည် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ LDP ၏ နှစ်ငါးဆယ်ကြာ ဆက်တိုက်အုပ်စိုးခဲ့မှုအပြီး ၂၀၀၉ တွင် စတင်အာဏာရလာခဲ့သည်။ နိုဒါသည် DPJ ပါတီခေါင်းဆောင်အဖြစ် ဂျပန်ဝန်ကြီးချုပ်တာဝန် ယူပြီးနောက်ပိုင်း အခွန်တိုးကောက်ရေး စီမံမှုကြောင့်လူကြိုက်နည်းနေပြီး DPJ သည် နိုဒါ၏ ခေါင်းဆောင်မှုဖြင့် လာမည့် အထွေထွေရွေးကောက်ပွဲဝင်ခဲ့ပါက ရှုံးနိမ့်ဖွယ်ရှိကြောင်း အချို့က ခန့်မှန်းနေကြသည်။

—Ref: CNA

### နောက်ကျောဖုံး - နိုင်ငံရေးခိုလှုံခွင့်ရရန် လှေဖြင့်ဝင်လာသူများကို နော်ရူကျွန်းသို့ပြန်ပို့မည်ဟု ဩစတြေးလျပြောကြား မှ



လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ဘိုတင်က “ပါလီမန်နှစ်ရပ်စလုံးက လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေအရ တင်ပြမှုကို အတည်ပြုခဲ့ရင် ပုံမှန်မဟုတ်ဘဲ ရေကြောင်းကရောက်ရှိလာသူတွေကို ပြည်ဝင်ခွင့်ပြုသွားမှာပါ” ဟုပြောသည်။

ဩစတြေးလျအစိုးရသည် မကြာသေးမီကပင် နော်ရူနှင့် ပါပူဝါနယူးဂီနီကျွန်းများ၌ နိုင်ငံရေးခိုလှုံခွင့်အတွက် လာရောက်သူများကို ဩဂုတ်လအတွင်း လွှဲပြောင်းထားရှိမည် ဟုကြေညာခဲ့သည်။ ယင်းမှာ လူကုန်ကူးသူများကိုငွေပေး၍ အန္တရာယ်များသော ပင်လယ်ခရီးလမ်းကိုဖြတ်ကာ ဩစတြေးလျသို့ခိုလှုံရန်လာသူများအား တားမြစ်နိုင်ရန် စီစဉ်ခြင်းဖြစ်သည်။

အစိုးရ၏ ကြေညာချက်များအရ ယခုနှစ်အတွင်း ဩစတြေးလျသို့ လှေဖြင့် ဝင်လာသူ ၃၀၀ ကျော်ခန့် ပင်လယ်ခရီး၌ သေဆုံးခဲ့ရကြောင်း သိရသည်။

*—Ref: CNA*

### နောက်ကျောဖုံး - တရုတ်စီးပွားရေး နှေးကွေးမှု ပိုမိုနက်ရှိုင်းလာ မှ



ကုန်ထုတ်လုပ်မှုသည် နှစ်အလိုက်နှိုင်းယှဉ်ချက်အရ ၈ ဒသမ ၉ ရာခိုင်နှုန်းသာတိုးတက်ခဲ့ကြောင်း အမျိုးသား စာရင်းဇယားရုံးက ထုတ်ပြန်သည်။ ယင်းမှာ ၂၀၀၉ မေလ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းဆုံးကာလနောက်ပိုင်းအနိမ့်ဆုံးဖွံ့ဖြိုးမှုဖြစ်သည်။

၂၀၁၂ ခုနှစ် ဒုတိယသုံးလပတ် စီးပွားရေးဖွံ့ဖြိုးမှုမှာ ၇ ဒသမ ၆ ရာခိုင်နှုန်းသာရှိခဲ့ရာ ယင်းမှာလည်းသုံးနှစ်အတွင်း အဆိုးရွားဆုံးဖြစ်ပြီး သုံးလပတ်ခြောက်ကြိမ်ဆက်တိုက်စီးပွားရေးတိုးတက်မှု နှေးကွေးလာခြင်း ဖြစ်သည်။

ယင်းမှာ ဥရောပတွင် ကြွေးမြီပြဿနာဆက်လက်ဖြစ်ပေါ်နေပြီး အမေရိကန် စီးပွားရေးနာလန်ထမှု ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေခြင်းကြောင့် နိုင်ငံခြားသို့ ကုန်ပစ္စည်းတင်ပို့မှုအပေါ် မှီခိုနေသော စီးပွားရေး နိုင်ငံများကိုပါ စီးပွားရေးထိခိုက်လာသည်ကို ထင်ဟပ်နေခြင်းဖြစ်သည်။

တရုတ်စာရင်းအင်းဗျူရို၏ ကြေညာချက်တွင် ဩဂုတ်လ အတွင်း ငွေကြေးဖောင်းပွမှုအနည်းငယ် အရှိန်ရလာခြင်းနှင့် စားသောက်ကုန် ဈေးနှုန်းအနည်းငယ်မြင့်တက်လာခြင်းကို ဖော်ပြထားသည်။ ထို့အတွက်ကြောင့် အစိုးရကငွေကြေးထည့်သွင်း၍ စီးပွားရေးဖွံ့ဖြိုးမှုတိုးတက်အောင် လုပ်ဆောင်မှုအပေါ် အကန့်အသတ်ရှိစေခဲ့ကြောင်းအေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ *—Ref: AFP*

### နောက်ကျောဖုံး - ဆီးရီးယားညီညွတ်ရေး ရုရှားကတိုက်တွန်းနေစဉ် အလက်ပိုမြို့တွင် တိုက်ပွဲများ ပြင်းထန် မှ

သူပုန်များအပေါ် အောင်ပွဲခံခဲ့ကြောင်း ဆီးရီးယားစစ်တပ်က ပြောကြားသည်။ ရဟတ်ယာဉ်များ၊ သံချပ်ကာယာဉ်များ အားဖြည့်၍ နာရီ ၂၀ ကြာ တိုက်ပွဲဖြစ်ပွားပြီးနောက် ဟာနာနိုကြည်းတပ်စခန်းကိုပြန်လည်သိမ်းပိုက်လိုက်နိုင်သည်ဟု စစ်ဘက်သတင်းရင်းမြစ်များနှင့် မျက်မြင်သက်သေများကပြောကြားသည်။

“နှစ်ဖက်စလုံး အကျအဆုံးတော်တော်များတယ်”ဟု မျက်မြင်သက်သေတစ်ဦးကပြောကြားသည်။ လက်နက်များ သိုလှောင်ရန်နှင့် လူသစ်စုဆောင်ရေး စင်တာအဖြစ်အသုံးပြုသောစစ်ဘက်အခြေစိုက်စခန်း တစ်စိတ်တစ်ပိုင်းအားသူပုန်များကယမန်နေ့က သိမ်းပိုက်ခဲ့သည်။

နိုင်ငံရေးမျက်နှာစာတွင် ဆီးရီးယား၌ သွေးထွက်သံယိုမှု အဆုံးသတ်ရေးအစီအစဉ်တစ်ရပ်အား လုံခြုံရေးကောင်စီ၏ ထောက်ခံမှုတောင်းဆိုသွားမည်ဟုရုရှားအစိုးရကပြောကြားသည်။ သို့သော်မည်သည့်သဘောတူ ဆုံးဖြတ်ချက်မဆိုထိရောက်မှုရှိရမည်ဟု အမေရိကန်က အခိုင်အမာပြောကြားလျက်ရှိသည်။

*—Ref: AFP*

7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# ဗြိတိန်မှ စကော့တလန်ခွဲထွက်ရေး စကော့တလန်အစိုးရ ပထမဝန်ကြီး အဲလက်စ်ဆယ်မွန်နှင့် တွေ့ဆုံခြင်း

**ကျော်မျိုး**



ယူနိုက်တက်ကင်းဒမ်းလို့ခေါ်တဲ့ ယူကေနိုင်ငံဟာ အင်္ဂလန်၊ မြောက်အိုင်ယာလန်၊ ဝေးလ်စ်၊ စကော့တလန် စသဖြင့် ဗြိတိသျှကျွန်းစုများပေါ်က နိုင်ငံများပေါင်းစုထားမှုကို အသိအမှတ်ပြုထားတဲ့ စုစည်းညီညွတ်သော ဘုရင့် နိုင်ငံတော်ကိုလည်း ဆိုလိုပါတယ်။ ယခုအခါ အဲဒီလိုဗြိတိသျှလက်အောက်ခံအဖြစ်ကနေ စကော့တလန်ဟာ လွတ်လပ်ရေးရယူဖို့ ကြိုးပမ်းနေပြီး ဒီနွေရာသီမှာ ဒီကိစ္စကပဲ အဆူပွက်ဆုံးဖြစ်ခဲ့ပါတယ်။ စကော့တလန်သားတို့ ဗြိတိသျှလက်အောက်မှ ခွဲထွက်ကာ အမှီအခိုကင်းတဲ့ လွတ်လပ်ရေး ရယူဖို့အတွက် ပြည်သူ့ဆန္ဒခံယူပွဲကိုလည်း လာမယ့် ၂၀၁၄ ဆောင်းရာသီမှာ ပြုလုပ်ဖို့ရှိပါတယ်။ ဒ့ါကြောင့် ယူရိုသတင်းဟာ စကော့အမျိုးသားရေးဝါဒီများရဲ့ ပါတီခေါင်းဆောင်လည်းဖြစ်ပြီး စကော့တလန်ရဲ့ ဗြိတိန်ကိုယ်စားလှယ် အစိုးရအဖွဲ့ရဲ့ ပထမဝန်ကြီးလည်းဖြစ်သူ အဲလက်စ်ဆယ်မွန်ကို မေးမြန်းဖြစ်ခဲ့ပါတယ်။ မေးမြန်းသူကတော့ ယူရိုသတင်းမှ အလီရှိတ်နိုလက်ဆလာမီ ဖြစ်ပါတယ်။

**ဝန်ကြီးခင်ဗျာ ဘယ်လိုစံချိန်မျိုးနဲ့ပဲတိုင်းတိုင်း ယူကေဆိုတာ စကော့တလန်အတွက် နိုင်ငံရေး အရ၊ ပညာရေးအရ၊ စီးပွားရေးအရ သိပ်အောင်မြင်တဲ့ စီမံကိန်းတစ်ရပ်ဖြစ်ပါတယ်။ နိုင်ငံအများစုအဖို့ အိပ်မက်ပဲ မက်နိုင်ကြတဲ့ အကျိုးအမြတ်မျိုးတွေကို ယူကေနိုင်ငံတော်က စကော့တလန်အတွက် ဖန်တီးပေးခဲ့တယ်။ ဒ့ါကြောင့် ဝန်ကြီးတို့က ဒီထဲက သိပ်မကြာတဲ့ အနာဂတ်မှာ ထွက်သွားချင်နေတော့ ယူကေနဲ့ပတ်သက်လို့ ဘာများဆိုးဆိုးရွားရွား ဖြစ်နေပါသလဲ။**

ဟုတ်ကဲ့ ဒီကျွန်းနိုင်ငံတွေပေါ်မှာဖြစ်ပေါ်ခဲ့သမျှအကောင်းဆုံးအရာတွေကတော့ ဆက်ရှိနေမယ်ထင်ပါတယ်။ ဒီကျွန်းတွေအပေါ်က ကျွန်တော်တို့ရဲ့ အခြားသောနိုင်ငံတွေဖြစ်တဲ့ အင်္ဂလန်၊ အိုင်ယာလန်၊ ဝေးလ်စ်တို့ဟာလည်း ကျွန်တော်တို့ရဲ့ အနီးကပ်ဆုံးမဟာမိတ်တွေအဖြစ် ဆက်ရှိသွားမှာပါ။ ဒါပေမဲ့ သီးခြားလွတ်လပ်တဲ့ နိုင်ငံတစ်ခုအနေနဲ့ဆိုရင် စကော့တလန်အနေနဲ့ လုပ်နိုင်တာတွေဟာ ပိုပြီးအောင်မြင်မှုရလာပါလိမ့်မယ်။ ဥပမာတစ်ခုပဲ ပေးပါမယ်။ စကော့တလန်ဟာ ကမ္ဘာမှာ အကြွယ်ဝဆုံး၊ အမျိုးအစားအစုံဆုံး နိုင်ငံတွေထဲက တစ်နိုင်ငံပါ။ အခုလက်ရှိမှာ ကျွန်တော်တို့မှာ အီဒင်ဘာ့ဂ်နိုင်ငံ တကာပွဲတော်ရှိနေတယ်။ အဲဒီပွဲ တော်မှာ တစ်လလောက်ကြာအောင်၊ အနုပညာပုံသဏ္ဍာန်မျိုးစုံအောင်ပါဝင်ပြီး ကမ္ဘာပေါ်မှာ အကြီးကျယ်အခမ်းအနားဆုံး အနုပညာအရည်အသွေးကို ကျွန်တော်တို့ ပြသထားပါတယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ ဒီလို နိုင်ငံတကာယဉ်ကျေးမှုအစုံကို ဂုဏ်ပြုတင်ဆက်ပေးနေတဲ့အိမ်ရှင် စကော့တလန် သူ့မှာတော့ သူ့ကိုယ်ပိုင် ရည်ညွှန်းစရာ အင်္ဂလိပ်ဘာသာစကားနဲ့ပြသတဲ့ ရုပ်သံလိုင်းတောင်မှ တစ်ခုတလေမရှိဘူး ဖြစ်နေတယ်။ ဒါဟာ တော်တော်လေး ကျိုးကြောင်းမဆီလျော်တဲ့ အခြေအနေတစ်ခုဖြစ်ပြီး စကော့တလန်ဟာ ဘယ်လိုစွမ်းရည်နိမ့်နေတယ်ဆိုတာ ပြသနေပါတယ်။

စီးပွားရေးအရဆိုရင်လည်း လက်ရှိမှာဆို စကော့တလန်ဟာ ယူကေရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ကမ္ဘာမှာ အကြွယ်ဝဆုံးနိုင်ငံတွေထဲမှာ အဆင့် ၂၀ ဖြစ်နေတယ်။ လွတ်လပ်ရေးရယူလိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့ဟာ ကမ္ဘာမှာ ဆဋ္ဌမမြောက်အကြွယ်ဝဆုံးနိုင်ငံဖြစ်လာမယ်။ ဒါပေမဲ့ ကျွန်တော်ထင်တာကတော့ ယဉ်ကျေးမှုပိုင်းအရ ကွဲပြားခြားနားခြင်းကလည်း စကော့တလန်အတွက် ကမ္ဘာ့မြင်ကွင်းမှာ ပိုပြီးအောင်မြင်ဖို့၊ ပါဝင်နိုင်ဖို့ လမ်းကိုဖွင့်ပေးမယ်လို့ ထင်ပါတယ်။

**ဒါပေမဲ့ စီးပွားရေးပိုင်းအရ ပြောကြစို့ ဆိုရင် ကျွန်တော်နားလည်ထားတာကတော့ ဝန်ကြီးရဲ့မဲဆွယ်စည်းရုံးမှုမှာ ပြောနေတာက လွတ်လပ်ရေးပထမနေ့ ကစပြီး စကော့တလန်ဟာ ဒီကနေ့ အခြေအနေကောင်းနေသလိုမျိုးပဲ ကောင်းနေလိမ့်မယ်လို့ပြောနေတာပါ။ ဒါပေမဲ့ (စကော့ရဲ့) ရေနံနဲ့ သဘာဝဓာတ်ငွေ့ ရင်းမြစ်တွေက ကွယ်ပျောက်နိုင်ပါတယ်။ ဒီတိုင်းပြည်မှာအအောင်မြင်ဆုံးဖြစ်တဲ့ ဘဏ္ဍာရေးကဏ္ဍကလည်း လွတ်လပ်ရေးရယူပြီးရင် တော်တော်လေးသေးငယ်သွားနိုင်ပါတယ်။ လွတ်လပ်ရေးယူလိုက်တဲ့ စကော့တလန်ရဲ့ စီးပွားရေးဟာ အခြေအနေကောင်းနိုင်မယ်လို့ ဝန်ကြီး ဘက်က ဘယ်လိုသေချာအောင်ဖန်တီးနိုင်မလဲ။**

ခင်ဗျားမေးခွန်းကို ကျွန်တော်စိတ်ဝင်စားတယ်။ စကော့တလန်မှာ အီးယူတစ်ခုလုံးရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့သိုက်ပမာဏ ၉၀ ရာခိုင်နှုန်းလောက်ရှိထားပြီး တန်ဖိုးအားဖြင့်လည်း လာမယ့်နှစ် လေးငါးဆယ်လောက်ကျရင် ပေါင်စတာလင် တစ်ထရီလီယံ ခွဲ (တစ်ထရီလီယံတွင် သန်းပေါင်း တစ်သန်းရှိသည်) လောက်ရှိတယ်။ အီးယူရဲ့ မည့်သည့်အဖွဲ့ဝင်နိုင်ငံမဆိုလည်း ဒီလို ဟိုက်ဒရိုကာဗွန်လောင်စာသိုက်တွေ ပေါင်တစ်ထရီလီယံခွဲဖိုးလောက်ရှိထားတာကို သဘောကျကြမှာပဲ။ ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍမှာလည်း ဥရောပတစ်ခုလုံးရဲ့ ရေစွမ်းအင် ၂၅ ရာခိုင်နှုန်းလောက် ရှိထားပါတယ်။

ဒ့ါကြောင့်ကျွန်တော်တို့ပြောနေတဲ့ နိုင်ငံဟာ သဘာဝရင်းမြစ်တွေအများကြီးရှိကြီးကျယ်တဲ့ တီထွင်မှုတွေဖြစ်တဲ့ ရုပ်သံဖမ်းစက်အပါအဝင် တော်တော်များများကို လုပ်နိုင်ခဲ့တဲ့ လူတွေရှိနေတဲ့ နိုင်ငံအကြောင်း ပြောနေတာပါ။ တချို့က ဒီနိုင်ငံဟာ လွတ်လပ်တဲ့ (ယူကေကို မမှီခိုတဲ့) နိုင်ငံတစ်ခုအနေနဲ့ဆိုအောင်မြင်မှာ မဟုတ်ဘူးလို့ဆိုကြတယ်။ ဒီလူတွေဟာ တိမ်တိုက်ထဲမှာ နေနေကြတယ်ထင်ပါတယ်။ ကျွန်တော်တို့ဟာလွတ်လပ်တဲ့ နိုင်ငံတစ်ခုအနေနဲ့စကော့တလန်က သူ့ကိုယ်သူ အုပ်ချုပ်နိုင်စွမ်း၊ ဖြည့်ဆည်းနိုင်စွမ်းရှိတဲ့ ကမ္ဘာတစ်ခုမှာ နေချင်တာပါ။

**ရေနံနဲ့ သဘာဝဓာတ်ငွေ့ရင်းမြစ်တွေ အများကြီးရှိတဲ့ အကြောင်းပြောခဲ့တာကို သဘောတူပါတယ်။ ဒါပေမဲ့ အရေးကြီးတဲ့မေးခွန်းက ဝက်စ်မင်တာ (ဗြိတိသျှပါလီမန်) နဲ့ ဟော်လီရုဒ် (စကော့ပါလီမန်) တို့အကြား သဘောတူညီမှု အပိုင်းအရဆိုရင် ရေနံနဲ့ သဘာဝဓာတ်ငွေ့သုံးစွဲမှုအတွက် ယူကေရဲ့ နိုင်ငံတော်ကြွေးမြီကိုလည်း အချိုးကျပေးရမယ့်ကိစ္စ ဖြစ်မယ်ထင်ပါတယ်။ အဲဒီအတွက်ရော ဝန်ကြီးမှာ ဖော်မြူလာရှိထားပါသလား။**

ဒါလည်း တကယ်စိတ်ဝင်စားစရာပါ။ ယူကေကြွေးမြီပမာဏက (ကျွန်တော်တို့) လွတ်လပ်ရေးယူချိန်လောက်မှာဆိုရင် ပေါင် တစ်ထရီလီယံကျော်လောက်ရှိမယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့သိုက်တွေက တစ်ထရီလီယံလောက်တန်ကြေးရှိနေပါတယ်။ ခြားနားသွားတာက စကော့တလန်ဟာ ယူကေကြွေးမြီရဲ့ (ပေးဆပ်ရမယ့်) ဝေစုကို အချိုးကျယူရမှာပါ။ ဒါပေမဲ့ ဒါတွေက စကော့ရေပိုင်နက်တွေထဲက ရေနံနဲ့ သဘာဝဓာတ်ငွေ့ ဝင်ငွေတွေက ဝေစုဖြစ်ပါတယ်။ ဒ့ါကြောင့် စကော့တလန်ဟာ ရင်းမြစ် ၉၀ ရာခိုင်နှုန်းကိုယူပြီး ယူကေကြွေးမြီ ၁၀ ရာခိုင်နှုန်းကိုလည်း ယူရပါမယ်။ ခင်ဗျားတို့သိတဲ့အတိုင်းပဲ ဒီလိုပမာဏမျိုးနဲ့ ယူကေကြွေးမြီရှိထားတာတော့ ကောင်းတဲ့အရာမဟုတ်ဘူးပေါ့လေ။

**ဝန်ကြီးဟာ လွတ်လပ်ရေးအတွက် ၁၀၀ ရာခိုင်နှုန်းပြည့် ယုံကြည်နေပါသလား။ ဘာ့ကြောင့်လဲဆိုတော့ လူတော်တော်များများက အခုဆိုပြောနေကြတယ်။ ဝန်ကြီးဟာ ပြည်သူ့ဆန္ဒခံယူပွဲမှာ မဲနိုင်ဖို့ မလွယ်လှဘူးဆိုတာ သတိပြုမိနေပြီး ယူကေထဲမှာပဲ ကိုယ့်နိုင်ငံရဲ့ နိုင်ငံခြားရေးနဲ့ ကာကွယ်ရေးအပိုင်းကို ဆက်ထားမယ့် ပုံစံမျိုးဆီ ရွှေ့လျားနေတယ်လို့ ပြောနေကြတာပါ။**

သူတို့လုပ်ချင်တဲ့အတိုင်းလုပ်မယ့် စကော့တလန်ပြည်သူတွေရဲ့ ဆန္ဒကိုလေးစားကြောင်း ကျွန်တော်အမြဲပြောခဲ့ပါတယ်။ ၁၉၉၇ တုန်းက ကျွန်တော်ဟာ အဲဒီတုန်းက လေဘာပါတီခေါင်းဆောင် ဒေါ်နယ်ဒီဝဲနဲ့ အတူ စကော့တလန်ပါလီမန်ဖြစ်လာလို့ ကျေနပ်ဖို့တင်မဟုတ်ဘဲ စကော့တလန်အတွက် (ပါလီမန်ဟာ) တိုးတက်မှုတစ်ခုလို့ ကျွန်တော်ယုံကြည်လို့ပါ။ ဒါပေမဲ့ သေချာတာတစ်ခုကတော့ ကျွန်တော့်နိုင်ငံရေးသက်တမ်းတစ်လျှောက်မှာ ကျွန်တော်ဟာ စကော့တလန်လွတ်လပ်ရေးကိစ္စပြောခဲ့တယ်။ ၂နှစ်တာအတွင်းမှာလည်း စကော့တလန်အတွက် လွတ်လပ်ရေးကို မဲပုံးတွေပေါ်မှာ ဆန္ဒခံယူဆုံးဖြတ်ဖို့ အခွင့်အလမ်းဖြစ်လာတော့မယ်။ ကျွန်တော်တို့နိုင်ငံသားအများစုဟာ ဒီအခွင့်အရေးကိုရယူပြီး နိုင်ငံကို လွတ်လပ်တဲ့နိုင်ငံအဖြစ် ဥရောပနဲ့ တစ်ကမ္ဘာလုံးအတွက်ပါဝင်လုပ်ဆောင်ပေးနိုင်တဲ့ နိုင်ငံအဖြစ် မဲပေးကြလိမ့်မယ်လို့ ကျွန်တော်ယုံကြည်မျှော်လင့်နေပါတယ်။

*—Ref: A Socttish Separatist takes stock: interview with Scottish Nationalist party Leader Alex Salmond. Euronews.*

## စာ(၃၆) - တရုတ်စီးပွားရေး မှ

သို့သော် ဘဏ္ဍာရေးလွတ်လပ်ပွင့်လင်းစေခြင်းကဲ့သို့ ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်း လဲမှုများကို နှောင့်နှေးစေပါလိမ့်မည်။ တရုတ်နိုင်ငံပြင်ပမှပေါ် လစီချမှတ်သူများကမူပိုမိုပြတ်သားသော အရေးယူဆောင်ရွက်မှုမျိုးကိုတမ်းတနေပါလိမ့်မည်။ သို့သော် တွန့်ဆုတ်မှုမှနေ၍ တရုတ်စီးပွားရေးကိုပြန်လည်၍ ချိန်ခွင်လျှာညှိရေး လမ်းကြောင်းပေါ်သို့ ရောက်ရှိစေမည်ဆိုပါက ဤသည်မှာ လူတိုင်းအတွက်သတင်းကောင်းဖြစ်ပါလိမ့်မည်။

*—Ref: Slow Boats Economist*

7 DAY NEWS JOURNAL

# Entertainment

Vol.11, No.27 • SEPTEMBER 13 , 2012



## ဗြိတိသျှလူငယ်ဂီတအဖွဲ့ One Direction အမ်တီဗီဆုပေးပွဲတွင် ထိပ်တန်းဆု သုံးဆု ဆွတ်ခူး

**လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ - ၈**

ဗြိတိသျှလူငယ်ဂီတအဖွဲ့ One Direction သည် မကြာသေးမီက ကျင်းပခဲ့သော အမ်တီဗီဗီဒီယိုဂီတဆုပေးပွဲတွင် ထိပ်တန်းဆုသုံးဆုဆွတ်ခူးကာ အမေရိကန်ဂီတ လောကအား ၎င်းတို့စိုးမိုးထားမှုကိုပြသခဲ့သည်။ ဆုပေးပွဲတွင် ဘာဘေးဒိုးနွယ်ဖွား R&B အဆိုတော် ရီဟန်းနာမှာ တစ်နှစ်တာအကောင်းဆုံးဗီဒီယိုဆုကို We Found Love သီချင်းဖြင့် ရခဲ့သည်။ ဗြိတိသျှလူငယ်အဖွဲ့ One Direction မှာ What Makes You Beautiful သီချင်းတစ်ပုဒ်တည်းဖြင့် အကောင်းဆုံးလူသစ်တန်းအနုပညာရှင်၊ အကောင်းဆုံး ပေ့ါပ်ဗီဒီယိုဆု၊ ဝေမျှမှုအများဆုံး ဗီဒီယိုဆုတို့ကိုရခဲ့သည်။

အကောင်းဆုံး ရော့ခ်ဂီတ ဗီဒီယိုဆုကို Coldplay အဖွဲ့က Paradise အယ်လ်ဘမ်ဖြင့် ရရှိခဲ့သည်။ ယခုနှစ် အမ်တီဗီဆုများစာရင်းအပြည့်အစုံမှာ တစ်ဖက်ပါအတိုင်းဖြစ်သည်။

**၁။ တစ်နှစ်တာအကောင်းဆုံး ဗီဒီယိုဆု** - ရီဟန်းနာ (We Found Love)
**၂။ အကောင်းဆုံးလူသစ်တန်း အနုပညာရှင်ဆု** - One Direction
**၃။ အကောင်းဆုံး အမျိုးသမီး ဗီဒီယိုဆု** - နစ်ကီမင်နာ့ဂျင် (Starships)
**၄။ အကောင်းဆုံး အမျိုးသားဗီဒီယိုဆု** - ခရစ်ဘရောင်း (Turn Up the Music)
**၅။ အကောင်းဆုံး ပေ့ါပ်ဗီဒီယိုဆု** - One Direction (What makes You Beautiful)
**၆။ အကောင်းဆုံးရော့ခ်ဗီဒီယိုဆု** - Coldplay (Paradise)
**၇။ အကောင်းဆုံးအီလက်ထရို အကဗီဒီယိုဆု** - ကယ်လ်ဗစ်ဟား ရစ် (Feel So Close)
**၈။ ဝေမျှမှုအများဆုံးဗီဒီယိုဆု** - One Direction
**၉။ အကောင်းဆုံးအကဗီဒီယိုဆု** - ခရစ်ဘရောင်း (Turn Up the Music)
**၁၀။** Best Video with a Message - ဒမ်မီလိုဗတ်တို (Sky craper)

—Ref: MTV.com

## အမည်မည်းစာရင်းတွင် အနုပညာရှင် သုံးဦးပါဝင်



**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ-၆**

နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံသား အမည်မည်းစာရင်းဝင်အချို့ပယ်ဖျက်ခြင်းကို ဩဂုတ်လ ၂၈ရက်က ထုတ်ပြန်ခဲ့ရာ အဆိုပါပယ်ဖျက်စာရင်းတွင် ရုပ်ရှင်သရုပ်ဆောင်များဖြစ်ကြသော သရုပ်ဆောင်အကယ်ဒမီမို့မို့မြင့်အောင်နှင့် ရဲမင်းပိုင်၊ အဆိုတော်မာမာအေးတို့ ပါဝင်လာသည်ကို တွေ့ရသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ကာယကံရှင်ဖြစ်သူ မို့မို့မြင့်အောင်ထံ ဆက်သွယ်မေးမြန်းရာ "ဂျာနယ်တွေကလှမ်းမေးတော့မှ ကျွန်မလည်း သိရတယ်။ စာရင်းမှာပါတဲ့ မှတ်ပုံတင်နံပါတ်ကလည်း ဟိုးအရင်က နံပါတ်ကြီး၊ အခုမှတ်ပုံတင်က ၁၂/တမနပါ။ ဘာကြောင့် ပါနေတာလဲဆိုတာ စဉ်းစားလို့တောင် မရပါဘူး။ ကျွန်မက အနုပညာအလုပ်တွေကိုပဲ ဘဝတစ်လျှောက်လုံး သန့်သန့်ရှင်းရှင်းနဲ့လုပ်ခဲ့တာ။ နိုင်ငံရေး၊ စီးပွားရေးနဲ့ ပတ်သက်ပြီး ဘယ်လိုအမည်းစက်မှ မရှိခဲ့ပါဘူး။ ကျွန်မအဖေရော၊ ကျွန်မရော ဘဝတစ်လျှောက်လုံး အနုပညာနဲ့ပဲ ရပ်တည်လာခဲ့တာ။ ခုလို စာရင်းထဲပါတယ်လို့ မိတ်ဆွေတွေက ပြောတော့မှ သိရတာ။ စိတ်ထဲမှာ ဘဝင်မကျဘူး။ ကိုယ့်ကိုယ်ကိုယ် သိတဲ့အတွက် ဘာကြောင့် ဒီစာရင်းထဲ ပါနေတာလဲ ဘာညာ၊ ဘာကိုမှ မစုံစမ်းပါဘူး" ဟု မို့မို့မြင့်အောင်က ပြောကြားသည်။

မို့မို့မြင့်အောင်သည် MRTV-4 မှ ရိုက်ကူးမည့် 'ထာဝရမန္တလေး' မြန်မာရုပ်သံဇာတ်လမ်းတွဲကို ပါဝင်သရုပ်ဆောင်ရန် ရှိပြီး လတ်တလော၌ ၎င်း၏ညာဘက်လက်မောင်းတွင်းရှိအကြောတွင် ဒဏ်ရာဖြစ်နေသည့်အတွက် ဘန်ကောက်ရှိဆေးရုံ၌ ဩဂုတ်လကုန်ပိုင်းက ဆေးကုသမှုခံယူခဲ့ရကြောင်းသိရသည်။ ယခုကဲ့သို့ အမည်မည်းစာရင်းတွင် ၎င်းကိုယ်တိုင်မသိရှိဘဲ ပါဝင်ခဲ့သော်လည်း ယင်းအတွက်ကြောင့် သူမ၏ အနုပညာလုပ်ငန်းပိုင်းဆိုင်ရာတွင် အနှောင့်အယှက် တစ်စုံတစ်ရာ မကြုံခဲ့ရကြောင်း သူမက ဆက်လက်ပြောကြားသည်။

**စာ(၄၉)သို့**

## နေတိုးနှင့် မင်းသမီးခုနစ်လက်ပါဝင်သော "အလန်းလွန်အလွန်လန်း" ရုံတင်မည်





**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ-၆**

မိန်းကလေးအများစု ဝိုင်းဝိုင်းလည်အောင် အကြိုက်ခံရပြီး အမျိုးသမီးများ အလယ်တွင် အလွန်မျက်နှာပန်းပွင့်သည့်ဇာတ်ကောင်နေရာမှနေတိုးသရုပ်ဆောင်ထားပြီး အဓိကသရုပ်ဆောင်မင်းသမီးခုနစ်ဦးပါဝင်သရုပ်ဆောင်ထားသော 'အလန်းလွန်အလွန်လန်း' ရုပ်ရှင်ဇာတ်ကားကို စက်တင်ဘာလလယ်တွင်ရုံတင်ပြသတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မချစ်မနှစ်သက်သူနှင့် ပေါင်းသင်းရခြင်း၊ ချစ်သူနှင့် ကွေကွင်းရခြင်းတို့သာ မဟုတ်ဘဲ ချစ်ခင်သူပေါများခြင်းသည်လည်း ဒုက္ခရောက်စေနိုင်ကြောင်း အဓိကပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး ချစ်သူစွန့်ပစ်သွားသောကြောင့် ကိုယ်ဝန်ရှိနေသည့် မိခင်က ဘဝကိုအဆုံးစီရင်ရန်ကြံစည်စဉ် ရုက္ခစိုးနှင့်တွေ့ပြီး ရုက္ခစိုးက ကလေးငယ်ကို 'မျက်နှာမြင်သူတိုင်း ချစ်ခင်ပါစေ' ဆုပေးခဲ့ရာမှ ဆုတောင်းပြည့်ခဲ့သည့် နေတိုး(စွမ်းကမ္ဘာ)ကို အခြေပြုဟာသဇာတ်လမ်းဆင်ကာ ရိုက်ကူးထားခြင်း ဖြစ်သည်။

ယင်းဇာတ်ကားတွင် နေတိုး၏ ချစ်သူရည်းစားများအဖြစ် သင်ဇာဝင့်ကျော်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်၊ နန်းဆုရတီစိုး၊ ဝတ်မှုန်ရွှေရည်၊ ခရစ္စတီးနား၊ ချမ်းမီမီကိုတို့က သရုပ်ဆောင်ထားပြီး ချမ်းမီမီကိုမှာရေသူမဇာတ်ကောင်ပုံစံဖြင့်ဇာတ်သိမ်းခန်းတွင် ကွန်ပျူတာအထူးပြုလုပ်ချက်များဖြင့် သရုပ်ဆောင်ရိုက်ကူးထားကြောင်းသိရသည်။

"ဒီကားက ရုပ်ရှင်မှာ ရေသူမ သရီးဒီရုပ်နဲ့ရိုက်ထားတာ ပထမဆုံးပါပဲ။ ရေသူမရုပ်ရဖို့တစ်လလောက် အချိန်ပေး ရိုက်ခဲ့ရတယ်။ သရီးဒီဆွဲတဲ့ ကိုသူရသိန်းတင်နဲ့လည်း ဆွေးနွေးပြီး လုပ်ခဲ့ရတယ်။ HD နဲ့ ရိုက်ပြီးမှ ဘန်ကောက်က Techni-color စတူဒီယိုမှာဖလင်ပြန်ပြောင်းထားတာပါ" ဟု ယင်းဇာတ်ကား၏ ဇာတ်ညွှန်းရေးဆရာ ဩရသက ဇာတ်ကားရိုက်ကူးရေးပိုင်းကို ပြောပြသည်။

'အလန်းလွန် အလွန်လန်း' ဇာတ်ကားကို စက်တင်ဘာ ၂၁ ရက်တွင် ရုံတင်ပြသမည်ဖြစ်ပြီး ရန်ကုန်နှင့် ငွေဆောင်ကမ်းခြေတို့တွင် ရိုက်ကူးထားသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# အမ်တီဗီဆုပေးပွဲအပြီးမှာ ဒိတ်လုပ်ခဲ့တဲ့ နီယယ်ဟော်ရန်နဲ့ ဒမ်မီလိုဗတ်တို

**လော့စ်အိန်ဂျလိစ်၊ စက်တင်ဘာ – ၈**

ပြီးဆုံးခဲ့သော ၂၀၁၂ အမ်တီဗီ ဂီတဗီဒီယိုဆုပေးပွဲတွင် အကောင်းဆုံးဆုများရခဲ့သည့် One Direction အဖွဲ့မှ နီယယ်ဟော်ရန်နှင့် အမေရိကန်အဆိုတော် သီချင်းရေးဆရာမလေး ဒမ်မီလိုဗတ်တိုတို့သည် ဆုပေးပွဲပြီးနောက် အယ်လ်အေတွင် နှစ်ဦးသားချိန်းတွေ့ကာ လျှောက်လည်ခဲ့ကြောင်း သတင်းထွက်ခဲ့သည်။ ယူအက်စ် အပတ်စဉ်စာစောင်တွင် နီးစပ်သူတစ်ဦးက လိုဗတ်တို (၂၀ နှစ်)နှင့် ဟော်ရန် (၁၈ နှစ်)တို့သည် ဆုပေးပွဲအပြီး ညစာတူတူထွက်စားကာ ချိန်းတွေ့ခဲ့ကြောင်းဆိုသည်။

၎င်းတို့နှစ်ဦး ချစ်သူဖြစ်နေပြီဆိုသော သတင်းသည် ယခုနှစ် ဆန်းပိုင်းတွင် လိုဗတ်တိုက အင်တာဗျူးတစ်ခု၌ ဟော်ရန်အားလေးစားသည်ဟု ဖွင့်ပြောအပြီး ပေါ်ထွက်လာခြင်းဖြစ်သည်။

လိုဗတ်တာသည် ယခုနှစ် အမ်တီဗီဆုပေးပွဲတွင် သူမ၏ လူကြိုက်များသည့် Skyscraper သီချင်းဖြင့် Best Video with a Message ဆုကိုရရှိခဲ့သည်။

—Ref: US Magazine



# အချစ်ဟာသဇာတ်လမ်းတွဲ Flowers and Butterflies ရိုက်ကူးမည်

**ရန်ကုန်၊ စက်တင်ဘာ – ၈**

ထာဝရမန္တလေးဇာတ်လမ်းတွဲမှ သရုပ်ဆောင်သစ်ရှစ်ယောက်နှင့် ဇာတ်ပို့သရုပ်ဆောင်များဖြင့် ရိုက်ကူးမည့် ‘Flowers & Butterflies’ အချစ်ဟာသဇာတ်လမ်းတွဲကို MRTV-4 နှင့် For Comedy ရုပ်သံလိုင်းတွင် ပြသရန် အောက်တိုဘာလ၌ ရိုက်ကူးမည်ဖြစ်ကြောင်း ထိုဇာတ်လမ်းတွဲ၏ အနုပညာအကြံပေးအဖြစ်ဆောင်ရွက်နေသော ဒါရိုက်တာမောင်သီက ပြောသည်။

ထိုဇာတ်လမ်းတွဲတွင် ကျော်ထက်၊ ကြည်ဇော်ထက်၊ နက္ခတ်၊ စိုင်းနေဖြိုး၊ မေဇွန်၊ အိန္ဒြေဝင့်ထည်၊ ခေးဆက်သွင်၊ ခင်စန္ဒာမြင့်တို့ ပါဝင်မည်ဖြစ်ပြီး ထိုရှစ်ဦးမှာ ‘ထာဝရမန္တလေး’ မြန်မာဇာတ်လမ်းတွဲမှ သရုပ်ဆောင်များဖြစ်ကာ အရိုင်း၊ ဦးဝင်းနိုင်၊ မျောက်ရှုံး၊ ဂွမ်းပုံကြီး၊ အေးသီတာ စသည့်သရုပ်ဆောင်များ ပါဝင်သရုပ်ဆောင်ထားသည်။

ယခင်ဇာတ်လမ်းတွဲများနှင့် မတူဘဲ ဟာသကို အဓိကထား ရိုက်ကူးမည်ဖြစ်သည်။ အနုပညာကျောင်းတစ်ကျောင်းသို့ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများ၏ မတူညီသောဇလေ့စရိုက်များ၊ အချစ်နှင့် ဘဝအတွေ့အကြုံများကြားမှ ဖြစ်ပေါ်လာသော အလွဲများကို ရိုက်ကူးမည့်လူငယ်အချစ်ဟာသဇာတ်လမ်းတွဲဖြစ်သည်။

‘Flowers & Butterflies’ ဟာသဇာတ်လမ်းတွဲကို နိုဝင်ဘာလတွင် ထုတ်လွှင့်ပြသရန် ရည်ရွယ်ထားပြီး အပိုင်း ၃၀ ပါဝင်မည်ဖြစ်ကြောင်း MRTV-4 မှ ဒါရိုက်တာကိုလှဖြိုးကပြောသည်။

ထိုဇာတ်လမ်းတွဲသည် MRTV-4 တွင် တတိယအကြိမ် မြောက်ပြသမည့် မြန်မာဇာတ်လမ်းတွဲဖြစ်သည်။









# ခိုးကူးဖမ်းဆီးမှုများကြောင့် သီချင်းခွေများ ရောင်းအားတက်လာ

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ-၆**

မြန်မာသီချင်းများ၊ ဇာတ်လမ်းခွေများကို တရားမဝင်ခိုးယူ ဖြန့်ချိခွေများအား မေလဆန်းပိုင်းကတည်းကပင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဦးဆောင်မှုဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့တို့ ဖမ်းဆီးမှုကြောင့် မြန်မာသီချင်းခွေများ၏ ရောင်းအား ပြန်လည်မြင့်တက်လာကြောင်း တေးထုတ်လုပ်ရေးဆိုင်များနှင့် အဆိုတော်များထံမှ သတင်းရရှိသည်။

"ဒီရက်ပိုင်းထွက်တဲ့ ဖြူဖြူကျော်သိန်းခွေဆို အရမ်းရောင်းရတယ်။ စီးတီးအက်ဖ်အမ်လည်း ရောင်းရတယ်။ ကျွန်တော်တောင်ရှေ့လထဲ ထွက်မယ့် ကျွန်တော့်ခွေအတွက် ကြိုတင်ပြီး ရင်ခုန်နေရတယ်။ ခုလို ရောင်းအားတက်လာတာ ဂီတလောကအတွက်တော့ သတင်းကောင်းပါပဲ"ဟု အဆိုတော် ArT က ပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်းဖမ်းဆီးမှုများမှာ သုံးလအတွင်း အမှုပေါင်း ၈၈ မှုရှိခဲ့ပြီး နေ့စဉ်နီးပါး ဖမ်းဆီးမှုများကြောင့် လမ်းဘေးခွေရောင်းဆိုင်များမှာ မရှိသလောက် လျော့နည်းသွားကြောင်း သိရသည်။ ယင်းကြောင့် ယခုနောက်ပိုင်းတွင် ပြန်လည်ထွက်ရှိလာသော မြန်မာသီချင်းစီဒီ၊ ဗီစီဒီများက ရောင်းအားသိသိသာသာ မြင့်တက်လာကြောင်း တေးထုတ်လုပ်ရေးအများစုက သုံးသပ်ပြောကြားသည်။

"အရင်ကထက် စာရင် တော်တော်လေး ရောင်းရပါတယ်။ ဖြူဖြူကျော်သိန်းကတော့ နဂိုကတည်းက သူ့ပရိသတ်လည်းရှိပြီးသားဆိုတော့ စောင့်ပြီးနားထောင်နေတဲ့ သူတွေလည်းရှိနေတာမို့ ရောင်းရတယ်။ အယ်လ် ဆိုင်းဇီရဲ့ ဗီစီဒီခွေဆိုလည်း အရင်က ထက်စာရင် ပိုရောင်းရတယ်" ဟု Ally တေးထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ "ရောင်းအားက အများကြီးမဟုတ်တောင် သိသိသာသာလေး တက်လာတယ်။ ကျွန်မတို့ဆီက လတ်တလော ထွက်ထားတဲ့ အိမ့်ချစ်တို့၊ အယ်လ်လွန်းဝါတို့ မောင်နှမသုံးယောက်ခွေဆိုလည်း သူ့ဟာနဲ့သူ ရောင်းနေရတယ်။ ဈေးကွက်နည်းနည်းလေး ပြန်ကောင်းလာပါတယ်" ဟု မာစတာတေးထုတ်လုပ်ရေးမှ မဝေကပြောသည်။

"ခိုးကူးဖမ်းတဲ့အချိန်နဲ့ တိုက်တိုက်ဆိုင်ဆိုင် ထွက်လာကြတဲ့ ဖြူဖြူကျော်သိန်းတို့၊ အယ်လ်ဆိုင်းဇီတို့၊ စီးတီးအက်ဖ်အမ်ခွေတို့ကတော့ လောလောဆယ် အရောင်းရဆုံးပါပဲ။ ထွက်ပြီးသားခွေဟောင်းလေးတွေလည်း နည်းနည်းပါးပါး အဝယ်လိုက်လာပါတယ်" ဟု The Sun တေးထုတ်လုပ်ရေးမှ မလဲ့လဲ့ဝင်းက ပြောသည်။

ယခုရက်ပိုင်းအတွင်း ခွေရောင်းအား သိသိသာသာ မြင့်တက်လာခြင်းကြောင့် ထွက်ရှိရန် တန်းစီလာသော စီးရီးသစ်များမှာ လူသစ်တန်းအဆိုတော်များသာမက နာမည်ရအဆိုတော်ကြီးများ၏ အယ်လ်ဘမ်များ၊ ဗီစီဒီ၊ ဒီဗီဒီခွေများ ပါဝင်လာကြောင်း သိရသည်။

"အခုလ ၁၈ ရက်နေ့ဆိုမျိုးကြီးရဲ့ 'ယူလိုက်' ဗီစီဒီ၊ ဒီဗီဒီ ထွက်ဖို့ရှိတယ်။ အဆိုတော်ကြီးလည်းဖြစ်တဲ့အပြင် ပရိသတ်အများကြီးရှိထားတဲ့သူဖြစ်တဲ့အတွက် အဲဒီခွေရောင်းအားက တော်တော်လေးအားရဖို့ကောင်းမှာပါ" ဟု တေးထုတ်လုပ်ရေးလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

# အလွှာအလိုက် ရုပ်ရှင်အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပ

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ-၆**

မြန်မာရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများကို နိုင်ငံတကာအဆင့်မီ ကိုယ်ပိုင်ဖန်တီးရိုက်ကူးမှု ဖြစ်စေရန်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ အလွှာအလိုက် ရုပ်ရှင်အလုပ်ရုံဆွေးနွေးပွဲများကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကျင်းပနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ပြောသည်။

"ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေ ကိုယ်တိုင်နိုင်ငံခြားကားတွေကို မှီငြမ်းရိုက်ကြတယ်။ ဒါပေမဲ့ နောင်တစ်ချိန်မရတော့ဘူး။ ၂၀၁၅ မူပိုင်ခွင့် ဥပဒေပေါ်ပေါက်လာရင် ကျွန်တော်တို့ ဒီလိုတွေ ကူးရိုက်လို့ မရတော့ဘူး။ အဲဒီအချိန်မှာ ဇင်ဝိုင်းက သွားကူးရိုက်ရင် လျော်လိုက်တော့၊ သန်းနဲ့ချီပြီးတော့။ သူ့ဥပဒေအရ ပေးလျော်ရမယ့် ငွေကြေးပမာဏက သန်းနဲ့ချီရှိတယ်။ ဒါကြောင့် ဒါတွေကိုလည်း တဖြည်းဖြည်းသန့်စင်သွားမယ်။ အခု အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်နေတယ်။ ကိုယ်ပိုင်ဖန်တီးမှုဖြစ်ဖို့ စလုပ်နေပါပြီ" ဟု ဦးဇင်ဝိုင်းက ပြောသည်။

ယင်းသို့ ဇာတ်လမ်း ဇာတ်ညွှန်းပိုင်းဆိုင်ရာ ဖန်တီးတပ်ဆင်မှုများ ကိုယ်ပိုင်ဖန်တီးမှုစစ်စစ်ဖြစ်လာစေရန် ရုပ်ရှင်အစည်းအရုံးမှ ဦးဆောင်ပြုလုပ်နေခြင်းနှင့်ပတ်သက်၍ ဇာတ်ညွှန်းရေးဆရာတစ်ဦးက "ကိုယ်ပိုင်ဖန်တီးမှုနဲ့ ဖြစ်လာဖို့ ဒီလို လုပ်ရပ်တွေ လုပ်တာ ကောင်းပါတယ်။ ဒါပေမဲ့ နိုင်ငံခြားကားတွေကို မှီငြမ်းရတာလည်း အရမ်း လွယ်လင့်တကူတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ မြန်မာမှုမြန်မာဟန်နဲ့ ကိုယ်တတ်နိုင်တဲ့ ငွေကြေးပေါ်မူတည်ပြီး ဖန်တီးကြရတာပါ။ ရေရှည်ကတော့ ကိုယ်ပိုင်ဇာတ်လမ်း ဖန်တီးရမယ်ဆိုတာ လက်ခံပါတယ်။ မူပိုင်ခွင့်ရှိလာတဲ့အခါမှာ အနုပညာလောကမှာ ကိုယ်ပိုင်ဖန်တီးမှုနဲ့ပဲ ရပ်တည်ရတာ ပိုကောင်းပါတယ်"ဟု ၎င်း၏အမြင်ကို ပြောသည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ဦးဆောင်ကျင်းပနေသော ယင်းအလုပ်ရုံဆွေးနွေးပွဲများသို့ စိတ်ပါဝင်စားသူ အနုပညာရှင်မည်သူမဆို ဆက်သွယ်တက်ရောက်နိုင်ကြောင်း အစည်းအရုံးက ထုတ်ပြန်ထားသည်။




■ သရုပ်ဆောင်သစ် တက်နေနှင့် ဝါရင့်သရုပ်ဆောင်များ တွဲဖက်ရိုက်ကူးမည့် 'လက်ခုပ်ထဲက လမင်း' ဒီဗီဒီဇာတ်ကားကို ဒါရိုက်တာဇန်းကြီး (မောင်အောင်-ရူပဗေဒ)က ရိုက်ကူးနေပြီဖြစ်သည်။ ထိုဇာတ်ကားတွင် လူမင်း၊ ရဲအောင်၊ ဝတ်မှုံရွှေရည်၊ မေသဥ္ဇာဦး၊ ဟိန်းမင်း၊ မျိုးမျိုးခိုင်၊ ဟေတု၊ ပိုင်ခန့်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။ သစ္စာမြိုင်ဗီဒီယို ထုတ်လုပ်ရေးမှ သရုပ်ဆောင်သစ် တက်နေကို ပွဲထုတ်ရိုက်ကူးခြင်းဖြစ် သည်။

■ နှစ်စဉ် ကျင်းပနေကျဖြစ်သော The Rich Gems ၏ 'Dressed To The Nines' အမည်ရှိ Show ပွဲကို စက်တင်ဘာ ၁၈ ရက်တွင် The Strand Hotel ၌ ကျင်းပမည်ဖြစ်သည်။ ထိုပွဲတွင် မော်ဒယ်လ်များ၊ သရုပ်ဆောင်များက The Rich Gems လက်ဝတ်ရတနာ ဒီဇိုင်းသစ်များ ဝတ်ဆင်ပြသမည်ဖြစ်သည်။

## စာ-၄၇၊ အမည်မည်းစာရင်းတွင် အနုပညာရှင် သုံးဦးပါဝင်နေ မှ

မြန်မာနိုင်ငံသား အမည်မည်းစာရင်းတွင် ပါဝင်ထားပြီး လတ်တလော မြန်မာနိုင်ငံသို့ ဒီဇင်ဘာလ ပထမပတ်အတွင်း ပြန်လည်ရောက်ရှိရန် စီစဉ်နေသူ အင်္ဂလန်နိုင်ငံ၌ နေထိုင်နေသည့် ဒေါ်မာမာအေးကလည်း ၎င်း၏အမည် ယခုစာရင်းတွင် ပါဝင်နေခြင်းကို မသိရှိပါကြောင်း ၎င်း၏မိသားစုဝင်တစ်ဦးထံ ဆက်သွယ်ပြောကြားခဲ့ကြောင်း သိရ သည်။

"ဒီစာရင်းထွက်လာတော့ မေမေနဲ့ဖုန်းပြောဖြစ်တဲ့အခါ မေမေကိုယ်တိုင်ကလည်း သူ့ကိုယ်သူ မထင်ဘူး။ ဒါပေမဲ့ အခုအဆိုတော်မာမာအေးဆိုပြီး သတင်းထွက်လာတာကို တစ်ဖက်ကလည်း ပြန်မရှင်းဘူးဆိုတော့ မေမေလို့ပဲ ယူဆရမှာပေ့ါ။ မေမေကတော့ ဒီဇင်ဘာလ ပထမပတ်အတွင်း ဒီကိုပြန်လာနိုင်အောင် ကြိုးစားနေပါတယ်" ဟု ဒေါ်မာမာအေး၏ သမီးဖြစ်သူ ဒေါ်အေးလွင်လွင်ဦးက ပြောသည်။

သရုပ်ဆောင်တစ်ဦးဖြစ်သူ ရဲမင်းပိုင်မှာမူ ယခုလက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ နေထိုင်နေခြင်းမရှိဘဲ ၎င်းမှာ ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည်များစခန်းတွင် ကာလအတန်ကြာ နေထိုင်ခဲ့ဖူးသူလည်းဖြစ်ကြောင်း သိရသည်။

"နယ်စပ်မှာ ရှိုးပွဲတစ်ခုသွားဆိုတုန်းက မဲဆောက်ဈေးဘက်ခဏကူးပြီး ဈေးသွားဝယ်တုန်းက သူနဲ့ဆုံခဲ့ဖူးတယ်"ဟု လွန်ခဲ့သည့် သုံးနှစ်ခန့်က ထိုင်း မြန်မာနယ်စပ်မြို့တစ်မြို့တွင် စတိတ်ရှိုးသွားရောက် သီဆိုခဲ့သည့် အဆိုတော်တစ်ဦးက ရဲမင်းပိုင်နှင့် တွေ့ဆုံခဲ့ခြင်းကို ပြန်လည်ပြောပြသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Possession | Lionsgate | ၂၁,၀၇၈,၈၀၀ | ၁ |
| ၂။ | Lawless | The Weinstein | ၁၅,၀၁၅,၀၀၀ | ၁ |
| ၃။ | The Expendables 2 | Lionsgate | ၆၈,၈၁၄,၁၀၀ | ၃ |
| ၄။ | The Bourne Legacy | Universal Pic: | ၉၈,၃၁၃,၂၀၀ | ၄ |
| ၅။ | ParaNorman | Focus Features | ၄၀,၄၄၈,၀၀၀ | ၃ |
| ၆။ | The Odd Life of Timothy Green | Walt Disney Pic: | ၃၈,၄၄၁,၆၀၀ | ၃ |
| ၇။ | The Dark Knight Rises | Warner Bros. | ၄၃၃,၃၁၁,၀၀၀ | ၇ |
| ၈။ | 2016 Obama's America | Rocky Mountain | ၂၀,၆၈၅,၂၀၀ | ၈ |
| ၉။ | The Campaign | Warber Bros. Pic: | ၇၄,၇၈၃,၉၀၀ | ၄ |
| ၁၀။ | Hope Springs | Sony Pic:& MGM | ၅၃,၅၀၀,၄၀၀ | ၄ |

# Movie Review

## Arbitrage




နယူးယောက်မြို့မှ အသက် ၆၀ အရွယ်ငွေရှင်ကြေးရှင်လုပ်ငန်းရှင်ကြီးကို အပေါ်ယံကြည့်လိုက်လျှင် မိသားစုနှင့် အောင်မြင်သောလုပ်ငန်းရှင်ကြီးဟု မြင်စရာရှိသည်။ သို့သော် ရောဘတ်မင်လာ၏ ရွှေရောင်တောက်နေသော အိမ်ကြီး၏နောက်ကွယ်တွင် လျှို့ဝှက်ချက်များစွာ ရှိသည်။ သူ၏ ရှယ်ယာကုမ္ပဏီ အရှုပ်တော်ပုံ လူသိရှင်ကြားမဖြစ်မီ မင်လာက သူ့ကုမ္ပဏီကို ဘဏ်တစ်ခုထံ ရောင်းချရန် ကြိုးစားနေသည်။ သူ့အရှုပ်တော်ပုံကို မိန်းမနှင့်သမီးဖြစ်သူ မသိရှိအောင် ဖုံးကွယ်နေစဉ်မှာပင် ပြင်သစ်သူလေးနှင့် ခြေပုန်းခုတ်နေသူ မစ္စတာရောဘတ်မှာ သူ့အကြောင်းသိသူတစ်ယောက်နှင့် သူ့လုပ်ငန်းကို မသက်ာဖြစ်နေသော စုံထောက်တစ်ယောက်နှင့်လည်း ဆက်ဆံနေရရာ မစ္စတာရောဘတ်တစ်ယောက်ကိုင်တွယ်နိုင်မည်လားဆိုတာ။

Richard Gere, Susan Sarandan, Brit Marling, Laetitia Casta တို့ပါဝင်သရုပ်ဆောင်ထားသော ဒရာမာဇာတ်ကားအား Nick Jaracki ကရိုက်ကူးထားပြီး Lionsgate ကုမ္ပဏီက စက်တင်ဘာ ၁၄တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# တတိယမြောက် ချန်ပီယံဆုအတွက် ကြိုးစားမည့် မြန်မာအမျိုးသမီးအသင်း

ဗိုလ်ဗိုလ်ဝင်း

၂၀၁၂ခုနှစ် အာဆီယံအမျိုးသမီး ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ (AFF Women's Championship 2012)ကို စက်တင်ဘာ ၁၃ ရက်မှ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တွင် ကျင်းပသွားမည်ဖြစ်ရာ မြန်မာအမျိုးသမီး လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(က)တွင် အိမ်ရှင်ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်အသင်းများနှင့် ကျရောက်လျက်ရှိပြီး အုပ်စု(ခ)တွင်မူ လက်ရှိချန်ပီယံ ထိုင်း၊ မလေးရှား၊ လာအို အသင်းများ ပါဝင်လျက်ရှိသည်။ အဆိုပါ အုပ်စုတွင် မူလက အင်ဒိုနီးရှားအသင်းပါဝင်သော်လည်း ပြိုင်ပွဲမတိုင်မီ နုတ်ထွက်သွားသောကြောင့် သုံးသင်းသာ ကျန်ရှိတော့ခြင်း ဖြစ်သည်။

အာဆီယံဒေသများတွင် ထိပ်တန်းနေရာ တစ်ခုရရှိထားသော မြန်မာအမျိုးသမီးအသင်းသည် ယင်းပြိုင်ပွဲတစ်လျှောက်တွင် နှစ်ကြိမ်ဗိုလ်စွဲထားကာ ဦးဆောင်ထားပြီး ထိုင်း၊ ဗီယက်နမ်၊ ဩစတြေးလျအသင်းများက တစ်ကြိမ်စီ ဗိုလ်စွဲထားသည်။

ယခုနှစ်ပြိုင်ပွဲတွင်လည်း ထိုင်း၊ ဗီယက်နမ်၊ မြန်မာအသင်း သုံးသင်းသာ ဗိုလ်စွဲရန်အတွက် ရေပန်းစားနေပြီး အဆိုပါ သုံးသင်းထဲမှသာ ချန်ပီယံအသင်း ပေါ်ထွက်လာဖွယ်ရှိနေသည်။ အုပ်စုခွဲဝေမှု အနေအထားအရ မြန်မာအသင်းသည် အုပ်စုပထမနေရာရရှိမှသာ အခြားအုပ်စုပထမနေရာ သေချာနေသည့် ထိုင်းအသင်းကို ရှောင်လွှဲနိုင်မည်ဖြစ်ပြီး ဗိုလ်လုပွဲသို့ သွားရာလမ်းကြောင်းသည် ပိုမိုဖြောင့်ဖြူးနိုင်ဖွယ်ရှိနေသည်။

မြန်မာအသင်းအနေဖြင့် အိမ်ရှင်ဗီယက်နမ်အသင်းကို အသာရရှိနိုင်ရန် ခက်ခဲစွာကြိုးစားရဖွယ်ရှိနေပြီး အုပ်စုပထမနေရာအတွက် ဗီယက်နမ်နှင့် ရင်ဆိုင်ရမည့် အုပ်စုနောက်ဆုံးပွဲစဉ်က အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

| မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း | |
|---|---|
| ဂိုး | - မေခင်ယမင်း၊ ဇာဇာမြင့်၊ သင်းသင်းစိုး |
| နောက် | - ခင်သန်းဝေ၊ မြင့်မြင့်အေး၊ စန်းစန်းမော်၊ နှင်းနှင်းဝေ၊ ဇာခြည်ဦး၊ စုစုဝေ၊ အေးအေးမာ၊ သီတာဦး၊ ရွှေစင်အောင်၊ မိုးမိုးဝါ။ |
| လယ် | - နီလာမြင့်၊ လှယဉ်ဝင်း၊ သန္တာမိုး၊ ခင်မိုးဝေ၊ သန်းသန်းထွေး၊ |
| ရှေ့ | - ဇင်မာဝင်း၊ ခင်မာလာထွန်း၊ ရီရီဦး၊ ဖူးပွင့်ခိုင်၊ ခင်နွေးနွေးရွှေ၊ မေသူကျော်။ |



အဆိုပါပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် စက်တင်ဘာလ ၁ ရက်မှ ၁၀ ရက်အထိ ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၌ နေထိုင်လေ့ကျင့်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းအား လက်ရှိနည်းပြချုပ်တာဝန်ရှိယူနေသည့် ဂျပန်လူမျိုး ကူမာဒါက "ဂျပန်လို ဘောလုံးအဆင့်မြင့်တဲ့ နိုင်ငံမှာ ပြိုင်ပွဲမတိုင်ခင် ခြေစမ်းလေ့ကျင့်ရမှာဖြစ်တဲ့အတွက် အကျိုးရှိစေမှာပါ။ လက်ရှိအချိန်မှာ ဂျပန်ကစားသမားတွေနဲ့ မယှဉ်ပြိုင်နိုင်သေးပေမယ့် အာဆီယံအသင်းတွေကိုတော့ ကောင်းကောင်းယှဉ်နိုင်မှာပါ" ဟု ဆိုသည်။

ထို့ပြင် ၎င်းက မြန်မာကစားသမားများ၏ ဘောလုံးအဆင့်အတန်း မနိမ့်ပါကြောင်း၊ ဘောလုံးနှင့်အတူ လှုပ်ရှားကစားပုံအားနည်းချက်ရှိနေခြင်းဖြစ်ကြောင်း ဘောလုံးနှင့် တစ်ပါတည်း လှုပ်စားကစားပုံ ကောင်းစေချင်ကြောင်း သို့အတွက် ပြင်ဆင်လေ့ကျင့်နေကြောင်း ဆက်လက်ပြောကြားသည်။

| မြန်မာအသင်းပွဲစဉ်များ | |
|---|---|
| ၁၃-၉-၂၀၁၂ | မြန်မာ - ဖိလစ်ပိုင် |
| ၁၅-၉-၂၀၁၂ | မြန်မာ - စင်ကာပူ |
| ၁၇-၉-၂၀၁၂ | မြန်မာ -ဗီယက်နမ် |


"လက်ရှိလက်ရွေးစင် အမျိုးသမီးအသင်းမှာ အတွေ့အကြုံရှိ လူဟောင်းနဲ့ လူငယ်မျိုးဆက်သစ်အများစုနဲ့ ဖွဲ့စည်းထားတာ တွေ့ရပါတယ်။ လူဟောင်းတွေကလည်း သူတို့အတွေ့အကြုံပိုင်းနဲ့ ထိန်းဖို့အတွက် လိုအပ်ပြီး လူငယ်လေးတွေကလည်း ကြိုးစားကစားမယ်ဆိုရင် အသင်းက ပိုကောင်းလာမှာပါ။ ကျွန်တော်ကိုင်တဲ့ လက်ထက်ကတည်းကလည်း လူငယ်တွေကို လူကြီးတွေနဲ့ ဆွဲတင်လာတာပါ။ အဲဒီအချိန်တုန်းက လူငယ်တွေက ခုဆိုအသင်းရဲ့ အမာခံ ကစားသမားတွေ ဖြစ်နေပါပြီ" ဟု မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းကို ၂၀၀၆ မှ ၂၀၁၁ အထိ ကိုင်တွယ်ခဲ့သည့် ယခင်နည်းပြချုပ်ဟောင်းဦးအေးကြူကြီးက သုံးသပ်သည်။

သို့သော် လက်ရှိဒေသတွင်း နိုင်ငံများတွင် ထိပ်သီးအဆင့်ရှိနေသော မြန်မာအမျိုးသမီး ဘောလုံးအားကစားအားထောက်ပံ့အားပေးမှု အပိုင်းများတွင်မူ အားရမှုမရှိသေးကြောင်း အားကစားကျွမ်းကျင်သူများနှင့် ပရိသတ်များက သုံးသပ်ပြောကြားသည်။

"လက်ရှိ ပြည်တွင်းမှာ အမျိုးသားဘောလုံးနဲ့ပတ်သက်ပြီး ငွေကြေး မြောက်မြားစွာ အကုန်ကျခံပြုလုပ်နေကြတာတော့တွေ့ရပါတယ်။ မအောင်မြင်သေးပါဘူး၊ လုပ်ပါ၊ ဒါပေမဲ့ အာဆီယံမှာ လက်ရှိ ထပ်သီးအဆင့်ရှိပြီး ပြိုင်ဘက်တွေက လေးစားတဲ့ မြန်မာအမျိုးသမီးဘေလုံးအာကစားနဲ့ လုပ်ဆောင်တာတွေကျတော့အားနည်းတာကိုတွေ့ရပါတယ်။ မြန်မာအမျိုးသမီး ကစားသမားတွေဟာ ပြိုင်ပွဲတိုင်းမှာ စိတ်ဓာတ်အကောင်းဆုံးနဲ့ ယှဉ်ပြိုင်ခဲ့ကြတာပါ။ အဲလိုမျိုးပုံစံက အမျိုးသားအသင်းမှာတောင်အမြဲတမ်းမတွေ့ရပါဘူး"ဟု ပရိသတ်တစ်ဦးဟု ပြောသည်။

ယခင်က ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် သက်တမ်းအလိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့သော်လည်း ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်တို့တွင် မတွေ့တော့ကြောင်း၊ အောက်ခြေမှ မျိုးဆက်သစ်များ ထွက်ပေါ်လာနိုင်သည့် ပြိုင်ပွဲများ မရှိပါက အောင်မြင်နိုင်မည်မဟုတ်ကြောင်း၊ အထူးသဖြင့် နိုင်ငံအတွက် အားထားရသည့် မြန်မာအမျိုးသမီး ဘောလုံးအားကစားနည်းအတွက် ပိုမိုဂရုစိုက်သင့်ကြောင်း အားကစားလေ့လာသုံးသပ်သူတစ်ဦးက ဆိုသည်။

စာ(၅၂)



# ပရိသတ်အချို့စည်းကမ်းမဲ့အားပေးမှုကြောင့် ဘောလုံးအဖွဲ့ချုပ် ကန်ဒေါ်လာနှစ်သောင်းကျော် ပြစ်ဒဏ်ချခံရ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ - ၆**

အာရှဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ရန်ကုန်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် အာရှယူ-၂၂ ခြေစစ်ပွဲစဉ်များ၌ ပရိသတ်အချို့ စည်းကမ်းမဲ့ အားပေးမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား စုစုပေါင်း ကန်ဒေါ်လာနှစ်သောင်းရှစ်ထောင် ဒဏ်ငွေပြစ်ဒဏ် ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

အဆိုပါခြေစစ်ပွဲ အုပ်စု(ဆ) ပွဲစဉ်များအနက် မြန်မာအသင်း ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် ပရိသတ်အားပေးမှု အထူးများပြားခဲ့ပြီး တစ်ပွဲလျှင် ကွင်းအတွင်းသို့ပရိသတ်ဦးရေနှစ်သောင်းဝန်းကျင်ခန့် လာရောက်အားပေးခဲ့ကြသည်။

ယင်းပွဲစဉ်များတွင် ပရိသတ်အချို့အနေဖြင့် ကွင်းအတွင်းသို့ အရာဝတ္ထုများ ပစ်ပေါက်ခြင်း၊ မီးရှူးများဖြင့် အားပေးခြင်း၊ သတ်မှတ်နေရာများအား ကျော်လွန်၍ အားပေးခဲ့ခြင်းများကြောင့် အရေးယူခံရခြင်းဖြစ်ကြောင်းနှင့် ထိုပြစ်ဒဏ်များအတွက် အယူခံလွှာတင်သွင်းရန် အစီအစဉ်မရှိကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကပြောသည်။

အာရှဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ယူ-၂၂ ခြေစစ်ပွဲစဉ်များအတွင်း ရန်ကုန်မြို့တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ပြိုင်ပွဲကြီးကြပ်သူများ၏ အစီရင်ခံစာများကို ကြည့်ရှုစစ်ဆေးကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ဒဏ်ငွေများချမှတ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ပြစ်ဒဏ်ချမှတ်မှုများအရ မြန်မာ-ဖိလစ်ပိုင်ပွဲစဉ်တွင် ပွဲကြည့်စင်၌ မီးရှူးများ ထွန်းညှိအားပေးခြင်း၊ ကွင်းအတွင်း ကျောက်ခဲများကျရောက်ခြင်းတို့ကြောင့် ဒဏ်ငွေ ကန်ဒေါ်လာတစ်သောင်း၊ မြန်မာ-ဗီယက်နမ်နှင့် မြန်မာ-တောင်ကိုရီးယားပွဲစဉ်များတွင် မီးရှူးများ ထွန်းညှိမှုတို့ကြောင့် တစ်ပွဲလျှင် ဒဏ်ငွေ ကန်ဒေါ်လာငါးထောင်စီ ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ထို့အပြင် အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်သည့် မြန်မာနှင့်မလေးရှားပွဲစဉ်တွင်လည်း မီးရှူးများထွန်းညှိအားပေးခြင်းနှင့် ဆောက်လက်စပွဲကြည့်စင်နေရာများအထိတက်ရောက်အားပေးခဲ့ခြင်းတို့ကြောင့် ဒဏ်ငွေ ကန်ဒေါ်လာရှစ်ထောင် ပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာ-အိုမန်ပွဲစဉ်တွင် ပရိသတ်များက အရာဝတ္ထုမျိုးစုံဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ပွဲရပ်ဆိုင်းခဲ့ရပြီး နောက်ဆက်တွဲအဖြစ် ဖီဖာက မြန်မာအသင်းအား ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့် ပိတ်ပင်ခဲ့သည့်အပြင် ဆွစ်ဖရန့်ငွေ ၂၅,၀၀၀ (ဒေါ်လာ ၂၇,၇၀၀)ဒဏ်ကြေးပေးဆောင်ရန်ပြစ်ဒဏ်ချမှတ်ခဲ့သည်။ သို့သော် အဖွဲ့ချုပ်က ဖီဖာသို့အယူခံဝင်ခဲ့ရာ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲကို(ကြားကွင်း)ပြန်လည်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

ထို့ကြောင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် တစ်နှစ်ကျော် (၁၃ လ) ကာလအတွင်း အားပေးသူ ပရိသတ်များနှင့်ပတ်သက်၍ ဒုတိယအကြိမ် ပြစ်ဒဏ်ချမှတ်ခံရခြင်းဖြစ်သည်။

"အားကစားပြိုင်ပွဲတစ်ခုမှာ ပရိသတ်အားပေးမှုဆိုတာ လိုအပ်ပါတယ်။ ပြီးခဲ့တဲ့ ယူ-၂၂ ပွဲစဉ်တွေမှာဆို ပရိသတ်အများစုအားပေးမှု စည်းကမ်းရှိကြပေမယ့် တချို့ပရိသတ်အနည်းစုက အားပေးမှုလွန်ကဲတာကြောင့် အခုလိုဒဏ်ငွေပြစ်ဒဏ် ချမှတ်ခြင်းခံရတာပါ။ ဒါပေမဲ့ အဲလိုမျိုး အမြဲတမ်းပြစ်ဒဏ်တွေ ချမှတ်ခံရမယ်ဆိုရင်တော့ မကောင်းပါဘူး။ နောက်ပိုင်း ကွင်းပိတ်ကစားရတာတို့၊ အိမ်ရှင်ကျင်းပခွင့်တွေ ပိတ်ပင်ခံရတာမျိုးတို့ဖြစ်လာနိုင်တယ်။ ဒါကြောင့် နောက်လာမယ့်ပွဲစဉ်တွေမှာပရိသတ်တွေအနေနဲ့စည်းကမ်းတကျ အားပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်"ဟု အဖွဲ့ချုပ် တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၂ ဆူဇူကီးဖလား ခြေစစ်ပွဲစဉ်များကို လာမည့် အောက်တိုဘာ ၅ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ ယင်းပွဲစဉ်များ၌ လာရောက်အားပေးသည့် ပရိသတ်များအနေဖြင့် ပိုမိုစနစ်တကျ အားပေးနိုင်ရန် ပညာပေးအစီအစဉ်များကို ယခင်ကထက် ပိုမိုလုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အာဆီယံဆူဇူကီးဖလားပွဲဝင်မည့် ပဏာမလက်ရွေးစင်အသင်းတွင် ကျော်ကိုကို ပြန်ပါလာ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ - ၅**

အာဆီယံဆူဇူကီးဖလားခြေစစ်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပဏာမမြန်မာ့လက်ရွေးစင်အသင်းကို ဖွဲ့စည်းခဲ့ရာ ဒဏ်ရာကြောင့်အနားယူနေရသည့် တိုက်စစ်မှူးကျော်ကိုကိုပြန်လည်ပါဝင်လာကြောင်း သတင်းရရှိသည်။

ကျော်ကိုကိုသည် ပဏာမလူစာရင်းတွင်ပြန်လည်ပါဝင်လာသော်လည်း ပြီးခဲ့သည့် အာရှယူ-၂၂ ခြေစစ်ပွဲတွင် ရရှိခဲ့သော တံကောက်ကြောဒဏ်ရာကြောင့် အနားယူနေရသူဖြစ်ပြီး လက်ရှိအချိန်တွင်လည်း ၎င်းဒဏ်ရာအခြေအနေတိုးတက်မှုမှာ နှေးကွေးနေသည်ဟု ထင်မြင်မိကြောင်းနှင့် ရာခိုင်နှုန်းပြည့် လေ့ကျင့်နိုင်ခြင်း မရှိသေးကြောင်း ၎င်းက ပြောသည်။



ထို့အပြင် မြန်မာအသင်း၏ ရှေ့တန်းတွင် အားထားနေရဆဲဖြစ်သည့် တိုက်စစ်မှူး ရန်ပိုင်နှင့် အဓိကကစားသမား ကျော်ဇေယျာဝင်းတို့သည်လည်း မြန်မာလိဂ်ပွဲစဉ်များတွင် ပေါင်ကြွက်သားဒဏ်ရာများရရှိထားသည်။

ထို့ကြောင့် ယခုဖွဲ့စည်းလိုက်သည့် ပဏာမလူစာရင်းတွင် အဓိက တိုက်စစ်မှူးများ အနေဖြင့် ဒဏ်ရာပြဿနာများရင်ဆိုင်နေရပြီး ခြေစစ်ပွဲမတိုင်မီပြန်လည်ကောင်းမွန်လာခြင်းမရှိပါက အရန်တိုက်စစ်မှူးများ၏ ခြေစွမ်းကို မြန်မာနည်းပြအဖွဲ့အားထားရဖွယ်ရှိနေသည်။

လက်ရှိဖွဲ့စည်းလိုက်သည့် ပဏာမအသင်းတွင် ပြီးခဲ့သည့် MNL All Star အသင်းနှင့် ခြေစမ်းပွဲအတွက် ရွေးချယ်ထားသည့် ကစားသမား ၂၈ ဦးစာရင်းမှ ၂၂ ဦးပြန်လည်ပါဝင်လာပြီး စိုးမြတ်သူ၊ အောင်ချမ်းမိုး၊ နန္ဒလင်းကျော်ချစ်၊ မျိုးဇော်ဦး၊ လှအေးထွေးနှင့် ထွန်းလင်းစိုး (ဂိုး) တို့ ပါဝင်လာခြင်းမရှိပေ။ ထပ်မံရွေးချယ်ခံရသူများမှာ ကျော်ကိုကို၊ မင်းမင်းသူ၊ နိုင်လင်းဦးနှင့် ညီညီမင်းတို့ဖြစ်ကြသည်။

ပဏာမလူစာရင်းတွင် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ရန်ကုန်ယူနိုက်တက်အသင်းမှ ကစားသမားကိုးဦးအထိ အများဆုံးပါဝင်ခဲ့ပြီး ရတနာပုံအသင်းမှ လေးဦး၊ ဇေယျာရွှေမြေနှင့် ရောဝတီယူနိုက်တက်တို့မှ သုံးဦးစီ၊ ကမ္ဘောဇအသင်းနှင့် မကွေးအသင်းတို့မှ နှစ်ဦးစီနှင့် ဟံသာဝတီ၊ နေပြည်တော်နှင့် မနောမြေအသင်းတို့မှ တစ်ဦးစီပါဝင်သည်။

ခြေစစ်ပွဲဝင် မြန်မာအသင်းကိုအာရှယူ-၂၂ ခြေစစ်ပွဲအောင်မြန်မာလူငယ်အသင်းအား ကိုင်တွယ်ခဲ့သည့် အုပ်ချုပ်နည်းပြအဖွဲ့ဝင်များက ဆက်လက်တာဝန်ယူမည်ဖြစ်ပြီး ယခုလ ၁၈ ရက်မှ ၂၈ ရက်အထိ ဂျပန်နိုင်ငံသို့ သွားရောက်ကာ ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထပ်မံသိရှိ ရသောသတင်းများအရ မြန်မာအသင်းနည်းပြပတ်ဆောင်ဟွာသည် ကမ္ဘောဇ- ဖွဲ့ကပင် ပွဲစဉ်တွင် ခြေစွမ်းပြခဲ့သော ကမ္ဘောဇအသင်း တိုက်စစ်မှူး စိုးမင်းဦးအားပဏာမအသင်းတွင်ထပ်မံအားဖြည့်ရွေးချယ်ခဲ့ကြောင်း သတင်းရရှိ သည်။

ထို့ကြောင့် လက်ရှိ ပဏာမမြန်မာ့လက်ရွေးစင်အသင်းတွင် ကစားသမား စုစုပေါင်း ၂၇ဦး ရှိသွားပြီဖြစ်သည်။

**ပဏာမမြန်မာ့လက်ရွေးစင်အသင်း**

**ဂိုး** - သီဟစည်သူ၊ ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်

**နောက်** - သိန်းသန်းဝင်း၊ ပြည့်ဖြိုးအောင်၊ ဇော်မင်းထွန်း၊ မိုးဝင်း၊ အောင်သိုက်၊ အောင်ဇော်၊ ရန်အောင်ဝင်း၊ သက်နိုင်၊ အောင်ဟိန်းကျော်

**လယ်** - ပိုင်စိုး၊ ခင်မောင်လွင်၊ နိုင်လင်းဦး၊ ရဲဇော်ထက်အောင်၊ ရန်အောင် ကျော်၊ ကြည်လင်း၊ ဒေးဗစ်ထန်း၊ ညီညီမင်း၊ မင်းမင်းသူ

**ရှေ့** - ရန်ပိုင်၊ ရာဇာဝင်းသိန်း၊ ကျော်ဇေယျာဝင်း၊ ကောင်းစည်သူ၊ ကျော်ကိုကို၊ စိုးမင်းဦး



7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

## စာ(၅၀) - တတိယမြောက် ချန်ပီယံဆုအတွက် ကြိုးစားမည့် မြန်မာအမျိုးသမီးအသင်း မှ

“ပြည်နယ်တိုင်းဘောလုံးအဖွဲ့ချုပ်တွေနဲ့ တာဝန်ရှိသူတွေကလည်း အမျိုးသမီးတွေ ဘောလုံးအားကစားနည်းကို စိတ်ဝင်စားဖို့ ဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပြီး ဝန်ကြီးဌာနအသင်းတွေ၊ အားလုံးဝိုင်းဝန်းဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ အဖွဲ့ချုပ် ဥက္ကဋ္ဌအနေနဲ့လည်း နောက်နှစ်မှာ အားကစားဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး သက်တမ်းအလိုက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွေ လုပ်ဖို့ စီစဉ်နေပါပြီ။ နောက် အမျိုးသမီးလိဂ်ပြိုင်ပွဲလုပ်ဖို့လည်း အစီအစဉ်ရှိပါတယ်” ဟု ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူတစ်ဦးက ဆိုသည်။ လက်ရှိတွင် အားကစားဝန်ကြီးဌာနအနေဖြင့်လည်း နေပြည်တော်တွင် အမျိုးသမီးဘောလုံးအားကစားသမားများကို စခန်းသွင်းလေ့ကျင့်လျက်ရှိကြောင်းလည်း သိရသည်။


ထိုင်းနှင့် ဗီယက်နမ်အသင်းများအနေဖြင့် ပြင်ဆင်မှုအားကောင်းကြောင်း၊ သက်တမ်းအလိုက် ပြိုင်ပွဲများလည်း အဆက်မပြတ် ပြုလုပ်ပေးထားကြောင်း၊ မြန်မာနိုင်ငံတွင်လည်း အမျိုးသမီးဘောလုံးပြိုင်ပွဲများ စနစ်တကျပေါ်ပေါက်လာစေရန် မျှော်လင့်ကြောင်း အားကစားလေ့လာသုံးသပ်သူတစ်ဦးကလည်း ဆိုသည်။

“ဗီယက်နမ်နိုင်ငံရဲ့ပြည်တွင်းလိဂ်အမျိုးသမီးပြိုင်ပွဲတစ်ခုကို သွားကြည့်ဖူးပါတယ်။ စနစ်ကျပြီး အဆင့်မြင့်တာကို တွေ့ရပါတယ်။ နောက်သူတို့ဆီမှာ သက်တမ်းအလိုက် ပြိုင်ပွဲတွေကို ပြုလုပ်ပေးပြီး အသင်းတွေကိုလည်း နှစ်လုံးပေါက်စခန်းသွင်းလေ့ကျင့်ပေးထားတာ တွေ့ရပါတယ်” ဟု ယခင်မြန်မာအမျိုးသမီးလက်ရွေးစင်အသင်း တိုက်စစ်မှူးဟောင်း ဇင်မာဝမ်းက ပြောသည်။

လက်ရှိ အမျိုးသမီး လက်ရွေးစင်အသင်း၌ အခြားနေရာများတွင် အတွေ့အကြုံရှိ လူဟောင်းများနှင့် လူငယ်များ ထိန်းညှိကစားနိုင်သော်လည်း ရှေ့တန်းနေရာတွင်မူ လူငယ်များသာဖြစ်သည့်အတွက် အားနည်းမှုရှိနိုင်ကြောင်း ပရိသတ်တစ်ဦးက သုံးသပ်သည်။

“လက်ရှိ ရှေ့တန်းမှာ ခင်မာလာထွန်း တစ်ယောက်တော့ အရင်လူဟောင်းပေါ့။ ကျန်တာ လူငယ်တွေများတယ်။ ကြည့်မိသလောက်တော့ ဂိုးဖန်တီးနိုင်မှုနဲ့ ဂိုးရရှိဖို့ အဆုံးသတ်ပိုင်းတွေမှာ အားနည်းနေတယ်။

စာ(၄၀)




## စနေ၊ တနင်္ဂနွေမှာ ကြည့်ရမယ့် ဥရောပ ထိပ်သီးလိဂ်သုံးခုမှ စိတ်ဝင်စားဖွယ် ပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ်စနေ၊ တနင်္ဂနွေမှာ ဥရောပလိဂ်ပြိုင်ပွဲတွေက ပွဲကြီးပွဲကောင်းတွေကို ပြန်လည်ရှုစားရတော့မှာပါ။ ဒါ့ကြောင့်ပရီးမီးယားလိဂ်၊ လာလီဂါနဲ့ စီးရီးအေတို့က စိတ်ကြိုက်ပွဲစဉ်တွေကို ဖော်ပြပေးလိုက်ပါတယ်။

### ပရီးမီးယားလိဂ်

**စက်တင်ဘာ ၁၅၊ စနေ။**

**အာဆင်နယ် - ဆောက်သမ်ပ်တန်**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - မရှိ

ဒီတစ်ပွဲတော့ အိမ်ရှင်အာဆင်နယ်နိုင်ဖို့ရှိပါတယ်။ တန်းတက်ဆောက်သမ်ပ်တန်အနေနဲ့ ပထမနှစ်ပွဲ ဆက်တိုက်ရှုံးခဲ့ပြီးနောက် အသင်းလိုက်အားနည်းမှုတွေပြင်ရမှာပါ။ အာဆင်နယ် နှစ်ဂိုးလောက်ရနိုင်ပါတယ်။

**မန်ယူ - ဝီဂန်**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၅-၀

မန်ယူတို့ သတိထားကစားရပါမယ်။ ဗန်ပါစီကို ရှေ့တန်းမှာ ဆက်လက်အားကိုးရဖွယ်ရှိပြီး အိမ်ကွင်းနိုင်ပွဲ ကျိန်းသေရသင့်တဲ့ပွဲပါ။ ဒါပေမဲ့ မန်ယူတို့ ဂိုးနည်းနည်းနဲ့ပဲ နိုင်ဖို့များနေတယ်။

**ကျူပီအာ - ချယ်လ်ဆီး**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၁-၀

လူသိနည်းတဲ့လန်ဒန်ဒါဘီပါပဲ။ မနှစ်က ကျူပီအာတို့ အိမ်ကွင်းမှာ ချယ်လ်ဆီးကို ကပ်နိုင်ခဲ့တယ်။ ဒါပေမဲ့ အက်ဖ်အေဖလားမှာတော့ အိမ်ကွင်းမှာပဲ ကပ်ရှုံးခဲ့တယ်။ ချယ်လ်ဆီးတို့ဂိုးနည်းနည်းနဲ့နိုင်ဖို့ များတဲ့ပွဲပါ။

**စတုတ်စီးတီး - မန်စီးတီး**
(ည ၈း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၁-၁

စတုတ်ဟာ မန်စီးတီးနဲ့ သူ့အိမ်ကွင်းမှာ ကစားတိုင်း သရေရလေ့ရှိတယ်။ မန်စီးတီးရဲ့ တိဗက်ဇ်၊ ဘာလော့တယ်လီတို့ စတုတ်ကို သတိထားကျော်ဖြတ်ဖို့ ရှိတယ်။ အဝေးကွင်းမှာ မန်စီးတီးနိုင်ပွဲဆိုပေမယ့် အများဆုံး နှစ်ဂိုးလောက်ပဲရမှာပါ။

### စပိန်လာလီဂါ

**စက်တင်ဘာ ၁၆၊ တနင်္ဂနွေ**

**ဂီတာဖေး - ဘာစီလိုနာ**
(နံနက် ဝဝး၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၁-၀

လာလီဂါအဖွင့်သုံးပွဲဆက်တိုက်နိုင်ပြီး ဇယားကိုဦးဆောင်နေတဲ့ ဘာကာတို့ အဝေးကွင်းနိုင်ပွဲရဖို့ကြိုးစားမှာပါ။ ယခင်တွေ့ဆုံမှုတွေမှာ ဘာကာတို့ နိုင်ပွဲများခဲ့သလို ဒီပွဲလည်း နိုင်ခြေများတယ်။ ဂီတာဖေးအမြင့်ဆုံးသရေပဲ မှန်းနိုင်ပါတယ်။

**ဆီဗီလာ - ရီးရဲလ်မက်ဒရစ်**
(နံနက် ၂း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၂-၆

ရီးရဲလ်မှာ ဒဏ်ရာရထားတဲ့ ရော်နယ်ဒိုပါဝင်ဖို့ မသေချာပေမယ့် ကျန်လူတွေအစုံပါဝင်မှာပါ။ နောက်ဆုံးထိပ်တိုက်တွေ့ဆုံမှုငါးကြိမ်စလုံး ရီးရဲလ်ကနိုင်ထားတယ်။ ရီးရဲလ်တို့ နှစ်ဂိုးအသာလောက်ရနိုင်တယ်။

**စက်တင်ဘာ ၁၇၊ တနင်္လာ**

**အသက်လက်တီကို - ဗယ်ရီကာနို**
(နံနက် ၂း၀၀ နာရီ)
ယမန်နှစ်ရလဒ် - ၃-၁

ယမန်နှစ်က နှစ်ကျော့စလုံး အက်သလက်တီကိုကပဲ နိုင်ခဲ့ပါတယ်။ ဗယ်လီကာနိုအနေနဲ့ ဒီရာသီရဲ့ ပထမဆုံးရှုံးပွဲကို တွေ့ရဖို့ ရှိတယ်။ အိမ်ရှင်အသင်းဂိုးများမယ့်ပွဲပါ။

### အီတလီစီးရီးအေ

**စက်တင်ဘာ ၁၆၊ တနင်္ဂနွေ**

**အေစီမီလန် - အတ္တလန်တာ**
(နံနက် ၁း၁၅ နာရီ)
ယမန်နှစ်ရလဒ် - ၂-၀

အိမ်ရှင်တို့ ရှုံးပွဲမရှိနိုင်တဲ့ပွဲပါ။ အတ္တလန်တာတို့ မီလန်မှာလည်း ရှုံးပွဲတွေ့ဖို့များနေတယ်။ အိမ်ရှင်မီလန်တို့ နှစ်ဂိုးလောက်ရဖို့ရှိတယ်။

**ဂျီနိုအာ - ဂျူဗင်တပ်**
(ည ၇း၃၀ နာရီ)
ယမန်နှစ်ရလဒ် - ၀-၀

နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ နှစ်ကြိမ်သရေကျခဲ့ပြီး တစ်ကြိမ်ပဲ ဂျူဗီနိုင်ထားတယ်။ ရာသီအဖွင့်ပွဲတွေမှာဦးဆောင်နေတဲ့ဂျူဗင်တပ်စ်ပဲနိုင်ခြေများတယ်။ ဂျူဗီအဝေးကွင်းမှာ ကပ်နိုင်မယ့်ပွဲပါ။

**စက်တင်ဘာ ၁၇၊ တနင်္လာ**

**တိုရီနို - အင်တာမီလန်**
ယမန်နှစ်ရလဒ် ၁-၃

အင်တာတို့ အဝေးကွင်းဆိုပေမဲ့ ခြေမှန်ရနိုင်ပါတယ်။ အဖွင့်ပွဲမှာရှုံးခဲ့ပြီးနောက် အင်တာတို့ ကစားပုံ ပြန်တက်လာတယ်။ တိုရီနိုတို့ အိမ်ကွင်းမှာ သရေရဖို့ တောင်ခက်ခဲပါတယ်။ ဂိုးအနည်းနဲ့ အင်တာကို ပဲရွေးကြည့်ပါ။



ဓာတ်ပုံ - AFP

# အသုံးစရိတ်များဖြတ်တောက်ရန် ပြင်သစ်သမ္မတ ကတိပြု

**ပါရီ၊ စက်တင်ဘာ - ၈**

ချမ်းသာကြွယ်ဝသူများအပေါ် အခွန် ၇၅ ရာခိုင်နှုန်း ကောက်ခံရေးကို လျှော့ချရန် လုပ်ဆောင်နေသည်ဟူသော သတင်းများကို ငြင်းဆိုရင်း ပြင်သစ်နိုင်ငံ၏ ဆိုရှယ်လစ်အစိုးရက အသုံးစရိတ်များလျှော့ချခြင်းနှင့် အခွန်စနစ်များကို ပြုပြင်ပြောင်းလဲသွားရန် ဆက်လက်လုပ်ဆောင်သွားမည်ဟု ကတိပြုပြောကြားသည်။

စီးပွားရေးပြန်လည်ဖွံ့ဖြိုးရေးနှင့် လူချမ်းသာများအပေါ် အခွန်တိုးကောက်ရေး ကတိကဝတ်များဖြင့် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရသူ သမ္မတဖရန်ဆွာဟော်လန်ဒီက ပြင်သစ်နိုင်ငံ၏စီးပွားရေးရပ်တန့်နေခြင်းကြောင့် လာမည့်နှစ်တွင် အစိုးရလိုငွေကို ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိလျှော့ရမည်ဖြစ်ပြီး ထိုသို့လျှော့မချနိုင်ပါက ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ဆုံးရှုံးသွားမည့် အန္တရာယ်ရှိသည်ဟု ပြောကြားသည်။

လာမည့်နှစ်တွင် အစိုးရ၏ သုံးစွဲမှုကို အနည်းဆုံးပမာဏသာ ထားရှိခြင်းအားဖြင့် ၎င်း၏အစိုးရအနေဖြင့် ယူရိုငွေ ၁၀ ဘီလီယံ စုဆောင်းနိုင်မည်ဟု မျှော်လင့်ကြောင်း မစ္စတာဟော်လန်ဒီက ပြောကြားသည်။ သို့သော် ယင်းပမာဏမှာ ဂျီဒီပီ၏ ၃ ရာခိုင်နှုန်းအထိ လိုငွေလျှော့ချရေး ၎င်းပြောကြားထားသော ပမာဏ၏ သုံးပုံတစ်ပုံသာ ရှိသည်။

ထို့အတွက် ကျန်ရှိသော ငွေပမာဏမှာ အခွန်အတုတ်များမှ ရရှိအောင် လုပ်ဆောင်ရမည်ဖြစ်သည်။ အခွန်ငွေတိုးတက်ရရှိရေးအတွက် လုပ်ဆောင်ရခြင်းမှာ နှစ်ပေါင်း ၃၀ အတွင်း အကြီးမားဆုံးအားထုတ်မှု ဖြစ်လိမ့်မည်ဟု မစ္စတာဟော်လန်ဒီက ပြောကြားပြီး အခြား ပြုပြင်ပြောင်းလဲမှုများလည်း လုပ်ဆောင်ရမည်ဟု ၎င်းကဆက်လက်ပြောသည်။

*—Ref: Reuters*

# ကျူးဘားနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ရုန်းကန်နေရ

**ဟာဗားနား၊ စက်တင်ဘာ - ၈**

ကျူးဘားနိုင်ငံသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိရေး ဆွဲဆောင်ရန် ပျက်ကွက်နေ၍ နိုင်ငံစီးပွားရေးမှာ အားနည်းချည့်နဲ့နေပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံ၏ ရည်မှန်းချက်များမှာလည်း အန္တရာယ်ရှိကြောင်း ကျူးဘားမှ ကျွမ်းကျင်သူများနှင့် သံတမန်များက ပြောကြားသည်။

ကျူးဘားနိုင်ငံသည် ဆိုဗီယက်ပုံစံ စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်ပုံစံသို့ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်လျက်ရှိသည်။ သို့သော် ရင်းနှီးမြှုပ်နှံမည့်သူများကမူ ကျူးဘားနိုင်ငံက ၎င်းတို့ကို ကြိုဆိုနေပုံမရကြောင်း ပြောကြားသည်။

အမျိုးသားစာရင်းအင်းဌာန၏ထုတ်ပြန်ချက်အရ ၂၀၁၁ ခုနှစ်အတွင်း ကျူးဘားနှင့် နိုင်ငံခြားမိတ်ဖက်များ၏ ရင်းနှီးမြှုပ်နှံမှုမှာ ပီဆိုငွေ ၄ ဒသမ ၃ ဘီလီယံရှိပြီး ယင်းမှာပြီးခဲ့သည့် နှစ်ကထက် ပီဆိုသန်း ၁၀၀ သာတိုးတက်လာခြင်းဖြစ်သည်။ ၂၀၁၁ ခုနှစ် ရင်းနှီးမြှုပ်နှံမှုမှာ ဂျီဒီပီ၏ ၁၅ ဒသမ ၉ ရာခိုင်နှုန်းရှိပြီး လွန်ခဲ့သည့်နှစ်များနှင့်နှိုင်းယှဉ်လျှင်တိုးတက်လာသော်လည်း ထိုထက်မက ရင်းနှီးမြှုပ်နှံမှု ပိုမိုလိုအပ်ကြောင်း ဟာဗားနားတက္ကသိုလ် ကျူးဘားစီးပွားရေးလေ့လာရေးစင်တာမှ စီးပွားရေးပညာရှင်အိုမာအဲဗာလီနီက ပြောကြားသည်။

အခြားလက်တင်အမေရိကနှင့် ကာရစ်ဘီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း ကျူးဘား နိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလျော့နည်းနေပြီး ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြှုပ်နှံမှုအများအပြားလိုအပ်သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

*—Ref: Reuters*

# အီရန်ရှိ ကနေဒါသံရုံး ပိတ်သိမ်းပြီးနောက် ကနေဒါရှိ အီရန်သံတမန်များကိုနှင်ထုတ်မည်

**အော်တာဝါ၊ စက်တင်ဘာ - ၈**

ကနေဒါနိုင်ငံသည် အီရန်ရှိကနေ ဒါသံရုံးကို ပိတ်သိမ်းလိုက်ပြီဖြစ်ပြီး ကနေဒါနိုင်ငံရှိ အီရန်သံတမန် များကိုလည်း နိုင်ငံမှ နှင်ထုတ်သွားမည်ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး ဂျွန်ဘီယာ့ဒ်က ပြောကြားသည်။ အီရန်မှာ ကမ္ဘာ့လုံခြုံရေးအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုဟုလည်း ၎င်းက ပြောသည်။

"ကနေဒါနဲ့ အီရန်ကြား သံတမန်ရေးဆက်ဆံမှုတွေကို ဆိုင်းငံ့ထားလိုက်ပါတယ်" ဟု မစ္စတာ ဂျွန်ဘီယာ့ဒ်က ပြောသည်။

အီရန်၏ နျူကလီးယားအစီအစဉ်၊ အစ္စရေးနိုင်ငံအပေါ် ရန်လိုခြင်းနှင့် ဆီးရီးယားနိုင်ငံ၏ သမ္မတဘာရှားအယ်လ်အာဆတ်အစိုးရအား စစ်ရေးအကူအညီပေးအပ်ခြင်းများကြောင့် သံတမန်ရေးအဆက်ဖြတ်ရခြင်းဟု အကြောင်းပြ ပြောကြားသည်။ အီရန်သည် နိုင်ငံတစ်နိုင်ငံအနေဖြင့် အကြမ်းဖက်ဝါဒကို အားပေးထောက်ခံနေသည်ဟုလည်း ကနေဒါနိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

အီရန်သည် နိုင်ငံခြားသံတမန်များ၏ လုံခြုံရေးကိုလည်း ပေါ်ပေါ်ထင်ထင် လျစ်လျူရှုထားသည်ဟုလည်း မစ္စတာဘီယာ့ဒ်က စွပ်စွဲသည်။

"ယနေ့ကမ္ဘာမှာ အီရန်အစိုးရဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးကို အကြီးမားဆုံးခြိမ်း ခြောက်နေတဲ့သူလို့ ကနေဒါနိုင်ငံကရှုမြင်ပါတယ်" ဟု ၎င်းကကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။ လက်ရှိအခြေအနေအရ ကနေဒါနိုင်ငံအနေဖြင့် အီရန်တွင် သံတမန်ရုံးထားရှိတော့မည်မဟုတ်ဟု ကနေဒါနိုင်ငံခြား ရေးဝန်ကြီးက ပြောသည်။

*—Ref: Reuters*




7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# အနောက်နိုင်ငံများက အီရန်အား အိုင်အေအီးအေအစည်းအဝေးတွင် ဖိအားပေးမည်

**ဗီယင်နာ၊ စက်တင်ဘာ - ၁၀**
အီရန်၏ နျူကလီးယား အစီအစဉ်အပေါ် ရှုတ်ချသည့် အစီရင်ခံစာ ထုတ်ပြန်ခဲ့ပြီးနောက် ကုလသမဂ္ဂ အဏုမြူအေးဂျင့်ဖြစ်သည့် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီအဖွဲ့၏ အုပ်ချုပ်ရေးမှူးများ ဘုတ်အဖွဲ့အစည်းအဝေးတွင် အနောက်နိုင်ငံများက အီရန်အား ပိုမိုဖိအားပေးမည် ဖြစ်ကြောင်း သိရသည်။

ဥရောပသမဂ္ဂ နိုင်ငံခြားရေးဝန်ကြီးများက ဆိုက်ပရပ်စ်နိုင်ငံတွင် တွေ့ဆုံ၍ အီရန်အပေါ် ပိတ်ဆို့ တားဆီးမှု အသစ်များ ထပ်မံချမှတ်ရန် ဆွေးနွေးခဲ့ကြသည်။ အိုင်အေအီးအေ အဖွဲ့တွေ့ဆုံမှုတွင် ရှင်းရှင်းလင်းလင်း အသိပေးရေးအတွက် ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က ဦးဆောင်ကြမည်ဖြစ်သည်။

"အီရန်ဟာ သူတို့လိုက်နာရမယ့် စည်းကမ်းတွေကို မလိုက်နာခဲ့ပါဘူး။ အိုင်အေအီးအေ ဘုတ်အဖွဲ့အနေနဲ့ ဒါကိုရှင်းရှင်းလင်းလင်း ပြောဖို့လိုအပ်ပါတယ်" ဟုဥရောပအရာရှိကြီးတစ်ဦးက ဗီယင်နာတွင် ပြောသည်။

သို့သော် အီရန်အပေါ် သဘောထားပျော့ပျောင်းသည်ဟု ရှုမြင်ခံရသော ရုရှားနှင့် တရုတ်နိုင်ငံတို့က အီရန်ကိစ္စအား လုံခြုံရေးကောင်စီသို့ ရည်ညွှန်းခြင်း အပါအဝင်စကားလုံးအသုံးအနှုန်း ပြင်းပြင်းထန်ထန် ဆုံးဖြတ်ချက်ချမှတ်ရေးကို အလိုရှိပုံမရပေ။

ဩဂုတ်လ ၃၀ ရက်က ထုတ်ပြန်ခဲ့သော အစီရင်ခံစာကြောင့် အီရန်သည် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ အမှန်အတိုင်းထုတ်ဖော်ပြောကြားခြင်းမရှိဟူသော သံသယဖြစ်မှုများကို အတည်ဖြစ်စေခဲ့သည်။ ယခုနှစ်မေလမှစ၍ အီရန်သည် မြေအောက်စခန်းများ၌ ယူရေနီယမ်သန့်စင်မှု နှစ်ဆတိုးမြှင့်ခဲ့သည်ဟု အိုင်အေအီးအေ အစီရင်ခံစာတွင် ဖော်ပြထားသည်။

*—Ref: AFP*

## နောက်ကျောဖုံး - အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲမှုများကြောင့် လူ ဂ၈ ဦး သေဆုံး မှ



စက်တင်ဘာ ၉ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း မြို့တော်ကာကွတ်မှ ၁၅ ကီလိုမီတာ(၉ မိုင်) အကွာရှိ နိုင်ငံပိုင်ရေနံ ကုမ္ပဏီ North Oil ၏ ဂိတ်ပေါက်မှ ယာဉ်ရပ်နားစခန်းအတွင်း ပေါက်ကွဲမှုဖြစ် ပွားရာနေရာကို စစ်ဆေးကြည့်ရှုနေသော အီရတ်စစ်သားတစ်ဦး။ အဆိုပါရေနံကုမ္ပဏီတွင် ဗုံးပေါက်ကွဲခြင်းအပါအဝင် အီရတ်နိုင်ငံတစ်ဝန်း ဆက်တိုက် တိုက်ခိုက် မှု ၁၀ ခုခန့် ကြောင့် လူ ၃၀ ကျော် သေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရခဲ့ကြောင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြောသည်။ ဓာတ်ပုံ - AFP

အေအက်ဖ်ပီသတင်းဌာနက ကောက်ယူထားသောစာရင်းအရ ယခုနောက်ဆုံးဗုံးခွဲမှုများ အပါအဝင် အကြမ်းဖက်မှုများကြောင့် ယခုလအတွင်း အီရတ်နိုင်ငံတွင်လူပေါင်း၁၁၈ဦးသေဆုံးခဲ့ရပြီဖြစ်သည်။

ဘဂ္ဂဒက်အစိုးရအပေါ် ဆန့်ကျင်သော သူပုန်တပ်ဖွဲ့များသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် အားနည်းလာပုံ ရသော်လည်း တစ်ခါတစ်ရံလူအသေအပျောက်များသည့် တိုက်ခိုက်မှုများဆင်နွှဲနိုင်စွမ်းရှိနေဆဲဖြစ်သည်။

ယခုနောက်ဆုံး တိုက်ခိုက်မှုများမှာ အီရတ်ဒုတိယသမ္မတ တာရက်အယ်ဟာရှီမီအား လူသတ်မှုဖြင့် မျက်ကွယ်တွင် ကြိုးမိန့်သေဒဏ်ပေးခြင်းနှင့် ဆက်စပ်မှုများရှိနေသည်။ ဟာရှီမီသည် ဆွန်နီနိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး လောလောဆယ်တွင် တူရကီနိုင်ငံ၌ တိမ်းရှောင်နေသည်။

၎င်းအပေါ် ချမှတ်လိုက်သောပြစ်ဒဏ်ကြောင့် နိုင်ငံရေး တည်ငြိမ်မှုရရှိရန် ကြိုးစားနေရသည့် ရှီးယိုက်အစိုးရမှာ ဂိုဏ်းဂဏတင်းမာမှုများနှင့်ပါ ရင်ဆိုင်ရဖွယ်ရှိသည်။

အသေအပျောက် အများဆုံးတိုက်ခိုက်မှုအဖြစ်နိုင်ငံတောင်ပိုင်း ဈေးတစ်ခု၌ ကားဗုံးနှစ်လုံး ပေါက်ကွဲပြီး ၁၄ ဦး သေဆုံးကာ ၆၀ ဦး ဒဏ်ရာရရှိခဲ့သည်။ စက်တင်ဘာ ၉ ရက် ညက မြို့တော်ဘဂ္ဂဒက်တွင် ဗုံးငါးလုံးပေါက်ကွဲခဲ့သည်။ သေနတ်သမားများက ဘဂ္ဂဒက်မြို့မြောက်ပိုင်း ဘာလက်စစ်ဆေးရေးဂိတ်အား တိုက်ခိုက်ခဲ့ရာ အရာရှိနှစ်ဦးအပါအဝင် စစ်သား ၁၁ ဦး သေဆုံးပြီး ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ နိုင်ငံမြောက်ပိုင်း ကာကွတ်မြို့တွင်လည်း ဗုံးနှစ်လုံးပေါက်ကွဲခဲ့သည်။ ယင်းမြို့ရှိ နိုင်ငံပိုင်ရေနံကုမ္ပဏီ ကားရပ်နားရာနေရာတွင်လည်း ကားဗုံးတစ်လုံးပေါက်ကွဲခဲ့သည်။ အဆိုပါမြို့တွင် တိုက်ခိုက်မှုများကြောင့် ၁၀ ဦးသေဆုံးပြီး ၁၅၃ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

*—Ref: AFP*



7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# ဟောင်ကောင်တွင် တရုတ်ပညာရေးအစီအစဉ် ရုပ်သိမ်း

**ဟောင်ကောင်၊ စက်တင်ဘာ-၈**

လူပေါင်းထောင်ပေါင်းများစွာ လမ်းပေါ်ထွက် ဆန္ဒပြမှုများရှိခဲ့ပြီးနောက် ဟောင်ကောင်အစိုးရက တရုတ်ကျောင်းစာသင်ရိုးညွှန်းတမ်းကိစ္စကို ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

ဟောင်ကောင်၏ ဥပဒေပြုရေးအဖွဲ့ ကိုယ်စားလှယ်နေရာ ၇၀ အတွက် ရွေးကောက်ပွဲများကျင်းပရန် တစ်ရက်အလိုတွင် ကျောင်းစာသင်ရိုးညွှန်းတမ်းအား မသင်မနေရမှ ဆန္ဒအလျောက်သင်ယူမှု ပြောင်းလဲခြင်းဆုံးဖြတ်ချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို တရုတ်လိုလားသော ဟောင်ကောင်အမှုဆောင်အရာရှိချုပ် လွမ်ချွန်ယင်းက ဖော်ထုတ်ပြောကြားခြင်းဖြစ်သည်။



ဓာတ်ပုံ - AFP

**ဟောင်ကောင်ကျောင်းများတွင် အစိုးရ၏ တရုတ်မျိုးချစ်စိတ်ဓာတ်သင်ခန်းစာများ မသင်မနေရ အကောင်အထည်ဖော်ရေး အစီအစဉ်ကို ကန့်ကွက်ဆန္ဒပြနေသူများအား စက်တင်ဘာ ၈ ရက်က တွေ့ရစဉ်။ ကျောင်းသားလူငယ်များ မျိုးချစ်စိတ်ဓာတ်အတန်းများ တက်ရောက်ရေးအစီအစဉ်ကို အစိုးရဥပဒေပြုအဖွဲ့ ရွေးကောက်ပွဲများ မတိုင်မီ ဟောင်ကောင်အစိုးရက ရွှေ့ဆိုင်းပေးခဲ့သည်။**

"ယခု ဖြစ်ပေါ်လာတဲ့ အငြင်းပွားမှုကြောင့် ကျောင်းတွေရဲ့ လည်ပတ်မှုကို မထိခိုက်စေချင်ပါဘူး။ ဒီလိုပဲ ပညာရေးပတ်ဝန်းကျင် အနေအထား ထိခိုက်မှာကိုလည်း မမြင်ချင်ပါဘူး"ဟု မစ္စတာလွမ်က ပြောကြားရင်း ယင်းမှာ ကြီးမားသော မူဝါဒပြောင်းလဲမှုဟု မှတ်ချက်ချသည်။

"သူတို့တော်တော်လေးကို လိုက်လျောလိုက်တာပဲ" ဟု အစိုးရအရာရှိဟောင်းနှင့် နိုင်ငံရေးသိပ္ပံကျွမ်းကျင်သူ ဂျိုးဆက်ဝေါင်က ပြောကြားသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း ဆန့်ကျင်ဆန္ဒပြသူထောင်ပေါင်းများစွာသည် ဟောင်ကောင်အစိုးရရုံးချုပ်အား ဝန်းရံ၍ အနက်ရောင်အင်္ကျီများ ဝတ်ဆင်ကာ ယာယီတဲများထိုးကာ စခန်းချဆန္ဒပြရင်း ကွန်မြူနစ်ဝါဒဖြန့်ချိမှုဟု ၎င်းတို့က ပြောကြားသော သင်ရိုးညွှန်းတမ်းအား ရုပ်သိမ်းရေးအတွက် ဆန္ဒပြခဲ့ကြသည်။ *—Ref: Reuters*

# စားနပ်ရိက္ခာဖူလုံရေးကိစ္စ အာရှ–ပစိဖိတ် ခေါင်းဆောင်များ ဆွေးနွေး

**ဗလာဒီဗော့စတော့၊ စက်တင်ဘာ-၈**

သဘာဝပတ်ဝန်းကျင်ကို မထိခိုက်သော ကုန်ပစ္စည်းများအပေါ် အခွန်အတုတ်လျှော့ချပေးရေးနှင့် ခက်ခဲသောအချိန်များတွင် ဈေးကွက်များကို ဖွင့်ထားရေးတိုက်တွန်းခဲ့သော အာရှ-ပစိဖိတ်ထိပ်သီးဆွေးနွေးပွဲ ပိတ်သိမ်းခါနီးတွင် ခေါင်းဆောင်များက စားနပ်ရိက္ခာဖူလုံရေးကိစ္စကိုလည်း အာရုံစိုက်ခဲ့ကြသည်။

"စားနပ်ရိက္ခာဖူလုံမှုဟာ ကျွန်တော်တို့လက်ထက်မှာ အလွန်လေးနက်တဲ့ ပြဿနာတစ်ရပ်ဖြစ်ပါတယ်" ဟု စက်တင်ဘာလ ၉ ရက်တွင်ကျင်းပသော အာရှ- ပစိဖိတ်စီးပွားရေးဖိုရမ်ဒုတိယနေ့တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားသည်။

"စားနပ်ရိက္ခာဖူလုံမှုရှိအောင် မလုပ်နိုင်ရင် ကျွန်တော်တို့ ပြည်သူတွေရဲ့ ဘဝအရည်အသွေးတိုးတက်အောင် လုပ်ပေးနိုင်မှာ မဟုတ်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောသည်။

စားနပ်ရိက္ခာဈေးနှုန်းများမြင့်လာခြင်းကြောင့် နိုင်ငံရေးမတည်မငြိမ်ဖြစ်လာနိုင်ခြေ စိုးရိမ်မှုများအပေါ် အေပက်ခေါင်းဆောင် ၂၁ ဦးက အာရုံစိုက်ဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

လက်ရှိတွင်စားနပ်ရိက္ခာဈေးနှုန်းများမြင့်မားနေသော်လည်း ၂၀၀၇-၂၀၀၈ အတွင်း အချို့သော ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆူပူမှုများဖြစ်ပေါ်စေခဲ့သည့် ဈေးနှုန်းများလောက် မမြင့်မားသေးပေ။ ၂၀၁၀-၂၀၁၁ ခုနှစ်ကလည်း စားနပ်ရိက္ခာအကျပ်အတည်းတစ်ရပ်ဖြစ်ပေါ်ခဲ့ပြီး ယင်းမှာအထူးသဖြင့် နိုင်ငံခြားမှ စားနပ်ရိက္ခာတင်ပို့မှုအပေါ် မှီခိုနေရသော နိုင်ငံများအတွက် အကျပ်အတည်းများ ဖြစ်ပေါ်စေခဲ့သည်။ *—Ref: AP*




7 DAY NEWS JOURNAL

# International

Vol.11, No.27 • SEPTEMBER 13 , 2012



စက်တင်ဘာ ၈ ရက်က ဆီးရီးယားနိုင်ငံမြောက်ပိုင်း မြို့တော် အလက်ပိုမှ အက်ဇာခရိုင်အတွင်း အစိုးရတပ်ဖွဲ့များနှင့် တိုက်ခိုက်နေသော ဆီးရီးယားသူပုန်တစ်ဦးကို တွေ့ရစဉ်။ ဆီးရီးယား၏ ဒုတိယအကြီးဆုံးမြို့တော်ဖြစ်သော အလက်ပိုမြို့ သိမ်းပိုက်ရေးတိုက်ပွဲကို ပြီးခဲ့သည့် ဇူလိုင် ၂၀ ရက်တွင် စတင်ခဲ့ပြီး အစိုးရစစ်တပ်မှာ သူပုန်များကို မဖယ်ရှားနိုင်သေးပေ။ ဓာတ်ပုံ - AFP

## ဆီးရီးယားညှိနှိုင်းတွက်ရေး ရုရှားကတိုက်တွန်းနေစဉ် အလက်ပိုမြို့တွင် တိုက်ပွဲများ ပြင်းထန်

**ဒမတ်စကပ်စ်၊ စက်တင်ဘာ - ၁၀**

သွေးထွက်သံယိုမှုများ အဆုံးသတ်ပြီး ညှိနှိုင်းတွက်သော အစိုးရတစ်ရပ် ဖွဲ့စည်းရေး တိုက်တွန်းထားသည့် သဘောတူညီချက်ကို ပြန်လည်ဖော်ဆောင်ရေး ရုရှားနိုင်ငံက ကြိုးပမ်းနေစဉ်မှာပင် ဆီးရီးယားနိုင်ငံ အလက်ပိုမြို့တွင် တိုက်ပွဲများပြင်းထန်နေသည်။

အသစ်ခန့်အပ်ထားသော နိုင်ငံတကာငြိမ်းချမ်းရေးကိုယ်စားလှယ် လက်ဒါဘရာဟီမီကလည်း ဒမတ်စကပ်စ်သို့ ပထမဆုံးအကြိမ် သွားရောက်ရန်ပြင်ဆင်နေသည်။ ထိုအတောအတွင်း ဆိုက်ပရပ်စ်နိုင်ငံတွင် အစည်းအဝေးပြုလုပ်နေသည့် အီးယူနိုင်ငံခြားရေးဝန်ကြီးများက ဆီးရီးယားအစိုးရအပေါ် ပိတ်ဆို့တားဆီးမှုများ ပိုမိုချမှတ်ရန်သဘောတူညီခဲ့ကြသည်။

စစ်မြေပြင်တွင်မူ နိုင်ငံမြောက်ပိုင်း အလက်ပိုမြို့ တိုက်ပွဲများ၌

စာ(၄၅)သို့

## အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲမှုများကြောင့် လူ ၈၈ ဦး သေဆုံး




အီရတ် ဒုတိယသမ္မတ တာရက်အယ်ဟာရှိမီ

**ဘဂ္ဂဒက်၊ စက်တင်ဘာ - ၈**

စက်တင်ဘာလ ၈ ရက်နှင့် ၉ ရက် က အီရတ်နိုင်ငံတစ်ဝန်း ဗုံးခွဲမှုပေါင်း ၃၀ ကျော်ဖြစ်ပွားခဲ့ရာ လူပေါင်း ၈၈ ဦးသေဆုံးပြီး ၄၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးနှင့် ဆေးပညာရှင် သတင်းရင်းမြစ်များကပြောကြားသည်။ ဗုံးခွဲတိုက်ခိုက်မှုများ၏ ပစ်မှတ်အဖြစ် လုံခြုံရေးတပ်ဖွဲ့များနှင့် ဈေးများလည်းပါဝင်သည်။

စာ(၅၄)သို့

## NEWSANALYSIS



အရှိန်လျော့လာသည့် တရုတ်စီးပွားရေး

စာ(၃၆)သို့

## INTERVIEW



ဗြိတိန်မှ စကော့တလန် ခွဲထွက်ရေး

စကော့တလန်အစိုးရ ပထမဝန်ကြီး အဲလက်စ်ဆယ်မွန်နှင့် တွေ့ဆုံခြင်း

စာ(၄၆)သို့

## တရုတ်စီးပွားရေးနှေးကွေးမှု ပိုမိုနက်ရှိုင်းလာ

**ဘေဂျင်း၊ စက်တင်ဘာ - ၁၀**

တရုတ်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်ရေး ဖွံ့ဖြိုးမှုသည် သုံးနှစ်အတွင်း အနိမ့်ဆုံးနှုန်းဖြင့်သာ တိုးတက်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်သော ကိန်းဂဏန်းများက ပြသခဲ့ရာ ယင်းမှာ ကမ္ဘာ့ဒုတိယအကြီးဆုံးနိုင်ငံ၏ စီးပွားရေး နှေးကွေးမှု ပိုမိုနက်ရှိုင်းလာသည်ကို အတည်ပြုပေးလိုက်ခြင်းဖြစ်သည်။

စာ(၄၅)သို့


## နိုင်ငံရေးခိုလှုံခွင့်ရရန် လှေဖြင့်ဝင်လာသူများကို နော်ရူကျွန်းသို့ပြန်ပို့မည်ဟု ဩစတြေးလျပြောကြား

**ဆစ်ဒနီ၊ စက်တင်ဘာ - ၁၀**

ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ခရစ်ဘိုဝင်က ၎င်းတို့အစိုးရသည် နိုင်ငံတွင်းသို့ နိုင်ငံရေးခိုလှုံခွင့်ရရန် လှေဖြင့်ဝင်ရောက်လာသူများကို ပစိဖိတ်ကျွန်းနိုင်ငံငယ်လေး နော်ရူသို့ ယခုအပတ်အတွင်းပြန်လည်ပို့ဆောင်သွားမည်ဟု ပြောကြားလိုက်သည်။ ဩစတြေးလျသည် ယခုနောက်ပိုင်းတွင် ပင်လယ်ကိုဖြတ်၍ ၎င်းတို့ထံနိုင်ငံရေးခိုလှုံခွင့်ရရန် ခိုးဝင်လာသူဦးရေ စံချိန်တင်မြင့်မားနေမှုကို ရင်ဆိုင်နေရသည်။

ထို့ကြောင့် ဩစတြေးလျသို့လာရောက်ခိုလှုံသူများကို နော်ရူကျွန်းသို့ပို့လွှတ်ကာ ၎င်းတို့အတွက် ပြည်ဝင်ခွင့်ဗီဇာဆုံးဖြတ်ချက်ကျမှသာ ဝင်ခွင့်ပေးရန် စီစဉ်နေခြင်းဖြစ်သည်။

စာ(၄၅)သို့



၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL အချပ်ပို
Vol.11, No.27 • SEPTEMBER 13 , 2012

# စစ်ရေးအရှိန်မြင့်တက်နေမှုများကြောင့် နှစ်ဖက်တွေ့ဆုံဆွေးနွေးရန် လတ်တလော မဖြစ်နိုင်သေး

**အေးမြကျော်**

**ရန်ကုန်၊ စက်တင်ဘာ-၁၁**

ကချင်ပြည်နယ်အတွင်း ဖားကန့်ဒေသအပါအဝင်နေရာများအပြားတွင် တိုက်ပွဲများဖြစ်ပွားမှု စိပ်နေပြီး အကျအဆုံးများကာ အခြေအနေပိုမိုတင်းမာလာသောကြောင့် အစိုးရနှင့် ကေအိုင်အိုနှစ်ဖက်တာဝန်ရှိ သူများ တွေ့ဆုံဆွေးနွေးရေးမှာ လတ်တလော မဖြစ်နိုင်သေးကြောင်း ငြိမ်းချမ်းရေးအကျိုးဆောင်များက ခန့်မှန်းကြသည်။

"ဟိုဘက်လည်း ကိုယ့်လူအကျအဆုံးများ၊ ဒီဘက်ကလည်း ကိုယ့်လူအကျအဆုံးများတော့ အနေအထားက နှစ်ဖက်တော်တော်တင်းမာနေတယ်။ စစ်ရေးအရှိန်ရှိနေသ၍တော့ တွေ့ဆုံဆွေးနွေးဖို့ဆိုတာ အခက်အခဲရှိတယ်" ဟု ကချင်ပြည်နယ်မှ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးယွပ်ဇော်ခေါင်က 7Day News သို့ပြောသည်။

ဩဂုတ်လကုန်ပိုင်းက အစိုးရဘက်မှ တာဝန်ရှိသူများနှင့် ကေအိုင်အိုမှထိပ်တန်းတာဝန်ရှိသူများ စက်တင်ဘာလအတွင်း စတုတ္တအကြိမ်မြောက် တွေ့ဆုံဆွေးနွေးရန် ညှိနှိုင်းမှုများ အပြန်အလှန်ပြုလုပ်ခဲ့ကြသော်လည်း ဩဂုတ်လကုန်ပိုင်းနှင့်စက်တင်ဘာလဆန်းပိုင်းတွင် ဖားကန့်ဒေသနှင့် ကချင်ပြည်နယ်အတွင်း နေရာအချို့၌ တိုက်ပွဲများဖြစ်ပွားမှု စိပ်လာခြင်းဖြစ်သည်။ ဖားကန့်ဒေသတွင် စစ်ပြေးဒုက္ခသည် တစ်သောင်းဝန်းကျင်ရှိသည်။

စက်တင်ဘာ ၆ ရက် အမျိုးသားလွှတ်တော် အစည်းအဝေးတွင်မူ ကာကွယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သော်က ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်-၁မှဦးခက်ထိန်နန်၏ အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ မေးခွန်းကို သမ္မတ၏ ၂၀၁၁ ဒီဇင်ဘာလ ၁၀ ရက်က ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်ကြောင့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်း လုံးဝမပြုလုပ်ကြောင်း ဖြေကြားသွားခဲ့သည်။ သို့သော် ကေအိုင်အေမှ တာဝန်ရှိသူများက သမ္မတညွှန်ကြားချက်နောက်ပိုင်းတွင်လည်း အစိုးရတပ်မတော်မှ ထိုးစစ်ဆင်မှုများ ဆက်လက်ပြုလုပ်ကြောင်း ပြောသည်။

နိုင်ငံတော် သမ္မတဦးသိန်းစိန်က ကေအိုင်အိုနှင့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်မည်ဆိုပါက နိုင်ငံတွင်း ငြိမ်းချမ်းရေး တည်ဆောက်မှု အောင်မြင်ပြီဟုဆိုနိုင်ကြောင်း စက်တင်ဘာ ၇ ရက်က တိုင်းရင်းသား ဝန်ကြီးများနှင့် တွေ့ဆုံစဉ်က ပြောကြားခဲ့သည်။

(၁၇)နှစ်ကြာ အပစ်အခတ်ရပ်စဲခဲ့သော ကေအိုင်အိုနှင့်စစ်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်မှာ ၂၀၁၁ ခုနှစ် ဇွန် ၉ ရက်ကတည်းကဖြစ်ပြီး ယခုအခါ တစ်နှစ်နှင့် သုံးလကြာမြင့်လာပြီဖြစ်ကာ ဒုက္ခသည်ဦးရေမှာလည်း တစ်သိန်းအထိ ရှိလာပြီဖြစ်သည်။

နိုင်ငံသားအချင်းချင်းတိုက်နေသော စစ်ပွဲများပြီးဆုံးရန်မှာ စစ်ရေးအရ မဖြစ်နိုင်ဘဲ၊ တွေ့ဆုံဆွေးနွေးမှုသည်သာ ထာဝရငြိမ်းချမ်းရေးရနိုင်ကြောင်း ပြည်တွင်း၊ ပြည်ပနိုင်ငံရေး လေ့လာသူများက ပြောသည်။

# လက်ပန်းတောင်းတောင်အရေး လှုပ်ရှားသူကိုးဦးကို ပြန်လွှတ်



ဓာတ်ပုံ - မျိုးမင်းဦး

ထိန်းသိမ်းခံရသော လက်ပန်းတောင်းတောင်အရေးဆောင်ရွက်သူအချို့ကို စက်တင်ဘာ ၁၀ ရက်က ပြန်လည်လွှတ်မြောက်ပြီး တွေ့ရစဉ်

**မျိုးမင်းဦး**

**ရန်ကုန်၊ စက်တင်ဘာ - ၁၁**

လက်ပန်းတောင်းတောင် ကြေးနီတူးဖော်ရေးစီမံကိန်း ရပ်ဆိုင်းပေးရန် လှုပ်ရှားသူ အမျိုးသမီး ၁၂ဦးထဲမှ ကိုးဦးကို စက်တင်ဘာ ၁၁ ရက် နံနက် ၁နာရီအချိန်တွင် ပြန်လည်လွှတ်ပေးခဲ့ပြီး၊ သုံးဦးကိုမူ ဆက်လက်ထိန်းသိမ်းစစ်ဆေးလျက်ရှိကြောင်း မုံရွာမြို့မှ 7Day Newsသတင်းထောက်ကစက်တင်ဘာ ၁၁ ရက် ညနေ ၃ နာရီအချိန်တွင် သတင်းပေးပို့သည်။

"မနေ့ည ၁ နာရီ (စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီ) မှာ လွှတ်ပေးတယ်။ မုံရွာရဲစခန်းကနေ ရွာအထိ လိုက်ပို့တာ။ ည ၂နာရီလောက်မှ ရွာရောက်တယ်။ ရဲစခန်းမှာ ရဲအင်အားနဲ့ ခြိမ်းခြောက်တော့ ကြောက်စရာသိပ်ကောင်းတယ်။ စစ်တာဆေးတာကလည်းများတော့ ရွာကိုပြန်ချင်တာပဲသိတယ်။ အကျဉ်းခန်းမှာ နေရတဲ့ဒုက္ခက သိပ်ကြောက်စရာကောင်းတော့ ကျန်ခဲ့တဲ့ မသွယ်သွယ်ဝင်း၊ မဖြူဖြူဝင်းနဲ့ မအေးနက်တို့ကိုလွှတ်အောင်ကြိုးစားပေးကြပါ"ဟု မုံရွာရဲစခန်းမှ ပြန်လည်လွှတ်ပေးလိုက်သော လက်ပန်းတောင်းအရေး လှုပ်ရှားသော အမျိုးသမီးတစ်ဦးက ငို၍ပြောသည်။

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ဝက်မှေးကျေးရွာနှင့် ရှွေလှေကျေးရွာတို့မှ ဒေသခံ အမျိုးသမီး ၁၀ ဦးသည် လက်ပန်းတောင်းတောင်ကြေးနီတူးဖော်ရေး စီမံကိန်း ရပ်ဆိုင်းပေးရန် မုံရွာမြို့ ဆုတောင်းပြည့်ဘုရားတွင် စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်း၌ ဆုတောင်းခဲ့သည်။ ထိုသို့ ဝတ်ပြုဆုတောင်းစဉ် နံနက် ၉ နာရီခွဲအချိန်မှစ၍ ၁၁ နာရီခန့်အထိ သက်ဆိုင်ရာက ရင်ပြင်တော်ဝင်ပေါက်၊ ထွက်ပေါက်တံခါးအားလုံးကိုပိတ်ထားပြီး၊ ထို့နောက်ပိုင်းတွင်မှ တံခါးများ ဖွင့်ပေးခဲ့သည်။ ဆုတောင်းသူများကိုသက်ဆိုင်ရာက နန်ချွန်စက်လှေဆိပ်သို့ ပို့ပေးသော်လည်း ဆုတောင်းသူများမှာ လှေဆိပ်တွင် မပြန်သေးဘဲ ၁၁ နာရီ ၁၅ မိနစ်မှ စ၍ ငြိမ်းချမ်းစွာ စုဝေးထိုင်နေသည်။ ထိုအချိန်တွင် ဝက်မှေးကျေးရွာမှ လက်ပန်းတောင်းတောင်အရေး ဆောင်ရွက်သူ မသွဲ့သွဲ့ဝင်းနှင့် ရှွေလှေကျေးရွာသူ တစ်ဦးတို့ ထပ်မံရောက်ရှိလာကာ ဒေသအာဏာပိုင်များနှင့် ဦးဆောင်တွေ့ဆုံညှိနှိုင်းသည်။ ထို့နောက် ၎င်းတို့ ၁၂ ဦးစလုံးကို မုံရွာမြို့ အမှတ်(၁) ရဲစခန်းမှ ရဲများက မွန်းလွဲ ၁ နာရီခန့်တွင် ရဲစခန်းသို့ ကားဖြင့် ခေါ်ဆောင်သွားသည်။

မုံရွာမြို့နယ် ရဲတပ်ဖွဲ့သို့ ဆက်သွယ်မေးမြန်းခဲ့ရာ "ကမ်းနားမှာ ထိန်းသိမ်းဖို့ခေါ်တာ နှစ်ဦး၊ သုံးဦးပါ။ ကျန်တဲ့သူတွေက လိုက်မယ်ဆိုပြီး လိုက်လာတာ။ အခု တောင်းဆိုချိန်မှာ ဆယ်ဦးကိုလွှတ်ပေးမယ်ဆိုတာကို လက်မခံကြဘူး။ နှစ်ဦးက ဆားလင်းကြီးမြို့နယ်အတွင်းမှာ ဥပဒေနဲ့အညီ အရေးယူပေးဖို့ တိုင်ကြားထားတဲ့အမှုကြောင့် ထိန်းသိမ်းထားတာဖြစ်ပါတယ်။ အပြစ်မရှိသူတွေကို ပြန်လွှတ်ပေးမှာပါ"ဟု တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့ကြောင့် ရှွေလှေနှင့် ဝက်မှေးကျေးရွာတို့မှ ဒေသခံများ၊ မုံရွာမြို့ရှိဗကသအဖွဲ့ဝင်ကျောင်းသားများ၊ NLD ပါတီဝင်များ စသည်တို့က စက်တင်ဘာ ၁၀ ရက် ညနေပိုင်းတွင် ဖမ်းဆီးထားသူများကို ပြန်လွှတ်ပေးရန် ငြိမ်းချမ်းစွာ လမ်းလျှောက်၍ တောင်းဆိုခဲ့သည်။

ထို့နောက် လှုပ်ရှားမှုတွင် ပါဝင်ခဲ့သူကိုးဦးကို ရဲစခန်းတွင် ၁၂ နာရီခန့်ကြာ ခေါ်ယူစစ်ဆေးထိန်းသိမ်းပြီးနောက်ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်သည်။ ကျန်ရှိနေသူသုံးဦးကို ထပ်မံလွှတ်ပေးရန်အတွက် ၎င်းတို့ လွတ်မြောက်ရေး တောင်းဆိုသူများက ဆက်လက် တောင်းဆိုသွားမည်ဖြစ်ကြောင်းပြောသည်။

မုံရွာမြို့လယ် အချို့နေရာများတွင် စက်တင်ဘာ ၁၁ ရက် နံနက်၌ လုံခြုံရေးကိုတင်းကျပ်စွာချထားသော်လည်း ဖမ်းဆီးထားသူများ ပြန်လွှတ်ပေးရန် တောင်းဆိုသူ ရာနှင့်ချီ၍ မုံရွာအမှတ်(၁) ရဲစခန်းရှေ့တွင် မွန်းလွဲ ၁ နာရီကျော်မှစတင်ကာ ဆက်လက်တောင်းဆိုနေကြသည်။

ဖမ်းဆီးခံထားရသူများထဲမှ နှစ်ဦးမှာဥပဒေနှင့်အညီအရေးယူပေးရန် တိုင်ကြားမှုကြောင့် ထိန်းသိမ်းထားခြင်းဖြစ်ပြီး၊ အပြစ်မရှိသူများကို ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက 7Day News ၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်ဖက်လူဦးရေ သိပ်သည်းမှုဆိုင်ရာကိစ္စများဖြေရှင်းရေး အမေရိကန် ပူးပေါင်းလုပ်ဆောင်မည်

**မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ-၁၁**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်ဖက်လူဦးရေ သိပ်သည်းမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းနိုင်မည့် အစီအမံ အထောက်အပံ့များ ပူးပေါင်းလုပ်ဆောင်သွားမည်ဆိုသည့် အမေရိကန် ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ကြိုဆိုကြောင်း ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP)က ပြောကြားလိုက်သည်။

"တတ်နိုင်သမျှထောက်ပံ့ပေးရင်တော့ ကောင်းတာပေါ့ဗျာ။ မျှမျှတတဖြေရှင်းပေးဖို့တော့ လိုပါတယ်။ သူတို့က လူ့အခွင့်အရေးကို အဓိကထားတယ်။ ဒီမှာက လူ့အခွင့်အရေးဆိုတာ သက်သက်နဲ့ စဉ်းစားလို့မရတဲ့ သမိုင်းနဲ့ချီတဲ့ အခြေအနေတွေရှိတယ်။ လူ့အခွင့်အရေးဆိုတာဟာ ဒေသခံတိုင်းရင်းသားတွေကိုထိခိုက်နစ်နာတာမျိုးတော့ မဖြစ်သင့်ဘူး"ဟု ပါတီ၏ ဗဟိုကော်မတီဝင် ဦးစံကျော်လှကပြောသည်။

အမေရိကန်က ပါဝင်ကူညီထောက်ပံ့မည့် ယင်းကိစ္စနှင့် ပတ်သက်၍ ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော ကိစ္စရပ်ဖြစ်ပြီး ပြည်ထောင်စုက ချမှတ်သော လုပ်ငန်းစဉ်များတွင် ပြည်နယ်အစိုးရက လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သတင်းထုတ်ပြန်ရေးကော်မတီက တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။

"ဒါကို ချက်ချင်းလက်ငင်းလုပ်ဖို့ကတော့ ပြည်နယ်အစိုးရက တိုက်ရိုက်လုပ်ဆောင်ဖို့ခက်တယ်။ ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ အပြန်အလှန် မေးခွန်းတွေမေးတာ၊ အမြင်တွေ တိုင်ပင်ညှိနှိုင်းတာတွေ ရှိဦးမယ်။ သူတို့က တစ်ညအိပ်ခရီးပဲ လာလေ့လာတာဖြစ်တဲ့အတွက် ကျွန်တော်တို့နဲ့ အမြင်တစ်ထပ်တည်း ကျချင်မှကျမယ်"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ သတင်းထုတ်ပြန်ရေးကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးဖြစ်သည့် ဦးလှသိန်းကပြောကြားသည်။

ဦးစံကျော်လှက "သူကမေးတယ်။ လူမျိုးတိုးတက်မှုနဲ့ ဒေသလုံခြုံရေးမှာ ဘာကိုဦးစားပေးသင့်သလဲတဲ့။ ကျွန်တော်တို့က ဒေသလုံခြုံမှ လူမျိုးတိုးတက်မှုရှိနိုင်မှာပါလို့ ဖြေလိုက်တယ်။ လူဦးရေသိပ်သည်းမှုကို ဖြေရှင်းမယ်ဆိုရင် တစ်ဖက်က တရားမဝင် ခိုးဝင်လာတာကို တားမြစ်ဖို့လိုတယ်။ ပြီးတော့ အဆမတန် ပွားများလာတဲ့ လူဦးရေပေါက်ဖွားနှုန်းကို ထိန်းသိမ်းသင့်တယ်"ဟု ပြောကြားသည်။

ရခိုင်ပြည်နယ် မြောက်ဘက်ပိုင်းရှိ ဘူးသီးတောင်၊ မောင်တောနှင့် စစ်တွေဒေသများကို တိုင်းရင်းသား မဟုတ်သူများက ၎င်းတို့၏ နယ်မြေဖြစ်ရန် ကြိုးပမ်းနေခြင်းအပေါ် လက်မခံနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

ယခုလ ၈ ရက်တွင် အမေရိကန်ကိုယ်စားလှယ်အဖွဲ့ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် အခြေအနေများကို လေ့လာစဉ် အမေရိကန်ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးက နှစ်ဖက်လူဦးရေ သိပ်သည်းမှု ဖြေရှင်းမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ပြောကြားခဲ့ပြီး တိုင်းရင်းသားပါတီနှင့် လူမှုအဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့သည်။

7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

**သတင်းတိုများ**

## စနစ်သစ်ကျင့်သုံးသည့် တစ်နှစ်ကျော်အတွင်း တရားရေးအရာရှိ ၂၀ ဦးကို အရေးယူ

**ထူးသန့်** **နေပြည်တော်၊စက်တင်ဘာ-၄**

ဒီမိုကရေစီစနစ်သစ်ကို စတင်ကျင့်သုံးခဲ့သော ၂၀၁၁ မတ်လ ၃၀ရက်မှ ယခုနှစ် ဇွန် ၃၀ ရက်အထိ ကာလအတွင်း ဝန်ထမ်းစည်းကမ်းဖောက်ဖျက်သော၊ တာဝန်ထမ်းဆောင်ရာတွင် မှားယွင်းချွတ်ချော်သော တရားရေးအရာရှိ ၂၀ ဦးကိုဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်း၊ ထုတ်ပစ်ခြင်းများဖြင့် အရေးယူဆောင်ရွက်ခဲ့ကြောင်း ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက ယနေ့ကျင်းပသော အမျိုးသားလွှတ်တော် ၃၉ ရက်မြောက်နေ့တွင် ပြောကြားသည်။

"ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းခံရတဲ့ တရားရေးအရာရှိများကတော့ ဒုတိယခရိုင်တရားသူကြီးတစ်ဦး၊ မြို့နယ်တရားသူကြီးသုံးဦး၊ တွဲဖက်မြို့နယ်တရားသူကြီးနှစ်ဦး၊ ဒုတိယမြို့နယ်တရားသူကြီးငါးဦးနှင့် အခြားအဆင့် ဝန်ထမ်းလေးဦး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းခံရတဲ့ တရားရေးအရာရှိကတော့ ဒုတိယမြို့နယ် တရားသူကြီးတစ်ဦး၊ အခြားအဆင့်ဝန်ထမ်းလေးဦးရှိပါတယ်"ဟူ၍ ဦးထွန်းထွန်းဦးက လွှတ်တော်သို့ တင်ပြပြောကြားခဲ့ခြင်းဖြစ်သည်။

## လွှတ်တော်ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ လူမှုရေးအဖွဲ့များနှင့် တွေ့မည်

**ရန်မျိုးနိုင်** **ရန်ကုန်၊ စက်တင်ဘာ - ၁၀**

အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီက ပြည်တွင်းရှိINGOs၊ NGOs များနှင့် အောက်တိုဘာလ ပထမပတ်တွင် တွေ့ဆုံသွားမည်ဖြစ်ကြောင်း ယင်းကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ဝိုင်းကြည်ကပြောသည်။

"INGOs၊ NGOs တွေရဲ့ အခက်အခဲတွေ သူတို့ရဲ့အသံတွေကို နားထောင်သွားမှာပါ"ဟုရင်းကပြောသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်တွင်းရှိလူမှုရေးအဖွဲ့အစည်းများ၏ ရပ်တည်နေမှုအခြေအနေများ၊ ခေတ်နှင့်လျော်ညီသော အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာ ဥပဒေကိစ္စရပ်များနှင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များကိုပါ ဆွေးနွေးသွားမည်ဖြစ်သည်။

## မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းပိုင် သံမဏိစက်ရုံနှစ်ရုံ နိုင်ငံပိုင်ပြောင်း

**ထူးသန့်** **နေပြည်တော်၊စက်တင်ဘာ-၇**

မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MECပိုင် မြင်းခြံသံမဏိစက်ရုံနှင့် ဝင်းပက်သံမဏိစက်ရုံများအား စက်မှုဝန်ကြီးဌာန အမှတ်(၁) အထွေထွေအကြီးစား စက်မှုလုပ်ငန်း၏ ဆောင်ရွက်မှုအတွင်းသို့ ထည့်သွင်းခြင်းကို ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် ၁၃ ရက်မြောက် အခမ်းအနားတွင် အတည်ပြုခဲ့သည်။

အဆိုပါ စက်ရုံများအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတွင်ဖြည့်စွက်ထည့်သွင်းခွင့်ပြုရန်အတွက် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြည်ထောင်စုလွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီးဌာနများအတွက် လိုအပ်သောရန်ပုံငွေ ပြည်ပမှ ချေးယူရန် လွှတ်တော်က အတည်ပြု

**ထူးသန့်** **နေပြည်တော်၊စက်တင်ဘာ-၇**

ပြည်ထောင်စုဝန်ကြီးဌာနများ၏ တည်ဆောက်ဆဲလုပ်ငန်းများကို အပြီးသတ် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်လျက်ရှိသည့် ရန်ပုံငွေ အမေရိကန်ဒေါ်လာသန်းပေါင်း တစ်ထောင့်ခုနစ်ရာကျော်နှင့် ဂျပန်ယန်းငွေ သန်းတစ်သောင်းအား ပြည်ပမှ ချေးယူဆောင်ရွက်ရန် ယနေ့ကျင်းပသော ပြည်ထောင်စုလွှတ်တော် ၁၃ ရက်မြောက်နေ့ အစီအစဉ်တွင် အတည်ပြုခဲ့သည်။

အဆိုပါ ချေးငွေများကို ပြည်ပအစိုးရ၊ အဖွဲ့အစည်းများဖြစ်သည့် Exim Bank (တရုတ်)မှ အမေရိကန်ဒေါ်လာ ၁၀၉၇ ဒသမ ၆၇၁ သန်း၊ CDB (တရုတ်)မှ ကန်ဒေါ်လာ ၁၁၀ သန်း၊ Exim Bank (အိန္ဒိယ) မှ ကန်ဒေါ်လာ ၅၀၀ ဒသမ ၈၁၈ သန်း၊ ဂျပန်ပြည်ပဖွံ့ဖြိုးရေးချေးငွေ (ODA)မှ ယန်းငွေ သန်းတစ်သောင်းဖြင့် အသီးသီး ချေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

## ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့်ပတ်သက်၍ အစ္စလာမ်နိုင်ငံရေးပါတီသုံးခုကို ရွေးကောက်ပွဲကော်မရှင် ခေါ်တွေ့

**ရန်မျိုးနိုင်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၀**

ရခိုင်အရေး စုံစမ်းစစ်ဆေးရေး ကော်မရှင်တွင် ပါဝင်နေသူအချို့ကို ကန့်ကွက်ကြောင်း သမ္မတထံ စာတင်သည့်ကိစ္စနှင့်ပတ်သက်၍ အစ္စလာမ်နိုင်ငံရေးပါတီသုံးခုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခေါ်ယူတွေ့ဆုံခဲ့ကြောင်း ကမန်အမျိုးသားတိုးတက်ရေး ပါတီ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်ဝင်းက ပြောသည်။

"ဦးအေးသာအောင်၊ ဒေါက်တာအေးမောင်နဲ့ ဦးကိုကိုကြီးတို့ ပါဝင်နေတာကိုပါတီနှစ်ခုက ကန့်ကွက်စာတင်တာနဲ့ပတ်သက်ပြီး ခေါ်တွေ့တာ" ဟု တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် ၎င်းကပြောသည်။

စက်တင်ဘာ ၆ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အမျိုးသားတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၊ အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ၊ ကမန်အမျိုးသားတိုးတက်ရေးပါတီတို့ကို ခေါ်ယူတွေ့ဆုံဆွေးနွေးခဲ့သည်။

"နိုင်ငံတော်က ယုံကြည်လို့ တာဝန်ပေးထားတဲ့ ဒီလူတွေကို ကျွန်တော်တို့က သံသယမရှိဘူး၊ လုံးဝ မကန့်ကွက်ဘူး" ဟု ကမန်အမျိုးသားတိုးတက်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်ဝင်းက ပြောသည်။

ရခိုင်ပြည်နယ်တွင် ပဋိပက္ခဖြစ်ပွားမှုနှင့်စပ်လျဉ်း၍ ဖြစ်စဉ်ဖြစ်ရပ်အမှန်ပေါ်ပေါက်ရေးအတွက် လူပုဂ္ဂိုလ် ၂၇ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဩဂုတ်လ ၁၇ ရက်တွင် ဖွဲ့စည်းခဲ့သည်။

အဆိုပါစုံစမ်းစစ်ဆေးရေး ကော်မရှင်တွင် အစ္စလာမ်သာသနာရေးရာ ကောင်စီဌာနချုပ်၊ မြန်မာမွတ်ဆလင်အမျိုးသားရေးရာအဖွဲ့ချုပ်၊ မြန်မာမွတ်ဆလင်လူငယ်များ(ဘာသာရေး)အဖွဲ့ချုပ်မှ တာဝန်ရှိသူများကိုပါ ထည့်သွင်းဖွဲ့စည်းထားသည်။

## အသစ်သွင်းကားပိုင်ရှင်များ ကားအပိုပစ္စည်းရှားပါးမှုနှင့် တန်ဖိုးကြီးမြင့်မှု ကြုံနေရ

**မိုးညို**

**ရန်ကုန်၊ စက်တင်ဘာ-၉**

ပြည်ပမှ ဝင်ရောက်လာသည့်မော်တော်ယာဉ်များ၌ယာဉ်အပိုပစ္စည်းရှားပါးမှုနှင့် တန်ဖိုးကြီးမြင့်မှုတို့ ကြုံတွေ့နေရကြောင်း ကားပိုင်ရှင်များက ပြောသည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

အထူးသဖြင့် ၂၀၀၇ မော်ဒယ်အထက် ယာဉ်များ၌ ယင်းပြဿနာကို အများဆုံး ကြုံတွေ့နေရပြီး Land Rover, Surf, Caldina အစရှိသော တန်ဖိုးမြင့်ယာဉ်များ၏ ယာဉ်အပိုပစ္စည်းများ အဓိကရှားပါးနေခြင်းလည်း ဖြစ်သည်။

"ဈေးကြီးပြီး ပစ္စည်းရှားတာ" ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ပြည်ပမှ မော်တော်ယာဉ်တင်သွင်းပေးသည့် ကုမ္ပဏီအချို့တွင် အချို့သော ကုမ္ပဏီများက ယာဉ်နှင့်အတူ ယာဉ်အပိုပစ္စည်းများ တစ်ပါတည်းတင်သွင်းပေးသော်လည်း အချို့သော ကုမ္ပဏီများက တင်သွင်းလာခြင်း မရှိပေ။

ထို့ပြင် တင်သွင်းလာသည့် ယာဉ်အပိုပစ္စည်းအချို့မှာ ပြန်လည်တပ်ဆင်ရန် တတ်ကျွမ်းနားလည်သူများ အားနည်းနေခြင်း၊ ကွန်ပျူတာစနစ်ဖြင့်ထိန်းသိမ်း၍ ဆော့ဖ်ဝဲပိုင်းများအား ပြန်လည် ကြည့်ရှုရသည့်အစိတ်အပိုင်း အချို့ပါဝင်နေခြင်း၊ မော်တော်ယာဉ်၏ မူလအညွှန်းစာအုပ်ပါအတိုင်း ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်နေရခြင်းများ ရှိကြောင်း ဘုရင့်နောင် ကားအပိုပစ္စည်းများ ရောင်းဝယ်ရေးစခန်းမှ ယာဉ်အပိုပစ္စည်းများ ရောင်းချသူတစ်ဦးက ပြောသည်။

ကားဝယ်ယူသူများအတွက် လက်ရှိကားကုမ္ပဏီအချို့မှာ တစ်နှစ် (သို့မဟုတ်) ခြောက်လအစရှိသဖြင့် ယာဉ်၏တန်ဖိုးအတိုင်း နှစ်သက်တမ်းအလိုက် အာမခံချက်မျိုးပေးသည့် ကုမ္ပဏီအချို့တွင် အထက်ပါပြဿနာနှင့် ကြုံတွေ့ရမှုနည်းပါးပြီး မိမိအစီအစဉ်ဖြင့်သာ ပြည်ပမှ တင်သွင်းလာသည့် ကားပိုင်ရှင်များ၌ ဆက်တိုက်ကြုံတွေ့လာကြောင်း ဟံသာဝတီကားပွဲစားဝင်းမှ ဝယ်ရောင်းတစ်ဦးက ပြောသည်။

ယင်းကဲ့သို့ အပိုပစ္စည်း ရှားပါးခြင်း၊ ကျွမ်းကျင်ပညာရှင်အားနည်းခြင်း ပြဿနာများကို ဖြေရှင်းရန်အတွက် တိုယိုတာ၊ မစ်ဆူဘီရှီ အစရှိသော ဂျပန်ကားကုမ္ပဏီကြီးများက ယခုနှစ်အတွင်း လာရောက်၍ အပိုပစ္စည်းထုတ်လုပ်သည့် နည်းပညာများ၊ စက်ပိုင်းဆိုင်ရာ ထိန်းသိမ်းသည့် သင်တန်းများ ပြုလုပ်ပေးရန် အစီအစဉ်များရှိကြောင်း ယာယီဖွဲ့စည်းထားသည့် မော်တော်ယာဉ် ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု လုပ်ငန်းအသင်းမှ အသင်းဝင်တစ်ဦးဖြစ်သူ ဦးမိုးကျော်က ပြောသည်။

## လွန်ခဲ့သော နှစ် ၂၀ကျော်က မြောက်ပိုင်းကိစ္စနှင့်ပတ်သက်

**မြတ်စုမွန်၊ ထွန်းခိုင်**

**ရန်ကုန်၊**

**စက်တင်ဘာ-၇**

ကျောင်းသားတပ်မတော်အတွင်း လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က ဖြစ်ပွားခဲ့သည့် မြောက်ပိုင်းကိစ္စများနှင့်ပတ်သက်၍ သက်ဆိုင်သူအားလုံး အမှန်တရားနှင့် တရားမျှတမှု ရှာဖွေဖော်ထုတ်ရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရန် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF )က ကြေညာချက်တစ်စောင်ကို ယနေ့ထုတ်ပြန်လိုက်သည်။

"အေဘီအက်စ်ဒီအက်ဖ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူတွေရော၊ လက်ရှိ တာဝန်ယူနေတဲ့သူတွေပါ ဒီသမိုင်းဖြစ်ရပ်တစ်ခုကို မေ့ထားလို့ မရပါဘူး။ ရှောင်သွားလို့လည်း မရပါဘူး။ ကျွန်တော်တို့အားလုံး ရင်ဆိုင်ရမှာပါ။ အားလုံးက အမှန်တရားတစ်ခုအတွက် ယုံယုံကြည်ကြည်နဲ့ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ပါဝင်ဆောင်ရွက်ဖို့အတွက်လည်း တိုက်တွန်းပါတယ်" ဟု ယင်းအဖွဲ့မှ တာဝန်ခံညှိနှိုင်းသူ ရဲဘော်ကျော်ကျော်လင်းက 7Day News သို့ ပြောသည်။

ထိုင်း-မြန်မာနယ်စပ်တွင် အခြေစိုက်သည့်မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားဒီမိုကရက်တစ်တပ်ဦး(ABSDF )သည် မြောက်ပိုင်းအဖွဲ့ အခြေစိုက်ရာ တရုတ်-မြန်မာ နယ်စပ်ဒေသများ၌ လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကျော် (၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလ) က ဖြစ်ပျက်ခဲ့သည့် သူလျှိုစစ်ဆေးဖော်ထုတ်မှုများနှင့် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုများကိုဖြစ်ရပ်မှန် ပြန်လည်ဖော်ထုတ်ရန် ထိုင်းနိုင်ငံ၌ အဖွဲ့အစည်းတစ်ခုကို စတင်ဖွဲ့စည်းခဲ့သည်။

ဤဖြစ်စဉ်များဖြစ်ပွားပြီး နှစ်ပေါင်း ၂၀ အကြာတွင် ယင်းကဲ့သို့ ဆောင်ရွက်ခဲ့မှုများအတွက် အလေးအနက် တောင်းပန်ကြောင်းနှင့် အဖြစ်အပျက်များအတွင်း နစ်နာဆုံးရှုံးအသက်ပေးသွားခဲ့သည့် ရဲဘော်များ၊ သက်ဆိုင်ရာ ကာယကံရှင်များ၊ မိဘဆွေမျိုးများနှင့်အတူ မိမိတို့ အဖွဲ့အစည်းအနေဖြင့် ထပ်တူဝမ်းနည်းကြောင်း ABSDF (ဗဟိုကော်မတီ)၏ ယင်းထုတ်ပြန်ချက်တွင်ထည့်သွင်းဖော်

# အခွန်တံဆိပ်ခေါင်းတန်ဖိုးကြီးမြင့်မှုကြောင့် တရားစွဲဆိုနိုင်မည့် အခွင့်အရေးများ ဆုံးရှုံးနေ

**အေးသူစံ၊ မြတ်စုမွန်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၀**

အခွန်တံဆိပ်ခေါင်းတန်ဖိုးကြီးမြင့်မှုကြောင့် တရားမမှု စွဲဆိုလိုသည့် ပြည်သူများမှာ အခွန်တံဆိပ်ခေါင်းတန်ဖိုး မပေးဆောင်နိုင်သည့်အတွက် တရားစွဲဆိုနိုင်မည့် အခွင့်အရေး ဆုံးရှုံးနေရကြောင်း တရားလွှတ်တော်ရှေ့နေများနှင့် အမှုသည်များထံမှ သတင်းရရှိသည်။

အခွန်တံဆိပ်ခေါင်းကို ယခုနှစ်ဧပြီ ၁ ရက်မှစတင်၍ မူလတန်ဖိုးထက် အဆတစ်ရာနီးပါး တိုးမြှင့်လိုက်ခြင်းဖြစ်သည်။

"တိုင်းပြည်က ဆင်းရဲနေတယ်။ ပြည်သူတွေမှာ ဝင်ငွေနည်းတယ်။ တရားသဖြင့် တိုးတာကို လက်ခံတယ်။ အခုဟာက မတော်မတရား တိုးလိုက်တယ်။ အမြင့်ဆုံး ၁၅ သိန်းကပ်မှ တရားစွဲနိုင်မယ်ဆိုတော့ ဘယ်သူစွဲနိုင်မလဲ။ ဒါပြည်သူတွေရဲ့တရားစွဲနိုင်မယ့် အခွင့်အရေးကို သွယ်ဝိုက်ပြီး ပိတ်ပင်လိုက်သလိုပါပဲ" ဟု တရားလွှတ်တော်ရှေ့နေ ဦးကိုနီကပြောသည်။

အမွေခွဲဝေရရှိနိုင်မည့်အခွင့်အရေးရှိနေသော်လည်း တရားမမှုစွဲဆိုရန် အခွန်တံဆိပ်ခေါင်းတန်ဖိုးမတတ်နိုင်သည့်အတွက် တရားမစွဲဆိုနိုင်သူတစ်ဦးက "ကျွန်တော့်မှာ အမွေရဖို့ရှိနေပါတယ်။ ဒါပေမဲ့ တရားမမှု စွဲဆိုရာမှာ ကပ်ရမယ့် အခွန်တံဆိပ်ခေါင်းဖိုး ၁၅ သိန်းမတတ်နိုင်လို့ တရားမစွဲနိုင်ဘူး"ဟု ပြောကြားသည်။

တရားမမှုများ စွဲဆိုရာတွင် တရားရုံးမှ သတ်မှတ်ထားသော အမှုတန်ဖိုးများအလိုက် ရုံးခွန်တံဆိပ်ခေါင်းများကို ထမ်းဆောင်ရပြီး ယခင်က ကျပ် ၁၀၀ မှ အမြင့်ဆုံး ကျပ်သိန်းဂဏန်းဝန်းကျင်အထိ ၁၅ ကျပ်သာ ပေးဆောင်ခဲ့ရပြီး ကျပ်ဆယ်သိန်းကျော်မှစ၍ ကျပ်တစ်သောင်းခွဲတန် ရုံးခွန်တံဆိပ်ခေါင်းများကပ်ကာ တရားစွဲဆိုနိုင်ခဲ့သော်လည်း ယခုအခါ ကျပ်တစ်သောင်းခွဲ တန်ဖိုးအစား အမြင့်ဆုံးကျပ် ၁၅ သိန်း ပြင်ဆင်လိုက်သည့်အတွက် တရားစွဲဆိုရန် အခွင့်အလမ်း နည်းပါးသွားကြောင်း သိရသည်။

"တံဆိပ်ခေါင်းခွန် အဆတစ်ရာနီးပါး တက်လိုက်တော့ တရားစွဲချင်ပေမယ့် မစွဲနိုင်ဘူး။ အမွေရဖို့တော့ ရှိပါရဲ့။ ရင်းရမယ့် အခွန်တံဆိပ်ခေါင်းတန်ဖိုး မတတ်နိုင်တော့ အယူခံထပ်တက်ရင်တောင် နိုင်လောက်မယ့်အမှုကို ထပ်မတက်တော့ဘဲ ဒီတိုင်းထားလိုက်ရတဲ့ အမှုသည်တွေတွေ့နေရတယ်။ တံဆိပ်ခေါင်းခွန်ဥပဒေကိုပြန်သုံးသပ်ပေးစေချင်ပါတယ်" ဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)က ပြောသည်။

တရားရုံးများတွင် ဖြစ်ပေါ်သည့်အမှုများအတွက် ဆောင်ရသည့် အခွန်တန်ဖိုးနှင့် အိမ်ခြံမြေရောင်းဝယ်ခြင်းကဲ့သို့ ငွေကြေးဆိုင်ရာကိစ္စရပ်များအတွက် သတ်မှတ်သော အခွန်တန်ဖိုးတို့ကိုတန်းတူမသတ်မှတ်သင့်ကြောင်းဥပဒေကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ဩဂုတ်လ ၂၇ရက်ကရှေ့နေများဖြင့် ချိတ်ဆက်ဖွဲ့စည်းထားသည့် ရှေ့နေကွန်ရက်က အခွန်အခတံဆိပ်ခေါင်း ပြင်ဆင်သုံးသပ်ပေးပါရန် မေတ္တာရပ်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရေးရာကော်မတီအားလုံးထံသို့ ပေးပို့ထားကြောင်းနှင့် ယခုထိ တစ်စုံတစ်ရာ အကြောင်းမထူးသေးကြောင်း အဆိုပါကွန်ရက်မှ သတင်းရရှိသည်။

# လုပ်သားတစ်ဦး တစ်နေ့ အခြေခံလစာ ၃,၀၀၀ ကျပ် သတ်မှတ်ရေး အလုပ်ရှင်များက သဘောမတူနိုင်

**အေးမြတ်သူ**

**ရန်ကုန်၊ စက်တင်ဘာ - ၁၀**

လုပ်သားတစ်ဦးလျှင် တစ်နေ့အခြေခံလစာငွေသုံးထောင်ကျပ် သတ်မှတ်မည်ဆိုပါက လုပ်ငန်းလည်ပတ်မှုရပ်တည်ရန် ခက်ခဲသွားနိုင်ကြောင်း ယခုလ ၆ ရက်တွင် အလုပ်သမားများဆိုင်ရာ ဥပဒေရေးရာ ဆွေးနွေးပွဲ၌ လုပ်ငန်းရှင်များက သုံးသပ်ပြောကြားကြသည်။

လုပ်ငန်းရှင်များအနေဖြင့် လက်ရှိ လုပ်သားများအပေါ် လုပ်ခလစာပေးနှုန်းသည် အခြားအိမ်နီးချင်း နိုင်ငံများနှင့် နှိုင်းယှဉ်ပါက နိမ့်ကျမှုမရှိခြင်းအပြင် လက်ရှိ ပြည်ပမှ အော်ဒါများ လက်ခံရာ၌ သယ်ယူပို့ဆောင်ရေးစရိတ်တို့အပြင် အခွန်ကင်းလွတ်မှု မရှိသေးသည့်အတွက် မိမိတို့အနေဖြင့် လက်ရှိအနေအထားအရ ခက်ခဲမှုများရှိကြောင်း သိရသည်။

"တစ်နေ့ သုံးထောင် ညှိလို့မရတော့ဘူးဆိုရင် ကျွန်တော်တို့ လုပ်ငန်းရှင်တွေ ပျက်ကုန်ဖို့ ဦးတည်မှုဖြစ်သွားမယ်။ တကယ်လို့ တစ်နေ့ သုံးထောင်သာ ဖြစ်သွားမယ်ဆိုရင် ကျွန်တော့်ဆီမှာ ဝန်ထမ်းနှစ်ထောင်ကျော်ရှိတယ်။ ဒီနေ့ကစပြီး လုပ်ငန်းပိတ်ဖို့ဦးတည်သွားမယ်" ဟု အထည်ချုပ်လုပ်ငန်းများကိုယ်စားလှယ် လက်ဝါးအထည်ချုပ်စက်ရုံမှ ဒေါက်တာခင်မောင်အေးကပြောသည်။

လှိုင်သာယာမြို့နယ်တွင်းရှိ စက်ရုံ ၃၀ ခန့်မှ လုပ်သား ၂၀၀ ခန့်သည် ယခုလ ၂ရက်၌ လုပ်သားများ၏ အကျိုးခံစားခွင့်ပြည့်ဝစွာရရှိရေးအတွက် လုပ်သားတစ်ဦး၏ နေ့တွက်လုပ်ခ ရှစ်နာရီအတွက် အနည်းဆုံး ကျပ်သုံးထောင် ရရှိရန် ငြိမ်းချမ်းစွာစီတန်းလှည့်လည်၍ ဆန္ဒပြတောင်းဆိုခဲ့သည်။

"သုံးထောင်ဆိုတာက လက်ရှိကုန်ဈေးနှုန်းပေါ် တွက်ပြီး ရသင့်တယ်ထင်လို့တောင်းဆိုတာ။ သုံးထောင်နဲ့တွက်ရင် ၂၆ ရက်ကို ခုနစ်သောင်းကျော်ပဲရှိတယ်။ လက်ရှိ သူတို့တွေက ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ပေးနေတဲ့နှုန်းထားနဲ့ အတူတူလောက်ပါပဲ။ ဒါပေမဲ့ အလုပ်သမားတွေအနေနဲ့ အခြေခံလစာအဖြစ်ရသင့်တယ်"ဟုအလုပ်သမားရေးရာ ဆောင်ရွက်လျက်ရှိသူ ရှေ့နေဦးဌေးကပြောသည်။



လက်ရှိ အလုပ်သမားများအနေဖြင့် အခြေခံလုပ်ခလစာထက် အချိန်ပိုကြေးပေါ် မူတည်၍ ထိုက်သင့်သောလုပ်ခလစာများကိုသာ ရရှိသည့်အတွက် အချိန်ပိုကြေးအပေါ် မှီခိုပြီး လုပ်ကိုင်နေရကာ လက်ရှိ အလုပ်သမားတစ်ဦးလျှင် ယာယီသတ်မှတ်ပေးထားသော နေ့စားကြေး ၁,၁၀၀ ကျပ်သာရရှိပြီး အခြားအကျိုးခံစားခွင့်၊ ရှားပါးစရိတ်တို့ ပေါင်းခြင်းဖြင့် လုပ်ခလစာ ကျပ်ရှစ်သောင်းခန့်သာ အများစုရရှိကြကြောင်း သိရသည်။

"ဘင်္ဂလားဒေ့ရှ်နဲ့ နှိုင်းယှဉ်ရင် ကျွန်တော်တို့နိုင်ငံမှာ အခွန်တွေရှိနေသေးတဲ့အတွက် ပြည်ပအော်ဒါကို ဘင်္ဂလားဒေ့ရှ်နဲ့ယှဉ်ရင် ချုပ်ခကို နည်းနည်းလျှော့ယူရတဲ့အတွက်အကယ်၍ သုံးထောင်သာပေးရမယ်ဆိုရင်ရတဲ့ချုပ်ခထက် အလုပ်သမားခက နှစ်ဆလောက်ဖြစ်သွားမှာ။ ဒါဆိုရင် ကျွန်တော်တို့အနေနဲ့မကိုက်ဘူး။လက်ရှိဒေါ်လာဈေးကလည်း ကျနေတော့ ဘယ်လိုမှ အဆင်မပြေနိုင်ဘူး" ဟု လက်ဝါးအထည်ချုပ်စက်ရုံမှ ဒေါက်တာခင်မောင်အေးကပြောသည်။

# ၍ ABSDF ကြေညာချက်ထုတ်

ပြထားသည်။

"ဒီဖြစ်စဉ်နဲ့ပတ်သက်လို့မှားယွင်းခဲ့တယ် ဆိုတာကို လက်ခံတဲ့သဘောလို့ မြင်တယ်"ဟု အဆိုပါစခန်းတွင် ဖမ်းဆီးခံခဲ့ရပြီး ပြန်လည်ထွက်ပြေးလွတ်မြောက်လာသူ ကိုရဲလင်းက 7Day News သို့ ပြောသည်။

ABSDF (ဗဟိုကော်မတီ) က ပြုလုပ်မည်ဆိုသည့် စုံစမ်းဖော်ထုတ်မှုများအတွက် မည်သည့်အတိုင်းအတာအထိ ပြုလုပ်နိုင်မည်ဆိုသည်ကို လေ့လာစောင့်ကြည့်နေကြောင်း၊ စုံစမ်းစစ်ဆေးမှုများအတွက် မြောက်ပိုင်းဖြစ်စဉ်များတွင် တာဝန်ရှိသည်ဟု စွပ်စွဲခံရသူများ၏ ဩဇာသက်ရောက်မှု မရှိစေရေးနှင့်လွတ်လပ်မျှတရေးမှာ အရေးကြီးကြောင်း ကိုရဲလင်းက ပြောသည်။

မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိနေသည့် ABSDF ၏ ပထမဆုံးဥက္ကဋ္ဌဖြစ်သူ ဦးထွန်းအောင်ကျော်ကလည်း ABSDF (ဗဟိုကော်မတီ)က ပြုလုပ်မည်ဆိုသည့် စုံစမ်းဖော်ထုတ်မှုများအတွက် အားမရကြောင်း၊ အမှန်တရားပေါ်ပေါက်ရေးအတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၅ ရက်က 7Day News နှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ABSDF ကျောင်းသားတပ်မတော်သည် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံ နောက်ပိုင်းတွင် တောခိုသွားခဲ့သည့် ကျောင်းသားလူငယ်များနှင့် ဖွဲ့စည်းထားသော လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး လက်ရှိတွင် အစိုးရနှင့်ငြိမ်းချမ်းရေး ဆွေးနွေးလျက်ရှိသည်။

## သတင်းတိုများ

# အလုံမြို့နယ်တွင် ခြောက်ထပ်တိုက်ပေါ်မှ အမျိုးသမီးငယ်တစ်ဦး ပြုတ်ကျသေဆုံး

**အေးမြတ်သူ** **ရန်ကုန်၊ စက်တင်ဘာ-၉**

ယနေ့မွန်းလွဲ ၁၂နာရီကျော်ခန့်က အလုံမြို့နယ်တွင် ခြောက်ထပ်တိုက်ပေါ်မှ အမျိုးသမီးငယ်တစ်ဦး ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ယင်းမြို့နယ်ရဲစခန်းက အတည်ပြုပြောကြားသည်။

အမျိုးသမီးငယ်သည် တိုက်ပေါ်မှ ပြုတ်ကျပြီးနောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးသွားခြင်းဖြစ်ကြောင်း သိရသည်။

အသက် ၂၃ နှစ်အရွယ်ရှိ အမျိုးသမီးငယ်သည် အလုံမြို့နယ်၊ စောရန်ပိုင်(မြောက်)ရပ်ကွက်၊ ငုဝါလမ်းတွင်နေထိုင်ပြီး ၎င်းနေထိုင်သည့် တိုက်ခန်းနောက်ဖေးဝရန်တာမှ ပြုတ်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ သက်ဆိုင်ရာရဲစခန်းမှ သေဆုံးမှုနှင့်ပတ်သက်၍ ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

# အငြိမ်းစားရဲမှူးကြီးတစ်ဦး၏ဇနီးအသတ်ခံရမှု နှစ်ရက်အတွင်း ဖမ်းမိ

**အိဖြူလွင်** **ရန်ကုန်၊ စက်တင်ဘာ - ၁၀**

ပုဇွန်တောင်မြို့နယ်တွင် ယခုလ ၆ ရက်က ဖြစ်ပွားခဲ့သည့် အငြိမ်းစားရဲမှူးကြီးတစ်ဦး၏ ဇနီးအသတ်ခံရမှုဖြစ်ပွားပြီး ၃၄ နာရီအတွင်း ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်ဟု ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

သေဆုံးသူဒေါ်မနှင်းဆီဟန်သည်အသက်၆၂နှစ်အရွယ်ခန့်ရှိပြီး နေအိမ်၌ အိမ်သားများမရှိဘဲ တစ်ဦးတည်းရှိနေချိန်တွင် တံစဉ်း(စကေဘာ)ဖြင့် ထိုးထားသော ဒဏ်ရာ ၁၈ ချက်ဖြင့် သေဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။

တရားခံမှာ အမှုမဖြစ်မီတစ်ရက်က ယင်းနေအိမ်တွင် အဲကွန်းဖြုတ်ရန် သွားရောက်ခဲ့သူဖြစ်ပြီး ဒုတိယတစ်ကြိမ် နောက်တစ်နေ့နံနက်တွင် အဲကွန်းဆိုင်မှဟုပြောကာ နေအိမ်အတွင်း ဝင်ရောက်ပြီး ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်။

# တိုက်ခန်းမီးလောင်ရာမှ လူတစ်ဦး သေဆုံး

**မိုးညို** **ရန်ကုန်၊စက်တင်ဘာ-၁၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၈ လမ်း အလယ်ဘလောက်၌ ကန်ထရိုက်တိုက်တစ်လုံး၏ ရှစ်လွှာတွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး အသက် ၈၁ နှစ်အရွယ် အဘိုးအိုတစ်ဦး မီးလောင်ကျွမ်းစဉ်မီးခိုးမွှန်ကာ သေဆုံးသွားကြောင်း သတင်းရရှိသည်။

စက်တင်ဘာလ ၁၀ရက် မွန်းလွဲ ၂နာရီခန့်အချိန်တွင် ကျောက်တံတားမြို့နယ် ၃၇ လမ်း အလယ်ဘလောက်ရှိအမှတ် B-17၊ ရှစ်လွှာတွင် နေအိမ်သုံးမိန်းခလုတ်မှစတင်၍ ဝါယာရှော့ခ်ဖြစ်ကာ အပူလွန်ကဲ၍ စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း အခင်းဖြစ်ပွားရာနေရာရှိမီးသတ်ဦးစီးဌာနမှ အရာရှိတစ်ဦးက အတည်ပြုပြောကြားသည်။

သေဆုံးသူအဘိုးအိုမှာ ယခင်ကတည်းက လေဖြတ်ရောဂါနှင့် နားမကြားရောဂါတို့ကို ခံစားနေရပြီး နေအိမ်တွင် တစ်ယောက်တည်းရှိနေစဉ် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သောကြောင့် လွတ်မြောက်နိုင်ခြင်းမရှိဘဲ အသက်ဆုံးရှုံးခဲ့ရကြောင်း ယင်းမီးလောင်မှုတွင် ဝင်ရောက်ကူညီခဲ့သူ ကြက်ခြေနီဝန်ထမ်းတစ်ဦးက ပြောသည်။

# လမ်းမတော် ဂက်စ်ဆိုင်မီးလောင်မှုမှာ ယခုနှစ်အတွင်း ရန်ကုန်မြို့၏ အန္တရာယ်အကြီးဆုံးမီးအဖြစ် သတ်မှတ်

**မိုးညို၊ ရန်မျိုးနိုင်** **ရန်ကုန်၊ စက်တင်ဘာ - ၁၀**

လမ်းမတော်မြို့နယ်တွင် ဂက်စ်နှင့်ဂက်စ်အပိုပစ္စည်းဆိုင် မီးလောင်ကျွမ်းမှုသည် ရန်ကုန်မြို့တွင် ယခုနှစ်၏ အန္တရာယ်အကြီးဆုံးမီးအဖြစ် သတ်မှတ်နိုင်သည်ဟု မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသင်းဌေးရွှေကပြောသည်။

စက်တင်ဘာ ၇ ရက်က လမ်းမတော်မြို့နယ် (၁) ရပ်ကွက် ၁ လမ်း မီးရထားအိမ်ရာဝင်းရှိ ချိုဂက်စ်နှင့် ဂက်စ်အပိုပစ္စည်းအရောင်းဆိုင်တွင် ဂက်စ်အိုးမှ ဂက်စ်ယို့စိမ့်နေစဉ် မီးသုံးစွဲရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း မီးသတ်ဦးစီးဌာန(ဗဟို)၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

7DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# အိမ်အကူအမျိုးသမီးသေဆုံးမှု အိမ်ရှင်ကို လူသတ်မှုဖြင့် စစ်ဆေး

**အိမ်ရှင်အမျိုးသမီးမှာ MRTV-4 ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် သရုပ်ဆောင်ရန် ရွေးချယ်ခံထားရသူတစ်ဦးဖြစ်**

**သန်းဌေး**

**ရန်ကုန်၊စက်တင်ဘာ-၁၁**

အသက် ၁၈ နှစ်အရွယ် အိမ်ဖော်အမျိုးသမီးတစ်ဦး၏ ပုပ်ပွနေသော အလောင်းတွေ့ရှိပြီးနောက်အသက် ၂၁ နှစ်အရွယ် အိမ်ရှင်အမျိုးသမီးအား လူသတ်မှုဖြင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

အမှုဖြစ်စဉ်မှာ ကမာရွတ်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗဟိုလမ်း(ခိုင်ရွှေဝါလမ်း)၊ ခြောက်ထပ်တိုက်၊ ၃ လွှာတွင် နေထိုင်သော MRTV-4 ဇာတ်လမ်းတွဲတစ်ခုတွင်သရုပ်ဆောင်ရန် ရွေးချယ်ခံထားရသူ မမေဇွန်(ခ)မျိုးဇာနည်ဇွန်သည် စက်တင်ဘာ ၈ ရက် မွန်းလွဲတစ်နာရီခန့်က အလုပ်ကိစ္စဖြင့် ပုသိမ်သို့ ခရီးသွားနေစဉ် ၎င်းအိမ်တွင် အိမ်ဖော်အလုပ်လုပ်နေသော မနုနုလွင်တစ်ယောက်တည်းသော့ခတ်ပြီး ချန်ထားခဲ့ခြင်းဖြစ်သည်။

နှစ်ရက်အကြာ စက်တင်ဘာ ၁၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် အိမ်ရှင်ပြန်ရောက်လာရာ အိမ်အကူအမျိုးသမီးငယ်မှာ နှာခေါင်းသွေးအနည်းငယ်ထွက်ပြီး ယာလက်ဖျံ၊ ယာပခုံးသွားကိုက်ဒဏ်ရာ၊ ယာနဖူး ဖူးယောင်ဒဏ်ရာ၊ ဝဲနို့အုံအောက်၊ ရင်သားနှစ်ခုကြား ညိုမည်းဒဏ်ရာများဖြင့် သေဆုံးနေကြောင်း ကမာရွတ်ရဲစခန်းမှတာဝန်ရှိသူများကစစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

“အိမ်ဖော်ကောင်မလေးက အမြဲတမ်း လက်ရှည်လေး ဝတ်ထားလေ့ရှိတယ်။ နယ်ကအလုပ်လာလုပ်တာ။ မရှိရှာပါဘူး။ အခုအလောင်းက ပုပ်စော်တောင်နံနေပြီလေ”ဟု အခင်းဖြစ်နေရာအနီးရှိ အိမ်နီးနားချင်း အမျိုးသမီးတစ်ဦးကပြောသည်။

အဆိုပါ အမှုအား မူလကဒုရဲအုပ် သန်းအောင်ထွေးက တရားလို ပြုလုပ်ကာ ကမာရွတ်ရဲစခန်းတွင် သေမှုသေခင်းအမှတ်စဉ် ၁၁/၁၂ ဖြင့် စွဲဆိုခဲ့သော်လည်း သေဆုံးသူ မနုနုလွင်၏ ပြင်ပဒဏ်ရာများနှင့်ပတ်ဝန်းကျင်သက်သေစစ်ဆေး ပေါ်ပေါက်ချက်များအရကမာရွတ်ရဲစခန်းက ပုဒ်မ ၃၀၂/၃၂၅ ဖြင့် ပြစ်မှုဆိုင်ရာ အမှတ် (ပ) ၃၆၄/၁၂ အရ သေမှုသေခင်းမှ လူသတ်မှုအဖြစ် ပြောင်းလဲစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါအိမ်ရှင်မေဇွန်သည် MRTV-4 အစီအစဉ်တင်ဆက်သူတစ်ဦးဖြစ်ကြောင်း သတင်းများထွက်ပေါ်နေခြင်းနှင့်ပတ်သက်၍ ၎င်းသည် MRTV-4 မှ ဝန်ထမ်းတစ်ဦး မဟုတ်သလို အစီအစဉ်တင်ဆက်သူတစ်ဦးလည်း မဟုတ်ကြောင်း MRTV-4 မှ တာဝန်ရှိသူတစ်ဦးဖြစ်သော ဦးမျိုးမြတ်သူက အတည်ပြုပြောကြားသည်။

“ကျွန်တော်တို့ဆီက ရိုက်မယ့် Flowers & Butterfly ရုပ်သံဇာတ်လမ်းတွဲ အတွက် သရုပ်ဆောင်အဖြစ် ရွေးထားတာပါ။ ဇာတ်လမ်းတောင် မရိုက်ရသေးပါဘူး”ဟု ဦးမျိုးမြတ်သူက ပြောသည်။

# ယုဇနကုမ္ပဏီက ဟူးကောင်းချိုင့်ဝှမ်းမှ တောင်ယာ ဧက ၁,၀၀၀ ပြန်ပေးမည်

**အိဖြူမွန်**

**ရန်ကုန်၊စက်တင်ဘာ-၁၁**

ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ယုဇနကုမ္ပဏီက ပီလောပီနန်စိုက်ပျိုးနေသော မြေဧက နှစ်သိန်းအနက် ဧကတစ်ထောင်အား ဒေသခံတောင်သူများကို ပြန်ပေးရန် သဘောတူညီမှု ရရှိခဲ့ကြောင်း တောင်သူကိုယ်စားလှယ် ဒေါ်ဘောက်ဂျာကပြောသည်။

ကုမ္ပဏီမှ ပြန်ပေးမည့် ဧကတစ်ထောင်မှာဒေသခံတောင်သူ၈၀ ကျော်က ယုဇနကုမ္ပဏီအား တရားစွဲဆိုထားသော မြေဖြစ်ကြောင်း၊ မြေအတိအကျကိုလာမည့်အပတ်တွင်ဒေသသို့သွားရောက်တိုင်းတာမည်ဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် သိမ်းဆည်းခံ အခြားမြေဧကများကို ပါသဘောတူညီမှုရရှိရန်ထပ်မံတွေ့ဆုံမည့် အစီအစဉ်များရှိကြောင်း ဒေါ်ဘောက်ဂျာက ပြောသည်။ ထိုသဘောတူညီမှုကိုတောင်သူကိုယ်စားလှယ် ဒေါ်ဘောက်ဂျာနှင့် ယုဇနကုမ္ပဏီတို့ ဒုတိယအကြိမ် တွေ့ဆုံမှုတွင် သဘောတူညီမှု ရခဲ့ခြင်းဖြစ်သည်။ ကုမ္ပဏီမှ တာဝန်လွှဲပြောင်းခံရသူ ကိုကျော်တင်မိုးကလည်း နှစ်ဖက်ဆွေးနွေးမှုက ရလဒ်အတိုင်း လိုက်လျောပေးမည်ဖြစ်ကြောင်း၊ မြေဧကမည်မျှပေးမည်ကို မသိရှိကြောင်း ဖြေကြားသည်။

ထို့အပြင် ကုမ္ပဏီအား တရားစွဲထားသော တောင်သူ ၈၀ ကျော်ကို တရားရုံးဆုံးဖြတ်ချက်အတိုင်း နစ်နာကြေးပေးရန် သဘောတူညီခဲ့သည်။ ထို့အပြင် ဒေသဖွံ့ဖြိုးရေးအတွက် မပြီးပြတ်သေးသော စာသင်ကျောင်းအား ပြန်လည်တည်ဆောက်ပေးခြင်း၊ ဒေသခံတို့၏ သင်္ချိုင်းမြေအားပြန်လည်ပေးခြင်း၊ အခြားသောလူမှုရေးဆိုင်ရာ အကူအညီများပေးရန် သဘောတူညီမှုရရှိထားသည်။

ပထမအကြိမ် နေပြည်တော်တွင် တွေ့ဆုံစဉ်က ဒေသခံမြေများပေးရန် ယုဇနဦးဌေးမြင့်ထံမှ ကတိကဝတ်ရရှိခဲ့ရာ ဒုတိယအကြိမ် ထပ်မံတွေ့ဆုံရာတွင် မြေဧကတစ်ထောင်ဝန်းကျင်ပေးရန် သဘောတူညီမှု ရရှိခြင်းဖြစ်သည်။ ဒုတိယအကြိမ် တွေ့ဆုံရာတွင် တောင်သူကိုယ်စားလှယ် ခြောက်ဦးပါဝင်ပြီး ယုဇနကုမ္ပဏီမှ အကြံပေးရှေ့နေလည်း တက်ရောက်ခဲ့သည်။

# ကလေးမြို့ နိုင်ငံတော်သမ္မတ ထောက်ခံဆန္ဒဖော်ထုတ်ပွဲ ခွင့်ပြုချက်ရသော်လည်း သမ္မတနှင့် ကင်တားနားအမည် သုံးခွင့်မပြု

**ဥက္ကာကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၁၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထောက်ခံကြောင်း ဆန္ဒဖော်ထုတ်ပွဲကို စက်တင်ဘာ ၁၃ ရက်တွင် ကလေးမြို့၌ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့်အညီ တရားဝင်ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဆန္ဒဖော်ထုတ်ရာတွင် ဦးသိန်းစိန်ဟု သုံးစွဲခွင့်မပေးဘဲ နိုင်ငံတော်သမ္မတဟုသာ သုံးစွဲရမည်ဖြစ်ကာ ကင်တားနားအမည်ကိုလည်း သုံးစွဲခွင့်မပြုကြောင်း သိရသည်။

ခွင့်ပြုမိန့်ကို ကလေးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက စက်တင်ဘာ ၁၀ ရက်တွင် ချပေးခဲ့ခြင်းဖြစ်ပြီး ဆန္ဒဖော်ထုတ် စီတန်းလှည့်လည်မည့် လမ်းကြောင်း လျှော့ပေးရခြင်းနှင့် ဟောပြောမည့် ပုဂ္ဂိုလ်အရေအတွက် လျှော့ပေးရခြင်းတို့သာရှိခဲ့၍ ဦးသိန်းစိန်နှင့် ကင်တားနားတို့အမည်များ မသုံးစွဲရသည်မှအပ အခက်အခဲ သိပ်မရှိကြောင်း သိရသည်။

စီတန်းလှည့်လည်မည့်အချိန်မှာ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိဖြစ်ပြီး ကလေးမြို့၊ မင်္ဂလာဥယျာဉ်ကျောင်းလမ်း-ကလေးဝလမ်း-ပင်လုံလမ်းမတော်-စံပြလမ်း- ဗိုလ်ချုပ်လမ်းမှ ချီတက်ကာ မင်္ဂလာဥယျာဉ်ကျောင်းရှေ့တွင် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ကိုင်ဆောင်ကြွေးကြော်ရန် ခွင့်ပြုချက်ရရှိသည့် စာသားများမှာ ‘သမ္မတကြီး၏ အဆိုကို ထောက်ခံခြင်းဖြင့် အမိမြန်မာပြည်ကို ကာကွယ်ပါ’၊ ‘ရိုဟင်ဂျာအမည်ခံ ခိုးဝင်လာသူများသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုကို ငြိမ်းခြောက်လာ’၊ ‘ရိုဟင်ဂျာများကို UNHCR သို့ အပ်နှံပြီး ဒုက္ခသည်စခန်းအဖြစ် ထားရှိရန်’၊ ‘ရိုဟင်ဂျာများကို တတိယနိုင်ငံများက လက်ခံမည်ဆိုလျှင် ပို့ပေးမည်’စသည်တို့နှင့် နိုင်ငံတော်သီချင်းကို သီဆိုကြမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ ဆန္ဒဖော်ထုတ်ပွဲအတွက် ခွင့်ပြုမိန့်ရရှိရန် သုံးကြိမ်တိုင် စာတင်ခဲ့ရပြီး လူဦးရေ ၂၀၀ တင်ရာတွင် အယောက် ၁၀၀ သာ ခွင့်ပြုခဲ့ကာ ယင်းနေ့တွင် ဟောပြောမည့်သူ ၁၀ ဦးစာရင်းမှ ဦးမိုက်ကယ်ဝင်းကျော်၊ ဦးကျော်သူစိုး၊ ဒေါ်နီနီမွေးတို့ကိုသာ ခွင့်ပြုခဲ့ကြောင်း သိရသည်။

## မျက်နှာဖုံး - အထက-၄ အလုံတွင် ကျောင်းချိန်အတွင်း ပုံးဟောင်း ၂၅ လုံးတွေ့ မှ

ပုံးအရွယ်အစားမှာ အရှည် ၇ လက်မခွဲ၊ လုံးပတ် ၂လက်မခွဲခန့်ရှိပြီး ယင်းပုံးအဟောင်းများကို မြေသုံးပေအနက်တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အထက(၄)အလုံ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်သက်သက်စံက ကျောင်းသားမိဘများ စိတ်မပူရန် ယခုကဲ့သို့ ရှင်းပြသည်။

“သံသေတ္တာထဲမှာ အဲဒီပုံးတွေကိုထည့်ထားတာ။ အားလုံးကဆွေးမြေ့နေပြီ။ ကျောင်းသားတွေကိုပြန်မလွှတ်ပါဘူး။ ကျောင်းသားမိဘတွေက စိုးရိမ်ကြ၊ မေးကြတယ်။ မိဘတွေကို သောကမဖြစ်စေချင်ဘူး။ အကြီးကြီးထင်ပြီး စိုးရိမ်နေကြမှာ စိတ်ပူတယ်”ဟု ဆရာမကြီးက ဆိုသည်။

ယင်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈၅၈ ဦးရှိပြီး စာသင်ဆောင် ငါးဆောင်ရှိသည်။

# ဒေါ်အောင်ဆန်းစုကြည် အမေရိကန်ခရီးစဉ် ရက် ၂၀ ကြာမည်

**အိဖြူလွင်**

**ရန်ကုန်၊ စက်တင်ဘာ - ၁၀**

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၈ ခုနှစ်က မြန်မာနိုင်ငံသို့ပြန်ရောက်ခဲ့ပြီး နှစ် ၂၀ကျော်အတွင်း အမေရိကန်ပြည်ထောင်စုသို့ပထမဆုံးအကြိမ်သွားရောက်မည့် ခရီးစဉ်မှာ ယခုလ ၁၆ ရက်မှ အောက်တိုဘာလ ၅ ရက်အထိ ရက် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှသတင်းရရှိသည်။

ခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု၏ အရပ်ဘက်ဆိုင်ရာ အမြင့်ဆုံးဆုဖြစ်သည့် ကွန်ဂရက်၏ Gold Medal ဆုကို လက်ခံရယူမည်ဖြစ်သည်ဟုသိရသည်။

ကွန်ဂရက်၏ Gold Medal ဆုသည် ၁၈၀၀ ပြည့်နှစ်ကတည်းကပင် စတင်ချီးမြှင့်ခဲ့သည့်ဆုဖြစ်ပြီး အဆိုပါဆုကို တိဗက်မှ ဒလိုင်းလားမား၊ ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲနှင့် နယ်လ်ဆင်မင်ဒဲလား စသည့်နယ်ပယ်အသီးသီးမှ ခေါင်းဆောင်များလည်းရရှိခဲ့ကြောင်းသိရသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်အစိုးရတာဝန်ရှိသူများနှင့် နိုင်ငံရေးခေါင်းဆောင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံဆွေးနွေးရန် အစီအစဉ်ရှိကြောင်းသိရသည်။

ငြိမ်းချမ်းရေးနိုဗယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို အမေရိကန်ပြည်ထောင်စုသို့လာရောက်ရန်အတွက် နှစ်၅၀အတွင်း ပထမဆုံးလာရောက်ခဲ့သော အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၏ ပြီးခဲ့သည့်နှစ် မြန်မာနိုင်ငံသို့လာရောက်သောခရီးစဉ်ကတည်းကပင် ဖိတ်ကြားထားခဲ့ခြင်း ဖြစ်သည်။

# ကိုကာကိုလာအချိုရည် စတင်ဖြန့်ချိ

**ရန်ကုန်၊စက်တင်ဘာ-၁၁**

သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ သန်းတစ်ရာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည့် ကိုကာကိုလာကုမ္ပဏီက နှစ်ခြောက်ဆယ်အတွင်း ပထမဆုံးအကြိမ် စက်တင်ဘာ ၈ ရက်မှစတင်၍ မြန်မာနိုင်ငံ၌ ပြန်လည်ဖြန့်ချိနေပြီဖြစ် သည်။

ကမ္ဘာကျော်အမေရိကန်ဖျော်ရည်ကုမ္ပဏီအတွက်ပြည်တွင်းဖြန့်ချိရေးကို ပင်းယကုန်ထုတ်လုပ်မှုကုမ္ပဏီက တစ်ဦးတည်းတာဝန်ယူ၍ ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်သည်။ ကိုကာကိုလာ၊ ကိုကာကိုလာလိုက်ထ်၊ စပရိုက်စသည့် အချိုရည်များကို ပင်းယကုမ္ပဏီက စင်ကာပူမှတစ်ဆင့် တင်သွင်း၍ နိုင်ငံတစ်ဝန်း ဖြန့်ဖြူးပေးခြင်းဖြစ်ပြီး၊ ကြော်ငြာနှင့် ဈေးကွက်အရောင်းမြှင့်တင်ရေး အစီအစဉ်များအား ကိုကာကိုလာကုမ္ပဏီကသာ တိုက်ရိုက်လုပ်ကိုင်နေခြင်းဖြစ်ကြောင်းလည်း ပင်းယအုပ်စုမှ ဒါရိုက်တာ ဦးအောင်ဝင်းကပြောသည်။

ပင်းယသည် ပြည်တွင်း၌ မက်စ်အချိုရည်များကို ထုတ်လုပ်ဖြန့်ဖြူးနေသော ကုမ္ပဏီဖြစ်သည်။ ပက်စီအချိုရည်မှာ ဩဂုတ်လဆန်းတွင် စတင်ဖြန့်ချိ၍ တစ်လအကြာတွင် ကိုကာကိုလာမှာ မြန်မာနိုင်ငံဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်သည်။

ကိုကာကိုလာကုမ္ပဏီက မြန်မာနိုင်ငံ၌ပြန်လည်ရင်းနှီးမြှုပ်နှံရာတွင် မြန်မာပြည်သူနှစ်ထောင်ခန့်အတွက် အလုပ်အကိုင်ဖန်တီးပေးမည်ဖြစ်ကြောင်း အာဆီယံဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး H.E. Mr. David L Carden နှင့် အာဆီယံ-အမေရိကန် ထင်ပေါ်ကျော်ကြားသူများ အဖွဲ့ဝင်များက စက်တင်ဘာ ၆ ရက်တွင် သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ကမ္ဘာ့အကြီးဆုံး အချိုရည်ထုတ်လုပ်သော ကုမ္ပဏီမှာ မြန်မာနိုင်ငံတွင် ပင်းယနှင့် ပူးပေါင်း၍ အချိုရည်ဘူးခွံများထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရန်၊ ပြည်တွင်း၌ အချိုရည်ထုတ်လုပ်မှုကို မြန်မြန်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်းလည်း ကိုကာကိုလာကုမ္ပဏီမှ သတင်းထုတ်ပြန်သည်။

## ပြင်ဆင်ဖတ်ရှုပါရန်

7Day News Journal အတွဲ-၁၁၊ အမှတ်-၂၆ Environment စာမျက်နှာတွင် ပါရှိသည့် **“မြန်မာနိုင်ငံတွင် မြေဟက်တာ ၇ ဒသမ ၃ သန်းကျော်သာ မြေဆီလွှာကောင်း၊ ဟက်တာ ၆၆ သန်းခန့် မြေဆီလွှာညံ့ဟုဆို”** ခေါင်းစဉ်စာသားအစား **“မြန်မာနိုင်ငံတွင် မြေဟက်တာ ၇ ဒသမ ၃ သန်းကျော်သာ မြေဆီလွှာကောင်း”**ဟု ပြင်ဆင်ဖတ်ရှုရန်။

အလားတူ စာမျက်နှာ ၁၀ တွင်ပါရှိသည့် **“မူဆယ်မြို့နမ့်ပါချီ ချောင်းပြန်တူးဖော်ရာတွင် အိမ်အချို့အား ဖယ်ရှား”**သတင်းတွင် **မူဆယ်**အစား **လားရှိုး**ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (အယ်ဒီတာ)

# အထည်ချုပ်စက်ရုံလုပ်သား ဆန္ဒပြမှု ဦးဆောင်သူများ အမှုဖွင့်ခံရ

## အလုပ်ရှင်နှင့် ညှိနှိုင်းရာတွင် လစာမတိုးဘဲ ရှားပါးစရိတ်သာ ရရှိခဲ့

**အေးမြတ်သူ**

**ရန်ကုန်၊ စက်တင်ဘာ-၉**

SMK (မြူးနှင့်ရှူး)အထည်ချုပ်စက်ရုံ လုပ်သားများ အခြေခံလစာ တိုးမြှင့်ရန် ဆန္ဒဖော်ထုတ်တောင်းဆိုမှုတွင် ရှားပါးစရိတ်သာ ရရှိခဲ့ပြီး စုပေါင်းတောင်းဆိုမှု၌ ပါဝင်သော ဦးဆောင်သူ ၆ ဦးအား ငြိမ်းချမ်းစွာ စီတန်းလှည့်လည်မှု ဥပဒေနှင့် ကိုက်ညီမှုမရှိ၍ သက်ဆိုင်ရာ မြို့နယ်ရဲစခန်းနှစ်ခုက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)အတွင်းရှိ SMK အထည်ချုပ် လုပ်သားအင်အား တစ်ထောင်ကျော်သည် ယခုလ ၇ ရက်က အခြေခံလစာငွေကျပ်ရှစ်သောင်း တိုးမြှင့်ပေးရေးအပြင် တောင်းဆိုမှုအချက် (၂၈) ချက် တောင်းဆိုရန်အတွက် လှိုင်သာယာမြို့နယ်မှ မရမ်းကုန်းမြို့နယ် အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာနထိ ခွင့်ပြုချက်မယူဘဲ စုပေါင်းတောင်းဆိုမှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဦးဆောင်သူ ၆ ဦးအနေဖြင့် စီတန်းလှည့်လည်ရန် ကြိုတင်ခွင့်ပြုချက်တောင်းခံမှုမရှိသောကြောင့် မရမ်းကုန်းမြို့နယ် ရဲစခန်းနှင့် လှိုင်သာယာမြို့နယ် ရဲစခန်းတို့မှ စီတန်းလှည့်လည်မှုဥပဒေဆိုင်ရာ ပုဒ်မ ၁၈ အရ အမှုဖွင့်အရေးယူထားလျက်ရှိသည်။

"အလုပ်သမား တစ်ထောင်လုံးကိုတော့ အရေးမယူဘူး။ ဦးဆောင်သူက စည်းရုံးလို့သာ ပါလာတာ။ ဆန္ဒဖော်ထုတ်ချင်တယ်ဆိုရင် အဆင့်ဆင့်တောင်းခံရတယ်။သူတို့က သူတို့သဘောနဲ့ သူတို့ခွင့်ပြုချက်မယူဘဲ အများပြည်သူ့ဆိုင်ရာ ဥပဒေချိုးဖောက်တဲ့အတွက် အရေးယူထားတာ" ဟု ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အခြေခံလစာကိုငွေကျပ်ရှစ်သောင်းထိ တိုးမြှင့်ပေးရန် တောင်းဆိုခဲ့သော်လည်း စက်ရုံပိုင်ရှင်အနေဖြင့် အခြေခံလစာအစား ရှားပါးစရိတ်အဖြစ် ရိုးရိုးဝန်ထမ်းအား ကျပ်တစ်သောင်းနှင့် ကျွမ်းကျင်ဝန်ထမ်းအား ကျပ်တစ်သောင်းခွဲထိ တိုးမြှင့်ပေးခဲ့ကာ နောက်တစ်ကြိမ် ဆန္ဒထုတ်ဖော်ပါက ဥပဒေဘောင်အတွင်းကပင် တောင်းဆိုရမည်ဖြစ်ကြောင်း သဘောတူစာချုပ်၌ ချုပ်ဆိုထားသည်။

"ပိုင်ရှင်အနေနဲ့ အခြေခံလစာတိုးပေးလိုက်ရင် အိုတီကြေးတက်မယ်။ သူ့အနေနဲ့ ဘယ်လိုမှ မတတ်နိုင်ဘူး" ဟု ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့မှ မသက်သက်အောင်က ပြောသည်။

အဆိုပါ SMK အထည်ချုပ်စက်ရုံတွင် လုပ်သား ၁,၃၀၀ ခန့်ရှိပြီး စက်ရုံတွင်းရှိလုပ်သားအားလုံးနီးပါး အခြေခံလစာငွေကျပ် သုံးသောင်းနီးပါးရရှိခဲ့ကြောင်း သတင်းရရှိသည်။ ထို့အပြင် ၎င်းတို့စက်ရုံတွင် အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းထားခြင်း မရှိသည့်အပြင် အလုပ်သမားရေးရာ ဥပဒေရေးရာများကို နားလည်မှုမရှိကြောင်း သိရသည်။

ထိုဆွေးနွေး ညှိနှိုင်းမှုကို မြို့နယ်ညှိနှိုင်းရေး အဖွဲ့အပြင် နေပြည်တော်မှ ဒုညွှန်ကြားရေးမှူးချုပ် အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့တို့က ပါဝင်ညှိနှိုင်းဖြေရှင်းပေးခဲ့ပြီး တောင်းဆိုမှုဖြစ်ပွားချိန်၌ ၎င်းတို့အားအလုပ်ရှင်ဘက်မှ ခြိမ်းခြောက်မှုများ ရှိမည့်ကို စိုးရိမ်သည့်အတွက် သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားခြင်း သိပ်မရှိခဲ့ပေ။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေပုဒ်မ ၁၈ တွင် မည်သူမဆို ခွင့်ပြုမိန့် မရရှိဘဲ ငြိမ်းချမ်းစွာစုဝေးခြင်း(သို့မဟုတ်) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်" ဟု ဖော်ပြပါရှိသည်။










Ocean
SUPERCENTER
ဆိုင်ခွဲများအားလုံးတွင် ပြုလုပ်မည့် SAMSUNG ၏ Promotion အစီအစဉ်
အောက်ဖော်ပြပါ SAMSUNG အမှတ်တံဆိပ် ရေခဲသေတ္တာနှင့် အဝတ်လျှော်စက်များကို Super Saver Promotion (၁၄-၉-၂၀၁၂ မှ ၂၇-၉-၂၀၁၂) အတွင်း
ဝယ်ယူသူတိုင်း အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးနေပါသည်။
SAMSUNG
RT-2ASATS
2 Door Refrigerator
198Liter
ရေခဲသေတ္တာ
Ks. 242,000
232,000
SAMSUNG
RA19 PTOR2
(Red Color)
1 Door Refrigerator
190Liter
ရေခဲသေတ္တာ
Ks. 180,000
176,000
SAMSUNG
10J8/ J7
Semi Auto
Washing Machine
8kg
အဝတ်လျှော်စက်
Ks. 155,000
151,000
SAMSUNG
85V3
Fully Auto
Washing Machine
6.5kg
အဝတ်လျှော်စက်
Ks. 198,000
160,000
အထူးအစီအစဉ်
Ocean Supercenter (North Point Branch) တွင် SAMSUNG Corner ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အနေဖြင့် မည်သည့် Ocean Supercenter ဆိုင်ခွဲတွင်မဆို ၁၄ - ၉ - ၂၀၁၂ မှ ၂၇ - ၉ - ၂၀၁၂ အတွင်း SAMSUNG အမှတ်တံဆိပ် ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Aircon နှင့် TV ဝယ်ယူသူတိုင်းကိုလည်း ထီးတစ်ချောင်းမေတ္တာလက်ဆောင် ပေးမည်ဖြစ်ပါသည်။
Ocean Supercenter (North Point Branch)
Corner of Pyay Road and Tawwin Road, 9-Mile, Mayangone Township, Yangon.
Ocean Supercenter (Pazundaung Branch)
Corner of Maharbandoola Road and Tarwatainthar Street, Pazundaung Township, Yangon.
Ocean Supercenter (Junction Centre Naypyitaw Branch)
Front of Hotel Zone, Yarza Thingaha Road, Mingalartheiddhi Ward, Naypyitaw.
Ocean Supercenter (Yadanarpon Diamond Plaza Mandalay Branch)
78th Rd, Between 33&34 Street, Mandalay.


Na Na Chipboard
ခမ်းနားထည်ဝါလှပ၍ ခေတ်မီဒီဇိုင်းများဖြင့် ထုတ်လုပ်ထားသော Na Na Chipboard ကြိတ်သားပရိဘောဂများသည် ဖယောင်းလွှာမျက်နှာပြင်ကို အသုံးပြုထားခြင်းကြောင့် မှိုတက်ခြင်းမှ ကာကွယ်ပေးပြီး သန့်ရှင်းသပ်ရပ်စွာဖြင့် တာရှည်အသုံးပြုနိုင်ပါသည်။
01 - 535694, 205224 02 - 65938, 60810, 34021
PRODUCT BY SWEETY HOME


Panasonic
eco ideas
INTELLIGENT INVERTER + INTELLIGENT ECO SENSORS ECONAVI
သက်သောင့်သက်သာဖြင့် အကောင်းဆုံး စွမ်းအင်ချွေတာနိုင်မှု
INTELLIGENT INVERTER Up To 40%* Less Energy Consumption
ECONAVI Up To 10%** Less Energy Consumption
NR-F605T (603L)
VOTED BY CONSUMERS Reader's Digest TRUSTED BRAND 2012 GOLD-ASIA
INTELLIGENT ECO SENSORS ECONAVI
Panasonic ၏ အဆင့်မြင့်တီထွင်မှု ECONAVI နည်းပညာသည် အသိဉာဏ်များစွာဖြင့် sensors နှင့် ထိန်းချုပ်မှု အဆင့်ဆင့်တို့က စွမ်းအင်အလဟသ လေလွင့်ဆုံးရှုံးမှုကို စောင့်ကြည့်စစ်ဆေးနေပြီး စွမ်းအင်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် အလိုအလျောက် လုပ်ဆောင်ပေးနိုင်ပါသည်။
INTELLIGENT INVERTER
ကွန်ပရက်ဆာလည်ပတ်နှုန်းကို လိုအပ်သလို ထိန်းချုပ်နိုင်ခြင်းကြောင့် အကောင်းဆုံးစွမ်းဆောင်ရည်နှင့် အံ့သြဖွယ်ကောင်းလောက်အောင် စွမ်းအင်သုံးစွဲမှုကို လျှော့ချပေးနိုင်ပါသည်။
*စွမ်းအင်သုံးစွဲမှု 40% လျှော့ချနိုင်ခြင်းကို ECONAVI စနစ် အသုံးပြုခြင်းနှင့် အသုံးမပြုခြင်း နှိုင်းယှဉ်ချက်
မော်ဒယ်လ် နှင့် အအေးခန်း Capacity တူညီသော ရေခဲသေတ္တာနှစ်လုံးတွင်အင်ဗာတာပါဝင်သော ကွန်ပရက်ဆာနှင့် ရိုးရိုးသာမန် ကွန်ပရက်ဆာနှိုင်းယှဉ်ချက်
**စွမ်းအင်သုံးစွဲမှု 10% လျှော့ချနိုင်ခြင်းကို နှိုင်းယှဉ်ချက်
မော်ဒယ်လ်တူ ရေခဲသေတ္တာနှစ်လုံးတွင် ECONAVI ပါဝင်သောရေခဲသေတ္တာနှင့် မပါဝင်သော ရေခဲသေတ္တာ နှစ်လုံး နှိုင်းယှဉ်စမ်းသပ်ချက် : (1)အပူချိန် 30°C၊ (2)မိသားစုဝင် (၃-၄)၊ (3)တံခါးဖွင့်အကြိမ်အရေ (၃၉ကြိမ်)၊ ရေခဲခန်းဖွင့်သည့် အကြိမ်အရေအတွက် (၈ကြိမ်)၊ (4)အစားအစာထားသိုနိုင်သည့်ပမာဏ (အသီးအရွက်ခန်း-2.5kg)၊ (ရေခဲခန်း-1.0 kg)
Infinity Investment Co., Ltd. အိမ်သုံးနှင့်မီးဖိုချောင်သုံးပစ္စည်းများအရောင်းပြခန်း
ရန်ကုန် - အမှတ်(၄၈)၊ လသာလမ်း၊ လသာမြို့နယ်။ ဖုန်း - ၂၅၂၄၆၄၊ ၂၄၉၁၆၂၊ ၀၉-၇၃၀၃၂၃၆၅ ဖက်(စ်) ၃၈၂၂၉၅ Email: infiniti@myanmar.com.mm, infinity.myanmar@gmail.com
မန္တလေး - အမှတ် (၁၅၀/A)၊ ၂၇လမ်း၊ (၈၀ နှင့် ၈၁)လမ်းကြား။ ဖုန်း - ၀၂-၆၅၁၈၂၊ ၀၉- ၉၁၀၀၀၄၁၉၊ ၀၉ -၅၀ ၁၀၉၁၅
ပန်နာဆိုးနစ်၏ သီးသန့်ကောင်တာများ - စိန်ဂေဟာ(ပြည်လမ်း)၊ ဂမုန်းပွင့်(ဘိုကလေးဈေး)၊ Capital (သာကေတ)၊ လမင်းစန္ဒာ (ဘားလမ်း)
အမြို့မြို့ အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်ဆိုင်များနှင့် စူပါမားကတ်အရောင်းဆိုင်များတွင် ပန်နာဆိုးနစ်၏ တရားဝင်အာမခံကတ်ပြား "၁နှစ်-ပစ္စည်း+လက်ခ (အခမဲ့)" ဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

7 DAY NEWS JOURNAL
Vol.11, No.27 • SEPTEMBER 13 , 2012

# ဆူဒန်စစ်တပ်နှင့် သူပုန်များအကြား တိုက်ပွဲများကြောင့် အရပ်သားအများအပြား သေဆုံး



ဓာတ်ပုံ - AFP

**ခါတွန်၊ စက်တင်ဘာ - ၈**

ဆူဒန်နိုင်ငံ ဒါဖာအနောက်ပိုင်းဒေသတွင် ဆူဒန်စစ်တပ်နှင့် သူပုန်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ အရပ်သားများအပါအဝင် လူပေါင်းများစွာသေဆုံးခဲ့ကြောင်းနှစ်ဖက်စလုံးက ပြောကြားသည်။

ဆူဒန်သမ္မတ အိုမာဟတ်ဆန်အယ်လ်ဘာရှားသည် ဒါဖာဒေသနှင့် အိမ်နီးချင်းတောင်ဆူဒန်နိုင်ငံရှိပြည်နယ် နှစ်ခုမှ အုပ်စုများ ပေါင်းစည်းထားသော သူပုန်များနှင့် တိုက်ပွဲဝင်နေရသည်။ သူပုန်များအား တောင်ဆူဒန်က ထောက်ပံ့နေသည်ဟု ဆူဒန်က စွပ်စွဲထားသလို ဆူဒန်နိုင်ငံသည် တောင်ဆူဒန်မှ လက်နက်ကိုင်များကို ပံ့ပိုးနေသည်ဟု ပြန်လည်စွပ်စွဲထားပြီး နှစ်ဖက်စလုံး၏ ပြောကြားမှုများမှာ အမှန်ဖြစ်ပုံရသည်ဟု သံတမန်တစ်ဦးက ပြောကြားသည်။

ဆယ်စုနှစ်များစွာ စစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် တောင်ဆူဒန်သည်ဆူဒန်နိုင်ငံမှ ၂၀၀၅ ခုနှစ် ငြိမ်းချမ်းရေးသဘောတူညီချက်အရခွဲထွက်ခဲ့သည်။ သို့သော် ယင်းနှစ်နိုင်ငံမှာ ကိစ္စရပ်အများအပြားတွင် ဆက်လက်အငြင်းပွားနေကြပြီး နှစ်နိုင်ငံနယ်စပ်ဒေသတွင်လည်း တိုက်ခိုက်မှုများနှင့် ဆက်လက်ရှုန်းကန်နေရသည်။ပြီးခဲ့သည့်ဧပြီလလယ်ကပင်နှစ်နိုင်ငံ စစ်ဖြစ်လုနီးပါး အခြေအနေရောက်ရှိခဲ့သည်။

ယခုဖြစ်ပေါ်ခဲ့သော တိုက်ခိုက်မှုများအတွင်း တောင်ဆူဒန်နှင့် ထိစပ်နေသော တောင်ကော်ဒိုဖန်ပြည်နယ်တွင် သူပုန်တပ်ဖွဲ့ဝင် ၇၇ ဦးသေဆုံးခဲ့ကြောင်း ဆူဒန်စစ်ဘက် ပြောခွင့်ရပုဂ္ဂိုလ် အယ်လ်ဆွာမီခါလစ်က ပြောကြားသည်။ —*Ref: Reuters*




# အရေးပေါ် ရေနံထုတ်ရောင်းလျှင်ပင် ရေနံဈေးမကျနိုင်ဟု အမေရိကန်အရာရှိများ ပြောကြား



**ဝါရှင်တန်၊ စက်တင်ဘာ - ၈**

အမေရိကန်နိုင်ငံတွင် အရေးပေါ် အခြေအနေအတွက် သိုလှောင်ထားသော အရန်ရေနံများကို ဈေးကွက်အတွင်း ထုတ်ရောင်းလျှင်ပင် ဓာတ်ဆီကဲ့သို့ သန့်စင်ပြီး စက်သုံးဆီများ ဈေးကွက်အတွင်း လျော့နည်းလာနေသောကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းကို ပြောင်းလဲသွားစေရန် အခြေအနေနည်းပါးကြောင်း အမေရိကန်အရာရှိများကပြောကြားသည်။

အမေရိကန် အမျိုးသားလုံခြုံရေး ကောင်စီမှ အရာရှိများ၊ စွမ်းအင်ဝန်ကြီးဌာနမှအရာရှိများ၊ အခြားသော ဗျူရိုများမှ အရာရှိများအကြား ပြုလုပ်သည့် အစည်းအဝေးတွင် ထိပ်တန်း ပူပန်စရာအဖြစ် ရေနံချက်လုပ်မှုအကန့်အသတ်ရှိခြင်းကြောင့် ဈေးကွက်တွင် ရေနံနှင့် ရေနံထွက်ပစ္စည်းများ နည်းပါးလာခြင်းကို ထောက်ပြကြသည်။

ယင်းအစည်းအဝေးကျင်းပချိန်မှာ အမေရိကန်နိုင်ငံ၏ မဟာဗျူဟာမြောက် အရန်ရေနံသိုလှောင်ထားမှု (SPR) မှရေနံများ ထုတ်ရောင်းရန် အမေရိကန်သမ္မတအိုဘားမားက အမိန့်ပေးနိုင်ကြောင်း ခန့်မှန်းမှုများရှိနေစဉ်အတွင်းဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းမှာ ဓာတ်ဆီဈေးနှုန်းကို ထိန်းထားရန်နှင့် ရေနံဈေးနှုန်းမြင့်လာ၍ အီရန်အပေါ်ထားရှိသော ပိတ်ဆို့တားဆီးမှုများ ထိရောက်မှုမရှိမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။

အရန်ရေနံများ ထုတ်ရောင်းရန်အတွက် အိမ်ဖြူတော်က ပြင်ဆင်နေကြောင်း ရိုက်တာသတင်းကယခင်ရက်သတ္တပတ်အတွင်း သတင်းဖော်ပြခဲ့သည်။ လက်ရှိတွင် အမေရိကန်အစိုးရသည် ရေနံစိမ်းစည်ပေါင်းသန်း ၇၀၀ ခန့်သိုလှောင်ထားကြောင်း သိရသည်။ —*Ref: Reuters*